
www.burmeseclassic.com

ပျိုပါရမီစာစဉ်(၃၃)

# အရှင်ဆန္ဒာဓိက

## ခိုင်မှုခိုင်



NAY WINN AUNG

ဒုတိယအကြိမ်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ထားဖွေးလက်၊ သိဉာဏ်ထက်၏။

# အရှင်ဆန္ဒာဓိက

ရွှေပါရမီတောရ

# နိုင်မှနိုင်



ရွှေပါရမီစာစဉ်(၃၃)
www.shweparami.net

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com


## ရွှေပါရမီ ၂၀၀၇ အမှတ်(၃)

စာမူခွင့်ပြုချက်

၃၂၀၂၀၃၀၃၀၇

မျက်နှာဖုံးခွင့်ပြုချက်

၃၂၀၂၀၄၀၃၀၇

၂၀၀၈ ခုနှစ် ● မေလ ● ဒုတိယအကြိမ် ● အုပ်ရေ ၂၀၀၀၀

မျက်နှာဖုံးပန်းချီ

ကိုနေဝင်းအောင်

စာအုပ်ချုပ်

ကိုဇော်ဝမ်း

မျက်နှာဖုံးပုံနှိပ်သူ

ဦးတိုးဝင်း(၀၂၄၃၁)၊ နေလရောင်ပုံနှိပ်တိုက်

အမှတ် ၉၆၊ ၁၁လမ်း၊ လမ်းမတော်မြို့နယ်။

အတွင်းပုံနှိပ်သူ

ဦးကြင်ရွှေ (၀၃၁၀၅)၊ မိသားစုပုံနှိပ်တိုက်

အမှတ်၉၀–အေ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်။

ထုတ်ဝေသူ

တက်လမ်း ဦးရှိန်ဝင်း (၀၃၉၆၄)၊ ရွှေပါရမီမွေ့စာပေဖြန့်ပွားရေးအဖွဲ့

အမှတ်(၁၉–အေ/၂)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်။

ဖြန့်ချိရေး

ရွှေပါရမီမွေ့စာပေဖြန့်ပွားရေးအဖွဲ့

အမှတ်(၆၁)၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်။

(☎ ၂၂၆၅၀၀၊ ၂၁၀၄၆၂)

တန်ဖိုး ၁၀၀၀ ကျပ်


## အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)

■ ၁၉၆၈ခုနှစ်၊ ဇန်နဝါရီလ(၉)ရက်၊ အင်္ဂါနေ့တွင် ရေနံချောင်းမြို့၊ မြစိမ်းရောင် သူဌေးကုန်းရပ်ကွက်၌ ခမည်းတော် ဦးစိန်ဝင်း၊ မယ်တော် ဒေါ်သိန်းသိန်းတို့မှ ဖွားမြင်သည်။

■ ၁၉၈၄ခုနှစ်တွင် ဆယ်တန်းစာမေးပွဲကို ရေနံချောင်းမြို့ အထက(၁)မှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးဖြင့် မြန်မာတစ်နိုင်ငံလုံး ဒုတိယရလျက် အောင်မြင်သည်။ သုံးထပ်ကွမ်းလူရည်ချွန်အဖြစ် ၈တန်း၊ ၉တန်း၊ ၁၀တန်းတို့၌ သုံးနှစ်ဆက်တိုက် ရွေးချယ်ခံခဲ့ရသည်။

■ ၁၉၈၄ ခုနှစ်၊ ဆယ်တန်းအောင်မြင်ပြီးနောက် သာသနာ့ဘောင်သို့ ဝင်ရောက်ခဲ့ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းတိုက်တွင် ပရိယတ္တိစာပေများလေ့လာဆည်းပူးခဲ့သည်။

■ ၁၉၉၂ ခုနှစ်တွင် ပထမကျော်ဘွဲ့နှင့် ၁၉၉၅ ခုနှစ်တွင် ဓမ္မာစရိယဘွဲ့တို့ကို ရရှိခဲ့သည်။

■ ၁၉၉၈ ခုနှစ်တွင် အသက်(၃၀)ပြည့် ပုလဲရတုမွေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ယောက်တည်းနေ တစ်စိတ်တည်းထားစာအုပ်ကို စတင်ထုတ်ဝေခဲ့သည်။

■ ယခုအခါ သထုံမြို့၊ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်း၌ တစ်ပါးတည်း ကေစာရီတောရဆောက်တည်လျက် ပရိယတ်၊ ပဋိပတ်အလုပ် အားထုတ်လျက်ရှိသည်။ ။

www.burmeseclassic.com

www.burmeseclassic.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

**အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။**

ဤစာအုပ်အပါအဝင်

ရွှေပါရမီစာစဉ်အားလုံးကို

ဓမ္မဒါနအလှူရှင်အသီးသီးတို့မှ

တရားအလှူ

ပညာပါရမီအလှူ

တိုက်ရိုက်သာသနာပြုအလှူအဖြစ်

လှူဒါန်းထားသော

ရွှေပါရမီဓမ္မစာပေပြန့်ပွားရေး ထာဝရအလှူတော်ငွေဖြင့်

ထုတ်ဝေပါသည်။

**ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးအဖွဲ့**

BURMESE CLASSIC .com

# မာတိကာ

## ခိုင်မှခိုင်

၁။ ■ ခိုင်ဆိုမှ ခိုင်ပါ . . . ခိုင် ၉
၂။ ■ အကြောင်းခိုင်မှ အကျိုးခိုင်မယ် ၁၄
၃။ ■ အလှူတရားမြိုင်မှ ဘဝသမားခိုင်မယ် ၂၀
၄။ ■ ဘဝခိုင်ချင်ရင် အလှူမခိုင်တာ မြင်ရမယ် ၂၉
၅။ ■ လောကစိမ်းလန်းမှ မနောဟဒယ
■ ငြိမ်းချမ်းမယ် ၃၈
၆။ ■ အပွံ့အပိုးမြိုင်လေ၊ အခွံ့အကျိုးလှိုင်လေ ၅၁
၇။ ■ အဆက်အသွယ်နိုင်လေ
■ အခက်အနွယ်ခိုင်လေ ၅၅
၈။ ■ ရေစင်အလှူပေးတော့
■ ရွှေရင်အပူအေးတာပေါ့ ၆၄
၉။ ■ အဖိုးမဖြတ်နိုင်တာ ပေးလေ
■ အတိုးအမြတ်ခိုင်တာ အေးလေ ၇၆

www.burmeseclassic.com

www.burmeseclassic.com


၁၀။ ■ နေရာပေးလေ နေရာရလေ ၇၇
၁၁။ ■ ခိုင်နဲ့ မခွဲမှ ခိုင်နဲ့ တွဲနိုင်မှာ ၈၆


## ခိုင်သထက်ခိုင်


၁၂။ ■ နိုင်စေချင်ပေမယ့် ယိုင်နေတာခက်တယ် ၉၅
၁၃။ ■ နိုင်တာမှန်းမှ ခိုင်ရာမြန်းမယ် ၁၀၁
၁၄။ ■ ခွဲတမ်းကို မစွဲလမ်းရင် ကုသိုလ်ပါပဲ ၁၀၆
၁၅။ ■ လှူရှာရှည်ရင် သံသရာရှည်မယ် ၁၁၃
၁၆။ ■ စိတ်ထိခိုက်အောင် မလုပ်ပါနဲ့ ၁၂၀
၁၇။ ■ မနိုင်ဝန်ထမ်းရင် စိတ်ထိခိုက်မယ် ၁၃၁
၁၈။ ■ သူ့ကို ‘ထိ’ ရင် ကိုယ်ပဲ ‘ခိုက်’ မယ် ၁၃၆
၁၉။ ■ နိုင်တာပေးရင် ခိုင်တာရမယ် ၁၅၂
၂၀။ ■ အတိတ်ကံများမောက်လို့
■ ဗိမာန်သိကြားဆောက်ပေးရတယ် ၁၆၅
၂၁။ ■ ဘုရင်ငေးရတဲ့ ရွှေးကကုသိုလ် ၁၇၃
၂၂။ ■ သူလောဘကြီးလေ၊
■ ကိုယ်လောဘကင်းလေ ၁၈၇
၂၃။ ■ အမြတ်မှာ အမွေးဆင့်၊ အသွေးတင့်တဲ့
■ ကျောင်းအလှူ ၁၆၃
၂၄။ ■ ကန်ခိုင်မှ ရေတည်၊ ရေတည်မှ ကြာပွင့် ၂၀၆
၂၅။ ■ မြန်မြန်လုပ်လေ များများရလေ ၂၁၅
၂၆။ ■ အရာရာမှာ . . . ခိုင် ၂၂၂


ရွှေပါရမီစခန်းဖြင့် ခေမာပြည်လှမ်းနိုင်ကြပါစေ။

# တရားဖွင့်ဂုဏ်တော်ပွား

အရဟံ၊

ကိလေသာကင်းစင်တော်မူသော မြတ်စွာဘုရား။

အရဟံ၊

ဆိတ်ကွယ်ရာအရပ်၌ပင် မကောင်းမှုကို
ပြုတော်မမူသော မြတ်စွာဘုရား။

အရဟံ၊

ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရား။



www.burmeseclassic.com

www.burmeseclassic.com

စေတနာသန့်သန့်နဲ့
စွန့်လှူလေ၊
ပစ္စည်းကောင်းကောင်း
ပြည့်စုံလေပါပဲ။
စွန့်စိတ် သန့်လေ၊
ရလဒ်ကောင်းလေပေါ့။
မလိုချင်စိတ်နဲ့
ပေးလေ၊
မလိုချင်လောက်အောင်
ရလေ။
အကောင်းမမက်တဲ့စိတ်နဲ့
ပေးလေ၊
အကောင်းဆုံးတွေချည်း ရလေ။



# ခိုင်မှခိုင်

## ခိုင်ဆိုမှ ခိုင်ပါ...ခိုင်

မြတ်စွာဘုရားရှင်ရဲ့ ကိလေသာ ကင်းစင်တဲ့ဂုဏ်တော်၊ ဆိတ်ကွယ်ရာအရပ်မှာလည်း မကောင်းမှုကို မပြုတဲ့ဂုဏ်တော်၊ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းနှင့်တကွ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံးတို့ရဲ့ ပူဇော်အထူးကို ခံယူတော်မူထိုက်တဲ့ဂုဏ်တော်တွေကို အာရုံပြုပြီးတော့ အနုမောဒနာတရား ဟောကြ၊ နာကြစို့ဆိုတော့ . . . ဒီနေ့ အနုမောဒနာတရားအဖြစ်နဲ့ ဟောမယ့် တရားခေါင်းစဉ်က ဘာတဲ့လဲ။

'ခိုင်မှခိုင်' တဲ့။

ခိုင်မှခိုင်ဆိုတဲ့ စကားရပ်က အခြေအနေ၊ အချိန်အခါပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်ပါတယ်။ ပြောဆိုသူရဲ့ ရည်ရွယ်ချက်၊ နားထောင်သူရဲ့



www.burmeseclassic.com

www.burmeseclassic.com

သဘောပေါက်မှုပေါ် မူတည်ပြီးတော့ အဓိပ္ပာယ်အမျိုးမျိုး သက်ရောက်နိုင်ပါတယ်။

'ခိုင်' ဆိုတဲ့ အမျိုးသမီးတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်နေတဲ့လူတစ်ယောက်က . . .

'ခိုင်ကလွဲရင် ဘယ်သူ့မှ မချစ်နိုင်ပါဘူး။ ခိုင်ကလွဲရင် ကျန်တဲ့မိန်းကလေးမှန်သမျှ ဖွဲနဲ့ ဆန်ကွဲပဲ။ ခိုင်မှခိုင်'

'သွားလည်း ခိုင့်စိတ်၊ ရပ်လည်း ခိုင့်စိတ်၊ ထိုင်လည်း ခိုင့်စိတ်၊ လျောင်းလည်း ခိုင့်စိတ်၊ အချိန်တိုင်းမှာ ခိုင်ကသာ အာရုံထဲ လွှမ်းမိုးနေတယ်၊ ခိုင်မှခိုင်။ ဘာအလုပ်ပဲလုပ်လုပ်၊ ဘာပြဿနာပဲ ဖြေရှင်း ဖြေရှင်း ခိုင့်သဘော၊ ခိုင့်သဘော။ ခိုင်မှခိုင်'

'ခိုင်နဲ့အတူ လက်တွဲပြီးတော့ သံသာလေကမ်းတိုင် တူပြိုင်ပြိုင် ကူးမယ်၊ ခိုင်မှခိုင်။ ဘဝမျိုးစုံ ကျင်လည်ပြီးတော့ သံသရာခရီးသွားကြတော့ ဘယ်ဘဝမှာမဆို ခိုင်နဲ့ အတူတူ သံသရာခရီး ဆက်ချင်တယ်။ ခိုင်မှခိုင်'

ခိုင့်ကို စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က ပြောတဲ့ စကားရပ်အနေနဲ့လည်း ယူလို့မရဘူးလား။ ခိုင်မှခိုင်။ ခိုင်ဆိုမှ ခိုင်ပေါ့။ အရာရာ ခိုင်ပဲပေါ့။ အဲဒီအဓိပ္ပာယ်လည်း သက်ရောက်တယ်။ ဒီနေ့ဟောမယ့်တရားကတော့ အဲဒီ အဓိပ္ပာယ်နဲ့တော့ မသက်ဆိုင်ဘူးနော်။ ခိုင့်ကို ချစ်နေတဲ့



သူတွေ ကိုယ့်ဘာသာကိုယ် ပြောကြပေါ့၊

မဆိုင်ဘူးဆိုပေမယ့် သူကလည်း တရားသဘော အနေနဲ့ ယူမယ်ဆိုရင်တော့ ရပါတယ်။ စွဲလမ်းမှုရဲ့ သင်္ကေ-တအနေနဲ့ ယူရင်တော့ မကောင်းဘူးပေါ့။ သစ္စာရှိခြင်းရဲ့ သင်္ကေတအနေနဲ့ ယူမယ်ဆိုရင်တော့ ကောင်းပါတယ်။

'ခိုင်ကလွဲရင် ဘယ်မိန်းကလေးနဲ့မှ မဖောက်ပြန်ဘူး' ဆိုတော့ 'ခိုင်မှခိုင်' ဆိုတဲ့ စကားရပ်လေးက တန်ဖိုးမရှိဘူးလား။ ရှိသွားတယ်။ နကုလမာတာတို့၊ နကုလပိတာတို့ ဒီအတိုင်းပဲ မြတ်စွာဘုရားကို လျှောက်ခဲ့ကြတာပဲ။

နကုလပိတာက မြတ်စွာဘုရားကို လျှောက်ထားတယ်။

'မြတ်စွာဘုရား . . . ၊ တပည့်တော် အသက်တစ်ဆယ့်ခြောက်နှစ်အရွယ်ကတည်းက နကုလမာတာနဲ့ ထိမ်းမြားလက်ဆက် ပေါင်းသင်းခဲ့ပါတယ်။ တစ်ဆယ့်ခြောက်နှစ်အရွယ်ကနေ အခုအချိန်အထိ တခြားမိန်းကလေးတွေ အပေါ်မှာ စိတ်နဲ့တောင် မဖောက်ပြန်ခဲ့ပါဘူး'

အခုအချိန်အထိ ဆိုတာက လျှောက်ထားတဲ့အချိန်မှာ အသက်ရှစ်ဆယ်ကျော်နေပြီ။

နကုလမာတာကလည်း မြတ်စွာဘုရားကို ဒီအတိုင်းပဲ လျှောက်ထားတာပဲ။ သူလည်းပဲ ဒီစကားလျှောက်



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့အချိန်မှာ အသက်ရှစ်ဆယ်ကျော်နေပါပြီ။

'မြတ်စွာဘုရား . . .၊ နကုလပိတာနဲ့ တစ်ဆယ့်ခြောက်နှစ်အရွယ် ထိမ်းမြားလက်ဆက်တဲ့အချိန်က စပြီးတော့ တခြားယောက်ျားလေးတွေအပေါ်မှာ စိတ်နဲ့တောင် မဖောက်ပြန်ခဲ့ပါဘူး'

'ကုမှကု' ပေါ့။ နကုလမာတာနဲ့ နကုလပိတာ ဆိုတော့နော်။ 'ခိုင်မှခိုင်' လား။ 'ကုမှကု' လား။

'ကုမှကု' . . . ။ ဆေးတွေချည်း ကုနေတာ မဟုတ်ဘူးနော်။

အဲဒါ ဘုရားကို လျှောက်ရသလား လို့ သွားပြီးတော့ မယူဆလိုက်ပါနဲ့။ ဒီလျှောက်ထားချက်ကလေးကို အခြေခံပြီးတော့ပဲ တရားတစ်ပုဒ် ဖြစ်ခဲ့တာနော်။ သစ္စာရှိခြင်းရဲ့ သင်္ကေတအနေနဲ့ ယူမယ်ဆိုရင်တော့ 'ခိုင်မှခိုင်။ ခိုင်ကလွဲရင် ဘယ်သူ့မှ မစဉ်းစားဘူး' ဆိုတဲ့ အဓိပ္ပာယ်ဟာ အင်မတန် နှစ်သက်မြတ်နိုးစရာကောင်းပါတယ်။ အတုယူလိုက်နာကျင့်ကြံစရာ ကောင်းပါတယ်။

ဒကာကြီး ဦးရှိန်ဝင်းကျတော့ 'ခိုင်မှခိုင်'လား။ 'ချိုမှချို'လား။ 'ချိုမှချို' . . . ။ ချိုကလွဲရင် ဘယ်သူ့ကိုမှ မဖောက်ပြန်ဘူးပေါ့နော်။ အဲဒီသဘောမျိုးနဲ့ဆိုတော့ ဒါ တရားပဲ။ 'ခိုင်မှခိုင်' ဆိုတဲ့ ခေါင်းစဉ်လေးကို ကြည့်ပြီးတော့ 'ချိုမှချို' ဆိုပြီးတော့ လိုက်နာကျင့်သုံးပေါ့။

မချိုကျတော့ရော 'ရှိန်မှရှိန်' လား၊ 'ကိုမှကို' လား။ ကိုမှကိုပေါ့။ ဟုတ်တယ်။ မချိုက လူရှေ့မှာကျတော့ 'ယောကျ်ားရေ၊ ကိုရှိန်ဝင်းရေ' လို့ ခေါ်တာ။ ကွယ်ရာကျတော့ 'ကို' 'ကို ' . . . 'ကို' 'ကို'နဲ့မို့လို့။ 'ကို ဘယ်ရောက်နေလဲ'၊ 'ကို ဘာလုပ်နေလဲ'၊ 'ကို စားပြီးပြီလား'၊ 'ကို သိပြီးပြီလား' . . . စသည်အားဖြင့်ပေါ့။ ဒါ့ကြောင့် ကိုမှကိုပေါ့နော်။

ကောင်းပါတယ် . . . 'ကို' ဆိုတဲ့ အခေါ်အဝေါ်လေးက။ 'မောင်' ကတော့ လူတကာ သုံးနေလို့ ရိုးနေပြီလေ။ 'ကို' ဆိုတာလေးက ချိုပြီး ကဗျာဆန်တယ်။ ရင်အေးတဲ့အသုံးအနှုန်းလေး။ 'ကိုကို' ကျတော့ ချွဲပျစ်ပြီး ကလေးဆန်တယ်။ ကလက်သလိုလိုလည်း ဖြစ်နေတယ်။ တစ်လုံးတည်း 'ကို' က မေတ္တာသံပါပြီး လူကြီးဆန်တယ်။ ရင့်ကျက်သလိုလို သဘောလည်း ရှိတယ်။ ဒါ့ကြောင့် မချို . . . ဒကာကြီး ဦးရှိန်ဝင်းကို 'ကို' လို့ပဲ ဆက်ခေါ်နော်။ 'ကိုမှကို' . . . ။

'ခိုင်မှခိုင်' ဆိုတဲ့ စကားရပ်ကို ခိုင့်ကို စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပြောတဲ့ စကားရပ်အနေနဲ့ ယူဆမယ်ဆိုရင်လည်း စွဲလမ်းခြင်းရဲ့ သင်္ကေတအနေနဲ့ မယူဆဘဲနဲ့ သစ္စာရှိခြင်းရဲ့ သင်္ကေတအနေနဲ့ ယူဆပါ။ ယူဆပြီးတော့ လိုက်နာကျင့်သုံးပါ။





www.burmeseclassic.com

www.burmeseclassic.com



## အကြောင်းခိုင်မှ အကျိုးခိုင်မယ်

ခိုင်မှခိုင်ဆိုတော့ သိပ်ခိုင်တာပဲ၊ အရမ်းခိုင်တာပဲ၊ အလွန်တရာခိုင်တာပဲ၊ အင်မတန်ခိုင်တာပဲ လို့လည်း အဓိပ္ပာယ်ယူလို့ ရပါတယ်။ 'ခိုင်မှခိုင်' က သိပ်ခိုင်တယ် ဆိုတဲ့ အဓိပ္ပာယ်လည်း သက်ရောက်ပါတယ်။

ဦးဇင်းတို့ အခုမွန်ပြည်နယ်မှာဆိုရင် အများဆုံး သုံးတာပေါ့။ အစားအသောက်လေးတစ်ခု စားလို့အရမ်း ကောင်းတယ်ဆိုရင် ကောင်းမှကောင်း။ လူတစ်ယောက် အကျင့်စာရိတ္တ မကောင်းဘူး၊ သိပ်ဆိုးတယ်ဆိုရင် ဆိုးမှဆိုး။ အစားအစာလေးတစ်ခု အရသာ အရမ်းချိုတယ်ဆိုရင်လည်း ချိုမှချို စသည်အားဖြင့်ပေါ့။ အနံ့အသက်တွေ နံတဲ့အခါကျတော့လည်း နံမှနံ။ မွှေးတော့လည်း မွှေးမှမွှေး။

ခိုင်မှခိုင်ဆိုတာ သိပ်ကိုခိုင်တာပဲ။ ဘယ်လိုမှ မပျက်စီးနိုင်ဘူးပေါ့။ ခိုင်ခံ့တယ်၊ မြဲမြံတယ်၊ တည်တံ့တယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့။

နောက်တစ်ခုကတော့ ခိုင်မှခိုင် ဆိုတာ ခိုင်မှပဲ ခိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ။ တစ်ဖက်ကခိုင်မှ တခြားတစ်ဖက်ကလည်း ခိုင်တယ်။ ကိုယ့်ဘက်ကခိုင်မှ သူ့ဘက်က ခိုင်တယ် စသည်အားဖြင့်ပေါ့။

စီးပွားရေးတွေ ခိုင်မှ ပညာရေးတွေ ခိုင်တယ်၊ ကျန်းမာရေးတွေ ခိုင်တယ်။ ခိုင်မှပဲ ခိုင်တယ်။ အလုပ်ခိုင်မှ အကျိုးတရားခိုင်တယ်ပေါ့။ အကြောင်းတရားခိုင်မှ အကျိုးတရားခိုင်တယ်။ မူရင်းကတော့ အကြောင်းတရားခိုင်မှ အကျိုးတရားခိုင်တယ်ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ခိုင်မှခိုင်။ သဘောပေါက်ပါတယ်နော်။

အခုဒီနေ့ပြောမှာက အဲဒီအဓိပ္ပာယ်ပြောမှာ။ အကြောင်းတရားခိုင်မှ အကျိုးတရားခိုင်တယ်ဆိုတဲ့ အဓိပ္ပာယ် ပြောမှာပါပဲ။

အရပ်ထဲမှာတော့ ပြောလေ့ရှိကြတယ်လေ။ ဘယ်သူကတော့ဖြင့် ခိုင်သွားပြီလို့ မပြောကြဘူးလား။ ဘာကိုပြောတာလဲ။ စီးပွားရေးတွေ ပြည့်စုံသွားပြီ၊ ငွေကြေးတောင့်



www.burmeseclassic.com

www.burmeseclassic.com

တင်းပြီးတော့ ချမ်းသာကြွယ်ဝနေပြီလို့ ပြောတာ။ ဝင်ငွေခိုင်မာတဲ့အလုပ်တစ်ခု ရသွားတယ်ဆိုရင် သူ့ဘဝ ခိုင်သွားပြီ။ ဘယ်သူကတော့ ခိုင်သွားပြီ။ ဘယ်ဝါကတော့ ခိုင်သွားပြီလို့ ပြောကြတယ်။

အခုတရားနာပရိသတ်များက မခိုင်ချင်ဘူးလား။ ခိုင်တဲ့သူတွေချည်းပဲ မဟုတ်လား။ ဒါဖြင့် ဟောစရာမလိုတော့ဘူးနော်။ ခိုင်နေကြပြီကိုး။

စီးပွားဥစ္စာလည်း ခိုင်ချင်ကြတာပဲ၊ ရာထူးအာဏာလည်း ခိုင်ချင်ကြတာပဲ၊ ဂုဏ်သတင်း ကျော်စောမှုတွေလည်း ခိုင်ချင်ကြတာပဲ၊ ရုပ်ဆင်းဥပမိတွေလည်း ခိုင်ချင်ကြတာပဲ။ ကောင်းကျိုးချမ်းသာ မှန်သမျှ ခိုင်ချင်ကြတဲ့သူတွေချည်းပဲ။

ဒါပေမဲ့ အဲဒီစီးပွားဥစ္စာ ခိုင်မာမှုကို မှန်ကန်တဲ့အကြောင်းတရားနဲ့ ခိုင်အောင်လုပ်ဖို့ လိုအပ်တယ်။ စီးပွားရေးခိုင်ချင်လို့ ဆိုပြီးတော့ ချဲထိုး၊ ခိုင်ပါ့မလား။ နှစ်လုံး၊ သုံးလုံး၊ ထီထိုးတဲ့အလုပ်တွေက ခိုင်တဲ့အလုပ် ဟုတ်ရဲ့လား။

ထီထိုးတဲ့အလုပ်က ခိုင်တဲ့အလုပ် မဟုတ်တော့ ဒီအလုပ်နဲ့ ဘဝခိုင်ချင်လို့ ဖြစ်ပါ့မလား။ မဖြစ်ဘူး။ အကြောင်းတရားက ခိုင်မှ အကျိုးတရားက ခိုင်မှာ။ ကိုယ်လုပ်နေတဲ့စီးပွားရေးအလုပ်က ခိုင်တဲ့အလုပ်ကို လုပ်မှ ကိုယ့်စီးပွားရေး ခိုင်တော့မှာပေါ့။

အိမ်တစ်အိမ်ဆောက်ထားတယ်။ မကောင်းတဲ့သစ်နဲ့ ဆောက်ထားတဲ့အိမ်ရယ်၊ ကောင်းတဲ့သစ်နဲ့ ဆောက်ထားတဲ့အိမ်ရယ်။ ဘယ်အိမ်က ပိုခိုင်တုံး။ ကောင်းတဲ့သစ်နဲ့ ဆောက်ထားတဲ့အိမ်က ပိုခိုင်တယ်။

ဝါးနဲ့ ဆောက်ထားတဲ့အိမ်နဲ့ သစ်နဲ့ ဆောက်ထားတဲ့အိမ်၊ ဘယ်အိမ်က ပိုခိုင်တုံး။ သစ်နဲ့ ဆောက်တဲ့အိမ်က ပိုခိုင်တယ်။ သစ်နဲ့ ဆောက်တဲ့အိမ်နဲ့ အုတ်၊ ဘိလပ်မြေနဲ့ ဆောက်တဲ့အိမ်၊ ဘယ်အိမ်က ပိုခိုင်တုံး။ အုတ်၊ ဘိလပ်မြေ၊ သံ၊ သဲနဲ့ ဆောက်တဲ့အိမ်က ပိုခိုင်တာပေါ့။

ခိုင်ချင်တယ်ဆိုရင် ခိုင်တဲ့အလုပ်ကို လုပ်ရမှာပေါ့။ စီးပွားရေးခိုင်ချင်တယ်ဆိုရင် စီးပွားရေးတကယ်ခိုင်နိုင်တဲ့အလုပ်ကို လုပ်ရမှာနော်။ နှစ်လုံး၊ သုံးလုံး ထိုးမယ့်အစားဆိုက်ကားနင်းလိုက်တာကမှ မခိုင်ဘူးလား။ တစ်ခေါက်သွားလိုက်တယ်ဆိုရင် သူနဲ့ ညီမျှတဲ့ အဖိုးအခရတယ်။ ချဲထိုးတယ်ဆိုတာ သေချာရဲ့လား။ မသေချာဘူး။

မခိုင်တဲ့အလုပ်ကို လုပ်တော့ စီးပွားရေးခိုင်ဖို့ မပြောနဲ့။ တစ်ဖက်က မလိုလားအပ်တဲ့ အကုသိုလ်တွေတောင် ပါလာတတ်တယ်။ ရှိတဲ့ပိုက်ဆံတွေနဲ့ထိုး၊ ထိုးလို့ကုန်သွားတော့ ထိုးဖို့ ပိုက်ဆံရအောင် မတရားတဲ့နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com

မလုပ်ဘူးလား။ အိမ်မှာရှိတဲ့ပစ္စည်းတွေ ခိုးရောင်း၊ ဟိုပစ္စည်းပေါင်၊ ဒီပစ္စည်းပေါင် စသည်အားဖြင့် ဆင်းရဲတွင်းက နက်သည်ထက် မနက်ဘူးလား။ နက်တယ်။ အကြောင်းမခိုင်လို့ အကျိုးမခိုင်တာနော်။

ခေါင်းစဉ်က ခိုင်မှခိုင် နော်။ အကြောင်းခိုင်မှပဲ အကျိုးခိုင်တာ။ ခိုင်ချင်လို့ရှိရင် ခိုင်အောင် လုပ်လိုက်ရုံပဲ။ သစ်ဆိုးသစ်ညံ့နဲ့ ဆောက်တဲ့အိမ်ထက် သစ်ကောင်းသစ်မြတ်နဲ့ ဆောက်တဲ့အိမ်က ပိုခိုင်တယ်။ မကောင်းတဲ့သစ်နဲ့ ကောင်းတဲ့သစ်လို့ လိုရင်းပြောလိုက်ပေါ့လေ။

မကောင်းတဲ့သစ်နဲ့ ဆောက်တဲ့အိမ်ထက် ကောင်းတဲ့သစ်နဲ့ ဆောက်တဲ့အိမ်က ပိုခိုင်တယ်။ အဲဒီလိုပဲ မကောင်းတဲ့အလုပ်နဲ့ တည်ဆောက်တဲ့ဘဝထက် ကောင်းတဲ့အလုပ်နဲ့ တည်ဆောက်တဲ့ဘဝက ပိုခိုင်တယ်။

မကောင်းတဲ့အလုပ်ဆိုတာ အကုသိုလ်ပဲ။ ကောင်းတဲ့အလုပ်ဆိုတာ ကုသိုလ်။ အကုသိုလ်နဲ့ တည်ဆောက်ထားတဲ့ဘဝဟာ မခိုင်ဘူး။ စီးပွားရေးလည်း မခိုင်ဘူး၊ ရာထူးဌာနန္တရလည်း မခိုင်ဘူး။ ထင်ရှားကျော်ကြားမှုတွေလည်း မခိုင်ဘူး။ ကောင်းကျိုးချမ်းသာမှန်သမျှ မခိုင်ဘူး။

ကုသိုလ်နဲ့ တည်ဆောက်ထားတဲ့ဘဝကျတော့ စီးပွားဥစ္စာ၊ ရာထူးဌာနန္တရ၊ ထင်ရှားကျော်ကြားမှုက စပြီးတော့ လူအများ လိုလားနှစ်သက်တဲ့ ကောင်းကျိုးချမ်းသာမှန်သမျှ ခိုင်ပါတယ်။

ဒါဖြင့် ခိုင်တဲ့ဘဝကို လိုချင်ရင် ခိုင်တဲ့ကုသိုလ်အလုပ်ကို လုပ်ရမှာပေါ့။ ကုသိုလ်မှန်သမျှ ဘယ်ကုသိုလ်မဆို ကောင်းကျိုးချမ်းသာတွေကို ခိုင်စေတာချည်းပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



## အလှတရားမြိုင်မှ ဘဝသမားခိုင်မယ်

ဒါပေမဲ့လို့ ခိုင်စေတတ်တဲ့ ကုသိုလ်ကောင်းမှုတွေ အများကြီးထဲက အခိုင်ဆုံးကုသိုလ်ကောင်းမှု ခြောက်မျိုးကို မြတ်စွာဘုရားဟောထားတာရှိတယ်။ ထာဝရဒါန ခြောက် မျိုးပေါ့။ အခုဒီတရားနာပရိသတ်များက ဟိုနေရာ နာ၊ ဒီ နေရာနာနဲ့ တရားတွေ ခဏခဏ နာထားပြီးသား၊ တရား ပါးဝနေတဲ့ပုဂ္ဂိုလ်တွေဆိုတော့ ထာဝရဒါန ခြောက်မျိုး ဘာ တွေတုံး။ ပြောပါဦး။ ခိုင်တဲ့ကုသိုလ်ကောင်းမှု ခြောက်မျိုး လေ။

'ဉယျာဉ်တောတန်း၊ တံတားလမ်းနှင့်၊ ရေချမ်းစင် တည်၊ ရေတွင်းဆည်လျက် . . .'



ပထမဆုံးအလှူက ဘာတဲ့တုံး။ ဥယျာဉ်အလှူ။ ပါဠိလိုပြောရင်တော့ အာရာမဒါနပေါ့။ အာရာမ်အလှူ၊ ဥယျာဉ်အလှူ။ ဥယျာဉ်အလှူဆိုတော့ ပန်းဥယျာဉ်တွင် မဟုတ်ဘူး။ သစ်သီးဥယျာဉ်လည်း ပါတယ်။ သီးပင်စားပင် တွေ စိုက်ထားတယ်ဆိုရင်တော့ သစ်သီးဥယျာဉ်ပေါ့။ ပန်း မျိုးစုံ စိုက်ပျိုးထားတယ်ဆိုရင်တော့ ပန်းဥယျာဉ်။

စေတီဘုရားတွေမှာပဲ လှူလှူ၊ ဘုန်းကြီးကျောင်း ဝင်းတွေမှာပဲ လှူလှူ၊ လူအများသွားလာကြတဲ့ လမ်းဘေး ဝဲယာမှာပဲ လှူလှူ၊ လမ်းအလယ်ကောင်က အလယ်ကျွန်းမှာ ပဲ လှူလှူ၊ မြက်ကိုအခြေခံထားပြီးတော့ သစ်ပင်မျိုးစုံ၊ ပန်း ပင်မျိုးစုံနဲ့ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်လေးတွေ စိုက်ပျိုး ပြီးတော့ လှူဒါန်းမယ်ဆိုရင် အဲဒီအလှူဟာလည်း ခိုင်တဲ့ အလှူပဲ။

အများအားဖြင့်တော့ ပန်းပင်တွေ စိုက်ကြတာ ပေါ့လေ။ ဦးဇင်းတို့ မြစ်ကြီးနားဘက်သွားတော့ အလယ် ကျွန်းလေးတွေမှာ ဂရိတ်ဖရုဒ်ပင်တွေ စိုက်ထားတာ ရှိ တယ်။ ဘေးမှာလည်း မြက်ပင်လေးတွေရော၊ ပန်းပင်လေး တွေရောပေါ့။ သူ့နေရာနဲ့သူ၊ သူ့အကွာအဝေးနဲ့သူ ညီညီ ညာညာလေးနဲ့ ဂရိတ်ဖရုဒ်ပင်လေးတွေလည်း စိုက်ထား တယ်။ ဂရိတ်ဖရုဒ်သီးလေးတွေကလည်း သီးနေတော့ မြင်ရ



www.burmeseclassic.com

www.burmeseclassic.com

တာကိုက စိတ်ချမ်းသာဖို့ကောင်းတယ်။

အာရာမဒါန - ဥယျာဉ်အလှူ ဆိုတဲ့နေရာမှာ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် နှစ်မျိုးလုံး ပါဝင်ပါတယ်။ သစ်သီးဥယျာဉ်ပဲလှူလှူ၊ ပန်းဥယျာဉ်ပဲလှူလှူ၊ ဥယျာဉ်အလှူပါပဲ။ ထာဝရဒါန - ခိုင်တဲ့အလှူ ဖြစ်သွားပါတယ်။

နောက်ပြီးတော့ အာရာမ ဆိုတာက အရံကို ပြောတာ။ အရပ်ထဲပြောတဲ့အတိုင်း ဆိုရင်တော့ အရံပေါ့လေ။ အမှန်က အာရာမ်ပေါ့။ အရံဆိုတာက အကာအရံတံတိုင်း။ အုတ်တံတိုင်း၊ သစ်သားတံတိုင်း၊ ဝါးတံတိုင်း စသည်အားဖြင့်ပေါ့။ တစ်နည်းပြောရင် အုတ်ခြံစည်းရိုး၊ သစ်သားခြံစည်းရိုး၊ ဝါးခြံစည်းရိုးပေါ့။

အာရာမ = အာရာမ် = အရံ ဆိုတာ တံတိုင်း၊ ခြံစည်းရိုးနဲ့ ပိုင်းခြားရတာမို့ တံတိုင်းအလှူ ခြံစည်းရိုးအလှူဟာလည်း ဥယျာဉ်အလှူထဲမှာ ပါဝင်ပါတယ်။ အုတ်တံတိုင်း၊ အုတ်ခြံစည်းရိုးတွေ၊ သစ်သားတံတိုင်း၊ သစ်သားခြံစည်းရိုးတွေ၊ ဝါးတံတိုင်း၊ ဝါးခြံစည်းရိုးတွေ လှူတယ်ဆိုရင်လည်း ဒါ အာရာမဒါနပဲ။

တံတိုင်းတို့ ခြံစည်းရိုးတို့ဆိုတာက နယ်မြေအပိုင်းအခြားလေးတစ်ခုကို ကျောင်းအရံ၊ အိမ်အရံအဖြစ်နဲ့ သတ်မှတ်ပေးလိုက်တာပဲ။ ဒါ့ကြောင့် တံတိုင်းလှူတာတို့ ခြံစည်းရိုးလှူတာတို့ဟာ အာရာမဒါန အရံအလှူ ခိုင်တဲ့အလှူပဲ။

ဒါဘုန်းကြီးကျောင်း သွားလှူမှ မဟုတ်ပါဘူး။ မတတ်နိုင်တဲ့ပုဂ္ဂိုလ် ခြံစည်းရိုး မခတ်နိုင်လို့ ဟင်းလင်းပြင်ဖြစ်နေတဲ့အိမ်ဝင်းကို ခြံစည်းရိုးလေး ခတ်ပေးလိုက်တယ်၊ ဝါးခြံစည်းရိုးလေးပဲဖြစ်ဖြစ်၊ သစ်သားခြံစည်းရိုးလေးပဲဖြစ်ဖြစ်၊ အုတ်တံတိုင်းပဲဖြစ်ဖြစ်ပေါ့လေ။ ခြံစည်းရိုးလေး ခတ်ပေးတယ်ဆိုရင်လည်း အာရာမဒါန - အရံအလှူ ဖြစ်သွားတာပဲနော်။ သူများအိမ်ကို ခြံစည်းရိုး ခတ်ပေးရင်လည်း အာရာမဒါန - အရံအလှူ ခိုင်တဲ့အလှူ ဖြစ်ပါတယ်။

အိမ်နီးချင်း အချင်းချင်း သူ့အိမ်က ခတ်နိုး၊ ကိုယ့်အိမ်က ခတ်နိုးနဲ့ ခြံစည်းရိုးခတ်ရမှာ နှမြောမနေနဲ့။ ခြံစည်းရိုးခတ်ခ သက်သာဖို့ တွက်မနေနဲ့။ သူမခတ်ခင် ကိုယ်ဦးအောင် ခတ်လိုက်ပေါ့။ ခြံစည်းရိုးအလှူ အုတ်တံတိုင်းအလှူလို့ သဘောထားလိုက်ရင် ဘယ်လောက် ကုသိုလ်ရထားလဲ။ ခိုင်တဲ့အလှူ ဖြစ်သွားတာ . . နော်။

တချို့အိမ်တွေမှာ ဟိုဘက်ခြံက လူလာမနေသေးလို့ ဆိုပြီး ခြံစည်းရိုး မခတ်ဘဲ ဒီအတိုင်းထားတာ တွေ့ဖူးတယ်။ သူတို့လာမှ သူတို့ဘာသာသူတို့ ခြံစည်းရိုး ခတ်ပါစေ . . . တဲ့။ ဒါမှမဟုတ်လည်း သူတစ်ဝက်၊ ကိုယ်တစ်ဝက် အကုန်အကျခံပြီး ခတ်မယ် . . . တဲ့။ ကိုယ်က အောင်



www.burmeseclassic.com

www.burmeseclassic.com

ရောက်နှင့်၊ နေနှင့်တာပဲ၊ ကိုယ်အရင် ခတ်လိုက်ပေါ့။ စိတ်ထားမတတ်တော့ ကုသိုလ်မရတဲ့အပြင် ခြံလည်း မလှတော့ဘူး။ ခြံတွေ၊ နွယ်တွေနဲ့ ရှုပ်ထွေးပြီး မျက်စိနောက်နေတာပဲ။

ဘုန်းကြီးကျောင်းမှာ တံတိုင်းလှူ၊ စည်းရိုးလှူမှ ကုသိုလ်ရတာ မဟုတ်ပါဘူး။ ကိုယ့်အိမ်နီးချင်း အကုန်အကျ သက်သာပါစေ၊ စိတ်ချမ်းသာပါစေ . . . ဆိုတဲ့ စိတ်ထားကောင်းနဲ့ ကိုယ်ကပဲ အကုန်အကျခံပြီး အုတ်တံတိုင်းခတ်၊ ခြံစည်းရိုး ခတ်လိုက်ရင်လည်း ကုသိုလ်ရပါတယ်။

ကုသိုလ်ရတယ်၊ မရဘူး ဆိုတာ ရတနာသုံးပါးနဲ့ မပတ်သက်ပါဘူး။ စိတ်ထားကောင်းနဲ့ပဲ ပတ်သက်ပါတယ်။ ဆိုလိုတာက . . . ရတနာသုံးပါးနဲ့ ပတ်သက်မှ ကုသိုလ်ရတာ မဟုတ်ဘူး၊ ဘယ်သူနဲ့ ပတ်သက်ပတ်သက်၊ ဘာနဲ့ပတ်သက်ပတ်သက်၊ စိတ်ထားကောင်းရှိရင် ကုသိုလ်ရတယ် . . လို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ အာရာမ - အရံဆိုတာက ရွှေပါရမီတောရကျောင်းအရံ၊ မြစိမ်းကျောင်းအရံ၊ ဓမ္မဒူတကျောင်းအရံ စသည်အားဖြင့် ကျောင်းအရံတွေဆိုတာ ရှိတယ်။ ကျောင်းအပိုင်းအခြားတွေဆိုတာ ရှိတယ်။ အဲတော့ ကျောင်းဆောက်ဖို့၊ တံတိုင်းခတ်ဖို့အတွက် မြေကွက်တစ်



ကွက် = အရံတစ်ခု လှူလိုက်တယ်ဆိုရင်လည်း အာရာမဒါနပဲ။

သစ်ပင်ပန်းပင်ပါမှ မဟုတ်ဘူးနော်။ မြေပြင်ကြီးသက်သက်ကိုပဲ စေတီအရံ၊ ကျောင်းအရံ၊ အိမ်အရံအဖြစ်နဲ့ သူများကို လှူလိုက်တယ်ဆိုရင်လည်း ဒါ အာရာမဒါနပဲနော်။ သစ်ပင်တစ်ပင်မှ မပါသွားပေမယ့် အာရာမ်လေးတစ်ခု လှူလိုက်တာပဲ။ သဘောပေါက်တယ်နော်။ ပါဠိမူရင်းလေးနဲ့ မှတ်ထား။ ဘာဒါနတဲ့တုံး။ အာရာမဒါန။

'အာရာမဒါန - ဥယျာဉ်အလှူ' လို့ ခေါင်းစဉ်လေး မြင်လိုက်တာနဲ့ ဘာသတိရလိုက်ရမလဲဆိုရင် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်အလှူ နောက်ပြီးတော့ အုတ်တံတိုင်းအလှူ ခြံစည်းရိုးအလှူ မြေကွက်အလှူ အဲဒါတွေအကုန်လုံး အာရာမဒါနပါပဲ။ အဲဒီအလှူကလည်း ခိုင်တဲ့အလှူပဲ။

သစ်ပင်ပန်းပင်၊ သီးပင်စားပင်တွေ ဆိုတာကလည်း မြေကြီးထဲမှာ စိုက်ထားတာဆိုတော့ အခုပဲ အပင်ပေါက်၊ အခုပဲ သေသွားတယ်လို့ ရှိလား။ မရှိဘူး။ ကာလအကန့်အသတ်တစ်ခုအထိတော့ ခိုင်သွားတာပဲနော်။ အုတ်တံတိုင်း ခတ်ထားတယ်၊ ခြံစည်းရိုးခတ်ထားတယ်ဆိုရင်လည်း ခိုင်သွားတာပဲနော်။

မြေကွက်တစ်ကွက် လှူလိုက်တယ်ဆိုရင်လည်း အဲ



www.burmeseclassic.com

www.burmeseclassic.com

ဒီမြေကွက်က ဒီမြေကြီး ရှိနေသရွေ့ ခိုင်နေတာပဲ။ ဒီမြေကွက်ကို ပိုင်တဲ့ပုဂ္ဂိုလ် သေသွားရင်ပဲဖြစ်ဖြစ်၊ တခြားတစ်ယောက်ယောက်က လုယူသွားရင်ပဲဖြစ်ဖြစ်၊ အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားရင်တော့ သူ့အပိုင်းနဲ့သူပဲ။ ဒါပေမဲ့ ကိုယ့်ဘက်က လှူပြီးသားကတော့ ဒီမဟာပထဝီမြေကြီး မပျက်စီးသရွေ့ ခိုင်နေတာပဲ။ အာရာမဒါနဆိုတာ ခိုင်တဲ့အလှူပဲ။

သစ်ပင်ပန်းပင်လေးတွေဆိုတာလည်း ကိုယ့်ပတ်ဝန်းကျင်မှာ ရှိသင့်တဲ့အရာပဲ။ ပန်းမျိုးစုံ ဖူးပွင့်ဝေဆာနေတာ မြင်ရရင် မြင်တဲ့သူတွေ စိတ်မချမ်းသာဘူးလား။ စိတ်ချမ်းသာတယ်။ အသီးအရွက် စားပင်တွေပါ စိုက်ထားတယ်ဆိုရင်တော့ ခူးပြီး စားလို့သောက်လို့၊ မခူးတောင်မှ သစ်သီးလေးတွေ အပင်ပေါ်မှာ သီးနေတာ မြင်နေရတာကိုက စိတ်ချမ်းသာတယ်။ စိတ်ကြည်နူးတယ်။

လိမ္မော်သီးကို ဈေးထဲက တောင်းထဲမှာ မြင်ရတာနဲ့ လိမ္မော်ပင်ပေါ်မှာ သီးနေတာ မြင်ရတာ မတူဘူးနော်။ သစ်ပင်ပန်းပင်တွေ မြင်ရရင် မြင်ရတဲ့ပုဂ္ဂိုလ်မှာ စိတ်ချမ်းသာ ကြည်နူးအေးမြပြီးတော့ ကျန်းမာရေးတွေလည်း ကောင်းစေပါတယ်။

စိတ်ပညာသဘောအရ ဆိုရင်တော့ . . . လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေး တိုးတက်ဖို့အတွက် သဘာဝပတ်ဝန်းကျင် အလှအပတွေကို ခံစားတတ်တဲ့စိတ် ရှိရတယ်။ ပန်းပင်လေးတွေက ဘာအရောင်ပွင့်နေတယ်။ ဘာဝန်းလေးတွေက လှလိုက်တာ။ စိုက်ထားကာကလည်း ဟိုနေရာနဲ့ ဒီနေရာနဲ့ အချိုးကိုကျလို့။ ပန်းပွင့်လေးတွေရဲ့ မွှေးရနံ့လေးတွေလည်း ရှူရှိုက်လို့၊ ပျားပိတုန်းလေးတွေက ဝန်းဝတ်ရည်လေးတွေ စုပ်လို့။

ဒီသဘာဝပတ်ဝန်းကျင် ရှုခင်းလေးကို ကြည့်ပြီးတော့ စိတ်ကြည်နူးတာဟာ စိတ်ရဲ့ အရည်အသွေး၊ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို တိုးတက်စေတာပဲ။ ပတ်ဝန်းကျင်အလှအပကို မခံစားတတ်တဲ့သူဟာ စိတ်နှလုံး နူးညံ့ပျော့ပျောင်းမှု မရှိတဲ့သူပဲ။ စိတ်နှလုံးကြမ်းတမ်း ခက်ထန်တဲ့သူပေါ့။

သဘာဝအလှအပကို အရှိအတိုင်း ရိုးရိုးရှင်းရှင်း ခံစားတတ်တဲ့သူရဲ့ စိတ်ဟာ . . ကြည်လင်အေးချမ်းနေပါတယ်။ စိတ်ကြည်လင်အေးချမ်းနေရင် စိတ်တည်ငြိမ်ခိုင်ခံ့တာပါပဲ။

သဘာဝအလှတရားတွေ မြိုင်မြိုင်ဆိုင်ဆိုင်ရှိလေ၊ ဘဝသမားစစ်စစ်တစ်ယောက်ရဲ့ စိတ်တွေ ကြည်လင်အေးချမ်း တည်ငြိမ်ခိုင်ခံ့လေပဲပေါ့။ 'အလှတရားမြိုင်လေ၊ ဘဝ



www.burmeseclassic.com

www.burmeseclassic.com

သမားခိုင်လေ’ လို့ ပြောရတော့မှာပါပဲ။

စိတ်နှလုံး နူးညံ့ပျော့ပျောင်းတဲ့သူဆိုရင် ပတ်ဝန်းကျင်ရှုခင်းတွေ၊ သစ်ပင်ပန်းမန်လေးတွေ၊ စမ်းချောင်းလေးစီးနေတာတွေ၊ အခု ရွှေပါရမီတောရကို တက်လာတော့ တရားနာပရိသတ်များ မကြည်နူးဘူးလား။ ဒါတောင်မှ မိုးတွင်းမဟုတ်တော့ စမ်းချောင်းက ရေစီးတာ သိပ်မရှိဘူးဖြစ်နေတယ်။ မိုးတွင်းဆိုရင် ပိုပြီးတော့တောင် ကြည်နူးစရာကောင်းသေးတယ်။

တောရကျောင်း ပန်းဥယျာဉ်စိုက်ထားတာလည်း ချီးကျူးကြတာပေါ့။ ပြင်ဦးလွင်ထက်သာတယ်။ ကန်တော်ကြီးထက်သာတယ် ဆိုပြီးတော့ပေါ့လေ။ နိုင်ငံခြားရောက်ဖူးတဲ့သူတွေကလည်း ဆွစ်ဇလန်တို့၊ နယူးဇီလန်တို့က တောင်ကုန်းဥယျာဉ်အလှ၊ တောင်ပေါ်ပန်းခြံအလှတွေထက် သာတယ်လို့ ပြောကြတယ်။ ဦးဇင်းကလည်း ပြန်ပြောလိုက်ပါတယ်။ ဒါ အကင်းပဲရှိသေးတယ်လို့၊ နမူနာပဲ ရှိသေးတယ်နော်။ အချိန်ကလည်း မရှိဘူး။ တောထဲမှာလည်း ဖြစ်နေတယ်နော်။ မြို့မှာလောက်တော့ ပန်းတွေ မပေါဘူးပေါ့။

■





## ဘဝခိုင်ချင်ရင် အလှမခိုင်တာ မြင်ရမယ်

အဲတော့ ပန်းဥယျာဉ်အလှအပကို ကြည့်ပြီးတော့ ကြည်နူးနေတော့ တဏှာ မဖြစ်ဘူးလားလို့တော့ မေးစရာရှိပါတယ်။ စက္ကန့်မလပ်ကို ဝိပဿနာအလုပ် အားထုတ်နေတဲ့ ပုဂ္ဂိုလ်အနေနဲ့တော့ ပတ်ဝန်းကျင်အလှအပ သာယာသွားတာလေးလည်း တဏှာပဲ ဆိုပြီးတော့၊ ဒီသဘောကို အာမဝိတက်ကလေးပဲလို့ နှလုံးသွင်းပြီးတော့ အဲဒီစိတ်ကို ပျောက်အောင် ရှုမှတ်ရမှာပေါ့။

ဝိပဿနာ အမြဲတမ်းအားထုတ်နေတဲ့ပုဂ္ဂိုလ်ဆိုရင်တော့ သဘာဝပတ်ဝန်းကျင်အလှအပကို သာယာနေရင်း၊ ကြည်နူးနေရင်းနဲ့လည်း ကိုယ့်စိတ်လေးကို သတိထား



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ တဏှာခါတ်လေး ပါးပါးလှပ်လှပ်လေး ရှိနေတာကိုပါ စိတ္တာနုပဿနာလေး ရှုပြီးတော့ မှတ်ရမှာပေါ့။

ဒါပေမဲ့ သစ်ပင်ပန်းပင် သာယာတာလေးတွေ ကြည့်ပြီးတော့ အိပ်မပျော် စားမဝင်လောက်အောင် စွဲလမ်းတမ်းတနေတာတော့ ရှိပါ့မလား။ မရှိပါဘူး။ တကယ်လို့ တဏှာဖြစ်ခဲ့တယ်ဆိုရင်တောင်မှ ပါးပါးလေးပါ။ ပါးပါးလေးဆိုတော့ ရှုမှတ်ပြီး ပယ်ပစ်လိုက်မှာလား။ လက်ခံထားလိုက်မှာလား။

ပယ်ပစ်လိုက်မှာ? ဒါဖြင့်ရင် မခံစားတော့ဘူးပေါ့လေ။ ခံစားပါဦး။ ရှုမှတ်တဲ့အခါလည်း ရှုမှတ်၊ ခံစားတဲ့အခါလည်း ခံစားပေါ့။ ရှုမှတ်ပစ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ ခံစားမိလိုက်ရင်လည်း နောက်ရှုမှတ်မှုအတွက်၊ ဒါမှမဟုတ် စိတ်နှလုံးနူးညံ့ပျော့ပျောင်းမှုအတွက် အင်အားတစ်ခုပေါ့လေ။

အာရာမဒါနတဲ့။ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် လှူတဲ့အလှူဟာလည်း ခိုင်တဲ့အလှူပဲ။ တဏှာဖြစ်တယ်ပဲထားဦးပေါ့။ ဒီတဏှာက အပါယ်ငရဲကျသွားလောက်အောင်အထိတော့ မဖြစ်နိုင်ပါဘူး။ စိတ်ထားပေါ်မှာ မူတည်တာပါပဲ။ ကိုယ့်အတွေးက ဘယ်အာရုံနဲ့ပဲကြုံကြုံ ကုသိုလ်ဖြစ်အောင် စိတ်ထားတတ်တယ်ဆိုရင်တော့ ပန်းပင်လေးတွေ ကြည့်ပြီးတော့ ကုသိုလ်စိတ်ဖြစ်အောင် နှလုံးသွင်းရမယ်။

ဦးဇင်းတို့ ဒီပန်းခြံထဲမှာ ပန်းပင်တွေ၊ သစ်ပင်တွေ စိုက်ထားတယ်။ ပန်းပွင့်တွေလည်း မခူးဖို့ မှာထားတယ်ပေါ့။ ဘာလို့လဲဆိုတော့ ဒီပန်းတွေနဲ့ မြတ်စွာဘုရားရှင်ကို ပူဇော်တာ။ အပင်လိုက်ကို ပူဇော်ထားတာနော်။

ပွင့်နေတဲ့ ပန်းလေးတွေ မြင်တိုင်း 'ဒီပန်းနဲ့ မြတ်စွာဘုရားရှင်အား ပူဇော်ပါတယ်' လို့ စိတ်ထဲက ဆိုနေကျ။ တစ်ခါတစ်ရံ နှုတ်ကပါ အသံထွက်ပြီး ရွတ်ဆိုပူဇော်တာပေါ့။ 'လှပမွှေးကြိုင်သော ဤပန်းများဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်ပါတယ်'။ 'လှပမွှေးကြိုင်သော ဤပန်းများဖြင့် ဘုရား၊ တရား၊ သံဃာ၊ ရတနာမြတ်သုံးပါးအား ပူဇော်ပါတယ်' . . . ။ ပန်းပွင့်လေးတွေ မြင်တိုင်း မြင်တိုင်း ဘုရားပဲ သတိရပြီးတော့ ဘုရားကို ပူဇော်နေပါတယ်။

ဒါဆိုတော့ လှပတဲ့ သစ်ပင်ပန်းပင် ဥယျာဉ်လေးဟာလည်း ကုသိုလ်အာရုံ ဖြစ်မသွားဘူးလား။ ဖြစ်သွားတာပဲ။ ပန်းပင်လေးတွေက လှလိုက်တာ။ ပျော်ပွဲစား ထွက်ဦးမှ ဆိုရင်တော့ . . . ။

ပန်းခြံဆိုတာက မြို့တွေမှာလည်း မရှိဘူးလား။ ဒီပန်းခြံကို အကြောင်းပြုပြီးတော့ အတွေ့ချိန်းတာလည်း မရှိ





www.burmeseclassic.com

www.burmeseclassic.com

ဘူးလား။ အတွဲတွေအတွက်တော့ ဒီပန်းခြံကြောင့် ကုသိုလ်ဖြစ်သလား။ အကုသိုလ်ဖြစ်သလား။ အကုသိုလ်ဖြစ်တယ်?။

ဒါဖြင့် ငယ်ငယ်တုန်းက အကုသိုလ်တွေ ဖြစ်ခဲ့တာပေါ့။ ပန်းခြံဆိုတာကလည်း အမျိုးမျိုးပဲနော်။ ဒီပန်းခြံကို အကြောင်းပြုပြီးတော့ပဲ သောတာပန်ဖြစ်သွားတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးရှိတာပဲ။ ဒါကိုယ့်ရဲ့ ဓာတ်ခံပေါ် မူတည်တယ်နော်။

အကုသိုလ်စိတ်နဲ့ ပန်းခြံထဲမှာ ချိန်းရအောင် ဘာညာကွိုကွဆိုရင်တော့ ဒါအကုသိုလ်တွေ ဖြစ်ချင်ဖြစ်မှာပေါ့။ ခေမာမိဖုရားဆိုတာ ကြားဖူးတယ် မဟုတ်လား။ ခေမာမိဖုရား သောတာပန် စဖြစ်သွားတာက ပန်းဥယျာဉ်ကြောင့်နော်။ ခေမာမိဖုရားအတွက်တော့ ပန်းဥယျာဉ်ကြောင့်၊ ဥယျာဉ်ကြောင့် ကုသိုလ်ဖြစ်သွားပါတယ်။

သူက သိပ်ကို ချော၊ သိပ်ကိုလှတဲ့ မိဖုရားတစ်ပါးပါ။ မြတ်စွာဘုရားရှင်က ဒီခန္ဓာကိုယ်ကြီးကတော့ အပုပ်ကောင်ကြီးပဲ။ အပုပ်ကောင်ကြီး သရုပ်ဆောင်နေတာပဲ။ ခန္ဓာကိုယ်ရဲ့ မတင့်မတယ် ရွံစဖွယ်တွေချည်းပဲပေါ့တယ်ဆိုတာ သတင်းကြားတော့ သူက ဘုရားကျောင်း လုံးဝမသွားဘူးလေ။

ဗိမ္ဗိသာရမင်းကြီးက သောတာပန်ကျောင်းဒကာဒါပေမဲ့ ကြင်ရာတော်ဖြစ်တဲ့ ခေမာမိဖုရားကို ဝေဠုဝန်ကျောင်းသွားအောင် ဘယ်လိုမှ ခေါ်လို့မရဘူး။ အဲဒါနဲ့ နောက်ဆုံးတော့ တေးသီချင်းစပ်ကျွမ်းကျင်တဲ့ပုဂ္ဂိုလ်တွေကို ဝေဠုဝန်ကျောင်းတော်ကြီးရဲ့ သာယာပုံတွေကို ဖွဲ့ဆိုခိုင်းပြီးတော့ သူကြားတဲ့နေရာကနေ သီဆိုခိုင်းတယ်။

ဝေဠုဝန်ဥယျာဉ်ထဲမှာ ဝါးပင်တွေက ဘယ်လို စီဘန်းပေါက်ပြီးတော့ သာယာနေတယ်။ ပန်းတွေက အမျိုးအစားမျိုးစုံ၊ အရောင်အသွေးမျိုးစုံ၊ ပျားပိတုန်းလေးတွေက ဝေ့ဝဲလို့၊ ရေကန်ကြီးကလည်း စိမ်းလဲ့ကြည်လင်လို့၊ အေးမြလို့။ ရေကန်ထဲမှာ ဟင်္သာလေးတွေ၊ ဝမ်းဘဲလေးတွေလည်း ပျော်မြူးကြလို့။

ခုထက်ထိကို ဝေဠုဝန်ကျောင်းဝင်းကြီးက သာယာနေတုန်းပါပဲနော်။ ဗုဒ္ဓဂယာဘုရားဖူး သွားဖူးတဲ့သူတွေဆိုရင် သိကြမှာပါပဲ။

ဝေဠုဝန်ကျောင်းတော်ကြီးရဲ့ ဘုရားဂုဏ်၊ သံဃာ့ဂုဏ်တွေတောင် မဟုတ်သေးပါဘူး။ ဥယျာဉ်ကြီး သာယာလှပပုံ၊ သစ်သီးဝလံတွေ၊ ပန်းမန်တွေနဲ့ ဝါးတောကြီး ကြည်နူးဖွယ်ကောင်းပုံတွေကို ဖွဲ့ဆိုပြီးတော့ ခေမာမိဖုရား ကြားအောင် သီဆိုကြတယ်။

ဒီလိုဆိုကြတော့ ခေမာမိဖုရားက စိတ်ဝင်စားလာ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ဘုရား စိတ်ဝင်စားတာလား၊ ပန်းဉယျာဉ်ကို စိတ်ဝင်စားတာလား။ ပန်းဉယျာဉ်ကို စိတ်ဝင်စားတာ။

'ဒီပန်းဉယျာဉ်ကို သွားကြည့်ဦးမှပဲ။ ဘုရားနဲ့ တည့်တည့်တွေ့ရင်တော့ အသုဘတရားတွေ ဟောမှာပဲ။ ဒါကြောင့် ဘုရားနဲ့ မတွေ့အောင် ဘုရားမရှိတဲ့အချိန် သွားမယ်'

ဘုရားနဲ့ သံဃာတော်တွေ ဆွမ်းခံထွက်နေတဲ့ အချိန်မှ သွားတယ်။ အခုလိုအချိန်လေး ဖြစ်မှာပေါ့။ ရှစ်နာရီ၊ ကိုးနာရီ ဆွမ်းခံထွက်နေတဲ့အချိန်ပေါ့။

သူတို့ဆွမ်းခံပြန်မလာခင် ငါ ခပ်သုတ်သုတ် ပြန်လာခဲ့မယ်ဆိုပြီးတော့ သွားတာ။ မြတ်စွာဘုရားကလည်း သူကျွတ်တမ်းဝင်မယ်ဆိုတာသိလို့ အဲဒီနေ့ ဆွမ်းခံမထွက်ဘူး။ သံဃာတွေ အကုန်လုံး ဆွမ်းခံထွက်တယ်။ မြတ်စွာဘုရားတစ်ပါးတည်း ဆွမ်းခံမထွက်ဘဲ ဂန္ဓကုဋိကျောင်းကနေ ထိုင်စောင့်နေတယ်။

ခေမာမိဖုရားကလည်း လာ။ ပန်းဉယျာဉ်ကိုကြည့်ပြီးတော့ လာ။ သဘောကျကျေနပ်ပြီးတော့ စိတ်တွေကို ကြည်နူးနေတာပေါ့လေ။ ဟိုတုန်းကလည်းပဲ ဗိမ္ဗိသာရမင်းကြီးနဲ့အတူ ဒီပန်းဉယျာဉ်ထဲမှာ၊ ဒီဝါးတောကြီးထဲမှာ ပျော်ရွှင်ကြည်နူးခဲ့တာပဲ။ ခုတော့ ဟိုတုန်းကထက်ကို ပိုပြီးတော့ သာယာနေတယ်။

သာယာလှပမှုအပေါ်မှာ ဘာတွေဆင့်နေလဲဆိုတော့ အေးချမ်းမှုတွေ ဆင့်နေတယ်။ ဟိုတုန်းကတော့ ကိလေသာသဘောနဲ့ ပျော်ခဲ့ကြတာပဲ။ အခု ဒီပန်းဉယျာဉ်က ဘုရားနဲ့တကွ သံဃာတော်တွေ သီတင်းသုံးပြီး တရားအားထုတ်ကြတာဆိုတော့ ဘုရားရဲ့ မေတ္တာဓာတ်၊ တရားဓာတ်၊ သံဃာတော်အရှင်မြတ်တွေရဲ့ မေတ္တာဓာတ်၊ တရားဓာတ်တွေ လွှမ်းခြုံနေတော့ ပိုပြီး အေးချမ်းနေတာပေါ့။

သဘာဝ သက်မဲ့လောကကလည်း အဲဒီသက်မဲ့နေရာဒေသမှာနေတဲ့ပုဂ္ဂိုလ်ပေါ် မူတည်ပြီးတော့ အေးမြခြင်း၊ ပူလောင်ခြင်း၊ စိုပြည်ခြင်း၊ ခြောက်သွေ့ခြင်းဆိုတာ ရှိတယ်နော်။

ဘုန်းကြီးကျောင်းတစ်ကျောင်း အပင်တွေခြောက်သွေ့နေပြီဆိုရင် အဲဒီကျောင်းမှာနေတဲ့ ရဟန်းတော်တွေ သီလမရှိကြလို့ရင်လည်း ဖြစ်မယ်။ ဒါမှမဟုတ် တစ်ယောက်နဲ့တစ်ယောက်၊ တစ်ပါးနဲ့တစ်ပါး ငြင်းခုံခိုက်ရန်တွေ ဖြစ်နေကြတယ်၊ မတည့်ကြဘူးဆိုရင်လည်း အဲဒီကျောင်းက သစ်ပင်တွေ ခြောက်နေကြတယ်။

အဲဒီကျောင်းမှာနေတဲ့ ဆရာတော်တွေက မေတ္တာဓာတ်တွေနဲ့ တရားဓာတ်တွေနဲ့ တစ်ယောက်နဲ့တစ်ယောက်၊



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးနဲ့တစ်ပါး ချစ်ချစ်ခင်ခင်ဆိုရင် သစ်ပင်တွေကလည်း စိမ်းလန်းစိုပြည်လို့ အပွင့်တွေ ဝေလို့ အသီးတွေ ညွတ်လို့။

အဲတော့ ပန်းဥယျာဉ် သာယာတာကြည့်ပြီးတော့ ခေမာမိဖုရားက ကြည်နူးနေတယ်။ ဘုရားမရှိဘူးထင်ပြီးတော့ ဂန္ဓကုဋိကျောင်း ပြတင်းပေါက်ကနေ ချောင်းကြည့်တာပေါ့။ ချောင်းလည်း ချောင်းရော ဘာသွားတွေ့တုံး။ မြတ်စွာဘုရားရယ်၊ နောက်ပြီးတော့ ဘယ်သူတုံး။

သူ့ထက် အဆပေါင်းများစွာ လှပတဲ့ မိန်းကလေး တစ်ယောက်က မြတ်စွာဘုရားကို ယပ်ခတ်ပေးနေတယ်။ ပြီးတော့မှ အဆင့်ဆင့်နဲ့ အသက်အရွယ် ရင့်ရင့်ပြီးတော့ အိုသွားတာ၊ ခါးတွေ ကိုင်းသွားတာ၊ နောက်ဆုံး အရိုးပေါ် အရေတင်ဖြစ်သွားတာ၊ ဗုန်းဗုန်းလဲပြီးတော့ သေဆုံးသွားတာကိုပါ မြတ်စွာဘုရားက တန်ခိုးတော်နဲ့ ရုပ်ရှင်ပြလိုက်တာပေါ့။ ရုပ်ရှင်ဆိုတာ မြတ်စွာဘုရားက စထွင်တာပါ။

မြတ်စွာဘုရားက ရုပ်ရှင်လည်း ပြလိုက်ရော ခေမာမိဖုရား သံဝေဂတွေရ၊ မြတ်စွာဘုရား တရားနာပြီးတော့ သောတာပန်ဖြစ်သွားပါတယ်။ တရားရှုမှတ်တာလည်း အချိန်ပိုင်း၊ အချိန်အနည်းငယ် ပါတာပေါ့နော်။

အလှမခိုင်တာ မြင်တဲ့အတွက် ဘဝခိုင်သွားတာပါ။ သောတာပန်ဖြစ်သွားတယ် ဆိုမှတော့ အပါယ်လုံး‌ဝ



ကျေတော့တဲ့အတွက် ဘဝခိုင်သွားပြီပေါ့။ နောက်တော့ ခေမာထေရီ ဆိုပြီး ရဟန္တာဖြစ်သွားပါတယ်။

အာရာမဒါနရဲ့ ကွင်းဆက်အကျိုးပါ။ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ် သဘာဝပတ်ဝန်းကျင် အလှအပကို အထင်မသေးလိုက်နဲ့နော်။ ကုသိုလ်ဖြစ်အောင် ဥပနိဿယ ပစ္စည်းအနေနဲ့ ကျေးဇူးပြုပါတယ်။ ပဋ္ဌာန်းမှာ ဥပနိဿယ ပစ္စည်း ပါတာကိုး။

အဲတော့ သဘာဝပတ်ဝန်းကျင် သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်တွေကလည်း လူတစ်ယောက်ကို အကုသိုလ်စိတ်ဖြစ်အောင်ရော၊ ကုသိုလ်စိတ်ဖြစ်အောင်ရော ကျေးဇူးပြုပါတယ်။ ကိုယ်က ကုသိုလ်ဓာတ်ခံကို အားကောင်းအောင် မွေးမြူထားပြီးတော့ ဘယ်လောက်လှပတဲ့ သစ်သီးဥယျာဉ်၊ ပန်းဥယျာဉ်တွေပဲတွေ့တွေ့ ကုသိုလ်ဖြစ်အောင် ကြိုးစားကြပေါ့။

ဒီနေ့ ဒကာကြီးဦးရှိန်ဝင်းတို့၊ ဒကာမကြီး ဒေါ်ခင်ခိုင်းတို့ ကျောင်းရေစက်ချလို့ဆိုပေမယ့် အာရာမဒါနလည်း ပါဘူးလား။ ပါတာပဲ။ ကျောင်းရဲ့ ပတ်ဝန်းကျင်မှာ ဂျပန်မြက်တို့၊ မြန်မာမြက်တို့ မြက်မျိုးစုံ အခြေခံပြီးတော့ သစ်သီးပင်တွေ၊ ပန်းပင်တွေ စိုက်ပျိုးပြီးတော့ လှူဒါန်းတာဆိုတော့ အာရာမဒါနဖြစ်သွားတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



## လောကစိမ်းလန်းမှ
## မနောဟဒယ ငြိမ်းချမ်းမယ်

ဥယျာဉ်ပြီးတော့ ဘာအလှူတဲ့တုံး။ 'ဥယျာဉ်တောတန်း'၊ တောတန်းဆိုတာ တောအုပ်အလှူပါပဲ။ ဝနဒါန - တောအလှူ။ သူ့သဘာဝအတိုင်း အလိုအလျောက် ပေါက်နေတဲ့ တောကြီးထဲမှာ အပိုင်းအခြား အကန့်အသတ်လေးတစ်ခု ပြုပြီးတော့ ဒီပရဝုဏ်လေးအတွင်းမှာ စေတီတည်တော်မူပါ။ ကျောင်းဆောက်တော်မူပါ။ ဗောဓိပင်စိုက်တော်မူပါ စသည်အားဖြင့် တောအုပ်ထဲမှာ အပိုင်းအခြားတစ်ခုပြုပြီးတော့ လှူတဲ့အလှူကို ဝနဒါန - တောအုပ်အလှူ လို့ ခေါ်ပါတယ်။

တစ်နည်းအားဖြင့်လည်း အရိပ်ရတဲ့အပင်တွေ စိုက်ပျိုးလှူဒါန်းတဲ့အလှူကို တောအုပ်အလှူလို့ ခေါ်ပါတယ်။ အလိုလို တောတောင်မှာ ပေါက်နေတဲ့သစ်ပင်တွေရှိတဲ့နေရာကို လှူမှ မဟုတ်ဘူး။ မြို့ထဲရွာထဲမှာ အရိပ်ရတဲ့အပင်တွေ စိုက်ပျိုး လှူဒါန်းမယ်ဆိုရင်လည်း တောအုပ်အလှူပဲ။

အရိပ်ရတဲ့သစ်ပင်အလှူဆိုတော့ တောအုပ်အလှူပေါ့။ တောအုပ်ဆိုတာ အရိပ်ရသစ်ပင်တွေရဲ့ အစုအပေါင်းကို ခေါ်တာကိုး။ တောအုပ်အလှူ တောတန်းအလှူဆိုတဲ့ ခေါင်းစဉ်အောက်မှာ အရိပ်ရသစ်ပင်တွေ စိုက်ပျိုးလှူဒါန်းတဲ့အလှူလည်းပါတယ် လို့ မှတ်ထားလိုက်ပါ။

အရိပ်ရသစ်ပင်တွေ စိုက်ပျိုးလှူဒါန်းတဲ့အလှူဆိုတာလည်း ခိုင်တဲ့အလှူပဲ။ သစ်ပင်ကလည်း မြေကြီးမှာ ပေါက်နေတာဆိုတော့ မခိုင်ဘူးလား။ ခိုင်တယ်။ရေသောက်မြစ် ရှည်ရင်ရှည်သလောက် ခိုင်တာပဲ။ နှစ်ပေါင်း လေးငါးခြောက်ဆယ်။ တချို့အပင်တွေဆိုရင် နှစ်ပေါင်း တစ်ရာနှစ်ရာ စသည်အားဖြင့် ခိုင်တာပဲ။

ဒီသစ်ပင်တွေ ရှိနေသရွေ့ ဒီသစ်ပင်အောက် ဖြတ်သန်းသွားတဲ့ပုဂ္ဂိုလ်တွေ အရိပ်ရတယ်။ ဒီသစ်ပင်အောက်မှာ အရိပ်ခိုကြမယ်။ တစ်ရေးတစ်မှိတ် အိပ်ကြမယ်။ သစ်ပင်ရိပ်ကို အိမ်လို့ သဘောထားပြီးတော့ နေတဲ့



www.burmeseclassic.com

www.burmeseclassic.com

သူတွေလည်း ရှိကြမယ်။

ဦးဇင်းတို့ သိမ်ဝင်တဲ့အခါဆိုရင် ကျောင်းဆိုတဲ့ ပစ္စည်းနဲ့ပတ်သက်လို့ မြတ်စွာဘုရားက ဘယ်လိုပြောထားလဲဆိုတော့ 'သင်ပဥ္စင်းဟာ သစ်ပင်ရိပ်တည်း ဟူသော ကျောင်းကို အမှီပြုပြီးတော့ အသက်ထက်ဆုံး ရဟန်းတရား ပွားများအားထုတ်ရမယ်' တဲ့။ သစ်ပင်တစ်ပင်ဆိုတာ ကျောင်းတစ်ဆောင်ပဲနော်။ သစ်ပင်တစ်ပင်အလှူဟာလည်း ကျောင်းတစ်ဆောင်အလှူလို အင်မတန် အကျိုးကြီးမားပါတယ်။

ဒါ့ကြောင့် 'ကျောင်းမလှူနိုင်ရင် သစ်ပင်စိုက်' လို့ ပြောတာ။ သစ်ပင်တစ်ပင် စိုက်လှူတာဟာ ကျောင်းတစ်ဆောင် ဆောက်လှူတာနဲ့ အတူတူပဲ။ ကိုယ်စိုက်ထားတဲ့ သစ်ပင်အောက် လူတွေဖြတ်သွားရင် ဖြတ်သွားခိုက်မှာ အဲဒီလူတွေကို အိမ်လှူလိုက်တာပါပဲ။ ကိုယ်စိုက်ထားတဲ့ သစ်ပင်အောက် သံဃာတော်တွေ ဖြတ်သွားရင် ဖြတ်သွားခိုက်မှာ အဲဒီသံဃာတော်တွေကို ကျောင်းလှူလိုက်တာပါပဲ။

ဒါ့ကြောင့် ဉာဏ်ကြီးတဲ့သူဆိုရင် အရိပ်ရသစ်ပင် တစ်ပင် စိုက်တိုင်း ကိုယ့်သစ်ပင်အရိပ်အောက် ဖြတ်သန်းသွားမယ့် ဘုရားနဲ့ သံဃာတော်တွေ အာရုံပြုပြီး 'ဘုရားအမှူးရှိတဲ့ သံဃာတော် အရှင်မြတ်များအား ကျောင်းဆောက် လှူဒါန်းပါတယ်ဘုရား' လို့ အာရုံပြုလိုက်ရုံပါပဲ။

အရိပ်ရသစ်ပင်တွေ တန်းစီစိုက်ပြီး ကိုယ်စိုက်ထားတဲ့ သစ်ပင်တန်းအောက်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်တွေ စီတန်းပြီး ဆွမ်းခံကြွနေတဲ့ပုံ အာရုံပြုထားလိုက်ပေါ့။ ရဟန်းအပေါင်း (ရဟန်းသံဃာ) တွင် မကဘူး၊ လူအပေါင်း (လူသံဃာ) ကိုပါ လှူရာရောက်လို့ အင်မတန်ကြီးကျယ်တဲ့ သံဃိကအလှူ (မဟာသံဃိကအလှူ)လို့ ပြောနိုင်ပါတယ်။ (သံဃ = သံဃာ ဆိုတဲ့ ပါဠိက အပေါင်း၊ အစုအဝေး လို့ အဓိပ္ပာယ်ရပါတယ်။)

သစ်ပင်တစ်ပင် ရှိနေတယ်ဆိုတော့ ကျေးငှက်သာရကာတွေလည်း ခိုနားနိုင်ကြတယ်။ ကိုယ်စိုက်ထားတဲ့ သစ်ပင်မှာ ခိုပေါင်းတစ်ရာ လာနားတယ်၊ နေတယ်ဆိုရင် ခိုအိမ်လေးပေါင်းတစ်ရာလှူတာနဲ့ အတူတူပဲ။ သစ်ပင်မှာ ကျီးကန်းပေါင်းတစ်သောင်း လာနားတယ်၊ နေတယ်ဆိုရင် ကျီးကန်းအိမ်တစ်သောင်း လှူရာရောက်ပါတယ်။ သစ်ပင်အလှူတော်တော်အကျိုးကြီးပါတယ်။

အိမ်တစ်ဆောင်ကမှ လူဦးရေ အကန့်အသတ်နည်းဦးမယ်။ သစ်ပင်ဆိုရင် ခိုနားမယ့်ပုဂ္ဂိုလ်တွေ မရေမတွက်နိုင်အောင်ပဲ . . . ။ 'သစ်တစ်ပင်ကောင်း၊ ငှက်သိန်းသောင်း၊ အပေါင်းကိုယ့်ကြောင့် အေးစေသော်' တဲ့။ အဲ



www.burmeseclassic.com

www.burmeseclassic.com

ဒီတော့ အရိပ်ရသစ်ပင် စိုက်ပျိုးလှူဒါန်းတဲ့အလှူဟာလည်း ခိုင်တဲ့အလှူပဲ။

ဒီသစ်ပင်အောက်ကို ကားတစ်စီး ဖြတ်သန်းသွားတယ်ဆိုရင် ကားတစ်စီးမှာကို လူတွေ အများကြီး ပါတာနော်။ ဖြတ်သန်းသွားတဲ့ အခိုက်လေးမှာ ကိုယ့်သစ်ပင်က အရိပ်အာဝါသ လှူပြီးသား ဖြစ်နေတာပေါ့။

ဦးဇင်းတို့ အညာဒေသမှာ ဒကာကြီးတစ်ယောက် ရှိတယ်။ ဟိုနေရာဒီနေရာတွေမှာပေါ့လေ။ လမ်းဘေးမှာတွေရော သစ်ပင်ကြီးကြီးမရှိတဲ့နေရာတွေမှာ မန်ကျည်းစေ့တွေ လိုက်ပြီးတော့ စိုက်တယ်။ သူ့တစ်သက်မှာ စိုက်ခဲ့တဲ့ မန်ကျည်းပင်ပေါင်းက သိန်းနဲ့ချီပြီးတော့ ရှိနေတာပေါ့။ နှစ်ပေါင်း လေးငါးခြောက်ဆယ် ကြာပြီဆိုတော့ အဲဒီ မန်ကျည်းပင်တွေက အခက်အလက်တွေ ဝေဆာလို့။

မန်ကျည်းရွက် နုတဲ့အချိန် မန်ကျည်းရွက်တွေ ခူးလို့၊ စားဖို့လည်း ခူးလို့၊ တချို့လည်း ရောင်းဖို့အတွက် ခူးလို့။ မန်ကျည်းခေါက်ကလေးတွေကိုလည်း သွေးပြီးတော့ မျက်စိကောင်းအောင်ဆိုပြီးတော့ လိမ်းကြလို့ - စသည်အားဖြင့်ပေါ့လေ။ မန်ကျည်းသီးပေါ်တဲ့အချိန် မန်ကျည်းသီးတွေ အသုံးပြုလို့။ သူစိုက်ပျိုးလိုက်တဲ့ မန်ကျည်းပင်တွေက လူပေါင်းများစွာကို အကျိုးပြုနေပြီ။ အရိပ်အာဝါသပေးရုံတွင်



မကဘူး။ အသီးအပွင့်တွေနဲ့ရော၊ အခေါက်အပွေးတွေနဲ့ရော အကျိုးပြုနေတာပဲ။

ဒီနှစ် (၂၀၀၄ ခုနှစ်) ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရသွားတဲ့ပုဂ္ဂိုလ်က ဘယ်နိုင်ငံကတဲ့တုံး။

'..............'

တရားတွေချည်း နင်းကန်အားထုတ်နေကြတယ် ထင်တယ်နော်။ ကမ္ဘာမှာ ဘာတွေဖြစ်နေလဲ လုံးဝ စိတ်မဝင်စားကြတော့ဘူးပေါ့။ ဟုတ်လား။

ဒီနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရသွားတာက ကင်ညာနိုင်ငံကပါ။ ကင်ညာနိုင်ငံက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဒုတိယဝန်ကြီး မစ္စစ်ဝင်ဂရီမာယက်ထိုင် ဖြစ်ပါတယ်။ ဒေါက်တာဘွဲ့ရတစ်ဦးပါ။ အသက် (၆၄)နှစ် ရှိပါပြီ။ အာဖရိကတိုက်သူ အမျိုးသမီးထဲမှာ . . ပထမဆုံး နိုဘယ်လ်ဆုရှင် ဖြစ်ပါတယ်။

သူဟာ ၁၉၇၇ ခုနှစ်က စပြီးတော့ မြစိမ်းရောင် ခါးပတ်ကြိုး လှုပ်ရှားမှုကြီးကို ထူထောင်ခဲ့ပါတယ်။ သူထူထောင်ခဲ့တဲ့အဖွဲ့ကြီးက အာဖရိကတိုက်အဝန်းမှာ သစ်ပင်ပေါင်း သန်းသုံးဆယ်ကျော် စိုက်ပျိုးခဲ့ပါတယ်။

သူက ဘယ်လိုရသွားလဲဆိုတော့ နိုင်ငံရေးလုပ်လို့ ရသွားတာ မဟုတ်ဘူး။ အများအားဖြင့်တော့ ငြိမ်းချမ်းရေး



www.burmeseclassic.com

www.burmeseclassic.com

နိုဘယ်လ်ဆုရတယ်ဆိုတာ အများပြည်သူ လွတ်လပ်ဖို့ ငြိမ်းချမ်းဖို့ဆောင်ရွက်တဲ့ နိုင်ငံရေးသမားတွေပဲ ရကြတာများတယ်။

ဒီနှစ် ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ရသွားတဲ့ပုဂ္ဂိုလ်ကျတော့ နိုင်ငံရေးသမား လုံးဝ မဟုတ်ဘူး။ ဒါပေမဲ့ ငြိမ်းချမ်းရေးနိုဘယ်လ်ဆုကြီး ပေးလိုက်တယ်။ သူက သစ်ပင်တွေ စိုက်ပျိုးဖို့ စည်းရုံးလှုံ့ဆော်တယ်၊ သူကိုယ်တိုင်လည်း ဦးဆောင်ပြီးတော့ သစ်ပင်တွေ စိုက်ပျိုးတယ်။ သူများတွေ သစ်ပင်တွေ စိုက်ကြအောင်လည်း လှုံ့ဆော်တယ်။ သူဦးဆောင်ပြီးတော့ စိုက်ပျိုးတဲ့သစ်ပင်တွေက သန်းနဲ့ချီပြီးတော့ ရှိတယ်။ နေရာအနှံ့ အရိပ်ရသစ်ပင်ကြီးတွေ သန်းပေါင်းများစွာ စိုက်ပျိုးတယ်။

သူ့နိုင်ငံကတော့ အဓိကပေါ့။ နေရာအနှံ့၊ ကမ္ဘာအနှံ့ သစ်ပင်တွေ သန်းနဲ့ချီပြီးတော့ စိုက်ပျိုးခဲ့တယ်။ ကိုယ်တိုင်လည်း စိုက်ပျိုး၊ သူများကိုလည်း စိုက်အောင် စည်းရုံးလှုံ့ဆော်။ သစ်ပင်ပေါင်းများစွာ စိုက်ပျိုးခဲ့တဲ့အတွက်ကြောင့် သူ့ကို ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆု ပေးလိုက်တယ်။

သစ်ပင်စိုက်တာနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်လ်ဆုနဲ့ ဘာဆိုင်လဲ လို့တော့ မေးစရာရှိတယ်။ သစ်ပင်တွေရှိမှ တောအုပ်တွေ ကောင်းမယ်။ တောအုပ်တွေကောင်းမှ



ရာသီဥတု မှန်မယ်။ ရာသီဥတုမှန်မှ သစ်သီးဝလံတွေက အဆီဩဇာပြည့်မယ်။ သစ်သီးဝလံတွေ အဆီဩဇာပြည့်မှ သူတွေ ကျန်းမာရေးကောင်းကြမယ်။

ကျန်းမာရေးကောင်းကောင်းနဲ့ အလုပ်လုပ်နိုင်မှ စီးပွားရေးနဲ့ ပြည့်စုံလာမယ်။ စီးပွားရေးတွေ ပြည့်စုံကြမှလည်း တစ်ယောက်နဲ့ တစ်ယောက် ညှဉ်းပန်းနှိပ်စက်တာတွေ ကင်းပြီးတော့ ကမ္ဘာကြီး ငြိမ်းချမ်းမယ်။ သစ်ပင် သစ်တောနဲ့ ကမ္ဘာ့ငြိမ်းချမ်းရေး အဆင့်ဆင့် အကြောင်းအကျိုး ဆက်စပ်နေတာနော်။

ဒါက အကြောင်းအကျိုးဆက်စပ်ပုံ နမူနာတစ်ခုပဲ ပြောပြတာပါ။ ဆက်စပ်ပုံတွေကတော့ အများကြီးရှိတာပေါ့။ အခြေခံကတော့ ရာသီဥတုနဲ့ သဘာဝဘေးအန္တရာယ်၊ သဘာဝထွက်ကုန်ပါပဲ။ သစ်ပင်သစ်တောရှိမှ ရာသီဥတုကောင်း၊ သဘာဝဘေးအန္တရာယ်ကင်း၊ သဘာဝထွက်ကုန်တွေ အရည်အသွေး မြင့်ပြီး ကမ္ဘာကြီး ငြိမ်းချမ်းလာမှာပါ။

ဒါကြောင့်မို့လို့ ကမ္ဘာကြီးငြိမ်းချမ်းရေးအတွက် အထောက်အကူပြုရာရောက်တဲ့အတွက် သစ်ပင်တွေ စိုက်ပျိုးတဲ့ ကင်ညာနိုင်ငံက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဒုဝန်ကြီးအမျိုးသမီးကို ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်လ်



www.burmeseclassic.com

www.burmeseclassic.com

ဆု ဒီနှစ်အတွက် ချီးမြှင့်လိုက်ပါတယ်။ မြတ်စွာဘုရား ဟော ကြားတဲ့ 'ဝနဒါန - အရိပ်ရသစ်ပင်တွေ စိုက်ပျိုးလှူဒါန်းတဲ့ အလှူ' နဲ့တော့ တစ်ထပ်တည်း ကျနေတော့တာပါပဲ။

သစ်ပင်တွေက သူတို့အစာအတွက် လေထုထဲက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ ($CO_2$)တွေကို စုပ်ယူ တယ်။ အစာချက်ပြီးတာနဲ့ လေထုထဲကို အောက်စီဂျင် ဓာတ်ငွေ့ ($O_2$) ပြန်ထုတ်လွှတ်တယ်။ လူသားတွေကို ဒုက္ခ ပေးမယ့် $CO_2$ ကို စုပ်ယူပြီး လူသားတွေကို ကောင်းကျိုးပြု မယ့် $O_2$ ထုတ်လွှတ်ပေးတဲ့အတွက် . . သစ်ပင်စိုက်ပျိုးတဲ့ အလုပ်ဟာ လေထုညစ်ညမ်းမှု လျော့နည်းရေး၊ လေထုသန့် စင်ရေး၊ ကမ္ဘာလောကကြီး ငြိမ်းချမ်းသာယာရေးအတွက် အင်မတန် အရေးကြီးတဲ့ အလုပ်တစ်ခုပါပဲ။

ကိုယ့်ကြောင့် ကမ္ဘာလောကကြီး စိမ်းလန်းစေချင် တယ်၊ ငြိမ်းချမ်းစေချင်တယ်ဆိုရင် လူတိုင်းလူတိုင်း သစ် ပင် စိုက်ကိုစိုက်ရပါမယ်။ ကြီးကြီးကျယ်ကျယ် ပြောရရင် ကမ္ဘာ့ငြိမ်းချမ်းရေး လိုလားသူတိုင်း သစ်ပင် စိုက်ကိုစိုက်ရ ပါမယ်။

ကိုယ်ထုတ်လွှတ်လိုက်တဲ့ $CO_2$၊ ကိုယ်နဲ့ ပတ်သက် ဆက်စပ်ပြီး လေထုထဲ ရောက်သွားတဲ့ $CO_2$ တွေကို စုပ်ယူ နိုင်ဖို့ အစားပြန်ပေးတဲ့အနေနဲ့ သစ်ပင်စိုက်မယ်ဆိုရင်ကိုပဲ



ကိုယ်နေထိုင်ရာ ကမ္ဘာကြီး၊ ကိုယ်ရှင်သန်ရာ လောကကြီး ကို တစ်နည်းတစ်လမ်း ကျေးဇူးဆပ်ရာရောက်ပါတယ်။

ကိုယ်စိုက်ပျိုးလိုက်တဲ့ သစ်ပင်တွေကြောင့် လူသား တွေကို ကောင်းကျိုးပြုတဲ့ အောက်စီဂျင်ဓာတ်ငွေ့($O_2$)တွေ လေထုထဲ အများကြီး ပျံ့နှံ့သွားပါစေ၊ ကိုယ့်သစ်ပင်ကရတဲ့ $O_2$ တွေ ရှူပြီး လူသားတွေ ကျန်းမာရွှင်လန်းကြပါစေ လို့ နှလုံးသွင်းလိုက်ရင် ကုသိုလ်တောင် ရပါသေးတယ်။ ပတ် ဝန်းကျင်ထိန်းသိမ်းရေးလည်းဖြစ်၊ ကုသိုလ်လည်းရ၊ သစ်ပင် စိုက်ရတာ ဘယ်လောက်ကောင်းထားလဲ။

ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဘရက်ပစ်ဆိုရင် . . တစ်နှစ်ကို ဒေါ်လာတစ်သောင်းဖိုး သစ်ပင်စိုက်တယ်။ သူ ကိုယ်တိုင် လိုက်စိုက်တာတော့ မဟုတ်ဘူးပေါ့။ ကမ္ဘာအနှံ့ သစ်ပင်လိုက်စိုက်တဲ့ အကျိုးဆောင်ကုမ္ပဏီကို နှစ်စဉ် ဒေါ် လာတစ်သောင်း လှူလိုက်တာပါ။ ဘရက်ပစ်ရဲ့ အလှူ အဖြစ်နဲ့ ဒေါ်လာတစ်သောင်းဖိုး သစ်ပင်တွေကို အဲဒီကုမ္ပ- ဏီက လိုအပ်တဲ့နေရာတွေမှာ လိုက်စိုက်ပေးတာပါ။

ဘာလို့ ဘရက်ပစ်က နှစ်စဉ်ဒေါ်လာတစ်သောင်း ဖိုး သစ်ပင်စိုက်ရတာလဲဆိုတော့ သူတစ်နှစ်စာထုတ်လွှတ် တဲ့ $CO_2$ ပမာဏကို စုပ်ယူမယ့် သစ်ပင်အရေအတွက်ဟာ ဒေါ်လာတစ်သောင်းဖိုး ရှိလို့ . . . တဲ့။ ဒါ အကျိုးဆောင်



www.burmeseclassic.com

www.burmeseclassic.com

သစ်တောကုမ္ပဏီက တွက်ချက်ပေးတာပေါ့လေ။

ဘရက်ပစ် ရှိုက်ထုတ်လိုက်တဲ့ လေထဲမှာတွင် . . $CO_2$ ကပါတာ မဟုတ်ဘူး။ သူ ကားမောင်းသွားရင်လည်း $CO_2$ ထွက်တယ်။ သူလေယာဉ်ပျံစီးရင်လည်း $CO_2$ ထွက်တယ်။ ဘယ်မှမသွားဘဲ ဟိုတယ်မှာ၊ အိမ်မှာနေရင်လည်း သူသုံးတဲ့ လေအေးပေးစက်တွေ၊ ရေခဲသေတ္တာတွေက $CO_2$ ထွက်တယ်။

အဲဒီလိုအားဖြင့် ဘရက်ပစ်ရဲ့ $CO_2$ ထွက်စေတဲ့ နေထိုင်မှုပုံစံမှန်သမျှ၊ $CO_2$ ထွက်စေတဲ့ အလုပ်မှန်သမျှကို စုပေါင်းတွက်ချက်ပြီး အဖြေထုတ်လိုက်တော့ သူနဲ့ပတ်သက်သမျှ $CO_2$ တွေကို စုပ်ယူနိုင်မယ့် သစ်ပင်အရေအတွက်က ဒေါ်လာတစ်သောင်းဖိုး ဖြစ်သွားပါတယ်။

အဲဒီလို မတွက်ချက်နိုင်ရင် နေပါ . . ၊ လေထုညစ်ညမ်းမှု ကာကွယ်ဖို့၊ လေထုသန့်ရှင်းစင်ကြယ်ဖို့၊ ရာသီဥတု မဖောက်ပြန်ဖို့၊ ပတ်ဝန်းကျင် မြင်မြင်သမျှ စိမ်းလန်းစိုပြည်နေဖို့ လူအပါအဝင် ကျေးငှက်သာရကာတွေ၊ သက်ရှိသတ္တဝါတွေ အေးချမ်းစွာ ခိုနားနိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လူတိုင်းလူတိုင်း ကိုယ့်တစ်နိုင် သစ်ပင်စိုက်သင့်ပါတယ်။

သစ်ပင်တစ်ပင် စိုက်တာဟာ ကျောင်းဆောင်တစ်ဆောင် ဆောက်တာနဲ့ အတူတူပဲမို့ ကုသိုလ်လိုလားသူတိုင်း



ဘဝမှာ အရိပ်ရသစ်ပင်ကြီး အနည်းဆုံး တစ်ပင်လောက်တော့ စိုက်ဖူးတယ်ရှိအောင် စိုက်ကို စိုက်သင့်ပါတယ်။ များများစိုက်နိုင်လေ၊ ကောင်းလေပါပဲ။

နောက်ဆုံး . . မစိုက်နိုင်ဘူးဆိုရင်တောင် မခုတ်မိဖို့တော့ လိုပါတယ်။ သစ်ပင်ခုတ်ပါများလို့ သစ်တောပြုန်းတီးရင် ရာသီဥတုတွေ ဖောက်ပြန်၊ သဘာဝဘေးအန္တရာယ်တွေ ဆိုးဝါး၊ မြေဆီမြေနှစ်တွေ ပြုန်းတီးပြီး လူသားတွေ ဘယ်လောက်ဒုက္ခရောက်ရတယ်ဆိုတာ ဗဟုသုတ အသင့်အတင့်ရှိသူတိုင်း သိကြပြီးသားပါ။

သစ်ပင်စိုက်တာ ကောင်းကျိုးသိပ်ကြီးတယ်ဆိုရင် သစ်ပင်ခုတ်တာဟာလည်း ဆိုးကျိုးသိပ်ကြီးတယ်ဆိုတာ အထူးပြောစရာ မလိုတော့ပါဘူး။ ကိုယ်ကျိုး ကိုယ့်စီးပွား တစ်ခုတည်း ကြည့်ပြီး သစ်ပင်တွေ ခုတ်လှဲပစ်နေတဲ့သူဟာ . . လောလောဆယ်မှာ လူသားတွေ၊ သက်ရှိသတ္တဝါတွေကို ဒုက္ခပေးရာရောက်သလို သံသရာမှာ ဆိုးကျိုးပေးမယ့် မကောင်းမှု အကုသိုလ်တွေကိုလည်း အကြီးအကျယ် ဆည်းပူးဆောင်းနေရာ ရောက်ပါတယ်။

သစ်ပင်စိုက်တဲ့အလုပ်ဟာ ကျောင်းဆောက်တဲ့ ကုသိုလ်ဆိုရင် သစ်ပင်ခုတ်တဲ့အလုပ်ဟာ ကျောင်းဖျက်တဲ့ အကုသိုလ်ပါပဲ။ သစ်ပင်စိုက်ပြီး ကုသိုလ်မယူချင်နေပါ၊



www.burmeseclassic.com

သစ်ပင်ခုတ်ပြီး အကုသိုလ် မယူပါနဲ့။ ကျောင်းမဆောက်ချင်နေပါ၊ ကျောင်းမဖျက်ပါနဲ့။ မကူညီချင်နေပါ၊ မနှောင့်ယှက်ပါနဲ့။

■





## အပံ့အပိုးမြိုင်လေ၊ အခံ့အကျိုးလှိုင်လေ

'လိုတရဗိမာန်'ဟောတုန်းက ကျောင်းအမ မချစ်စုအကြောင်း မပါဘူးထင်တယ်။ မချစ်စုဆိုတဲ့ ဒကာမလေးကလည်း ဒီလိုပဲပေါ့။ ကျောင်းအလှူဟာ အကျိုးအကြီးဆုံးဆိုတာ သိတော့ ကျောင်းဆောက်လှူတယ်။

ကျောင်းဆောက်လှူတော့ ကျောင်းအဆောင်ချည်းသက်သက် ဆောက်လှူတာ မဟုတ်ဘူး။ ကျောင်းပတ်ပတ်လည်မှာ သရက်ပင်တွေ အများကြီး စိုက်ပျိုးပြီးတော့ လှူဒါန်းတယ်။ သူ့ရေစက်ချတဲ့အချိန်က သရက်သီးသီးတဲ့အချိန် မဟုတ်ဘူး။ သရက်သီး သီးတဲ့အချိန် မဟုတ်တော့ ဗမ္ဗူလာအနီတွေ၊ အစိမ်းတွေ၊ အဝါတွေ စသည်တို့ဖြင့်



www.burmeseclassic.com

www.burmeseclassic.com

အဝတ်သရက်သီးလေးတွေ လုပ်ပြီးတော့ သရက်ပင်လေး
တွေမှာ ချိတ်ချိတ်ပြီးတော့ လှူဒါန်းတယ်။

ကျောင်းဝင်းထဲ ဝင်လာလိုက်ရင်တော့ သရက်သီး
တွေ သီးနေတဲ့ပုံ ပေါ်နေတာပေါ့။ အဲဒါလည်းပဲ အကျိုး
တာပဲနော်။ အတုတွေချည်းပဲ၊ အင်တွေချည်းပဲလို့ ပြောလို့
မရဘူး။ ဒီမှာ ရွှေပါရမီကျောင်းထဲ ဂန္ဓမာပန်းတွေ ပွင့်နေ
တာမြင်တော့ တချို့က ဘယ်လိုပြောတုံး။ ကျောင်းရေစ
ချကျမှ အင်ကြီး လာစိုက်ထားတာတဲ့။ ဒါလည်း အရေးကြီး
တယ်နော်။ အင်ကြီးတော့ မဟုတ်ပါဘူး။ တကယ့် သစ်ပ
တွေပါ။ အမြစ်တွေ ပါတယ်နော်။

မချစ်စုက အဝတ်နဲ့လုပ်ထားတဲ့ အသီးတွေကို
နေရာတွဲချိတ်၊ ဒီနေရာတွဲချိတ်နဲ့ သရက်သီးလေးတွေ ချိ
ပြီးတော့ လှူဒါန်းတယ်။ အဲဒီကုသိုလ်ကြောင့် နောင်အ
တာဝတိံသာမှာ နတ်သမီးဖြစ်တော့ သူ့ဗိမာန်က သူမှာ
ဗိမာန်နဲ့ကို မတူဘူး။ ဗိမာန်ခြောက်ကြီး မဟုတ်ဘူး။ စိမ်း
လန်းစိုပြည်လိုက်တာ ပတ်ဝန်းကျင်မှာ သရက်ပင်တွေနဲ့

လှူတုန်းကတော့ ကမ္ဗလာစတွေနဲ့ သရက်သီး
အတုတွေ လုပ်ပြီး လှူဒါန်းပေမယ့် အကျိုးပေးတော့ သရက်
သီးအစစ်တွေ အကျိုးပေးပါတယ်။ အတုဆိုတာက လော
ဝေါဟာရအရ ပြောတာပေါ့လေ။ စိတ်ကတော့ ပူဇော်



တဲ့ စိတ်နဲ့ လုပ်လိုက်တာဆိုတော့ အတုလို့ ပြောလို့မရဘူး
နော်။ သူလှူချင်တဲ့အချိန်မှာ သရက်သီးအစစ်က သီးမှ
သီးမနေဘဲကိုး။

ကမ္ဗလာအဝတ်စနဲ့ လုပ်ထားတဲ့ သရက်သီးတွေ
သရက်ပင်မှာ တွဲချိတ်ပြီး လှူရတဲ့ကောင်းမှုကြောင့် နတ်
ပြည်ကျတော့ ဗိမာန်ပတ်လည်က သရက်ပင်တွေမှာ သ-
ရက်သီးတွေက ဆယ့်နှစ်ရာသီကို သီးနေတော့တာပဲ။လှူ
တတည်းကိုက သရက်သီးတွေက အရောင်စုံဆိုတော့ ဟိုမှာ
သီးတဲ့ သရက်သီးတွေကလည်း အရောင်စုံပေါ့။ မြကျောက်
တွေရော၊ စိန်တစ်လုံးတွေရော၊ ရွှေဟင်္သာတွေရောပေါ့။
ဘာနာနာမည်ပါတဲ့ သရက်သီးတွေ ပြောရမယ်ဆိုရင်ပေါ့။

ဒီနေ့ ဒကာကြီးဦးရှိန်ဝင်းက 'ဝနဒါန -တော
အလှူ' လည်း ဖြစ်နေတယ်နော်။ ကေလာသတောင်မှာရှိတဲ့
တောအုပ်ကြီးရဲ့ တစ်ဆယ့်နှစ်ဧကရှိတဲ့ တောအုပ်တစ်ခုကို
ပိုင်းခြားပြီးတော့ လှူတာ။

မူလကတော့ ဒူရင်းခြံကြီးရှိတယ်။ အဲဒီဒူးရင်းခြံ
ကို ဒကာကြီးဦးရှိန်ဝင်း၊ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ ဝယ်
ပြီးတော့ ဦးဇင်းကို လှူဒါန်းထားတာဆိုတော့ တောအုပ်
တစ်ခုကို အပိုင်းအခြား လုပ်ပြီးတော့ ကျောင်းဆောက်လှူ
မယ်ဆိုတဲ့အထဲကို တိုက်ရိုက်ဝင်သွားတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ဒီမှာလည်း ကျောင်းဆောက်တော့ ကုံး
ကော်ပင်၊ ခရေပင်၊ စွယ်တော်ပင် စသည်အားဖြင့် အရိပ်ရ
သစ်ပင်တွေလည်း စိုက်ပျိုးပြီး လှူဒါန်းထားတာမို့ ဝနဒါန
လည်း ပါသွားတာပါပဲ။

■





## အဆက်အသွယ်ခိုင်လေ၊ အခက်အနွယ်ခိုင်လေ

'ဥယျာဉ်တောတန်း၊ တံတားလမ်းနှင့် . . .'

'တံတားလမ်း' ဆိုလို့ တံတားကတစ်ခု၊ လမ်းက တစ်ခု ဒီလိုမဟုတ်ဘူး။ တံတားနဲ့လမ်း အတူတူတွဲလျက်ပဲ ခေါ်။ တံတားအလှူ လမ်းအလှူပေါ့။ ပါဠိလိုကတော့ 'သေတုဒါန' ပေါ့။

သေတုဆိုတာ တိုက်ရိုက်အားဖြင့်တော့ တံတားပါပဲ။ တံတားအလှူဆိုတဲ့အထဲမှာ လမ်းအလှူလည်း အကျုံးဝင်ပါတယ်။ တံတားလည်း ဖြတ်သန်းသွားလာစရာ၊ လမ်းလည်း ဖြတ်သန်းသွားလာစရာ။ သဘောချင်း အတူတူပဲမို့ 'သေတုဒါန' ဆိုတာ တံတားအလှူ လမ်းအလှူပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

တံတားဆိုတာကလည်း မြေကြီးပေါ်မှာ စိုက်ထူထားတာဆိုတော့ ခိုင်တဲ့အလှူပဲ။ လမ်းဆိုတာကလည်း မြေကြီးပေါ်မှာပဲ ဖောက်ထားတာဆိုတော့ ဒီမြေကြီးရှိနေသရွေ့ ဒီလမ်းကလည်း ရှိနေမှာပဲ။ ပျက်ခါမှ ပျက်ရောပေါ့နော်။ လမ်းကတော့ ရှိနေမှာပဲ။ လမ်းအလှူလည်း ခိုင်တဲ့အလှူပဲ။

လမ်းတံတားဆိုတာကလည်း အရမ်းအရေးကြီးတာပါပဲ။ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး ဘာသာရေး အစရှိတဲ့ အရေးအရာတွေ တိုးတက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေးဟာ သိပ်အရေးကြီးပါတယ်။ လမ်းပန်းဆက်သွယ်ရေးလေး တစ်ချက်ကောင်းတာနဲ့ စီးပွားရေး ကျန်းမာရေး အစရှိတဲ့ အရေးတွေလည်း တိုးတက်သွားတာပဲ။

မွန်ပြည်နယ်အသုံးကတော့ 'တစ်ချက်'ပေါ့။ လမ်းပန်းဆက်သွယ်ရေး 'တစ်ချက်' က တော်တော်အရေးကြီးတယ်နော်။ တစ်ချက်လေး ညံ့သွားတာနဲ့ တစ်ဖက်က အရေးကိစ္စမျိုးစုံ အောက်ကျသွားတာပဲ။

ဥပမာ - လူတစ်ယောက် ကျန်းမာရေးမကောင်းလို့ အသည်းအသန် ဖြစ်နေတယ်။ သူနေတဲ့ နေရာနဲ့ ဆေးဆရာရှိတဲ့ နေရာရဲ့ အလယ်မှာ မြစ်ကလည်း ခြားနေတယ်ပေါ့လေ။ ဟိုဘက်ကမ်းကို ဆယ်မိနစ်အတွင်း ရောက်ဆို



တော့ ရောဂါပျောက်ပြီး အသက်ရှင်နိုင်တယ်။ ဒါပေမဲ့လို့ လှေရှာရတာနဲ့ လှေလှော်မယ့်သူ ရှာရတာနဲ့ အဆင်မပြေတော့ နာရီဝက်လောက်ကြာမှ ဟိုဘက်ကမ်းကို ရောက်သွားတယ်ဆိုရင် အသက်ရှင်ပါဦးမလား။ မရှင်တော့ဘူး။

တံတားလေး ဆောက်လိုက်တော့ တံတားလေးပေါ်ကနေ ကျော်ဖြတ်သွားမယ်ဆိုရင် ဆယ်မိနစ်တောင် မကြာပါဘူး။ ငါးမိနစ်လေးနဲ့ ရောက်သွားတော့ အသက်မရှင်ဘူးလား။ ရှင်သွားတယ်။ တံတားလေးတစ်ချက် ဘယ်လောက်အရေးကြီးသွားတုံးနော်။ လမ်းပန်းဆက်သွယ်ရေး သိပ်အရေးကြီးပါတယ်။

ပြောရင်းနဲ့ ဆောင်းပါးလေးတစ်ပုဒ်မှာ ဖတ်ဖူးတဲ့ ဒကာလေးတစ်ယောက်အကြောင်း သတိရတယ်။ ဆယ်တန်းနှစ်မှာပေါ့လေ။ ကျောင်းမှာလည်း လူချစ်လူခင်ပေါများတဲ့ ဒကာလေးပါပဲ။ စာလည်း အရမ်းတော်တယ်။ ဒါပေမဲ့ သူက ကျေးရွာမှာ နေတာပေါ့။

ကျေးရွာကနေ မြို့တက်ပြီးတော့ ကျောင်းတက်ရတယ်။ သူ့ရွာနဲ့ မြို့နဲ့ကြားထဲမှာက မြစ်ရှိတယ်။ လှေနဲ့ကူးပြီးတော့ ကျောင်းတက်ရတာပေါ့။ ဆယ်တန်းစာမေးပွဲဖြေတော့လည်း ရွှေ့ပိုင်းဘာသာတွေက အမှတ်ပြည့် ဖြေနိုင်တာပဲ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက်ကျတော့ သူ့ရွာကနေ မြို့ဘက်ကို ကူးဖို့ လှေအဆင်မပြေတာနဲ့ စာမေးပွဲခန်းထဲကို လေးဆယ့်ငါး မိနစ်နောက်ကျမှ ရောက်တယ်။ အဲဒီတော့ ဝင်ခွင့်ရသေးလား။ မရတော့ဘူး။ အဲဒီနှစ်အတွက် ဆယ်တန်းကျရှုံးသွားတာပေါ့။ အောင်ချင်ရင် နောက်တစ်နှစ် စောင့်ပေါ့။ 'တစ်ချက်' နော်။ ဆက်သွယ်ရေးလေး 'တစ်ချက်' ညံ့သွားတာနဲ့ ပညာရေးတွေ ဆုံးရှုံးသွားတာပဲ။

ခုန သေတုဒါန တံတားအလှူဆိုတဲ့အထဲမှာ ပါဠိမှာကိုက တိုက်ရိုက်ပြထားတယ်။ တံတားတို့ လမ်းတို့ ဆောက်တဲ့၊ ဖောက်တဲ့အလှူရယ်၊ လှေတွေ စီစဉ်ပေးတဲ့အလှူ။ မြစ်ဟိုဘက်ကမ်း ဒီဘက်ကမ်းကူးဖို့အတွက် တံတားဖောက်ဖို့ အဆင်မပြေတဲ့အခါကျတော့ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ကူးဖို့အတွက် လှေဆိပ်တွေမှာ၊ မြစ်ဆိပ်တွေမှာ လှေတွေ လှူတဲ့အလှူ။ လှေကို ဘယ်သူမဆို လှော်ခတ်အသုံးပြုနိုင်ပါတယ် ဆိုပြီးတော့ လှေတွေ ချထားပြီးတော့ လှူတဲ့အလှူဟာလည်း လမ်းတံတားအလှူ ဆိုတဲ့အထဲမှာ အကျုံးဝင်တာပဲနော်။ ခြုံငုံပြီး ပြောလိုက်တော့ လမ်းပန်းဆက်သွယ်ရေးအလှူပေါ့။

လမ်းပန်းဆက်သွယ်ရေး တစ်ချက်ကောင်းလိုက်တာနဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ ဘာ



သာရေး အကုန်လုံး တိုးတက်သွားပါတယ်။ ကိုယ့်ပတ်ဝန်းကျင်က လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့ ကျေးရွာတွေ၊ မြို့နယ်တွေရဲ့ လမ်းပန်းဆက်သွယ်ရေး ကောင်းလာတဲ့အချိန်မှာ ဖြစ်ပေါ်တိုးတက်လာတဲ့ အခြေအနေတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် တွေ့နိုင်တာပေါ့။

မြတ်စွာဘုရားရှင်လက်ထက်တုန်းက သာဝတ္ထိမြို့မှာ ဒကာတစ်ယောက် အိမ်ဆိုင်လေး ဖွင့်ပြီးတော့ ဈေးရောင်းတယ်။ သူ့အိမ်ဈေးဆိုင်လေးရဲ့ ရှေ့မှာက ရေမြောင်းလေးတစ်ခု ရှိတယ်။ ရေမြောင်းလေးတစ်ခုရှိတော့ သန်မာတဲ့အမျိုးသားတွေ၊ လူငယ်တွေကတော့ ခုန်ကျော်ပြီးတော့ လာနိုင်တာပေါ့။

သူ့ဈေးဆိုင်လာပြီဆိုရင် အဲဒီမြောင်းလေးကို မခုန်လို့မရဘူး။ မကျော်လို့ကို မရဘူး။ အဲဒီတော့ ခုန်ခုန်ပြီးတော့ ကူးရတယ်။ အသက်ကြီးတဲ့ပုဂ္ဂိုလ်တွေ၊ ကလေးငယ်တွေ၊ အမျိုးသမီးတွေ၊ ကိုယ်ဝန်ဆောင်တွေကျတော့ ခုန်မကူးနိုင်ဘူး။ ခုန်မကူးနိုင်တော့ ဒီရွှံ့မြောင်းကြီးထဲကနေပဲ ဆင်းကူးပြီးတော့ သူ့ဆိုင်ကို ဈေးလာဝယ်ရတယ်။

အဲဒါနေ့တိုင်း မြင်တွေ့နေရတော့ စိတ်မချမ်းသာဘူး။ ငါ့ဆိုင်မှာ ဈေးလာဝယ်ဖို့အတွက် သူတို့ ရေမြောင်းကြီးကို ဆင်းဆင်းပြီးတော့ ဖြတ်ကူးနေရတယ်။ ခုန်ကူးနိုင်တဲ့



www.burmeseclassic.com

www.burmeseclassic.com

ပုဂ္ဂိုလ်တွေကလည်း ခုန်ကူးနိုင်တယ်ဆိုပေမယ့် ခုန်နေရတာက အလုပ်ရှုပ်တယ်ပေါ့။ ပင်ပန်းတယ်ပေါ့။ စိတ်မချမ်းသာဘူး။

အဲဒါနဲ့ ဒီနေရာမှာ တံတားလေး လျှဦးမှပဲ ဆိုပြီးတော့ အနားနားမှာ အဆင်သင့်ရှိတဲ့ နွားဦးခေါင်းခွံရိုးလေးကို အဲဒီ ရွှံ့ဗွက်အိုင်ရဲ့ အလယ်တည့်တည့်မှာ ချထားလိုက်တယ်။ ချထားလိုက်တော့ ခုန်ကူးစရာ မလိုတော့ဘူး။ ဟိုဘက်နဲ့ ဒီဘက်ကြားထဲမှာ နွားခေါင်းခွံရိုးလေး ခံထားလိုက်တော့ ခြေထောက်တစ်ဖက်က နွားခေါင်းခွံရိုးပေါ်မှာနင်း၊ ပြီးတော့မှ ဟိုဘက်ကမ်းကိုကူး။ အဆင်ပြေသွားတာပေါ့။

အဲဒါလေးကို ကြည့်ကြည့်ပြီးတော့ သူက စိတ်ချမ်းသာနေတယ်။ သူ့ရဲ့ နွားခေါင်းခွံရိုးလေးက ဘာမှ တန်ဖိုးရှိတာ မဟုတ်ဘူးနော်။ ဘေးနားမှာ အဆင်သင့်ရှိတဲ့၊ အလကားရတဲ့ နွားခေါင်းခွံရိုးလေးကို ဖြတ်ကူးရလွယ်အောင် ခံထားလိုက်တာ။ တံတားအလှူ ဖြစ်သွားတာပဲနော်။

တိုင်စိုက်ပြီး ဟိုဘက်ကမ်း ဒီဘက်ကမ်း တံတားဆောက်မှ တံတားအလှူ မဟုတ်ဘူးနော်။ ဖြတ်ကူးရခက်တဲ့နေရာမှာ ဖြတ်ကူးရလွယ်အောင် တစ်ခုခု လုပ်ပေးလိုက်ရင် တံတားအလှူ ဖြစ်သွားတာပဲ။ လမ်းအလှူ ဖြစ်သွားတာပဲ။

ကိုယ့်ပတ်ဝန်းကျင်မှာလည်း တစ်ခါတစ်ရံ မိုးတွင်း



ကျိုဘာတို့ပေါ့လေ။ ရေမြောင်းလေးတွေ၊ ရွှံ့ဗွက်လေးတွေ တွေ့ရတာပဲ။ အဲဒါ ဖြတ်ရ ကူးရ ခုန်ကျော်ရခက်နေတယ် ဆိုရင် အုတ်ခဲလေးတွေ အလယ်မှာ သွားချထားလိုက်၊ တံတားအလှူပဲနော်။

ဟိုလိုကြီး သိန်းပေါင်းများစွာ အကုန်ခံပြီးတော့ တံတားဆောက်မှ တံတားအလှူ မဟုတ်ဘူးနော်။ အောက်က အုတ်ခဲလေးနှစ်ချပ် ဆက်ပြီးထား။ ပြီးတော့ အပေါ်ကနေ ကန့်လန့်ဖြတ်ပြီးတော့ နောက်ထပ်အုတ်ခဲလေးတစ်ချပ်၊ သို့မဟုတ် နှစ်ချပ်ဆင့်ထားတယ်ဆိုရင်ပဲ ကျော်လို့နင်းလို့ ရဘူးလား။ ရတာပဲ။ အဲဒါ တံတားအလှူပဲ။ အဲဒါ လမ်းအလှူပဲ။

သူ့ဘဝမှာ တခြားကုသိုလ်တွေ ဘာမှ ထူးထူးခြားခြား သိပ်မရှိဘူး။ နွားခေါင်းခွံရိုးလေး တံတားခင်းလှူတုန်းကလည်းပဲ သူများတွေ ချမ်းသာအောင်ဆိုတာ ပါသလို ဒီရွှံ့ဗွက်အိုင်ကြီး ဖြတ်လာရလို့ ဖောက်သည်တွေ လျော့သွားမယ် ဆိုတဲ့စိတ်လည်း ပါမှာပေါ့။

ဘာပဲဖြစ်ဖြစ် ဈေးဆိုင်လာတဲ့သူတွေ အဆင်ပြေအောင် ဆိုပြီးတော့ နွားခေါင်းခွံလေး ရွှံ့ဗွက်အိုင်ထဲမှာ ချပြီးတော့ လှူလိုက်ပါတယ်။ သူချထားပေးတဲ့ နွားခေါင်းခွံလေးပေါ်ကနေ လူတွေ နေ့စဉ် ဖြတ်ကျော်သွားတာနေကြ



www.burmeseclassic.com

www.burmeseclassic.com

တာကို ကြည့်ပြီးတော့ ကြည်နူးနေတာ။ အဲဒီကုသိုလ်နဲ့ပဲ သေသွားတော့ တာဝတိံသာနတ်ပြည်မှာ နတ်မြင်းပျံကြီးကို ပိုင်ဆိုင်တဲ့ နတ်သားကြီး ဖြစ်သွားပါတယ်။

တံတားအလှူဆိုတာ . . တစ်နည်းပြောရင်တော့ ယာဉ်အလှူပဲနော်။ တံတားအလှူဆိုတဲ့ ခေါင်းစဉ်အောက်မှာ လမ်းအလှူလည်းပါတယ်၊ ယာဉ်အလှူလည်း ပါတယ်၊ ဖိနပ်အလှူဟာလည်း ယာဉ်အလှူပဲနော်။ ဖိနပ်စီးထားမှ သွားရလာရတာ အဆင်ပြေတာကိုး။

နွားခေါင်းခွံရိုးကို ယာဉ်အလှူအဖြစ် လှူလိုက်ရတဲ့ အတွက် နတ်မြင်းပျံ ဆိုတဲ့ ယာဉ်ကြီး ပိုင်ဆိုင်သွားတာပေါ့။ နွားခေါင်းခွံ တံတားကလည်း ခုန်သလို၊ ပျံသလို နင်းရတာမို့လို့ ခုန်ပျံတဲ့ နတ်မြင်းပျံယာဉ်ကြီး ရသွားတာပါ။ နွားခေါင်းခွံပေါ် လှမ်းနင်းတဲ့အခါ နင်းတဲ့သူက ခုန်ပျံသလို ဖြစ်နေတယ်လေ။ တူသောအကျိုးပေးတယ်ဆိုတာ အဲဒါပါပဲ။

အခုဒကာကြီး ဦးရှိန်ဝင်းတို့၊ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ ကျောင်းရေစက်ချပွဲလာမယ့် လူတွေအတွက် ကားတွေဘာတွေ စီစဉ်ပေးတယ်ဆိုတော့ ဒါလည်းပဲ သေတုဒါန ထဲ ပါတယ်နော်။ ယာဉ်အလှူလည်း သေတုဒါန - တံတား အလှူထဲ အကျုံးဝင်ပါတယ်။

ကားစီစဉ်ပေးတာတွင် မကဘူးပေါ့လေ။ ရွှေပါ-ရမိတောရကျောင်းလာတော့ ခပ်လှမ်းလှမ်းမှာ တံတားလေးတစ်ခုရှိတယ်။ အခုအချိန်မှာတော့ ရေသိပ်မရှိဘူးပေါ့။ အဲဒီတံတားလည်းပဲ ငွေကျပ် နှစ်ဆယ့်ငါးသိန်း အကုန်အကျခံပြီးတော့ ဆောက်ထားတာပဲ။ အခု ဒီနားလေးကျောင်းအတက်နားလေးက . . . တံတားဖြူလေးကလည်း ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး လှူဒါန်းထားတာပဲ။

အခု ရွှေပါရမိတောရ ကျောင်းဝင်းအတွင်းမှာလည်း စမ်းချောင်းဟိုဘက်ကမ်း ဒီဘက်ကမ်းကူးဖို့အတွက် တံတားတွေ လှူထားတာပဲ။ သစ်သားတံတားတောင် မဟုတ်ဘူး။ ကွန်ကရစ်တံတားနော်။ စတီးဘောင်၊ စတီးလက်ရန်းတွေနဲ့။ သေတုဒါန ပါဝင်သွားတာပဲ။

တံတားအလှူဆိုတာကလည်း ယာဉ်အလှူပဲဆိုတော့ တခြားနတ်သားတွေထက် ထူးခြားပြီးတော့ သူက နတ်မြင်းပျံကြီး ပိုင်ဆိုင်တာပေါ့။ သူသွားလိုရာကို နတ်မြင်းပျံကြီး စီးပြီးတော့ သွားရုံပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



## ——ရေစင်အလှူပေးတော့ ရွှေရင်အပူအေးတာပေါ့

'ဥယျာဉ်တောတန်း၊ တံတားလမ်းနှင့်၊ ရေချမ်းစင်တည် . . . .'

'ရေချမ်းစင်တည်' တဲ့။ ရေချမ်းစင်လေး ဆောက်လုပ်လှူဒါန်းတဲ့အလှူဟာလည်း ခိုင်တဲ့အလှူပဲ။ ရေချမ်းစင်လေးဆိုတာကလည်း မြေကြီးမှာ စိုက်ပြီးတော့ ထားတာ၊ ဒါမှမဟုတ်လည်းပဲ မြေကြီးပေါ်မှာ ပေါက်ရောက်နေတဲ့ သစ်ပင်၊ ပင်စည်ပေါ်မှာ ရိုက်ထားတာဆိုတော့ မြေကြီးခိုင်နေသရွေ့၊ သစ်ပင်ကြီးခိုင်နေသရွေ့ ဒီရေချမ်းစင်က ခိုင်နေမှာပဲနော်။ ဒါကြောင့် ရေချမ်းစင်အလှူဟာလည်း ခိုင်တဲ့အလှူပါပဲ။

— — — —



ခရီးသွားပုဂ္ဂိုလ်တွေ ရေဆာတယ်ဆိုရင်လည်း ဒီရေလေးသောက်ပြီးတော့ ဆာလောင်မွတ်သိပ်မှုတွေ ပြေပျောက်ကြတယ်။ ပင်ပန်းနွမ်းနယ်နေတဲ့ပုဂ္ဂိုလ်တွေ ဒီရေလေး သောက်လိုက်တော့ လန်းဆန်းအားရှိသွားကြတယ်။

ဒီရေလေးတစ်ခွက်ဟာလည်း လူတစ်ယောက်ရဲ့ အသက်ကို ဆက်ပေးတာမို့လို့ လူတစ်ယောက်ရဲ့ အသက်ရှင်ဖို့အတွက် အရေးကြီးတာပဲ။ ထမင်းသာ မစားဘဲ ကြာကြာ နေလို့ရမယ်။ ရေကြာကြာမသောက်ဘဲနေလို့ မရဘူး။ သဘာဝအသက်ရှင်ရေးအတွက် ရေဟာ မရှိမဖြစ် အရေးကြီးပါတယ်။

'ထမင်းအသက် ခုနစ်ရက်၊ ရေအသက်တစ်မနက်' ဆိုတဲ့အတိုင်း ရေတစ်ခွက်ရဲ့ အသက်က သိပ်မကြာတဲ့အတွက် အသက်ကြာကြာရှင်သန်ဖို့ ရေကို ခဏခဏ သောက်နေရတယ်။ ခဏခဏသောက်နိုင်ဖို့ ခဏခဏ လှူနေရတာမို့ ရှေ့နောက်မပြတ် ဆက်စပ်နေတဲ့အတွက် ရေအလှူဟာ ခိုင်တဲ့အလှူ ဖြစ်သွားပါတယ်။

ရေချမ်းစင်တည်ပြီး ရေလှူနေတဲ့သူဟာ တစ်ကြိမ် ရေဖြည့်လှူရုံနဲ့ ပြီးသွားတာ မဟုတ်ပါဘူး။ အကြိမ်ကြိမ် ရေထပ်ဖြည့်နေရ၊ နေ့စဉ်ရက်ဆက် ရေထပ်ဖြည့်နေရတာမို့ အလှူတွေ နေ့စဉ်ဆက်၊ ကုသိုလ်ကောင်းမှုတွေ နေ့စဉ်ဆက်



www.burmeseclassic.com

www.burmeseclassic.com

နေတဲ့အတွက် ကုသိုလ်တွေ ခိုင်ချင်တိုင်း ခိုင်၊ ပီတိတွေ ခိုင်ချင်တိုင်း ခိုင်နေတော့တာပါပဲ။

အကြောင်းမညီညွတ်လို့ ကိုယ်ကိုယ်တိုင် ရေမဖြည့်ဘူးထား၊ တခြားလူတွေက ရေကုန်တိုင်း ရေထပ်ဖြည့်နေမှာမို့ ကိုယ်လှူထားတဲ့ ရေချမ်းစင်လေးက လူအများကို နေ့စဉ်ရက်ဆက် ရေသောက်သုံးခွင့်ပေးပြီး အကျိုးပြုနေမှာပါပဲ။

ဒါ့ကြောင့် ကိုယ်ကိုယ်တိုင် ရေဖြည့်သည်ဖြစ်စေ မဖြည့်သည်ဖြစ်စေ ရေချမ်းစင်အလှူဟာ နေ့စဉ်ရက်ဆက် လူအများကို အကျိုးပြုနိုင်စွမ်းရှိတဲ့အတွက် ခိုင်တဲ့အလှူပါပဲ။

တစ်ကြိမ်တစ်ခါ ရေချမ်းစင် တည်လိုက်ရုံနဲ့ ကုသိုလ်ကောင်းမှုတွေ နေ့စဉ်ဆက်၊ ကုသိုလ်ပီတိတွေ နေ့စဉ်ဆက်နေလို့ ကုသိုလ်လည်း ခိုင်၊ ပီတိလည်း ခိုင်တဲ့အတွက် ရေချမ်းစင် အလှူရှင်ဟာ ကုသိုလ်တန်ခိုး၊ ပီတိတန်ခိုးကြောင့် ကျန်းမာပြီး အသက်ရှည်ရပါတယ်. . ။ ရေအလှူ ရေချမ်းစင်အလှူဟာ အသက်ရှည်ကြောင်း ကောင်းမှုတစ်ခုပါ။

အဲတော့ ရေချမ်းစင်အလှူဟာလည်း ခိုင်တဲ့အလှူပါပဲတဲ့။ တစ်ကြိမ်တစ်ခါ ရေဖြည့်လှူရင်တော့ ခိုင်တော့ မခိုင်ဘူးပေါ့။ ဒါပေမဲ့ ခိုင်တဲ့အလှူရဲ့ အစိတ်အပိုင်းတစ်ခု



ဖြစ်နေတဲ့အတွက် သူလည်းပဲ အကျိုးကြီးတာပါပဲ။ ရေအလှူကြောင့် အကျိုးကြီးတဲ့ ဝတ္ထုတွေဘာတွေတော့ ပြောမနေတော့ဘူးပေါ့။ ကြားဖူးနားဝရှိကြမှာပါပဲ။

အညာဒေသက ဒကာမလေးတစ်ယောက် ဆင်းရဲနွမ်းပါးလွန်းလို့ ဘာကုသိုလ်မှ မပြုနိုင်ရှာဘူး။ အဲဒါဘုန်းကြီးကျောင်းတစ်ကျောင်းကို အမြဲတမ်းသွားပြီးတော့ ဆည်းကပ်ကိုးကွယ်နေတာပေါ့။ တစ်နေ့တော့ အဲဒီကျောင်းက ဘုန်းကြီးက မြင်တော့ . . .

'မိန်းကလေးရယ်၊ နင့်မှာလည်း ဆင်းရဲလိုက်တာ၊ အလှူဒါနလေးဘာလေးလည်း ပြုမှပေါ့'

'အရှင်ဘုရား . . .၊ တပည့်တော်မက ဒီလောက်ဆင်းရဲတာ ဘယ်လိုလုပ် လှူနိုင်မှာတုံး'

ကျောင်းကလည်း စစ်ကိုင်းတောင် ဧရာဝတီမြစ်ကမ်းနံဘေးကကျောင်းတွေ ပုံစံမျိုးပေါ့။ ဧရာဝတီမြစ်ကမ်းနံဘေးမှာဆိုတော့ . . .

'ဟိုးမှာ ကြည့်လိုက်စမ်း၊ ဧရာဝတီမြစ်ရေ။ ဒီဧရာဝတီမြစ်ရေတွေ ယူဖို့အတွက် မိန်းကလေး ပိုက်ဆံပေးရသလား'

'မပေးရပါဘုရား'

'ဒါဖြင့် ဒီနေ့ ဒီအချိန်ကစပြီးတော့ ဧရာဝတီမြစ်



www.burmeseclassic.com

www.burmeseclassic.com

ထဲက ရေတွေကို ခပ်ပြီးတော့ ဘုန်းကြီးကျောင်းတွေမှာ သောက်ရေသုံးရေတွေ လှူပါ'

ဧရာဝတီမြစ်ထဲက ရေတွေ ခပ်ပြီးတော့ လှူပါဆိုတော့ ရေကို ပိုက်ဆံတစ်ပြားတစ်ချပ်မှ မပေးရဘူး။ ဒါပေမဲ့ လုပ်အားတော့ စိုက်ရတာပေါ့။ ဒါနဲ့ သူက နေ့စဉ်နေ့တိုင်း ဧရာဝတီမြစ်ထဲက ရေတွေခပ်. . .။ ဘုန်းကြီးကျောင်းမှာ သောက်ရေ သုံးရေတွေဖြည့်။ ရေအိုးတွေထဲမှာ ရေတွေဖြည့်ပြီးတော့ ရေအလှူ လှူပါတယ်။

အသက်သိပ်မကြီးခင်မှာပဲ အမျိုးသမီးရောဂါတစ်ခုနဲ့ ကွယ်လွန်သွားတယ်ပေါ့။ ကွယ်လွန်ပြီးတော့ အဲဒီဆရာတော်ရဲ့ ရဟန်းဒကာ၊ ရဟန်းအမတွေရဲ့ သမီးတစ်ယောက်မှာ သွားပြီးတော့ ဝင်စားတယ်။ ရဟန်းဒကာ၊ ရဟန်းအမကြီးရဲ့ သမီးဆိုတော့ သူလည်း ရဟန်းအမပဲပေါ့လေ။ အဲဒါ ချမ်းသာတဲ့ ရဟန်းအမရဲ့ သမီးအဖြစ် လူဝင်စား ဖြစ်လာတယ်။

ဒီကျောင်းကို ပြန်ရောက်လာတော့ အတိတ်က အကြောင်းတွေကို အကုန်ပြန်ပြောပြတယ်။ ဟိုအရင်ဘဝတုန်းက အမေနဲ့ ဒီကျောင်းမှာ ပြန်တွေ့တော့ အတိတ်အကြောင်းတွေ အကုန် ပြန်ပြောပြတာပေါ့။

သူ့အမေကတော့ အခုထက်ထိ ဆင်းရဲတုန်းပါပဲ။



ရေအလှူလေးကြောင့် နောက်ဘဝမှာ ချမ်းသာသွားတယ်။ မြစ်ထဲက ခပ်လှူတဲ့ ရေအလှူကို ပိုက်ဆံတစ်ပြားမှ မကုန်ဘူး ဆိုပြီးတော့ အထင်မသေးနဲ့နော်။

ရေလှူလို့ ဖြစ်လေရာဘဝ ရေချည်းပဲပေါမယ်လို့ ဒီလို မဟုတ်ဘူးနော်။ အကြောင်းအကျိုးနဲ့ ပြောမယ်ဆိုရင်တော့ သောက်ရေလှူမယ်ဆိုရင် နောက်ဘဝ ရေဘယ်တော့မှ မငတ်ဘူးပေါ့။ ရေပေါတဲ့အရပ်ဒေသမှာပဲ လူဖြစ်ရမှာပေါ့။ ဒီလိုလေးပဲ ပြောကြမှာပါပဲ။

သူလှူတာကတော့ သောက်ရေပဲလှူတာ။ နောက်ဘဝ သူဌေးသမီးဖြစ်တော့ ရေချည်းပဲ သောက်နေရတာဟုတ်ရဲ့လား။ မဟုတ်ပါဘူး။ စားကောင်းသောက်ကောင်းတွေလည်း စားရတာပါ။ ဝတ်ကောင်းစားလှတွေလည်း ဝတ်ရတာပါ။ တိုက်ကောင်း အိမ်ကောင်းနဲ့လည်း နေရတာပါပဲ။ အဖိုးတန် လက်ဝတ်ရတနာတွေလည်း ဆင်ရတာပါပဲ။

စိတ်ကောင်းနှလုံးကောင်းလေးနဲ့ သူများအကျိုးရှိအောင်လုပ်တဲ့ အလုပ်မှန်သမျှ အကျိုးကြီးတာချည်းပါပဲ။

ဒကာကြီး ဦးရှိန်ဝင်း၊ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ အနေနဲ့ ကျောင်းမှာ ရေချမ်းစင်လေးတွေ တည်ထားတာဆိုတော့ ရေချမ်းစင်အလှူလည်း ဒီနေ့ မဖြစ်ဘူးလား။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တာပဲ။

ရွှေပါရမိနဲ့ တိုက်ရိုက်ဆက်စပ်တာကိုသာ ပြောတာပါ။ တခြားနေရာတွေမှာလည်း ရေအိုးစင်လေးတွေ၊ ရေချမ်းစင်လေးတွေ လှူဖူးမှာပေါ့။ ဒကာကြီးဦးရှိန်ဝင်း၊ ဒကာမကြီးဒေါ်ခင်ချိုဦးတို့ကို ဦးတည်ပြီးတော့ အနုမော-ဒနာတရား ဟောနေပေမယ့် အခုတရားနာပရိသတ်တွေကလည်းပဲ တရားနာရင်း နာရင်းနဲ့ ဒီအလှူမျိုး ငါလှူဖူးသလား။ အာရာမဒါန၊ လှူဖူးတယ်ဆိုရင် ပြန်တွေးပြီးတော့ ဝမ်းသာနေရမှာနော်။

ဝနဒါန၊ သေတုဒါန စသည် တစ်ခုတိုင်း တစ်ခုတိုင်း နည်းတူပဲပေါ့။ ဘယ်ကောင်းမှုပဲဖြစ်ဖြစ် ကောင်းကျိုးချမ်းသာအမျိုးမျိုး ခံစားရတာချည်းပါပဲ။

■





## အပိုးမဖြတ်နိုင်တာ ပေးလေ
## အတိုးအဖြတ်ခိုင်ကာ အေးလေ

'ဥယျာဉ်တောတန်း၊ တံတားလမ်းနှင့်၊ ရေချမ်းစင်တည်၊ ရေတွင်းဆယ်လျက် . . .'

'ရေတွင်းဆယ်လျက်' တဲ့။ ရှေ့က တည်နဲ့ ကာရန်တိုက်အောင်လို့ ဆယ်တယ်လို့ ပြောပေမယ့် ကောနေတဲ့ရေတွင်းကို ဆယ်တာတစ်ခုတည်း မဟုတ်ဘူးနော်။ တိမ်ကောနေတဲ့ရေတွင်းကို ဆယ်လည်းပဲ ရေတွင်းအလှူပဲပေါ့လေ။ ရေတွင်းအသစ်တူးလည်းပဲ ရေတွင်းအလှူပဲပေါ့။

တိမ်ကောနေတဲ့ ရေတွင်းရေကန်ပဲ ဆယ်ဆယ်၊ ရေတွင်းရေကန်အသစ်တွေပဲ တူးဖော် တူးဖော် ရေတွင်းရေကန်အလှူပါပဲ။ ပါဠိလိုဆိုရင်တော့ ရေတွင်းရေကန်



www.burmeseclassic.com

www.burmeseclassic.com

အလှူက ဥဒပါနဒါန။ ခုန ရေချမ်းစင်အလှူကတော့ ပပါဒါနပေါ့။

ရေတွင်းတစ်တွင်း လှူထားတယ်ဆိုရင်လည်း ဒီရေတွင်း မတိမ်ကောသရွေ့ ခိုင်နေတာပါပဲ။ လူပေါင်းများစွာ ရေလာခပ်လို့ ရေတွင်းကြီး ရေထပ်မထွက်တော့ဘူးလို့ ရှိရဲ့လား။မရှိဘူး။ ခပ်လေထွက်လေ၊ ခပ်လေထွက်လေပဲ။ အဲဒီတော့ ရေတွင်းအလှူဟာလည်း ခိုင်တဲ့အလှူပါပဲ။

ရေကန်တစ်ကန် လှူထားတယ်ဆိုရင်လည်း ဒီရေကန်က မြေကြီးပေါ်မှာ တည်နေတာဆိုတော့ မြေကြီးရှိနေသရွေ့ ရှိနေမှာပဲ။ ရေကန် ရေစိမ့်မသွားသရွေ့၊ ရေကန် မြေပို့မသွားသရွေ့ ဒီရေကန်က သုံးလို့ ရနေမှာပဲ။ နွေမှာ ရေခန်းသွားတယ်ထား၊ မိုးရွာရင်တော့ ရေပြန်ပြည့်ပြီး မိုးနဲ့ ဆောင်းမှာ ရေသုံးလို့ ရနေမှာပဲလေ။ ဒါ့ကြောင့် ရေကန် အလှူဟာလည်း ခိုင်တဲ့အလှူပါပဲ။

ရေတွင်းရေကန်အလှူဆိုတာနဲ့ ဒါနရဲ့ သဘောလေးပါ ကပ်ပြီးတော့ မှတ်ထားလိုက်ပေါ့လေ။ ဒါနကောင်းမှု ပြုတယ်ဆိုတာလည်း ရေတွင်းထဲကရေ ခပ်တာနဲ့ အတူတူပါပဲ။ ကိုယ်ပိုင်ဆိုင်တဲ့ပစ္စည်းဝတ္ထုတွေ ဒီအတိုင်းထားရင် ပုပ်သိုးဆွေးမြည့်ပြီးတော့ ပျက်စီးသွားမှာပဲ။ သေသွားရင်လည်း ဒီအတိုင်းပဲ ထားခဲ့ရမှာပဲ။ ကိုယ့်အတွက် ဘာမှ



အကျိုးမရှိဘူး။

ရေတွင်းတစ်တွင်း ရေကုန်သွားမှာစိုးလို့ ဆိုပြီးတော့ မခပ်ဘဲထားရင် ရေတွင်းတိမ်ကောသွားမှာပေါ့။ ရေထွက်မှာ မဟုတ်တော့ဘူး။ ခပ်ပါများတော့ ခပ်လေထွက်လေ၊ ခပ်လေ သန့်လေ၊ ခပ်လေ ရေက ပိုထွက်လေ၊ ခပ်လေ ရေက ပိုသန့်လေ။

အဲဒီလိုပဲ၊ မိမိတို့ပိုင်ဆိုင်တဲ့ ပစ္စည်းဝတ္ထုတွေဟာ ရေတွင်းထဲကရေနဲ့ တူတယ်။ ခပ်ခပ်ပြီးတော့ သုံးတဲ့အနေနဲ့ လှူနေမယ်၊ စွန့်နေမယ်၊ စွန့်ကြဲ၊ စွန့်လွှတ်နေမယ်ဆိုရင် လှူလေ ပြည့်စုံလာလေ၊ စွန့်လေ ပြန်ဝင်လာလေ ဖြစ်နေမှာပဲ။ ပေးလေ ရလေ၊ စွန့်လေ ဝင်လေပဲနော်။ အဲဒါလေးလည်း တွဲပြီးတော့ မှတ်ထားပေါ့လေ။

ရေတွင်းထဲကရေ ခပ်လေ ပိုသန့်လေဖြစ်သလိုပဲ စွန့်လှူလိုက်တဲ့အတွက်ကြောင့် နောက်ထပ်ရလာတဲ့ ပစ္စည်းဝတ္ထုတွေက ရှေ့ရှေ့က စွန့်လိုက်တဲ့ ပစ္စည်းဝတ္ထုတွေထက် ပိုပြီး အရည်အသွေးကောင်းတဲ့ ပစ္စည်းတွေ၊ ပိုပြီး အဆင့်အတန်းမြင့်တဲ့ပစ္စည်းတွေ ဖြစ်လာမှာပဲ။

စေတနာသန့်သန့်နဲ့ စွန့်လှူလေ၊ ပစ္စည်းကောင်းကောင်း ပြည့်စုံလေပါပဲ။ စွန့်စိတ် သန့်လေ၊ ရလဒ် ကောင်းလေပေါ့။ မလိုချင်စိတ်နဲ့ ပေးလေ၊ မလိုချင်လောက်အောင်



www.burmeseclassic.com

www.burmeseclassic.com

ရလေ။ အကောင်းမမက်တဲ့စိတ်နဲ့ ပေးလေ၊ အကောင်းဆုံးတွေချည်း ရလေ။

ဒကာကြီး ဦးရှိန်ဝင်းတို့ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ ရွှေပါရမီတောင်ပေါ် ကျောင်းမှာကျတော့ ရေတွင်းတော့ မတူးဘူးပေါ့။ ရွှေပါရမီအောက်ကျောင်း (မြစိမ်းကျောင်း) မှာတော့ တူးထားတာပေါ့လေ။

ရွှေပါရမီအနေနဲ့ ကွက်ပြောမယ်ဆိုရင်တော့ စမ်းချောင်းထဲက ရေကို ပိုက်နဲ့ သွယ်ပြီးတော့ ရေကန်ထဲ ထည့်တယ်။ ရေကန်ထဲမှာလည်း အဆင့်ဆင့် ကျောက်စရစ်တို့ သဲတို့နဲ့ ရေသန့်ထားတာပေါ့လေ။ သုံးလေးထပ်လောက် သန့်ပြီးတော့မှ ဒီကျောင်းကို ရောက်လာတာပေါ့။

ရေပိုက်တွေလှူတယ်၊ ရေကန်တွေဆောက်တယ် ဆိုတော့ ရေတွင်း ရေကန်အလှူထဲမှာ အကျုံးဝင်သွားပြန်တာပါပဲ။ ကျောင်းဝင်းထဲမှာ စမ်းရေထွက်နဲ့ စမ်းချောင်းက အမြဲရှိနေတာဆိုတော့ စမ်းရေထွက်နဲ့ စမ်းချောင်း လှူထားတာသည်ပင်လျှင် ရေတွင်းရေကန်အလှူပါပဲ။

ဒီရွှေပါရမီတောရကျောင်းက စမ်းရေက သဘာဝရေသန့်ပါ။ ဒီတောင်ပေါ်၊ ဒီကျောင်းဝင်းထဲကပဲ ကျောက်တုံးကျောက်ဆောင်တွေကြားက ထွက်လာတာ။ ကျောက်ကြားထဲက ထွက်တဲ့ရေပေါ့။



တောရဆောက်တည်ဖို့ . . . မြေနေရာ လာရှာတတည်းက ဒီစမ်းချောင်းထဲက ရေကို ပုလင်းနဲ့ ထည့်ယူသွားပြီး ရန်ကုန်မှာ ဓာတ်ခွဲစမ်းသပ်ထားတာပါ။ စံချိန်မီ အရည်အသွေးမြင့်မားတဲ့ သဘာဝသောက်ရေသန့်ပါ။

ရွှေပါရမီစမ်းရေက တချို့ရေသန့်တွေလို ပေါ့ရွှတ်ရွှတ်၊ ငန်ကျိကျိ မဟုတ်ပါဘူး။ အင်မတန် ချိုမြိန်လေးနက်ပြီးတော့ အင်မတန် အရသာရှိပါတယ်။ သောက်ပြီးရင်လည်း ချက်ချင်းဆိုသလို အင်မတန် အားရှိသွားပါတယ်။

ချိုတယ် ဆိုတာ ဟိုလို ချိုတာ ပြောတာ မဟုတ်ဘူးနော်။ မပေါ့မငန်ဘဲ လေးနက်နေတာ၊ ဩဇာဓာတ်ပြည့်ဝတဲ့ အရသာတစ်မျိုးနဲ့ ရေအရသာရှိနေတာကို ပြောတာပါ။ 'ရေချို ရေငန်' ဆိုတဲ့ စကားမျိုးထဲက ရေကို ဆိုလိုပါတယ်။

ရေကောင်း ရေသန့်မှာ အဆင်း၊ အနံ့၊ အရသာ၊ ဘာမှ မရှိဘူးဆိုပေမယ့် ဟိုလိုအရသာမျိုးသာ မရှိတာ၊ ဒီလို အရသာမျိုးကတော့ ရှိပါတယ်။ ရသာခြောက်ပါးနဲ့ သတ်မှတ်လို့ မရတဲ့ အရသာတစ်မျိုးပေါ့။ လေးနက်တဲ့ အရသာ၊ ဩဇာဓာတ်ပြည့်တဲ့ အရသာပေါ့။

ဒီစမ်းချောင်းရေနဲ့ ဆက်စပ်ပြီး သောက်ရေချိုးရေ သုံးရေအတွက် ရေအိုးစင်တွေ၊ ရေချိုးခန်းတွေ ရေကန်



www.burmeseclassic.com

www.burmeseclassic.com

တွေ၊ ရေဘုံဘိုင်တွေ၊ ရေပိုက်တွေ၊ ရေစစ်တွေ လှူဒါန်းထား တဲ့အတွက် ဒီနေ့ကျောင်းဒကာ ဦးရှိန်ဝင်းတို့ ကျောင်းအမ ဒေါ်ခင်ချိုဦးတို့ ပပါဒါန လို့ ခေါ်တဲ့ ရေချမ်းစင်အလှူ သောက်ရေအလှူလည်း လှူပြီးသား ဖြစ်သွားပါတယ်။ ဥဒ- ပါနဒါနလို့ခေါ်တဲ့ ရေတွင်း ရေကန်အလှူ သောက်ရေ သုံးရေ, ချိုးရေ အလှူလည်း လှူပြီးသား ဖြစ်သွားပါတယ်

လူ့ရဲ့ ခန္ဓာကိုယ် ၈၀ ရာခိုင်နှုန်းက ရေဓာတ်နဲ့ ဖွဲ့စည်းထားတာဆိုတော့ ရေဟာ လူတစ်ယောက်ရဲ့ ဘဝ အတွက် မရှိမဖြစ် အရမ်းအရေးကြီးတဲ့ အရာတစ်ခုပါ ရွှေမရှိလို့ မသေဘူး၊ ရေမရှိရင် သေမှာ။ ဒါ့ကြောင့် ရေဟာ ရွှေထက် ပိုတန်ဖိုးကြီးပါတယ်။ ရေရှားတဲ့ နေရာဒေသတွေ မှာ 'ရွှေကို မလို၊ ရေကို လိုသည်' လို့တောင် ကြွေးကြော် ကြတယ်လေ။

တန်ဖိုးမဖြတ်နိုင်တဲ့ ရေကို လှူရတဲ့အတွက် တန် ဖိုးမဖြတ်နိုင်တဲ့ ကောင်းကျိုးချမ်းသာတွေ ရပြီး ဘဝအေး ချမ်းရပါလိမ့်မယ်။ အဖိုးမဖြတ်နိုင်တာ ပေးလေ၊ အတိုး အမြတ်ခိုင်ကာ အေးလေပေါ့။

■





## နေရာပေးလေ နေရာရလေ

ဥယျာဉ်တောတန်း၊ တံတားလမ်းနှင့်၊ ရေချမ်းစင် သည်၊ ရေတွင်းဆည်လျက်၊ မှီတွယ်ခိုနား၊ ကျောင်းအိမ်များ သည်၊ ခြောက်ပါးခိုင်မာကောင်းမှုတည်း။

ရှေ့ကငါးခု ပြီးသွားပြီနော်။ နောက်ဆုံးအလှူကျ တော့ ဘာအလှူတဲ့တုံး။ ကျောင်းအလှူ။ ဥပဿယဒါန လို့ ခေါ်ပါတယ်။ ကျောင်းအလှူ အိမ်အလှူ ဇရပ်အလှူ သိမ်အလှူပေါ့။

ခြုံငုံပြီး လိုရင်းပြောရင်တော့ အဆောက်အအုံ အလှူပေါ့။ ဥပဿယဒါန ဆိုတာ အဆောက်အအုံအလှူ မှီတွယ်စရာအလှူ ခိုနားစရာအလှူ နေထိုင်စရာအလှူလို့



www.burmeseclassic.com

www.burmeseclassic.com

အမိပ္ပာယ်ရပါတယ်။

ခိုလေးတွေနေဖို့ ခိုအိမ်လေး ဆောက်လှူလည်း အိမ်အလှူပဲ။ ခြုံငုံပြောရင် အဆောက်အအုံအလှူပေါ့။ စာကလေးတွေနေဖို့ စာဘူးတောင်းလေးတွေ လုပ်ပေးထားတယ်ဆိုရင်လည်း အိမ်အလှူဖြစ်သွားတာပဲ။ အဆောက်အအုံအလှူပဲ။

ဒီစာဘူးတောင်းလေး မပျက်စီးသရွေ့ စာကလေးတွေ နေထိုင်လို့ ရတယ်လေ။ ဒီခိုအိမ်လေး မပျက်စီးသရွေ့ ခိုလေးတွေ နေထိုင်လို့ ရတယ်လေ။ ဒါလည်းပဲ ခိုင်နေတာပါပဲ။

အဆောက်အအုံတစ်ခုဆိုတာ ခုဆောက် ခုပျက်သွားတာ မဟုတ်ပါဘူး။ အချိန်ကာလ အတိုင်းအတာတစ်ခုအထိတော့ ခိုင်နေတာပါပဲ။ အချိန်နည်းနည်းခိုင်တာနဲ့ ကြာကြာခိုင်တာ၊ ကာလတိုတို ခိုင်တာနဲ့ ရှည်ရှည်ခိုင်တာတော့ ကွာတာပေါ့။ ဒါ့ကြောင့် အဆောက်အအုံအလှူဟာလည်း ခိုင်တဲ့အလှူပါပဲ။

ဒီနေ့ ဒကာကြီးဦးရှိန်ဝင်းတို့၊ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ အမိက လှူတာကတော့ ကျောင်းအလှူပေါ့။ ဒါပေမဲ့ ရေစက်ချ အကြိုတရားအဖြစ် 'လိုတရဗိမာန်'ဆိုတဲ့ ခေါင်းစဉ်နဲ့ စီ-၆၀-၃ခွေ၊ စီ-၉၀-၂ခွေ ငါးခွေဟောခဲ့ပြီးပြီ။



ခြောက်နာရီကြာ ဟောခဲ့ပြီးပြီဆိုတော့ . . . ဒီနေ့ကျောင်းအကြောင်းတော့ အထူးမပြောတော့ဘူး။

ကျောင်းအလှူနဲ့ ပတ်သက်ပြီး အကျယ်သိချင်ရင် 'လိုတရဗိမာန်' တရားတိပ်ခွေ ၅ ခွေ (၆နာရီစာ) မှာလည်း နာယူနိုင်ပါတယ်။ 'အနှိုင်းမဲ့အလှူ(၂)' ဆောင်းပါးနဲ့ 'ကျောင်းလှူသူသည် ကောင်းကျိုးချမ်းသာအားလုံးကို လှူရာရောက်သည်' ဆောင်းပါးတွေမှာလည်း ဖတ်ရှုနိုင်ပါတယ်။

အဲဒီထဲက အချက်အလက်တွေကိုတော့ ဒီနေ့ထပ်မပြောတော့ပါဘူး။ မြေကြီးထဲမှာ အခိုင်အမာ စိုက်ထူဆောက်လုပ်ထားတဲ့အတွက် ကျောင်းအလှူဟာ ခိုင်တဲ့အလှူ . . . ဆိုတာလောက်ပဲ ပြောပါရစေ။ ဒီနေ့တရားက 'ခိုင်မှခိုင်' ဆိုတော့လေ။

ကျောင်းတိုင်နဲ့ အမိုး၊ အကာ၊ အခင်း . . . စတဲ့ ကျောင်းအဆောက်အဦပစ္စည်းတွေ ခိုင်ရင် ခိုင်သလောက် ကျောင်းအဆောက်အအုံလည်း ပိုခိုင်၊ ကောင်းမှုကုသိုလ်လည်း ပိုခိုင်၊ ကောင်းကျိုးချမ်းသာလည်း ပိုခိုင်ပါတယ်။

'ခိုင်မှခိုင်' ဆိုတဲ့အတိုင်း ခိုင်မှ ခိုင်ပါတယ်။ ခိုင်လေ ခိုင်လေပါပဲ။ အကြောင်းခိုင်လေ အကျိုးခိုင်လေပေါ့။

ကျောင်းအလှူနဲ့ ပတ်သက်လို့ ကျောင်းဒကာ၊



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းအမဆိုရင် အနာထပိဏ်တို့၊ ဝိသာခါတို့ ကြားဖူးတာပဲ မဟုတ်လား။ ကြားဖူးပြီးသား . . . နော်။

အဲဒီတော့ မကြားဖူးကြသေးတဲ့ ကျောင်းဒကာ ကိုဖိုးဆင် အကြောင်းပြောမယ်။ ကျောင်းဒကာနာမည်က ဘယ်သူတဲ့တုံး။ ကိုဖိုးဆင်တဲ့။ ဒီမှာ ဝေယျာဝစ္စလုပ်တဲ့ ဆင်ဖြူကျွန်းက ဒကာကြီးကလည်း ဦးဖိုးဆင်တဲ့နော်။ တွဲပြီးတော့ မှတ်ထားလိုက်ပေါ့။

ကိုဖိုးဆင်ဆိုတာ ရာဇဂြိုဟ်မြို့က ကြံခင်းတစ်ခင်းမှာ စောင့်ရတဲ့ ကြံခင်းစောင့်သမားလေးပေါ့။ ကိုယ်ပိုင်တဲ့ ကြံခင်း မဟုတ်ဘူး။ သူများပိုင်တဲ့ ကြံခင်းမှာ စောင့်ရတဲ့ ကြံခင်းစောင့်သမား။ အဲဒါ တစ်နေ့ကျတော့ အခုလို သီတင်းကျွတ်အချိန်ပေါ့လေ။ ပဝါရဏာတွေ ဘာတွေ ပြုပြီးတဲ့နောက် ရာဇဂြိုဟ်ပတ်ဝန်းကျင်က ကျေးရွာတစ်ရွာမှာ ဝါဆိုဝါကပ်တဲ့ ရဟန္တာအရှင်မြတ်သုံးပါးက ဘုရားကို ဖူးမြော်မယ် ဆိုပြီးတော့ ရာဇဂြိုဟ်ကို ကြွလာကြတယ်။

ကြွလာရင်းနဲ့ . . . . ညနေပိုင်း မှောင်ရီပျိုးတဲ့ အချိန် ရောက်လာတာပေါ့။ အဲဒါနဲ့ ကြံခင်းစောင့်တဲ့ဒကာလေး ဆီဝင်ပြီးတော့ . . .

'ဒကာလေး၊ ဒီကနေ ရာဇဂြိုဟ်ရောက်ဖို့ ဝေးသေးလား'

'ဝေးပါသေးတယ်ဘုရား။ ရာဇဂြိုဟ်ရောက်ဖို့ လေးမိုင်လောက် လိုပါသေးတယ်'

'ဒါဖြင့် မမှောင်ခင် မရောက်နိုင်တော့ဘူးပေါ့'

'မှန်လှပါ၊ မရောက်နိုင်တော့ပါဘုရား။ ဒါ့ကြောင့် အရှင်ဘုရားတို့ ဒီတစ်ည ဒီမှာပဲ သီတင်းသုံးတော်မူပါ။ နက်စောစောကျမှပဲ ပြန်ကြွတော်မူပါ'

'ဒကာလေးတို့နေရာမှာ ဘုန်းဘုန်းတို့ သီတင်းသုံးသို့ရမယ့် နေရာများ ရှိလို့လား'

'နေရာတော့ အဆင်သင့်တော့ မရှိပါဘုရား။ ဒါပေမဲ့ တပည့်တော် ဖြစ်အောင်စီစဉ်ပေးပါ့မယ်'

သဒ္ဓါတရားဓာတ်ခံရှိတဲ့ပုဂ္ဂိုလ်ဆိုတော့ ကုသိုလ်ရမယ့် အခွင့်အရေးကို လက်လွှတ်မခံဘူးပေါ့လေ။

'စီစဉ်လိုက်ပါဦးမယ်ဘုရား၊ ခဏလေး သီတင်းသုံးတော်မူပါဦး' ဆိုပြီးတော့ ကြံခင်းစောင့်တဲ့ တဲလေးပေါ်မှာ ခဏ သီတင်းသုံးခိုင်းထားလိုက်တယ်။ ပြီးတော့မှ သူက တဲပေါ်က ဆင်းပြီး ကြံပင်ကောင်းကောင်း တချို့ကို စုချည်ပြီး ယာယီကြံကျောင်း ဆောက်တယ်။

'စံကျောင်း' ကို အသံမပီလို့ 'ကြံကျောင်း' လို့ပြောတာ မဟုတ်ဘူးနော်။ ကြံပင်တွေနဲ့ ဆောက်ထားတဲ့ကျောင်းမို့လို့ 'ကြံကျောင်း' လို့ ပြောတာ။



www.burmeseclassic.com

www.burmeseclassic.com

ကြံပင်တွေကို ခုတ်မပစ်ဘူး။ သူမူရင်းပေါက်နေတဲ့
အတိုင်းပဲ ကြံပင်လေးတွေကို စုချည်လိုက်တယ်။ ကြံပင်ထိပ်
ဖျားလေးတွေ စုချည်ပြီးတော့ ကြံရွက်ကလေးတွေ မိုး
ကြံရွက်မိုးကျောင်းလေး ဖြစ်သွားတာပေါ့။ အောက်မှာ
ကောက်ရိုးလေး ခင်းပြီးတော့ အကြီးဆုံး မထေရ်အတွက်
ကြံရွက်မိုးကျောင်းလေး တစ်ဆောင် ဆောက်လုပ်လှူဒါန်း
လိုက်တယ်။ သူက သူပိုင်တဲ့ ကြံခင်း မဟုတ်တော့ ကြံထ
လည်း မချိုးရဲဘူးလေ။

ဒုတိယမထေရ်တစ်ပါးအတွက်ကျတော့ . . . ကြံ
ချောင်း သုံးချောင်းလောက်ကို စုချည်။ အပေါ်ကနေ မြက်
လေးတွေနဲ့မိုး၊ အောက်ကလည်း မြက်အခင်းလေးတွေ ခင်း
ပေးလိုက်တယ် . . . ။ မြက်မိုးမြက်ခင်းကျောင်းလေးပေါ့။
ကျောင်းတိုင်ကတော့ ကြံချောင်းတွေပေါ့။

အငယ်ဆုံးမထေရ်တစ်ပါးအတွက်ကျတော့ သူမ
တဲ့ ကြံစောင့်တဲလေး ဘေးနားကပ်လျက်မှာပဲ သစ်သားတိုင်
တွေနဲ့ မထေရ်မြတ်တွေရဲ့ ပိုနေတဲ့ သင်္ကန်းလေးတွေ
အမိုးလေး မိုးပြီးတော့ သင်္ကန်းမိုးထားတဲ့ သင်္ကန်းမိုး
ကျောင်းလေး ဆောက်၊ အောက်မှာလည်း လျှော်ဖွပ်ပြီးသား
ပုဆိုးလေးတွေ ခင်းပြီးတော့ သင်္ကန်းမိုး အဝတ်ခင်း ကျောင်း
လေး လှူလိုက်တယ်။



ကျောင်းဘယ်နှဆောင် ဆောက်တုံး။ သုံးဆောင်
ပေါ့။ သုံးဆောင်က တူရဲ့လား။ မတူဘူးနော်။ ဒီကြံခင်း
စောင့်တဲ့ဒကာလေးကလည်း တော်တော်ကဗျာဆန်တဲ့
ဒကာလေး။ ကျောင်းသုံးဆောင်ကို ပုံစံတူ မဆောက်ဘူး။
တစ်ဆောင်က ကြံရွက်မိုးကျောင်းလေး၊ ကောက်ရိုးလေးခင်း
လို့၊ တစ်ဆောင်က မြက်မိုးကျောင်းလေး၊ မြက်ကလေးခင်း
လို့၊ တစ်ဆောင်က သင်္ကန်းမိုးကျောင်းလေး၊ ပုဆိုးလေး
ခင်းလို့၊ ကျောင်းသုံးဆောင် ပုံစံမတူတော့ ပိုကြည်နူးတာ
ပေါ့။

နောက်တစ်နေ့နံနက်ကျတော့ စောစောထ၊ ဆွမ်း
ဟင်းလျာတွေ ချက်ပြုတ်။ သူစားမယ့်ဆန်တွေထဲကပေါ့လေ။
ငါတော့ မစားတော့ဘူး။ ငါစားမယ့် ထမင်းနဲ့ပဲ သံဃာ
တော်တွေကို ဆွမ်းကပ်လိုက်တော့မယ် ဆိုပြီးတော့ ဆွမ်း
ကပ်တယ်။ ကြံရည်လည်း ကပ်တယ်။

ကြံလည်းပဲ ဟိုခေတ်က ကြိတ်စက်ကြီးနဲ့ ကြိတ်
စရာ မလိုဘူးပေါ့လေ။ ကြံပင်နုတ်ပြီးတော့ ထိပ်ကလေး
လက်ကလေးနဲ့ ပိတ်ထား၊ ခွက်အဝမှာ ပိတ်ထားတဲ့ လက်
ကလေး ဖွင့်လိုက်တာနဲ့ ကြံချောင်းထဲကနေ ကြံရည်တွေ
လျှာထွက်လာတယ်။ အဲဒါနဲ့ ကြံရည်သုံးခွက် ကပ်လိုက်
တာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကြံခင်းစောင့်က ကြံရည်တိုက်ရုံမကဘူး။ ကြံ ချောင်းသုံးချောင်းပါ လျှုလိုက်သေးတယ်။ မထေရ်မြတ်တွေ ကလည်း အနုမောဒနာတရား ဟောကြားပြီးတော့ ပြန်သွား တာပေါ့။ အဲဒီအချိန်မှာပဲ ဟိုက ကြံခင်းပိုင်ရှင်ကလည်း သူ့ကြံခင်းက ထွက်လာတဲ့ မထေရ်မြတ်သုံးပါး ကြံချောင်း တစ်ချောင်းစီ ထမ်းလာတာ တွေ့တယ်။

ရဟန္တာအရှင်မြတ်သုံးပါး ကြံချောင်းတွေ ထမ်းပြီး တော့ ကြွလာတာမြင်တော့ 'အရှင်ဘုရားတို့ ဒီကြံရိုးတွေ ဘယ်ကရလာတာတုံး'။ 'ဟိုကြံခင်းစောင့် ဒကာလေးက လှူ လိုက်တာပါ'။ ကြံခင်းပိုင်ရှင်က သာဓုမခေါ်တဲ့အပြင် စိတ် ဆိုးဒေါသထွက်ပြီးတော့ အနားမှာရှိတဲ့ တုတ်နဲ့ ကြံခင်း စောင့်ကို ရိုက်လိုက်တာ တစ်ခါတည်း ပွဲချင်းပြီး သေသွား တယ်။

ဒါပေမဲ့ ကြံခင်းစောင့်က ကြံမိုးကျောင်းလေးတွေ မြက်မိုးကျောင်းလေးတွေ၊ အဝတ်မိုးကျောင်းလေးတွေ လှူ တဲ့ ကုသိုလ်လေး စဉ်းစားပြီးတော့ ပီတိဖြစ်နေတယ်။ မျက် နှာသစ်ရေ၊ တံပူကပ်ရတဲ့ ဝေယျာဝစ္စကုသိုလ်လေးတွေ ဆွမ်းချက်ကပ်ရတဲ့ ဒါနကုသိုလ်လေးတွေ၊ ကြံရည်လှူရတဲ့ ဒါနကုသိုလ်လေးတွေကို သတိရနေတဲ့အချိန်မှာပဲ သေသွား တာဆိုတော့ တာဝတိံသာနတ်ပြည်မှာ နတ်သားသွားဖြစ်



တာပါပဲ။

ကျောင်းလှူခဲ့တဲ့ ကုသိုလ်ကြောင့် သူကလည်း အခြား နတ်သားတွေထက် ကုသိုလ်ကံ ထူးပြီးတော့ ဆင်ဖြူ ကြီးကို ပိုင်ဆိုင်တဲ့ နတ်သားလေး ဖြစ်သွားပြန်တယ်။ အဖြူရောင် ဆင်ပျံတော်ကြီး ပိုင်ဆိုင်တဲ့ ဆင်ဖြူရှင်နတ် သား၊ ဆင်ပျံရှင်နတ်သား ဖြစ်သွားပါတယ်။ ဒါ့ကြောင့် သူ့ရဲ့ လူနာမည်ကို ကိုဖိုးဆင် လို့ ပေးခဲ့တာပါ။

ခုန လမ်းအလှူကျတော့ မြင်းပျံကြီးပေါ့။ အခု ကျောင်းအလှူကျတော့ ဆင်ဖြူပျံကြီးပေါ့။ ဒါ့ကြောင့် ဆို တိုက်ပါ။


**ဥယျာဉ်, တောတန်း၊ တံတားလမ်းနှင့်၊ ရေချမ်းစင်တည်၊ ရေတွင်းဆည်လျက်၊ မိုတွယ်ခိုနား၊ ကျောင်းအိမ်များသည်၊ ခြောက်ပါး ဒါနကောင်းမှုတည်း။**

■



www.burmeseclassic.com

www.burmeseclassic.com



## ခိုင်နဲ့ မခွဲမှ ခိုင်နဲ့ တွဲနိုင်မှာ

ဒီနေ့ ဒကာကြီးဦးရှိန်ဝင်းတို့ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ ကျောင်းအလှူကို အဓိက ပဓာနထားပေမယ့်လို့ ရှေ့အလှူ ၅ မျိုးကလည်း ပါပြီးသားပဲပေါ့လေ။ ဥယျာဉ်အလှူ၊ တောအုပ်အလှူ၊ လမ်းတံတားအလှူ၊ ရေချမ်းစင်အလှူ၊ ရေတွင်းရေကန်အလှူ၊ ကျောင်းအလှူ။ ဒီအလှူခြောက်မျိုးဟာ ထာဝရဒါန - ခိုင်မြဲတဲ့အလှူ၊ ခိုင်တဲ့အလှူတွေပါပဲ။

ခိုင်တဲ့အလှူကို လှူရင်တော့ ခိုင်တဲ့အကျိုးတွေ ရပါလိမ့်မယ်။ အကြောင်းကံက ခိုင်နေမှတော့ အကျိုးပေးကလည်း ခိုင်တော့မှာပါပဲ။ ဒါ့ကြောင့် ခိုင်မှခိုင်တဲ့။ ခိုင်မှပဲ



ခိုင်ပါတယ်။ အကြောင်းကံ ခိုင်မှ အကျိုးပေးကလည်း ခိုင်ပါတယ်။

ဒါပေမဲ့ လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ အစရှိတဲ့ ချမ်းသာတွေ ဘယ်လောက်ပဲ ချမ်းသာချမ်းသာ၊ ဘယ်လောက်ပဲခိုင်ခိုင် တစ်ချိန်ကျရင်တော့ ပျက်စီးရတာချည်းပါပဲ။ လောကကြီးမှာ တကယ်ခိုင်တဲ့ချမ်းသာဆိုတာကတော့ နိဗ္ဗာန်ချမ်းသာပဲ ရှိပါတယ်။

တစ်ဖက်ကလည်း နိဗ္ဗာန်ချမ်းသာ ဆိုတဲ့ အခိုင်ဆုံးချမ်းသာ ရဖို့အတွက် ဆုတောင်းရမယ်။ တစ်ဖက်ကလည်း နိဗ္ဗာန်တည်း ဟူသော အခိုင်ဆုံးချမ်းသာ ရရာရကြောင်း ခိုင်တဲ့အကြောင်းတရားတွေကို ပြုလုပ်ရမယ်။

နိဗ္ဗာန်ရောက်ဖို့အတွက်က အဓိကအားဖြင့်တော့ ဝိပဿနာအလုပ် အားထုတ်ရမှာပေါ့။ ဒီထာဝရဒါန - ခိုင်တဲ့အလှူ ခြောက်မျိုးနဲ့ပဲ ဥပမာတပ်ပြီးတော့ ပြောမယ်ဆိုရင်တော့ ဝိပဿနာဆိုတဲ့ တံတားလေး ဆောက်ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ ခိုင်တဲ့အရပ်ကို ကူးကြရမှာပေါ့။ တံတားဆိုတာ ဝိပဿနာပေါ့။

ရုပ်နာမ်ခန္ဓာ ဆိုတဲ့ ဒီဘက်ကမ်းကနေ ကိလေသာမြစ်ရေကြီးကို ဝိပဿနာတံတားနဲ့ ဖြတ်မှ ဟိုဘက်ကမ်း နိဗ္ဗာန်ဆိုတဲ့ ခိုင်တဲ့အရပ်ကို ရောက်မှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com

မျက်စိနဲ့ အဆင်းနဲ့ဆုံ။ မြင်သိစိတ်ဖြစ်။ ဆုံခိုက် ဖြစ်ခိုက်မှာ မြင်တယ် မြင်တယ်မှတ်။ မြင်တာနဲ့ ပတ်သက်တဲ့ ရုပ်နာမ်ဖြစ်ပျက်ကို မြင်သွားတယ်ဆိုရင် ကိလေသာ မြစ်ချောင်းပေါ်ကနေ ဝိပဿနာတံတားနဲ့ ဖြတ်ကူးတာပဲ နော်။

မြစ်ကို တံတားနဲ့ ဖြတ်ကူးတာနဲ့ မြစ်ကို အလျားလိုက် ဖြတ်ကူးတာ ဘယ်ဟာကောင်းတုံး။ တံတားနဲ့ဖြတ်ကူးတာ ကောင်းတာပေါ့။ အလျားလိုက် ဖြတ်ကူးရင် ပင်လည်း ပင်ပန်းတယ်။ မြစ်ရေထဲ မျောပြီး မြစ်ရဲ့အဆုံး ပင်လယ်ထဲ ရောက်သွားနိုင်တယ်။ ဟိုဘက်ကမ်း ဘယ်လိုမှ မရောက်တော့ဘူး။ တံတားနဲ့ ဖြတ်ကူးတော့ သက်လည်း သက်သာတယ်။ မြစ်ရေထဲလည်း မမျောတော့ဘဲ အချိန်တန်ရင် ဟိုဘက်ကမ်း ရောက်သွားနိုင်တယ်။

လောဘ ဒေါသ စတဲ့ ကိလေသာတွေ ဖြစ်နေတယ်ဆိုတာက ကိလေသာမြစ်ကို အလျားလိုက် ကူးနေတာပဲ။ မြင်သမျှ, ကြားသမျှ၊ ထိသမျှ, တွေးသမျှ အာရုံတွေနဲ့ ပတ်သက်တဲ့ ရုပ်နာမ်ဖြစ်ပျက်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်သွားတယ်ဆိုရင် တံတားနဲ့ ဟိုဘက်ကမ်းကို ဖြတ်ကူးတာပါပဲ။ ဝိပဿနာတံတားကို ဖြတ်ကူးလိုက်တာနဲ့ ဟိုဘက်က မဂ်ဆိုတဲ့လမ်းပေါ် ရောက်သွားမှာပေါ့။ မဂ်ဆိုတဲ့ လမ်းပေါ် ရောက်သွားတာနဲ့ နိဗ္ဗာန် ဆိုတဲ့နေရာ ရောက်မှာပဲ နော်။

ကုသိုလ်ခြောက်မျိုးလုံးကို ဥပမာလေးနဲ့ စုံအောင် ပြောလိုက်မယ်ဆိုရင် ဥယျာဉ်ဆိုတာက ဒါနပေါ့။ ဥယျာဉ်ထဲမှာ ပန်းတွေမျိုးစုံရှိရသလိုပဲ ဒါနကောင်းမှုကလည်း မျိုးစုံရှိရတယ်။ ဘယ်ဒါနကို ပိုအားသန်တယ်၊ ဒီဒါနကိုပဲ လုပ်မယ်လို့ မဟုတ်ဘဲနဲ့ ဘယ်ဒါနပဲကြုံကြုံ ကြုံတဲ့ဒါန လုပ်ပါ။

ပန်းမျိုးစုံမှ ဥယျာဉ် ပိုလှသလို ဒါနကောင်းမှု အမျိုးစုံမှ ဘဝ ပိုပြီး လှပပါတယ်။ ဘယ်ဟာလေးတော့ဖြင့် အကျိုးမပေးဘူးဆိုတာ မရှိတော့ဘူးပေါ့။ ဒါကြောင့် ဒါနကောင်းမှုဆိုတဲ့ ပန်းဥယျာဉ်လေးကိုလည်း ပန်းမျိုးစုံနဲ့ တည်ဆောက်လိုက်ပါ။

တောအုပ် ဆိုတဲ့အထဲမှာ . . အရိပ်ရသစ်ပင်တွေလည်း ပါတဲ့အတွက် အရိပ်ရသစ်ပင် ဆိုတာ သီလပါပဲ။ သီလဆိုတဲ့ အရိပ်ရသစ်ပင်ကြီးလည်း ဆောက်ထားလိုက်ပါ။ ကိုယ့်ဘက်က သီလလုံခြုံနေပြီဆိုရင် ကာယကံအမှား၊ ဝစီကံအမှားတွေ မရှိတော့တဲ့အတွက်ကြောင့် စိတ်ပူပန်ရတယ်ဆိုတာ မရှိတော့ဘူး . . ။ သစ်ပင်ရိပ်ကြီးအောက်မှာ ခိုနားရသလိုဖြစ်ပြီးတော့ ကိုယ့်ရဲ့ ဘဝနောက်ကြောင်းပြန် ခြေ်းစားလိုက်တိုင်း စိတ်အေးချမ်းရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

သီလမလုံဘူးဆိုရင် ကိုယ့်ရဲ့ အပြောမှား၊ အပြုမှားတွေ စဉ်းစားမိတာနဲ့ စိတ်ပူလောင်ရပါတယ်။ သီလလုံရင်တော့ ကိုယ့်မှာ အပြောမှား၊ အပြုမှားတွေ လုံးဝမရှိတဲ့အတွက် တွေးလိုက်တိုင်း စိတ်အေးချမ်းရပါတယ်။

ဒါ့ကြောင့် ဝိပဿနာတံတား အဓိက ဆောက်ပြီးတော့ ဒါနဆိုတဲ့ ပန်းဥယျာဉ်လေးတည် . . . ။ သီလဆိုတဲ့ အရိပ်ရသစ်ပင်လေး စိုက်။

ရေချမ်းစင်ဆိုတာကျတော့ မေတ္တာပေါ့။ မေတ္တာဆိုတဲ့ ရေချမ်းစင်လေး ကိုယ့်နှလုံးသားထဲမှာ တည်ထား။ မေတ္တာဓာတ်နဲ့ ပြည့်စုံနေပြီဆိုရင်တော့ ဘယ်အာရုံနဲ့ တွေ့တွေ့၊ စိတ်က အေးချမ်းနေတော့တာပါပဲ။

ကျန်းမာပါစေ၊ ချမ်းသာပါစေလို့ မေတ္တာဓာတ်တွေလည်း ပို့။ ပွားမေတ္တာ။ ကာယကံ၊ ဝစီကံနဲ့လည်း တစ်ဖက်သားအကျိုးရှိမယ့်အလုပ်တွေ လုပ်ပေး၊ တစ်ဖက်သားအကျိုးရှိမယ့်စကားတွေ ပြောပေး၊ ထားမေတ္တာ။ အဲဒီလို ပွားမေတ္တာရော၊ ထားမေတ္တာပါ ပြည့်စုံမယ်ဆိုရင် မေတ္တာရေချမ်းစင်လေး အခိုင်အမာ တည်ပြီးသားဖြစ်သွားပါပြီ။

ရေတွင်းဆိုတာကတော့ ဗုဒ္ဓါနုဿတိပါပဲ။ ရေတွင်းထဲမှာရှိတဲ့ ရေဆိုတာ ဘုရားဂုဏ်တော်တွေနဲ့ တူတယ်။ ပုံးနဲ့ ခပ်လိုက်ရင် ခပ်တဲ့ပုံးထဲပါတဲ့ရေ ကိုယ်သုံးရ



တယ်။ ဘုရားဂုဏ်တော် တစ်ခါပွားလိုက်ရင် ကိုယ်ပွားတဲ့ဂုဏ်တော်နဲ့ လိုက်ဖက်တဲ့ ဓာတ်သတ္တိတွေ ကိုယ့်မှာ ကူးစက်လာတယ်။

ဘုရား ကိလေသာကင်းတာ တစ်ချက်ပွား၊ ကိုယ့်စိတ် ကိလေသာတစ်ချက် ကင်းတယ်။ ဘုရားဉာဏ်ကြီးတာ တစ်ချက်ပွား။ ကိုယ့်ဉာဏ် တစ်ချက်ကြီးလာတယ်။ ဘုရားဘုန်းတန်ခိုးကြီးတာ တစ်ချက်ပွား။ ကိုယ်လည်း တစ်ချက်ဘုန်းတန်ခိုးကြီးလာတယ်။

ရေတွင်းထဲကရေ ကိုယ်ခပ်နိုင်သလောက် ကိုယ်သုံးရသလိုပဲ ဘုရားဂုဏ်တော်တွေလည်း ကိုယ်ပွားနိုင်သလောက် ကိုယ့်မှာ ဓာတ်ကူးပြီး ကောင်းကျိုးရပါတယ်။ ဒါ့ကြောင့် ဗုဒ္ဓါနုဿတိ ရေတွင်းလေးလည်း တူးကြ။

ကျောင်းအဆောက်အအုံဆိုတာကတော့ အာနာပါနဿတိပါပဲ။ သံသရာခရီးသွား၊ ဝိပဿနာတံတားက ဖြတ်ရတော့ တစ်ခါတစ်ရံ ပင်ပန်းတယ်။ ဦးပိန်တံတားက ဇရပ်ကလေးတွေလိုမျိုးပေါ့။ တံတားရဲ့ ကြိုးကြားကြိုးကြား နေရာလေးတွေမှာ ဇရပ်ကလေးတွေ ဆောက်ထားတော့ ပင်ပန်းရင် ပင်ပန်းသလို နားလို့ ရတာပေါ့။ ဝိပဿနာတံတားပေါ် လျှောက်။ မြင်သမျှ၊ ကြားသမျှ လိုက်ရှု၊ ကိုယ်အမူအရာဖြစ်သမျှ၊ စိတ်အမူအရာဖြစ်သမျှ လိုက်ရှု . . ။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံကျတော့ ပင်ပန်းတယ်။

အဲဒီအခါကျတော့ နှာသီးဝလေး သတိကပ်။ ဝင်လေ ထွက်လေလေး ရှူပြီးတော့ နားနေလိုက်ပေါ့။ လေဝင်တိုင်း၊ လေထွက်တိုင်း ထိတာလေး သိနေ။ စိတ်ကလေး အေးချမ်းလိုက်တာ။ ဝိပဿနာခြေလှမ်းတွေကြောင့် ပင်ပန်းနေတဲ့ စိတ်ကလေး အနားရသွားတာပေါ့လေ။

အဲဒီလိုအားဖြင့်ပေါ့လေ။ ဝိပဿနာတံတားကြီးကို အခိုင်အမာဆောက်ပြီးတော့ ဒါန ဆိုတဲ့ ပန်းဥယျာဉ်၊ သီလဆိုတဲ့ အရိပ်ရသစ်ပင်၊ မေတ္တာဆိုတဲ့ ရေချမ်းစင်၊ ဗုဒ္ဓါနုဿတိဆိုတဲ့ ရေတွင်း၊ အာနာပါနကမ္မဋ္ဌာန်းဆိုတဲ့ အဆောက်အအုံလေးထဲမှာ ခိုနားပြီးတော့ ဖြတ်သန်းသွားလိုက်မယ်ဆိုရင် ဟိုဘက်က နိဗ္ဗာန်ဆိုတဲ့ ခိုင်တဲ့အရပ်ကို မရောက်ဘူးလား။ ရောက်ပါတယ်။

ဒါ့ကြောင့် တရားနာပရိသတ်များ လောကီနယ်ပယ်မှာလည်း ခိုင်မာတဲ့ ကောင်းကျိုးချမ်းသာတွေ ရဖို့အတွက် ခိုင်တဲ့ကောင်းမှုတွေ ကြိုးစားအားထုတ်နိုင်ကြပါစေ။ နိဗ္ဗာန်တည်းဟူသော အခိုင်မာဆုံး အရပ်ဒေသကို ရောက်စေနိုင်တဲ့ ဒါန၊ သီလ၊ သမထ၊ ဝိပဿနာအလုပ်တွေလည်း စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ အားထုတ်နိုင်တဲ့အတိုင်းလည်းပဲ နိဗ္ဗာန်ဆိုတဲ့ ခိုင်တဲ့အရပ်ကို အမြန်ဆုံးရောက်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းရဲ့ 'ခိုင်မှခိုင်' တရားကို ဒီနေရာမှာ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။ အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို . . ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

[၂၀၀၄ ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်၊ သထုံမြို့ ကေလာသတောင်၊ ရွှေပါရမီတောရကျောင်းအတွင်း ရန်ကုန်မြို့ ဦးရိန်ဝင်း၊ ဒေါ်ခင်ချို‌ဦး၊ သားမောင်ကောင်းထိုက်ထွန်း၊ တက်လမ်းဆောက်လုပ်ရေးမိသားစု၏ ရွှေပါရမီကျောင်းဆောင်သစ်ရေစက်ချပွဲ၌ ဟောကြားအပ်သော တရားတော်ကို ပြုပြင်ဖြည့်စွက် ရေးသားထားပါသည်။]

**အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)**



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ကုသိုလ်ကောင်းမှုကိုမဆို
"နိုင်စိတ်ထား" နဲ့
မြန်မြန်သွက်သွက်ပြုဖို့၊
"နိုင်စိတ်ထား" နဲ့
ပြည့်ပြည့်စုံစုံပြုဖို့၊
"နိုင်စိတ်ထား" နဲ့
အကွက်စေ့ ထောင့်စေ့အောင် ပြုဖို့
သိပ်အရေးကြီးပါတယ်။
ဒါမှလည်း . . .
အကျိုးပေးတွေ မြန်သွက်၊
အကျိုးပေးတွေ ပြည့်စုံ၊
အကျိုးပေးတွေ
အကွက်စေ့ ထောင့်စေ့ပြီး
နိုင်သွားမှာပါ။



# နိုင်သထက်နိုင်

## နိုင်စေချင်ပေမယ့် ယိုင်နေတာခက်တယ်

ကိုယ်ပိုင်ဆိုင်တဲ့ သက်ရှိ သက်မဲ့ပစ္စည်းဥစ္စာတွေ တို့ ဘယ်ရန်သူမျိုးကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရဘဲ ခိုင်မြဲနေတဲ့အဖြစ်မျိုး ရှိမယ်ဆိုရင် လူတိုင်း မလိုချင်ကြဘူးလား။ လိုချင်ကြပါတယ်။ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေကို မင်းဆိုးမင်းညစ်တွေကလည်း သိမ်းပိုက်လို့ မရဘူး။ သူခိုးဓားပြတွေကလည်း လုယက်ယူငင်လို့ မရဘူး။ မီးကလည်း မလောင်နိုင်ဘူး။ ရေကလည်း မမျှောနိုင်ဘူး။ ချစ်ခင်နှစ်သက်စရာ မကောင်းတဲ့ သားဆိုး သမီးဆိုးတွေကလည်း သုံးဖြုန်းဖျက်ဆီးပစ်လို့ မရဘူး။

ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ ရန်သူမျိုးငါးပါး



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် ပျက်စီးမသွားတဲ့ အဖြစ်မျိုး၊ ဘာအကြောင်းကြောင့်မှ ပျက်စီးမသွားတဲ့ အဖြစ်မျိုး လောကကြီးမှာ ရှိတယ်ဆိုရင် အဲဒီအဖြစ်မျိုးကို လူသားတိုင်း လိုချင်ကြတဲ့သူတွေချည်းပါပဲ။

ရန်သူမျိုးငါးပါး ဆိုတာကတော့ အထွတ်အထိပ်အနေနဲ့ ထားပြီးတော့ . . ပြောတာပါ။ ရန်သူမျိုးက ငါးပါးကရဲ့လား။ ပစ္စည်းဥစ္စာရဲ့ ရန်သူတွေလေ။ မင်းဆိုးမင်းညစ်တို့၊ သူခိုးဓားပြတို့၊ ရေတို့၊ မီးတို့၊ အမွေခံ သားဆိုးသမီးဆိုးတို့၊ ဒီငါးမျိုးကို ခေါင်းတည်ပြီး ပြောလိုက်ရင် ရှိရှိသမျှပစ္စည်းဥစ္စာရဲ့ အဖျက်အဆီး ရန်သူတွေအားလုံး ပါဝင်ပြီးသားပါပဲ။

လေပြင်းမုန်တိုင်းတွေ ကျလို့လည်းပဲ ပစ္စည်းဥစ္စာတွေ ပျက်စီးနိုင်ပါတယ်။ ဒါပေမဲ့ ရန်သူမျိုးငါးပါးထဲမှာတော့ လေလို့ တိုက်ရိုက်အားဖြင့် မပါပါဘူး။ မပါပေမယ့် လေကိုလည်းပဲ မီးဆိုတဲ့ ရန်သူထဲမှာ ထည့်လိုက်ပေါ့။

လေနဲ့မီးက မိတ်ဆွေပဲလေ။ မီးလောင်ရာ လေပင့်ဆိုတဲ့အတိုင်းပေါ့။ မီးကို လောင်အားကောင်းအောင် အကူအညီပေးတာ လေပါ။ မီးနဲ့ လေက မိတ်ဆွေဆိုတော့ လေပြင်းမုန်တိုင်း အစရှိတဲ့ လေဘေးတွေကိုလည်း မီးဆိုတဲ့ ရန်သူထဲမှာ ထည့်လိုက်လို့ရပါတယ်။



ငလျင်လှုပ်တာကျတော့ ဘယ်ထဲထည့်မတုံး။ မြေငလျင်လှုပ်ရင်လည်း အိမ်တွေ ပြိုကျပြီးတော့ ပစ္စည်းဥစ္စာတွေ ပျက်စီးနိုင်တာပါပဲ။ ဒီတော့ မြေကလည်း ရန်သူမျိုးတစ်ပါးပဲပေါ့လေ။ ဒါပေမဲ့ ရန်သူမျိုးငါးပါးထဲမှာ မြေဘေးလို့တော့ တိုက်ရိုက်မပါဘူး။ မပါပေမယ့် ရေဆိုတဲ့ ရန်သူမျိုးထဲမှာ ထည့်လိုက်ပေါ့။

အခု မကြာခင်ကပဲ ဆူနာမီဆိုပြီးတော့ ရေလှိုင်းကြီးတွေ ဖြစ်မသွားဘူးလား။ ဆူနာမီကတော့ . . . ငလျင်မဟုတ်ဘူးပေါ့လေ။ ရေလှိုင်းပေါ့။ 'ဆူ'ဆိုတာ ရေ၊ 'နာမိ' ဆိုတာ လှိုင်း။ ကြီးမားလှတဲ့ ရေလှိုင်းကြီးတွေကို ဆူနာမိလို့ ခေါ်ပါတယ်။ ဂျပန်စကားပါ။

ဒါပေမဲ့ အဲဒီဆူနာမီရေလှိုင်းကြီးတွေ ဘာကြောင့်ဖြစ်သလဲဆိုရင် မြေငလျင်လှုပ်လို့ဖြစ်တာ။ သမုဒ္ဒရာကြမ်းပြင်မှာ ငလျင်လှုပ်သွားတဲ့အတွက် မြေနေရာရွှေ့သွားလို့ သမုဒ္ဒရာရေလှိုင်းကြီးတွေလည်း အနေအထားပြောင်းပြီးတော့ ကမ်းစပ်မှာ ဒုက္ခပေးတာ။

ဆူနာမီဆိုတာက ရေလှိုင်းတွေကို ပြောတာပေါ့နော်။ ဆူနာမီငလျင်လို့တော့ ပြောလို့မရဘူး။ ဆူနာမီရေလှိုင်းကြီးတွေ ရိုက်ခတ်တဲ့အတွက် ပစ္စည်းဥစ္စာတွေလည်း မပျက်စီးကြဘူးလား။ ပျက်စီးကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါဆိုရင် ရေဘေးရဲ့ အခြေခံဖြစ်တဲ့ မြေငလျင် လှုပ်ခြင်းဘေးကလည်း ရန်သူမျိုးတစ်ပါးပဲ။ ရေဟာ မြေ ပေါ်မှာ တည်တဲ့အတွက်၊ ရေနဲ့မြေဟာ မိတ်ဆွေဖြစ်တဲ့အ တွက် မြေဘေး၊ မြေငလျင်ဘေးကို ရေဆိုတဲ့ ရန်သူထဲမှာ ထည့်လိုက်လို့ ရပါတယ်။

ဇနီးမောင်နှံ နှစ်ယောက်ရှိတယ်။ ခင်ပွန်းရှာထား သမျှ ဇနီးက သုံးဖြုန်းပစ်တယ်။ ချဲထိုးပစ်လို့ ပစ္စည်းတွေ ကုန်သွားတယ်ဆိုရင် ဇနီးကလည်းပဲ ရန်သူမျိုး တစ်ပါးပဲ မဟုတ်ဘူးလား။ ဟုတ်ပါတယ်။

ရန်သူမျိုးငါးပါးထဲမှာတော့ ဇနီးခင်ပွန်းလို့ ပါရဲ့ လား။ မပါဘူး။ ဒါပေမဲ့ ဇနီးမောင်နှံနှစ်ဦးပိုင်ဆိုင်တဲ့ပစ္စည်း တွေကို ဇနီးက မဟုတ်တာတွေ လုပ်ပြီးတော့ ဖြုန်းတီးပစ် တယ်ဆိုရင် အဲဒီဇနီးက ရန်သူမျိုးတစ်ပါးပဲ။

ဇနီးမောင်နှံနှစ်ယောက် ပိုင်ဆိုင်တဲ့ပစ္စည်းတွေကို ခင်ပွန်းသည်က ဖဲရိုက်ပစ်တယ်၊ အရက်သောက်ပစ်တယ်၊ လောင်းကစားတွေ လုပ်ပြီးတော့၊ ဘောလုံးပွဲတွေ လောင်း ပြီးတော့ ဖြုန်းတီးပစ်တယ်ဆိုရင်လည်း ခင်ပွန်းသည်က ဘာပဲတုံး။ ရန်သူပဲ။ ရန်သူမျိုးတစ်ပါးပဲ။

အဲဒီလိုဆိုတော့ ပစ္စည်းဥစ္စာတွေကို မတရားဖြုန်း တီးပစ်တဲ့ ဇနီးတို့၊ ခင်ပွန်းတို့ကလည်း ရန်သူမျိုးတစ်ပါးထဲ



မပါဘူးလား။ ပါတာပဲ။ အဲဒါကျတော့ ဘယ်ထဲထည့် လဲဆိုရင် ချစ်ခင်နှစ်သက်စရာမကောင်းတဲ့ အမွေခံသား းသမီးဆိုး ဆိုတဲ့ ရန်သူထဲမှာ ပေါင်းထည့်လိုက်ပေါ့။

သားဆိုးသမီးဆိုးသာ ရန်သူလား၊ ဇနီးဆိုး ခင်ပွန်း းကရော ရန်သူ မဟုတ်ဘူးလား။ ဇနီးဆိုး ခင်ပွန်းဆိုး တွလည်း ရန်သူပဲ။ အဲဒီ ဇနီးဆိုး၊ ခင်ပွန်းဆိုးဆိုတဲ့ ရန်သူ ကြောင့်လည်း ပစ္စည်းဥစ္စာတွေ ပျက်စီးနိုင်တာပဲနော်။

သားသမီးဆိုတာ ဇနီးခင်ပွန်းပေါင်းသင်းမှ ရတာ ဇနီးဆိုး၊ ခင်ပွန်းဆိုးဆိုတဲ့ ရန်သူကို သားဆိုး၊ သမီးဆိုး တဲ့ ရန်သူမျိုးထဲမှာ ပေါင်းထည့်လိုက်လို့ ရပါတယ်။ ဇနီး င်ပွန်း နှစ်ဦးပိုင်တာကို ဇနီးက၊ သို့မဟုတ် ခင်ပွန်းက းသူဖျက်ဆီးပစ်လိုက်သလို ဖြစ်သွားတဲ့အတွက် ဇနီးဆိုး၊ င်ပွန်းဆိုးကို 'သူခိုး' ဆိုတဲ့ ရန်သူမျိုးထဲ ထည့်ချင်လည်း ည့်လိုက်ပေါ့။ ရတာပါပဲ။

ကိုယ့်ဆီက ပိုက်ဆံချေးပြီးတော့ ပြန်မပေးတဲ့ မိတ် ဆွေဆိုးကလည်းပဲ ရန်သူမျိုးထဲ ထည့်ရမှာပဲနော်။ ပိုက်ဆံ ချေးပြီးတော့ ပြန်မပေးလို့ ဆုံးရှုံးသွားတယ်ဆိုရင်လည်း စ္စည်းဥစ္စာရဲ့ ရန်သူတစ်ပါးက ပစ္စည်းဥစ္စာကို ဖျက်ဆီး က်တာပါပဲ။

ကုန်အရောင်းအဝယ်လုပ်တဲ့နေရာမှာ ငွေချေးပြီး



www.burmeseclassic.com

www.burmeseclassic.com

သား၊ ပစ္စည်းမပို့ဘဲနဲ့ ရက်တွေ လတွေ နှစ်တွေကြာ၊ အပျောက်ရိုက်လိုက်တယ်ဆိုရင်လည်း အဲဒီ မိတ်ဆွေဆိုးဟာ ရန်သူမျိုးတစ်ပါးပဲ။ ကတိမတည်တဲ့၊ သစ္စာမရှိတဲ့ မိတ်ဆွေတွေကြောင့်လည်း ပစ္စည်းဥစ္စာတွေ ပျက်စီးသွားနိုင်တာပဲ ဒါ့ကြောင့် မိတ်ဆိုးဆွေဆိုးတွေ၊ အကြံပက်စက်တဲ့၊ ယုတ်မာကောက်ကျစ်တဲ့ မိတ်ဆွေယုတ်တွေဟာလည်း ရန်သူမျိုးတစ်ပါးပဲပေါ့။ 'သူခိုး' ဆိုတဲ့ ရန်သူထဲ အကျုံးဝင်ပါတယ်။

အဲဒီလိုအားဖြင့် ရန်သူတွေက ကုန်နိုင်ပါရဲ့လား မကုန်နိုင်ဘူး။ ဒါပေမဲ့ ရန်သူမျိုးငါးပါးထဲမှာတော့ ရှိရှိသမျှ ရန်သူတွေအားလုံး အကုန် အကျုံးဝင်တာချည်းပါပဲ။

ကိုယ်ပိုင်ဆိုင်တဲ့ သက်ရှိသက်မဲ့ပစ္စည်းဥစ္စာတွေကို ဘယ်ရန်သူကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရဘဲ ခိုင်မြဲတဲ့ အဖြစ်မျိုး ရှိမယ်ဆိုရင် အဲဒီအဖြစ်မျိုးကို လူသားတိုင်း လိုချင်ကြပါတယ်။

အခု တရားနာပရိသတ်များ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ ခိုင်ရဲ့လား။ မခိုင်ဘူး? ဘာတွေကြောင့် ပျက်စီးကုန်ပြီတုံး။ အမြဲတမ်းတော့ ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံနေမှာနော်။ 'ပစ္စည်း' ဆိုတော့ 'ပျက်စီး' မှာပေါ့။ ကိုယ်က ခိုင်စေချင်ပေမယ့် သူက ယိုင်နေမှာပဲ။ ပျက်ဖို့ ကုန်ဖို့ ဦးတည်နေတာဟာ ယိုင်နေတာပဲပေါ့။





## ခိုင်တာမှန်းမှ ခိုင်ရာမြန်းမယ်

'ခိုင်သထက်ခိုင်' ဆိုတာ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာတွေ ဘယ်ရန်သူမျိုးကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရဘဲနဲ့ ခိုင်မြဲချင်တိုင်း ခိုင်မြဲနေတာကို ပြောတာပါပဲ။

စားဝတ်နေရေး၊ ကျန်းမာရေးအတွက် သုံးစွဲလိုက်လို့ ကုန်သွားတာ၊ အာရုံငါးဖြာ ကာမဂုဏ်ချမ်းသာတွေ ခံစားလိုက်လို့ ကုန်သွားတာကို 'မခိုင်ဘူး' လို့ ဒီနေရာမှာ မဆိုလိုဘူးနော်။ သုံးစွဲလိုက်လို့၊ ခံစားလိုက်လို့ ကုန်သွားတာမျိုး မဟုတ်ဘဲ ရန်သူတစ်မျိုးမျိုးကြောင့် အလကား ကုန်သွားတာကိုပဲ 'မခိုင်ဘူး' လို့ ဒီနေရာမှာ ဆိုလိုပါတယ်။

သုံးလို့ကုန်တဲ့ မခိုင်တာရဲ့ ဆန့်ကျင်ဘက် ခိုင်တာကို မဆိုလိုပါဘူး။ မသုံးဘဲ ကုန်တဲ့ မခိုင်တာရဲ့ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com

ဘက် ခိုင်တာကို ဆိုလိုပါတယ်။ ခိုင်သထက်ခိုင် . . .။

ဦးဇင်းတို့ မနက်ကပဲ အရုဏ်တက် မျက်နှာမသ
ခင်ပေါ့လေ။ ကုဋီတက်ရင်းနဲ့ . . ခိုင်သထက်ခိုင်တရား
ဘယ်လိုဟောရမလဲ စဉ်းစားလိုက်တော့ . . .

'ဆောင်ပုဒ်လေးနဲ့တော့ ဟောမှ ဖြစ်မှာပါ. . .။
ဆောင်ပုဒ်မဆိုခိုင်းဘဲ တောက်လျှောက်ဟောနေရင် ကို
တစ်ယောက်တည်း မသက်သာဘူး။ ပြီးတော့ ဆောင်ပု
လေးနဲ့ဆိုရင် မှတ်သားရလည်း ပိုလွယ်ကူသွားမယ်၊ ဆော
ပုဒ်လေး ဘယ်လိုလုပ်ရင်ကောင်းမလဲ'

ဆောင်ပုဒ် စဉ်းစားတော့မှ ကုဋီတက်ရင်း ဆော
ပုဒ်က ထွက်လာတယ်။ အပေါ်ထွက်အောက်ထွက်ပေါ့နော်
အပေါ်ကလည်း ဆောင်ပုဒ်ထွက်၊ အောက်ကလည်း အ
ညစ်အကြေး ထွက်ပေါ့နော်။ ဆောင်ပုဒ်လေးကလည်း 
ရွက်ထဲမှာ ချမရေးရသေးဘူး။ စိတ်ထဲပဲ မှတ်ထားရတာ
ဆိုတော့ ဆိုကြည့်ရမှာပေါ့လေ။ ဆိုကြည့်လိုက်ပါ။

**နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ညားကုသိုလ်၊ ခိုင်
ဆို၍၊ ခိုင်လိုတရား၊ ခိုင်စိတ်ထားသည်၊ ခြောက်ပါးခိုင်ထက်ခိုင်
တည်း။**

ဒီအချက် ခြောက်ချက်က ခိုင်သထက် ခိုင်ရန်
ပါတယ်တဲ့။ ကိုယ်ပိုင်ဆိုင်သမျှ ခိုင်သထက် ခိုင်စေနိုင်



အကြောင်းတရား ခြောက်ပါးရှိပါတယ်။

ပထမဆုံးတစ်ချက်က ဘာတဲ့လဲ။ 'နိဗ္ဗာန်ညွှတ်
တွား' တဲ့။ ဘာကုသိုလ်ကောင်းမှုပဲ ပြုပြု နိဗ္ဗာန်ကို ဦးတည်
ပြီးတော့မှ ပြု။ နိဗ္ဗာန်ကို ဆုတောင်းပြီးတော့သာ ပြု။

ရေလေးတစ်ခွက် တိုက်တာကအစ၊ ပန်းလေးတစ်
ပွင့် ပေးတာကအစ၊ သစ်သီးလေးတစ်လုံး ကျွေးတာကအစ
ကြဒံ မေ ပုညံ နိဗ္ဗာနဿ ပစ္စယော ဟောတု - ဒီကောင်းမှု
ဟာ နိဗ္ဗာန်ရဲ့ အထောက်အပံ့ ဖြစ်ပါစေ။ သံသရာဝဋ်ဆင်း
ရဲက လွတ်မြောက်ဖို့အတွက် အထောက်အပံ့ဖြစ်ပါစေ။

ရဟန်းသံဃာတွေကို လှူတယ်ဆိုရင်လည်း သံဃာ
တော်အရှင်မြတ်များ ထိုးထွင်းသိတဲ့ သစ္စာလေးပါးတရား
ထိုးထွင်းသိဖို့ ဖြစ်ပါစေ။ ဘုရားလှူတယ်၊ ပစ္စေကဗုဒ္ဓါ
လှူတယ်ဆိုရင်လည်း ဘုရား၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်များ
ထိုးထွင်းသိတဲ့ သစ္စာလေးပါးတရား သိခွင့်ရပါရစေ။

သံသရာဝဋ်ဆင်းရဲက လွတ်မြောက်ဖို့ သစ္စာလေး
ပါးတရား သိဖို့၊ နိဗ္ဗာန်ကို မျက်မှောက်ပြုဖို့ ဦးတည်ပြီးတော့
ပြုတဲ့ကုသိုလ်ကောင်းမှုဟာ ခိုင်သထက်ခိုင်စေတဲ့ ကုသိုလ်
ကောင်းမှုပါပဲ။

လောကမှာ နိဗ္ဗာန်လောက် ခိုင်တဲ့တရား ရှိပါဦး
မလား။ မရှိဘူး။ နိဗ္ဗာန်ကလွဲရင် ဘယ်တရားမှ ဘယ်အရာ



www.burmeseclassic.com

www.burmeseclassic.com

မှ၊ ဘယ်သက်ရှိသက်မဲ့မှ ခိုင်တယ်ဆိုတာ မရှိဘူး။

အရာအားလုံးဟာ ယိုင်သွားမယ့်အရာ၊ ပျက်စီးသွားမယ့်အရာတွေချည်းပဲ။ ခိုင်တာ တစ်ခုမျှ မရှိဘူး။ ဘယ်တော့မှ မယိုင်မယ့်အရာ၊ ဘယ်တော့မှ မပျက်စီးမယ့်အရာဟာ နိဗ္ဗာန်တစ်ခုတည်း ရှိတယ်။ အမြဲတမ်း ခိုင်တဲ့အရာ အစဉ်ထာဝရ တည်တံ့ခိုင်မြဲတဲ့အရာဟာ နိဗ္ဗာန်ပဲ။ ဒါ့ကြောင့် နိဗ္ဗာန်ကို 'ထာဝရ' လို့ ခေါ်ပါတယ်။ 'ထာဝရ'ဆိုတာ 'ခိုင်' တာပေါ့။

နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပြီးတဲ့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်တွေ နိဗ္ဗာန်ချမ်းသာကြီး ပျက်စီးသွားလို့ လူပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်၊ သုံးဆယ့်တစ်ဘုံ ပြန်လာတယ်ဆိုတာ ရှိရဲ့လား။ မရှိဘူး။ အရဟတ္တမဂ် အရဟတ္တဖိုလ်နဲ့ နိဗ္ဗာန်ကို အပြီးတိုင် မျက်မှောက်ပြုသွားလို့ ပရိနိဗ္ဗာန် စံဝင်သွားပြီဆိုရင် နိဗ္ဗာန်ကို ထာဝရ ပိုင်ဆိုင်ခွင့်ရသွားပြီ။

ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာအရှင်မြတ်များ ပိုင်ဆိုင်လိုက်ရတဲ့ နိဗ္ဗာန်ကြီးက အကြောင်းတစ်ခုခုကြောင့် ပျက်စီးသွားတယ်ဆိုတာ မရှိတော့ဘူး။ အကြောင်းတရားတွေနဲ့ ပြုပြင်ဖန်တီးထားတာ မဟုတ်တဲ့အတွက်ကြောင့်ကိုပဲ ခိုင်နေတော့တာ။



အကြောင်းတရားတွေနဲ့ ပြုပြင်ဖန်တီးထားတာဆိုရင်တော့ အကြောင်းတရားတွေ ယိုင်တာနဲ့ အဲဒီအကျိုးတရားလည်း ယိုင်သွားမှာပဲ။ နိဗ္ဗာန်က ဘယ်အကြောင်းတရားအပေါ်မှာမှ မှီတည်နေတာ မဟုတ်တဲ့အတွက် ခိုင်နေတာ။

နိဗ္ဗာန်အကြောင်းကတော့ ကြားဖူးနားဝတွေ ရှိပြီးသားပါ။ အထူးရှင်းပြမနေတော့ဘူး။ နိဗ္ဗာန်ချမ်းသာကြီးက ခိုင်မြဲတဲ့ ကောင်းကျိုးချမ်းသာ ဖြစ်ပါတယ်။

နိဗ္ဗာန်ချမ်းသာကို ဦးတည်ပြီးတော့ ကုသိုလ်ကောင်းမှု ပြုလိုက်လို့ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားပြီဆိုရင် ဘယ်တော့မှ မယိုင်တော့ဘူး။ အိုတယ်ဆိုတာ ယိုင်တာပေါ့။ နာတယ်ဆိုတာ ယိုင်တာပေါ့။ သေတယ်ဆိုတာ ယိုင်တာပေါ့။ မအိုရဘူး၊ မနာရဘူး၊ မသေရဘူး ဆိုတော့ ခိုင်သွားတာပဲ။ အို၊ နာ၊ သေက အထွတ်အထိပ် ခေါင်းတပ်ပြီးတော့ ပြောလိုက်တာပေါ့။ နိဗ္ဗာန်ရောက်သွားရင် ဘာဆင်းရဲဒုက္ခမှ မကြုံတွေ့ရတော့ဘူး။

ဒါ့ကြောင့် နိဗ္ဗာန်ကို ဦးတည်ပြီးတော့ ကုသိုလ်ကောင်းမှုပြုရင် အခိုင်ဆုံးပဲ။ နိဗ္ဗာန်ဆိုတာ ခိုင်တယ်ဆိုတာ အားလုံး သဘောပေါက်ပါတယ်နော်။ အထူး ရှင်းပြနေစရာ မလိုတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



## ခွဲတမ်းကို မစွဲလမ်းရင် ကုသိုလ်ပါပဲ

ဦးဇင်းတို့ ဒီနေ့ဟောမှာက ကျောင်းအလှူနဲ့ ဆက် စပ်နေတဲ့ အနုမောဒနာတရားဖြစ်လို့ ကျောင်းအလှူ လှူ ဖူးတဲ့ပုဂ္ဂိုလ်တစ်ယောက်အကြောင်း ပြောမှာ ဖြစ်ပါတယ် အဓိကအားဖြင့် ပြောမှာက ဇောတိကသူဌေးကြီး ကျောင်း အလှူလှူခဲ့တဲ့အကြောင်းကို ပြောမှာပါ။

ကျောင်းအလှူအကြောင်းမပြောခင် 'နိဗ္ဗာန်ညွှတ် တွား - နိဗ္ဗာန်ကို တောင်းဆုပြုပြီးတော့ လှူလို့ရှိရင် ခိုင်သ ထက် ခိုင်ပါတယ်' ဆိုတာနဲ့ ပတ်သက်လို့ ဇောတိကသူဌေး အလောင်းရဲ့ နိဗ္ဗာန်ညွှတ်တွားခဲ့ပုံလေးကို ပထမဆုံးပြော ကြရအောင်။



ဦးဇင်းတို့ ဇောတိက သူဌေးအလောင်းက ဟိုး လွန်ခဲ့တဲ့ ကိုးဆယ့်တစ်ကမ္ဘာ အလွန် ဝိပဿီမြတ်စွာဘုရား မပွင့်ခင် ကြံခင်းပိုင်ရှင်ကြီး ဖြစ်ခဲ့ဖူးတယ်။ အစ်ကိုဖြစ်သူနဲ့ နှစ်ဦးပိုင်တဲ့ ကြံခင်းကြီးပါ။ ညီအစ်ကိုနှစ်ယောက် အတူတူ စီးပွားလုပ်ကြတာပေါ့။

တစ်နေ့ကျတော့ ညီဖြစ်တဲ့သူ (ဇောတိကသူဌေး အလောင်း) က ကြံခင်းကို မနက်စောစော သွားကြည့်တာ ပေါ့လေ။ သွားကြည့်ပြီးတော့ အပြန်မှာ ကြံချောင်းနှစ် ချောင်း ခုတ်ပြီးတော့ လာခဲ့တယ်။ ခုတ်လိုက်တဲ့နေရာမှာ သစ်ရွက်လေးနဲ့ စည်း၊ နွယ်လေးနဲ့ ပတ်ပြီးတော့ လာခဲ့တာ ပေါ့။

အဲဒီခေတ်တုန်းက ကြံရည်လိုချင်တယ်ဆိုရင် ကြံ ကြိတ်စက်နဲ့ ကြိတ်စရာ မလိုဘူး။ အရင်းကပဲဖြစ်ဖြစ်၊ အ ဖျားကပဲဖြစ်ဖြစ် ဖြတ်ထားတဲ့နေရာကို အောက်စိုက်ချလိုက် ရင် အဲဒီဖြတ်ထားတဲ့နေရာကနေပဲ ကြံရည်တွေ လျှောပြီး တော့ ကျလာတယ်။ မုသာဝါဒ လုံခြုံနေတဲ့ခေတ်ပေါ့လေ။

လိမ်တဲ့ညာတဲ့စကားတွေ မရှိသေးတဲ့ခေတ်မှာ တုန်းက ကြံရည်တွေဟာ စက်နဲ့ ကြိတ်စရာ မလိုဘူး။ အလို အလျောက် ယိုစီးပြီးတော့ ထွက်တယ်။ ကြံရည်မပျောက် ချင်သေးဘူးဆိုရင် ဖြတ်ထားတဲ့နေရာကို သစ်ရွက်တို့၊ အ



www.burmeseclassic.com

www.burmeseclassic.com

ဝတ်တို့နဲ့ ချည်ထားရတာ။

ကြံချောင်းကို ဖြတ်ပြီးတော့ ယူလာ။ အဲဒီအချိန်မှာ ဂန္ဓမာဒနတောင်က ပစ္စေကဗုဒ္ဓါ အရှင်မြတ်တစ်ပါးကလည်း သမာပတ်က ထပြီးတော့ ဒီနေ့ ဘယ်သူ့များ ချီးမြှောက်ရမလဲလို့ ကြည့်လိုက်တော့ အဲဒီဇောတိကသူဌေး အလောင်း ညီငယ်ကို သွားတွေ့တယ်။ သူ့မှာ ချီးမြှောက်ထိုက်တဲ့ သဒ္ဓါတရားရှိလား။ လှမ်းပြီးတော့ ကြည့်လိုက်ရသေးတယ်။

ပညာရှိသူတော်ကောင်းတွေ ချီးမြှောက်တယ် ဆိုတာက ချီးမြှောက်ချင်တိုင်း ချီးမြှောက်လို့ မရဘူး။ ဘာရှိမှ ချီးမြှောက်လို့ ရတာလဲ။ သဒ္ဓါတရားရှိမှ ချီးမြှောက်လို့ရတာ။ ဒီဒကာလေးရဲ့ နှလုံးသားထဲမှာ သဒ္ဓါတရား ရှိမရှိ ကြည့်လိုက်တော့ သဒ္ဓါတရားရှိတယ်။ ကံ-ကံရဲ့ အကျိုးကို ယုံကြည်တတ်တဲ့စိတ်ဓာတ်တွေ အပြည့်အဝရှိတယ်ဆိုတာကို သိတော့ သင်္ကန်းရုံပြီးတော့ . . ကောင်းကင်ခရီးကနေ ကြွလာ။ ညီငယ်သူကြွယ်ရဲ့ ရှေ့မှာရပ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို မြင်လိုက်ရတယ်ဆိုရင်ပဲ ကြည်ညိုတဲ့စိတ်တွေ ဖြစ်ပြီးတော့ 'ထိုင်တော်မူပါဘုရား' ဆိုပြီးတော့ ပခုံးပေါ်တင်ထားတဲ့ တဘက်လေးကို ခေါက်ပြီးတော့ မြေကြီးခပ်မြင့်မြင့်မှာ ခင်းပေးလိုက်တယ်။ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ထိုင်။ တဘက်ကလေးကို နေရာထိုင်ခင်းအဖြစ် လှူလိုက်တော့ နေရာထိုင်ခင်းအလှူလည်း ဖြစ်သွားတာပဲ။ နေရာအလှူ တစ်နည်းပြောရင်တော့ ကျောင်းအလှူဖြစ်သွားတာပဲ။

ပြီးတော့မှ 'အရှင်ဘုရား၊ အရှင်ဘုရားရဲ့ သပိတ်ကလေး ဒီဘက်နည်းနည်း စောင်းတော်မူပါဘုရား'။ သူ့ရဲ့ ဝေစုဖြစ်တဲ့ ကြံချောင်းတစ်ချောင်း အဖျားက ပိတ်ထားတဲ့ သစ်ရွက်ကလေး ဖယ်ပြီးတော့ သပိတ်ထဲ စိုက်ချလိုက်တော့ ကြံရည်တွေ လျှောခနဲ ထွက်သွား။ သပိတ်အပြည့် ကြံရည်တွေ ရသွားတာပေါ့။

ပစ္စေကဗုဒ္ဓါအရှင်မြတ်က အဲဒီဒကာလေးရဲ့ ရှေ့မှာပဲ ကြံရည်တွေကို ဘုဉ်းပေးတော်မူလိုက်တယ်။ အဲဒါနဲ့ ဒကာလေးက သိပ်ပြီးတော့ ကြည်ညိုတာနဲ့ 'နောင်တော့်အတွက်ထားတဲ့ ကြံချောင်းလေးလည်း လှူလိုက်ဦးမယ်။ နောင်တော်နဲ့ တွေ့တော့မှ ကြံချောင်းဖိုး ပေးလိုက်တော့မယ်။ ဒါမှမဟုတ် ကုသိုလ်ဝေစုလိုချင်တယ်ဆိုရင်လည်း ကုသိုလ်ဝေစု ပေးလိုက်မယ်' ဆိုပြီးတော့ နောင်တော်ရဲ့ကြံချောင်းကိုပါ ကြံရည်ထုတ်လှူလိုက်ပါတယ်။

ဒီတစ်ခါကျတော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဘုဉ်းမပေးတော့ဘူး။ ခုနက ကြံရည် သပိတ်တစ်လုံးအပြည့်



www.burmeseclassic.com

www.burmeseclassic.com

ဘုဉ်းပေးပြီးပြီဆိုတော့ ဗိုက်ပြည့်သွားပြီပေါ့။ ဒါနဲ့ ဒီအတိုင်းပဲ စကားမဆိုဘဲနဲ့ ထိုင်နေတယ်။ အဲဒီမှာ ဇောတိကအလောင်းညီငယ်က သိလိုက်ပြီ။ 'ကြံရည် မဘုဉ်းပေးတော့ဘူး'။ ဒါနဲ့ ရှိခိုးပြီးတော့ . . .

'အရှင်ဘုရား . . .၊ တပည့်တော် အခုလို ကြံရည် လှူရတဲ့ ကုသိုလ်ကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေ အထက်တန်းကျကျ ခံစားရပြီးတော့ အဆုံးစွန်သော ဘဝမှာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါရစေ' ဆိုပြီးတော့ ဆုတောင်းလိုက်တယ်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်ကလည်း 'တောင်းတဲ့ဆုနဲ့ ပြည့်ပါစေ' ပေါ့။ အဲဒါနဲ့ ပြန်လာခဲ့။

ပစ္စေကဗုဒ္ဓါကလည်း ဒကာလေး မြင်အောင်ဆိုပြီးတော့ အဓိဋ္ဌာန်လိုက်တယ်။ ကောင်းကင်ခရီးကနေ ကြွသွား၊ ဟိမဝန္တာ၊ ဂန္ဓမာဒနတောင်ရောက်တော့ ပစ္စေကဗုဒ္ဓါအရှင်မြတ်ငါးရာကို ကြံရည်တွေ ခွဲဝေပြီးတော့ လှူဒါန်းလိုက်တယ်။

ကြံချောင်းတစ်ချောင်းက ထွက်လာတဲ့ ကြံရည် သပိတ်တစ်လုံးစာကြံရည်က ပစ္စေကဗုဒ္ဓါငါးရာ ဘုဉ်းပေးလို့ ရပါတယ်။ ပစ္စေကဗုဒ္ဓါငါးရာလုံး ကြံရည်ဘုဉ်းပေးနေကြတာကို ဒကာလေးက မြင်ရတယ်။ မြင်ရတော့ ဒကာ



လေးက ကြည်နူးတာပေါ့။

ပြန်လာတော့ အစ်ကိုကြီးက . . .

'ညီလေး ဘယ်က ပြန်လာတာတုံး'

'ကျွန်တော် ကြံခင်းက ပြန်လာတာပါ'

'ကြံခင်းက ပြန်လာတာ ကြံချောင်းတစ်ချောင်း စ်ချောင်းတော့ ချိုးခဲ့မှပေါ့။ အခု လက်ဗလာ ပြန်ခဲ့ရသ ား။ မင်း တော်တော်အသုံးမကျတဲ့ကောင်ပဲ'

'အစ်ကိုကြီး . . . အပြစ်တင်မစောပါနဲ့။ အစ်ကို့ တွက် တစ်ချောင်း၊ ညီ့အတွက်တစ်ချောင်း၊ ကြံချောင်းနှစ် ချောင်း ခုတ်ပြီးတော့ လာခဲ့ပါတယ်။ ဒါပေမဲ့ ပစ္စေကဗုဒ္ဓါ ရှင်မြတ်နဲ့ တွေ့လို့ ညီလေးကလည်း ညီလေးရဲ့ ကြံ ချောင်းကို ကြံရည်အဖြစ်နဲ့ လှူလိုက်ပါတယ်။ အစ်ကိုကြီး တွက် ကြံချောင်းကိုလည်းပဲ အဖိုးအခတောင်းရင် အဖိုး ခပေးမယ်။ ကုသိုလ်ဝေစုတောင်းရင်လည်း ကုသိုလ်ဝေစု းမယ်ဆိုပြီးတော့ ကြံရည်ထုတ်ပြီး ညီလေး လှူခဲ့ပါတယ်'

'ပစ္စေကဗုဒ္ဓါအရှင်မြတ်က အလှူခံလိုက်သလား။ ယ်လိုလုပ်တုံး' ဆိုတော့ ခုန ကောင်းကင်ခရီးက ကြွသွား တော့ ပစ္စေကဗုဒ္ဓါငါးရာနဲ့ ခွဲဝေဘုဉ်းပေးတဲ့အကြောင်း ပြောပြလိုက်တယ်။ ပြောလိုက်တော့ နောင်တော်ကြီးက ည်း ကြည်ညိုတဲ့စိတ်တွေ တဖွားဖွားဖြစ်။ ပီတိတွေ လွှမ်း



www.burmeseclassic.com

www.burmeseclassic.com

ခြုံပြီးတော့ လက်အုပ်လေးချီပြီးတော့ ဆုတောင်းလိုက်
တယ်။

သူကိုယ်တိုင် ကပ်ခဲ့တာတော့ မဟုတ်ဘူး။ သူ့ရဲ့
ကိုယ်စား ညီလေးက လှူခဲ့တာ။ သူကိုယ်တိုင် မလှူခဲ့ပေမယ့်
သူ့ဝေစုကို လှူခဲ့တာ ဆိုတော့ သူ့ကုသိုလ်ပဲပေါ့။

ကိုယ်ကိုယ်တိုင် ကြိုမသိတဲ့ ကိုယ့်ဝေစုကို သူများ
က လှူပေးလိုက်တာကို ကိုယ်သိတဲ့ အချိန်မှာ ကိုယ်ကိုယ်
တိုင် လှူလိုက်ရသလို ကျေကျေနပ်နပ်နဲ့ ဝမ်းမြောက်ဝမ်း
သာဖြစ်ရင် အဲဒီကုသိုလ်ဟာ ကိုယ့်ကုသိုလ်ပါပဲ။ ကိုယ့်ဝေ
တမ်းအပေါ် စွဲလမ်းစိတ် မထားဘဲ စွန့်လွှတ်လိုက်ရင် ကိုယ့်
ကုသိုလ်ရပါတယ်။ ကြိုတင်ပဲ သိသိ၊ နောက်မှပဲ သိသိ၊ ဝေ
တမ်းကို မစွဲလမ်းရင် ကုသိုလ်ပါပဲ။

'ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ကြံရည်လှူရတဲ့ ကု
သိုလ်ကြောင့် အရှင်မြတ် ထိုးထွင်းသိမြင်တဲ့ သစ္စာလေးပါး
တရား အမြန်ဆုံး ထိုးထွင်းသိပါရစေ'

တစ်နည်းပြောရင်တော့ . . . 'ပစ္စေကဗုဒ္ဓါ အရှင်
မြတ်ကို ကြံရည်လှူရတဲ့ ကုသိုလ်ကောင်းမှုကြောင့် ဆင်း
ခပ်သိမ်း ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြု
နိုင်ပါရစေ'

ဒီဆုပဲ တောင်းလိုက်ပါတယ်။

— — — —





## လျှာရှည်ရင် သံသရာရှည်မယ်

အစ်ကိုကြီးရဲ့ဆုတောင်းနဲ့ ညီလေးရဲ့ဆုတောင်း
ဘယ်သူ့ဆုတောင်းက ရှည်တုံး။ ညီလေးရဲ့ ဆုတောင်းက
ရှည်တယ်။ အစ်ကိုကြီးနဲ့ ညီလေး ဘယ်သူက ဆုတောင်း
ရှည်တုံး။ ညီလေးက ဆုတောင်းရှည်တယ်။

လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေ အကြိမ်ကြိမ် အမြဲ
မပြတ် ခံစားပြီးတော့ . . နောက်ဆုံးကျမှ နိဗ္ဗာန်ကို မျက်
မှောက်ပြုပါရစေ . . တဲ့။ လူ့စည်းစိမ်၊ နတ်စည်းစိမ်ပေါ်မှာ
တွယ်တာကပ်ငြိတဲ့ တဏှာလေး ပါနေသေးတယ်။ နိဗ္ဗာန်ကို
နောက်ဆုံးမှ လိုချင်တာ။ လောလောဆယ် မလိုချင်သေး
ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အစ်ကိုကြီးကကျတော့ လူ့စည်းစိမ်၊ နတ်စည်းစိမ်
မတောင်းတော့ဘူး။ နိဗ္ဗာန်ကို မျက်မှောက်ပြုပါရစေ။ ဒါပဲ
နိဗ္ဗာန်တစ်ခုတည်းပဲ။

သေလွန်သွားတဲ့အခါကျတော့ နတ်ပြည်မှာ နတ်
စည်းစိမ်တွေ ခံစား။ လူ့ပြည်နတ်ပြည် ကျင်လည်။ ပြီးတော့
မှ . . . မြတ်စွာဘုရားပွင့်တော်မူတဲ့အခါကျတော့မှ . . .
လူ့ပြည်မှာ သူတို့နှစ်ယောက်က ညီအစ်ကိုနှစ်ယောက်
ပြန်ဖြစ်တယ်။ အစ်ကိုက သေနလို့ခေါ်တယ်။ ညီက အပရာ
ဇိတ လို့ခေါ်တယ်။

အစ်ကိုကြီး သေနက မြတ်စွာဘုရား ဟောတဲ့
တရားတွေ နာကြားပြီးတော့ သဒ္ဓါတရားတွေဖြစ်၊ အိမ်ရာ
တည်ထောင် လူ့ဘောင်ကို စွန့်ပြီးတော့ ရဟန်းဘဝကို ကူး
ပြောင်း။ ရဟန်းတရားတွေ ပွားများအားထုတ်လိုက်တာ
သိပ်မကြာခင်မှာပဲ ရဟန္တာဖြစ်သွားတယ်။ ရဟန္တာ ဖြစ်ပြီး
တော့ သံသရာကနေ လွတ်မြောက်သွားခဲ့တယ်။

ဒီနေရာမှာ ကောက်ချက်တစ်ခုချခဲ့နော်။ အစ်ကို
ကြီး နိဗ္ဗာန် မြန်မြန်ရောက်သွားတာ . . . အစ်ကိုကြီးရဲ့
ခွဲတမ်းကို အစ်ကိုကြီးရဲ့ ကိုယ်စား ညီလေး လှူခဲ့တဲ့ ကုသိုလ်
ကို (ကြံရည်ကုသိုလ်ကို) အစ်ကိုကြီးက နောက်မှ သိပြီး
ကျေကျေနပ်နပ် သဘောတူခဲ့တဲ့ ကုသိုလ်ကြောင့်ပဲ။



ကိုယ့်အတွက် သူများလှူပေးတာကို ကိုယ်နောက်
မှ သိပြီး သဘောတူကျေနပ်ရင် အဲဒီကုသိုလ်ဟာ ကိုယ့်
ကုသိုလ် အလိုအလျောက် ဖြစ်သွားတယ်ဆိုတာ ကောက်
ချက်ချခဲ့ပါ။ သူလှူပေးတာ ကိုယ်ကုသိုလ်ရလို့လည်း အဲဒီ
ကုသိုလ်နဲ့ တောင်းတဲ့ နိဗ္ဗာန်ဆု မြန်မြန်ရသွားတာပေါ့။

ညီတော် အပရာဇိတကတော့ . . မြတ်စွာဘုရား
နဲ့ ပက်ပင်းကြုံပေမယ့်လို့ တရားထူး မရဘဲ ကုသိုလ်ကောင်း
မှုတွေ ပြုပြီးတော့ ကိုးဆယ့်တစ်ကမ္ဘာလုံးလုံး လူ့ပြည် နတ်
ပြည်တွေမှာ ကောင်းရာသုဂတိတွေ ကျင်လည်ခဲ့ရသေး
တယ်။

ဦးဇင်းတို့ရဲ့ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်
ရောက်တော့မှ ဇောတိကသူဌေး၊ နောက် သာသနာ့ဘောင်
ကူးပြောင်းသွားတော့ ဇောတိကမထေရ်ဆိုပြီးတော့ ကိုး
ဆယ့်တစ်ကမ္ဘာကြီးတောင် ကျင်လည်ပြီးတော့မှ ရဟန္တာအ
ဖြစ်နဲ့ ကျွတ်တမ်းဝင်သွားတယ်။

ဇောတိကသူဌေး သံသရာ ရှည်တာ ကုသိုလ်
ကြောင့် သံသရာ ရှည်တာလား။ လျှာရှည်လို့ သံသရာရှည်
တာလား။ လျှာရှည်လို့ သံသရာ ရှည်တာ။

လျှာက ဘယ်လိုရှည်သွားတာတုံး။ နိဗ္ဗာန်တစ်ခု
တည်း ဆုမတောင်းဘဲနဲ့ လူ့စည်းစိမ် နတ်စည်းစိမ် ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်ညာဆိုပြီးတော့ ဆုတောင်းလိုက်တာ လျှာရှည်သွားတာပေါ့။

ပါးစပ်နဲ့ ဆုတောင်းတာမို့လို့ စကားပြောရင် လျှာက မပါမဖြစ်တဲ့အတွက် လျှာရှည်တယ်လို့ ပြောတာပါ။ အာချောင်တယ်လို့ ပြောရင်လည်း ရတာပါပဲ။ ပါးစပ်ပြတယ်လို့ ပြောရင်လည်း ရတာပါပဲ။

မြန်မာစကားမှာ စကားများရင်၊ စကားကြောရှည်ရင် 'လျှာရှည်တယ်' လို့ ပြောကြတာဆိုတော့ ဆုတောင်းများတာဟာလည်း စကားများတဲ့သဘော၊ စကားကြောရှည်တဲ့သဘော သက်ရောက်တဲ့အတွက် နိဗ္ဗာန်တစ်ခုကလွဲပြီး အပိုဆုတွေ တောင်းနေတာကို လျှာရှည်တယ်လို့ ပြောလို့ရပါတယ်။

တချို့ကလည်း 'ကုသိုလ်ကောင်းမှုတွေ ပြုမနေနဲ့ ကုသိုလ်ကလည်း ကောင်းရာသုဂတိတွေ ရောက်စေတဲ့အတွက် သံသရာရှည်တာပဲ' လို့ ပြောကြတယ်။ ကုသိုလ်ကြောင့် သံသရာရှည်တာ မဟုတ်ပါဘူး။ အဲဒီကုသိုလ်နဲ့ ဆက်စပ်နေတဲ့ တဏှာကြောင့် သံသရာရှည်တာပါ။ ကုသိုလ်က သံသရာမရှည်စေပါဘူး။ တဏှာကသာ သံသရာရှည်စေတာပါ။

အခု ဇောတိကသူဌေးလောင်းက လူ့စည်းစိမ် နတ်စည်းစိမ်တွေကို အဆင့်အတန်းမြင့်မြင့်၊ အထက်တန်းကျကျ ခံစားချင်တဲ့ တဏှာလေးက ရှိနေတာကိုး။ စိတ်ထဲရှိနေရုံနဲ့ မပြီးသေးဘူး။ ပါးစပ်ကပါ လျှာရှည်ပြီးတော့ ဆုတောင်းလိုက်တော့ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေ အကြိမ်ကြိမ် ခံစားရတယ်။

အဲဒီတော့ သံသရာရှည်တယ်ဆိုတာ ဘာကြောင့်လဲဆိုတာ သဘောပေါက်ပြီနော်။ ဘာဖြစ်လို့တုံး။ လျှာရှည်လို့။

'လျှာမရှည်နဲ့' လို့ ပြောရင် ဒေါသနဲ့ ကြမ်းကြမ်းတမ်းတမ်းပြောတယ် ထင်နေဦးမယ်နော်။ ကုသိုလ်ကောင်းမှုပြုတဲ့အခါ လျှာတိုတိုနဲ့ ပြုရမှာလား၊ လျှာရှည်ရှည်နဲ့ ပြုရမှာလား။ လျှာတိုတိုနဲ့ ပြုရမှာ။

တစ်နေ့တစ်နေ့ ကုသိုလ်ကောင်းမှုတွေ ပြုနေကြတာ လျှာတိုတိုနဲ့လား၊ လျှာရှည်ရှည်နဲ့လား။ လျှာရှည်ရှည်နဲ့တဲ့ . . . ဆက်ဟောနေလည်း မထူးတော့ဘူးနော်။

အခု ဒကာကြီး ဦးမျိုးမြင့်၊ ဒကာမကြီး ဒေါ်မြင့်မြင့်သိန်းတို့ရော။ ဒီနေ့ လျှာရှည်ရှည်နဲ့ လှူမှာလား၊ လျှာတိုတိုနဲ့ လှူမှာလား။ ဘယ်လိုလှူမှာတုံး။ ပြုံးနေတယ်ဆိုတော့ လျှာရှည်ရှည်နဲ့ လှူမယ်ထင်တယ်။

'ဒီနေ့ စိန်မျှားကျောင်းဆောင် လှူဒါန်းလိုက်ရတဲ့



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်ကောင်းမှုကြောင့် ဆင်းရဲခပ်သိမ်းချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို အမြန်ဆုံး မျက်မှောက်ပြုနိုင်ပါရစေ' ဆိုရင် လျှာတိုသွားတာပေ့ါ။ လျှာတိုတယ်ဆိုရင် သံသရာလည်း တိုမှာပါပဲ။

သို့သော်လည်းပဲ ကိုယ်က ဆုတောင်းအထူးရှိလို့ ဘုရားဆုပန်ချင်တယ်၊ ပစ္စေကဗုဒ္ဓါဆု ပန်ချင်တယ်၊ အဂ္ဂသာဝက၊ မဟာသာဝက ဆုတွေ ပန်ချင်တယ်ဆိုရင်တော့ ကိုယ်ပန်လိုတဲ့ ဗောဓိဉာဏ်ကို ဆုတောင်းလို့ ရပါတယ်၊

အဲဒါကျတော့ ဘုရားဆုပန်တဲ့ပုဂ္ဂိုလ်ကို လျှာရှည်တယ်လို့ ပြောလို့ရပါ့မလား . . . ။ မရဘူး။ လူစည်းစိမ် နတ်စည်းစိမ် ခံစားချင်တဲ့စိတ်၊ သံသရာမှာ ငြိကပ်တဲ့စိတ်နဲ့ ဒီလို ဘုရားဆု၊ ပစ္စေကဗုဒ္ဓါဆု၊ အဂ္ဂသာဝက၊ မဟာသာဝက ဆုပန်ကြတာ မဟုတ်ဘူး။

လိုရင်းပြောကြစို့ဆိုရင်တော့ အများအကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ချင်လို့၊ သတ္တဝါဝေနေယျတွေရဲ့ အကျိုးကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ချင်လို့ ဆုတောင်းကြတာဆိုတော့ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝကအလောင်းအလျာတွေရဲ့ ဆုတောင်းကိုတော့ လျှာရှည်တယ်လို့ ပြောလို့မရပါဘူး။ လူ့စည်းစိမ် နတ်စည်းစိမ်၊ လောကီစည်းစိမ်တွေ ခံစားချင်တဲ့ဆုတောင်း ဆိုရင်တော့ လျှာရှည်တယ်လို့ ပြောလို့ရပါတယ်။

ခိုင်က တစ်ခိုင်ပဲ ရှိသေးတယ်။ မိနစ်နှစ်ဆယ်နီးပါး ရှိနေပြီနော်။ သာမဏေကျော်ဆရာတော်ဘုရားက ပြောတယ်။ သံဃာတွေ ဆွမ်းဘုဉ်းမပေးရလည်း အရေးမကြီးဘူးတဲ့။ တရားရှည်ချင်သလောက် ရှည်ပါစေ၊ ရှည်ရှည်သာဟော . . . တဲ့။

ဟောတဲ့ပုဂ္ဂိုလ်ပဲ မဘုဉ်းပေးနဲ့ပေ့ါလေ။ ကျန်တဲ့ သံဃာတွေကတော့ . . . အောက်မှာ ဘုဉ်းပေးလို့ ရပါတယ်။ ဆွမ်းဘုဉ်းတာကတော့ နာရီဝက်ဆို လုံလောက်တာပါပဲ။ ဦးဇင်းတို့ တောင်ပေါ်မှာလည်း (၁၁)နာရီခွဲမှ နေ့ဆွမ်းဘုဉ်းပေးတာပါ။

ခိုင်တစ်ခိုင်ခိုင်ကို သိပ်ကြာကြာ ပြောနေလို့ မဖြစ်ဘူး။ အချိန်က သိပ်မရတော့ ခပ်တိုတိုစီပဲ သွက်သွက်ကလေး ပြောကြတာပေ့ါ။

အဲဒီတော့ နိဗ္ဗာန်ကို စိတ်ညွတ်ပြီးတော့၊ နိဗ္ဗာန်ကို ဆုတောင်းပြီးတော့ ကုသိုလ်ပြုတယ်ဆိုရင် ဘယ်တော့မှ မပျက်စီးဘဲ ခိုင်မြဲနေတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို အမြန်ဆုံးရနိုင်တဲ့အတွက် နိဗ္ဗာန်ကို ဦးတည်ပြီးတော့ ပြုတဲ့ ကုသိုလ်ကောင်းမှုဟာလည်း ခိုင်သထက်ခိုင်တဲ့ ကုသိုလ်ကောင်းမှုပါပဲ။ သဘောပေါက်ပါတယ်နော်။



www.burmeseclassic.com

www.burmeseclassic.com



## စိတ်ထိခိုက်အောင် မလုပ်ပါနဲ့

'နိဗ္ဗာန်ညွှတ်တွား' ပြီးတော့ 'မထိပါးနှင့်'။ ကုသိုလ် ကောင်းမှုပြုတဲ့နေရာမှာ သူတစ်ပါးကို ထိပါးပြီးတော့ ပြု တယ်ဆိုရင် အဲဒီကုသိုလ်ကောင်းမှုဟာ ခိုင်တဲ့ ကုသိုလ် ကောင်းမှု မဟုတ်ဘူး။ ယိုင်တဲ့ကုသိုလ်ကောင်းမှုပဲ ဖြစ်သွား တယ်။ အဲဒီကုသိုလ်ကောင်းမှုကြောင့် အကျိုးပေး မခိုင်ဘူး အကျိုးပေး ယိုင်သွားတယ်။

ဒါက ဦးဇင်းတို့ သပ္ပုရိသဒါနသုတ္တန်မှာ သူတော် ကောင်းတွေရဲ့ အလှူငါးမျိုး မြတ်စွာဘုရားဟောထားတော့ ဒါနတစ်ခုက ဘာလဲဆိုရင် အနုပဟစ္စဒါန။ အဲဒါလေးတော့ မှတ်ထားနော်။ ပါဠိအတိုင်း။ ခိုင်သထက် ခိုင်ချင်ပါတယ်ဆို



တဲ့ ပုဂ္ဂိုလ်တွေ ဘာဒါန ပြုရမှာတဲ့တုံး။ အနုပဟစ္စဒါန။

သူ့ရဲ့ ဆန့်ကျင်ဘက်ကျတော့ ဥပဟစ္စဒါနပေါ့။ 'ဥပဟစ္စ' က 'ထိပါးတာ၊ ထိခိုက်တာ'၊ 'ဒါန' ကအလှူ။ ဥပဟစ္စဒါနဆိုတော့ ထိပါးတဲ့အလှူ ထိခိုက်တဲ့အလှူပေါ့။ အနုပဟစ္စကျတော့ (န+ဥပဟစ္စ) မထိပါးဘူး၊ မထိခိုက် ဘူး။ အနုပဟစ္စဒါန - မထိပါးတဲ့အလှူ မထိခိုက်တဲ့အလှူ။

ဥပဟစ္စဒါန ဆိုတာက . . .

မိမိကိုရော သူတစ်ပါးကိုရော ထိပါးပြီးတော့ ဒါန ပြုတယ်။ အလွယ်တကူပြောရင်တော့ သူတစ်ပါးကို ထိပါး ပြီးတော့ ဒါနပြုတယ်ပေါ့။ မြတ်စွာဘုရားကတော့ ဥပဟစ္စ ဒါနဆိုတာ ကိုယ့်ကိုယ်ကိုလည်း ထိပါးပြီးတော့ ပြုတဲ့ဒါန။ သူတစ်ပါးကိုလည်း ထိပါးပြီးတော့ ပြုတဲ့ဒါန။

ကိုယ့်ကိုယ်ကိုလည်း ထိခိုက်အောင် လုပ်တယ်။ သူတစ်ပါးကိုလည်း ထိခိုက်အောင် လုပ်တယ်။ သို့မဟုတ် ကိုယ့်ကိုယ်ကို ထိခိုက်အောင် လုပ်တယ်။ သူတစ်ပါးကိုတော့ ထိခိုက်အောင် မလုပ်ဘူး။ သို့မဟုတ် ကိုယ့်ကိုယ်ကိုတော့ ထိခိုက်အောင်မလုပ်ဘူး။ သူတစ်ပါးကိုတော့ ထိခိုက်အောင် လုပ်တယ် စသည်အားဖြင့် တစ်ခုချင်းရင်လည်း ဖြစ်မယ်။ နှစ်ခုစလုံးရင်လည်း ဖြစ်မယ်ပေါ့။

ကိုယ့်ကိုယ်ကို ထိခိုက်ပြီးတော့ လုပ်တဲ့ဒါန၊ သူ



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါးကို ထိခိုက်ပြီးတော့ လုပ်တဲ့ ဒါနဟာလည်း ခိုင်တဲ့ ဒါန မဟုတ်ပါဘူး။ ယိုင်တဲ့ဒါနပါ။

မိမိကိုရော၊ သူတစ်ပါးကိုရော ထိပါးပြီးတော့ ဒါန လုပ်တယ်လို့ မြတ်စွာဘုရားက ဟောတယ်။ ဒါပေမဲ့ ဘယ်လိုထိပါးတယ်ဆိုတာ ရှင်းပြမထားဘူး။ အဋ္ဌကထာက လည်း ကိုယ့်ကိုယ်ကို ဘယ်လိုထိပါးတာလဲ၊ သူတစ်ပါးကို ဘယ်လိုထိပါးတာလဲဆိုတာ ဖွင့်ဆိုပြမထားဘူး။ မြတ်စွာ ဘုရားကလည်း ရှင်းလင်းမပြ၊ အဋ္ဌကထာဆရာကလည်း ဖွင့်ဆိုမပြတော့ ကိုယ်ဉာဏ်မီသလောက် ဆင်ခြင်ကြည့်ရမှာ ပေါ့။

ထိပါးတယ်ဆိုတဲ့ စကားလုံးထက် ထိခိုက်တယ် ဆိုတဲ့ စကားလုံးက ပိုကောင်းတယ်။ ဥပဟစ္စဒါန - ကိုယ့် ကိုယ်ကို ထိခိုက်တဲ့ဒါန၊ သူတစ်ပါးကို ထိခိုက်တဲ့ ဒါန။ ထိ ခိုက်ခြင်း နှစ်မျိုးပေါ့။

ပထမတစ်မျိုးက ကိုယ့်ကိုယ်ကို ထိခိုက်တယ်တဲ့။ ကိုယ့်ကိုယ်ကိုယ် ထိခိုက်ပြီးတော့ လှူတယ်။ ဘယ်လိုလှူတာ လဲ။ နည်းနည်းလေး ပြောကြည့်မယ်ဆိုရင် . . .

ကိုယ့်စိတ်ကိုလည်း ထိခိုက်ပြီးတော့ လှူတယ်။ စိတ်ချမ်းချမ်းသာသာနဲ့ လှူတာ မဟုတ်ဘူး။ စိတ်ဆင်းရဲပြီး တော့ လှူတယ်။ ကိုယ့်ရဲ့ ကျန်းမာရေးကိုလည်း ထိခိုက်ပြီး တော့ လှူတယ်။ ကျန်းကျန်းမာမာနဲ့ ကြည်ကြည်လင်လင် ရွှင်ရွှင်လန်းလန်း အားရပါးရလှူတာ မဟုတ်ဘူး။ မကျန်း မမာနဲ့ ညှိုးညှိုးနွမ်းနွမ်း ပင်ပင်ပန်းပန်း တုံ့ချည့်ချည့် စိတ် မပါ လက်မပါ အားမရှိပါးမရှိ လှူတယ်။ ကိုယ့်ရဲ့ပစ္စည်း ဥစ္စာကိုလည်း ထိခိုက်ပြီးတော့ လှူတယ်။ ကိုယ်နိုင်သ လောက် တန်ရုံလှူတာ မဟုတ်ဘူး။ မနိုင်ဝန်ထမ်းပြီးတော့ မတန်တဆ လှူတယ်။

ထိခိုက်ခြင်း ဘယ်နှမျိုးတုံး။ သုံးမျိုး။ နမူနာပေါ့ နော်။

(၁) စိတ်ထိခိုက်တဲ့အလှူ
(၂) ကျန်းမာရေးထိခိုက်တဲ့အလှူ
(၃) ပစ္စည်းထိခိုက်တဲ့အလှူ။

ကိုယ့်ကိုယ်ကိုယ် ထိခိုက်တဲ့အလှူက အဲဒီလို(၃)မျိုး ကွဲပြားပါတယ်။

ကိုယ့်စိတ်ကို ထိခိုက်ခံပြီးတော့ လှူတယ်၊ ကိုယ့် စိတ်ကို ထိပါးပုတ်ခတ်ပြီးတော့ လှူတယ်ဆိုတာက အလှူ ဒါနတစ်ခု ပြုတော့ပြုတယ်။ ဒါပေမဲ့ စိတ်မချမ်းသာဘူး။ လောဘက နှိပ်စက်၊ ဒေါသက နှိပ်စက်နဲ့ စိတ်ဆင်းရဲနေ တယ်။

အလှူတစ်ခုပြုတဲ့အခါမှာ လောဘတွေ၊ ဒေါသ



www.burmeseclassic.com

www.burmeseclassic.com

တွေ ဖြစ်တာ ကြုံဖူးတယ် မဟုတ်လား။ ကြုံဖူးတယ်။ ဒါဖြင့် ထိပါးတဲ့ဒါနတွေ ဖြစ်နေတာပေါ့။ စိတ်ထိခိုက်တဲ့ဒါနတွေ ဖြစ်နေတာပေါ့။

လောဘနဲ့ကလည်းပဲ ဘယ်ဗေဒင်ဆရာက ဘယ်နေ့ ဘယ်ရက်မှာ ဘယ်ဘုရားသွားပြီးတော့ ဘာလေးလှူမယ်။ ဒါမှမဟုတ် ဘာနေ့သား ဘုန်းကြီးဆီမှာ ဘာပစ္စည်းလေး လှူရမယ်ဆိုပြီးတော့ သွားလှူ။ ဒါလေးလှူလိုက်လို့ရင်တော့ ငါလိုချင်တဲ့ အကျိုးလေး ရမှာပဲ။ ငါဆင်ထားတဲ့ခွင်လေးတော့ အောင်မြင်မှာပဲ ဆိုပြီးတော့ ကိုယ့်စိတ်မှာ ဘာတွေနဲ့ ထိပါးနေတာတုံး။ လောဘတွေနဲ့ ထိပါးနေတာ။

လောဘတွင် မကဘူး။ မိစ္ဆာဒိဋ္ဌိနဲ့ပါ ထိပါးနေတယ်။ ကုသိုလ်ကောင်းမှုလုပ်ရင် ကောင်းကျိုးချမ်းသာရမယ်ဆိုတာကို ယုံကြည်တဲ့ သဒ္ဓါတရားမျိုးနဲ့ လှူတာ မဟုတ်ဘဲနဲ့ ဗေဒင် ယတြာ၊ ဓာတ်ရိုက် ဓာတ်ဆင်ကို ယုံကြည်တဲ့ လောကီမင်္ဂလာ အစွဲအလမ်းနဲ့ လှူတာဆိုတော့ ဒိဋ္ဌိကိလေသာနဲ့ပါ စိတ်ထိပါးနေတယ်၊ စိတ်ထိခိုက်နေတယ်။

ဘာပစ္စည်းလေးကို၊ ဘာနေ့နံအရာဝတ္ထုလေးကို ဘာနာမည်ပါတဲ့ဘုရားမှာ၊ ဘာနာမည်နဲ့စတဲ့ဘုန်းကြီးမှာ သွားပြီးတော့ ဘယ်နှနာရီ၊ ဘယ်နှမိနစ်၊ ဘယ်နှစက္ကန့် အတိအကျမှာ သွားပြီးတော့ လှူလိုက်လို့ ရှိရင်တော့ လိုအင်ဆန္ဒ



တွေ ပြည့်မှာပဲ။ အခိုက်အညှဲ့တွေ ပြေပျောက်မှာပဲ။ ဘေးရန်အန္တရာယ်တွေ ကင်းရှင်းမှာပဲ။ ဘယ်လိုအခက်အခဲကနေ ဘယ်လိုလွတ်မြောက်မှာပဲ။

အဲဒီလို သွားလှူလိုက်တော့ အဲဒီ အလှူဒါနက ဘာဖြစ်နေတုံး။ ကိုယ့်ကိုယ်ကို ထိပါးတဲ့ဒါန။ ကိုယ့်စိတ်ကို လောဘနဲ့ ထိပါးနေတာ။ ဒိဋ္ဌိနဲ့ ထိပါးနေတာ။ မရှိဘူးလား။ ရှိတယ်။ ပတ်ဝန်းကျင်မှာ ဒီလိုကိစ္စတွေပြောမယ်ဆိုရင် အများကြီးပါနော်။ ယတြာအလှူတွေပေါ့။

ကိုယ်နေခဲ့ဖူးတဲ့ စာသင်တိုက်တွေ၊ ရိပ်သာတွေမှာ ကြုံခဲ့ဖူးတဲ့ အဲဒီလို ယတြာအလှူတွေက အများကြီးပဲ။ ဘုန်းကြီးတွေ သောက်ချင်တာ၊ မသောက်ချင်တာ လုံးဝ စိတ်ဝင်စားဘူး။ အုန်းဆန်ပြုတ်တို့ဘာတို့ သွားလှူတာလည်း မရှိဘူးလား။ ရှိတယ်။

အစာကြေ လေလည်အောင်လို့ သွေးရိုးသားရိုး လှူတာကတော့ ပြဿနာ မရှိဘူးလေ။ ယတြာချေတဲ့သဘောနဲ့ လှူတာကတော့ ပြဿနာပဲ။

စာသင်တိုက်တစ်ခုမှာနေတုန်းက ဒကာကြီးတစ်ယောက် သူရထားတဲ့ ရာထူးတစ်ခု ပြုတ်သွားတာ ပြန်ရအောင်လို့ဆိုပြီး ကျောင်းမှာ ယတြာချေတဲ့သဘောနဲ့ အုန်းဆန်ပြုတ်လာကပ်ဖူးတယ်။ အုန်းက(၁)၊ ဆန်က(၁) ပြုတ်



www.burmeseclassic.com

www.burmeseclassic.com

က (၅)၊ ၁+၃+၅။ ပေါင်းလိုက်တော့ (၉)၊ ကိုးနဝင်းကြေ
တယ်ဆိုပြီး ယတြာလာချေတာလေ။

သံဃာတွေ အုန်းနို့သောက်မိလို့ ဇက်ကြောထိုးမှာ
တွေဘာတွေ လုံးဝ လုံးဝ ထည့်မတွက်ပါဘူး။ ပြုတ်သွားတဲ့
ကိုယ့်ရာထူး မြန်မြန်ပြန်ရဖို့ပဲ အရေးကြီးတယ်။

ကိုယ့်ကိုယ်ကို ထိပါးပြီဆိုမှဖြင့် သူတစ်ပါးကိုလည်း
ထိပါးတော့တာပါပဲ။ ကိုယ့်စိတ်ကို ထိပါးအောင်လုပ်ရင်
သူတစ်ပါးကိုလည်း တစ်နည်းမဟုတ် တစ်နည်းနဲ့ ထိခိုက်
အောင် လုပ်မိတော့တာပါပဲ။

အသေးစိတ်တော့ မပြောတော့ပါဘူး။ ဒီလောက်
ပြောလိုက်ရင် သဘောပေါက်လောက်ပါပြီနော်။

လောဘနဲ့လည်း ကိုယ့်စိတ်ကို ထိပါးပြီးတော့ လှူ
တယ်။ ထိခိုက်ပြီးတော့ လှူတယ်။ ဥပဟစ္စဒါန။ သူ့ရဲ့ ဆန့်
ကျင်ဘက် . . . ကိုယ့်စိတ်မှာ အလှူနဲ့ ပတ်သက်လို့ လော-
ဘ အဖြစ်မခံဘူးဆိုရင်တော့ အနုပဟစ္စဒါနပေါ့။ လောဘ
နဲ့ စိတ်အထိခိုက်မခံတဲ့အလှူ။

ဒေါသနဲ့လည်း ကိုယ့်စိတ်ကို ထိပါးပြီးတော့ လှူ
တတ်ကြသေးတယ်။ ဒါကလည်း အထူးပြောစရာကို မလိုပါ
ဘူးလေ။ အခုလို အလှူအတန်းကြီးတွေ လုပ်ကြပြီဆိုရင်
မဖြစ်တတ်ဘူးလား၊ 'မီးဖိုချောင် သေချာကြည့်'၊ 'ကြွပ်ကြွပ်
အိတ်တွေ သတိထား'၊ 'ချိုင့်တွေ သတိထား'၊ 'ဟိုလူက
ကြွပ်ကြွပ်အိတ်နဲ့ သယ်သွားပြန်ပြီ၊ ဒီလူက ချိုင့်နဲ့ သယ်
သွားပြန်ပြီ'။ 'ဒီမှာ အလှူတောင် မပြီးသေးဘူး။ ဘုန်းကြီး
တောင် ကုန်အောင် မကပ်ရသေးဘူး။ ဘယ်လိုဟာတွေ
လည်း မသိဘူး။ ဘယ်နှကမ္ဘာကတည်းက ငတ်နေကြတာ
လည်း မသိဘူး' နဲ့ ဆိုတော့ ဒေါသတွေ မဖြစ်ဘူးလား။
ဒေါသနဲ့ စိတ်အထိခိုက်ခံတဲ့အလှူ။ ဥပဟစ္စဒါန။

အလှူလှူနေစဉ်မှာပဲ အလှူခံပုဂ္ဂိုလ်ရဲ့ ကြည်ညို
ဖွယ်မဆောင်တဲ့ အပြောအဆို၊ အပြုအမူကို မြင်တွေ့ရတဲ့
အခါ မကျေမနပ် ဖြစ်သွားတယ်။ 'ပြောပုံဆိုပုံကိုက ဘယ်လို
မှန်း မသိဘူး၊ နေပုံထိုင်ပုံကိုက ဘယ်လိုမှန်း မသိဘူး၊ ဒီလို
မှန်းသိ မလှူပါဘူး၊ သူ့လှူမယ့်အစား . . .၊ ဒီမှာ လှူမယ့်
အစား . . .' . . . .၊ ဟော . . . ဒေါသနဲ့ စိတ်ထိခိုက်သွား
ပြီ။ ဥပဟစ္စဒါနပါပဲ။

ကိုယ်က အလှူလုပ်နေတယ်။ ဟိုလိုက်ဧည့်ခံ၊ ဒီ
လိုက်ဧည့်ခံ လုပ်နေရင်း ဖိနပ်ပျောက်ပြီဆိုတော့ . . ဘယ်
ကောင် ခိုးသွားတယ် မသိဘူး။ ကြည့်ပါဦး . .။ လူကြီးလူ
ကောင်းတွေ လုပ်ပြီးတော့၊ တိုက်ပုံတွေ ဝတ်လာပြီးတော့
ဖိနပ်မှားစီးသွားပြန်ပြီ။ စိတ်တွေတို၊ တောက်တွေခေါက်။
ကိုယ့်ကိုယ်ကို ဒေါသနဲ့ မထိပါးဘူးလား။



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်က သိန်းပေါင်းများစွာ အကုန်အကျခံ စွန့်လွှတ်လှူဒါန်းနေရင်းနဲ့ တစ်ဖက်က ရာဂဏန်း၊ ထောင်ဂဏန်း၊ သောင်းဂဏန်းပဲ တန်တဲ့ ဖိနပ်ပျောက်သွားတဲ့အပေါ် မကျေမနပ်ဖြစ်နေတယ်။ အလှူလုပ်ရင်း ဒေါသဖြစ်နေတာ။ စိတ်ထိခိုက်တဲ့ ဥပဟာစ္စဒါနပါပဲ။

ကိုယ့်အလှူမှာ ဝေယျာဝစ္စ လာလုပ်ပေးတဲ့သူတွေအပေါ် ကိုယ်စီစဉ်ထားတဲ့အတိုင်း မဟုတ်လို့၊ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း မဖြစ်လို့၊ ကိုယ့်စိတ်တိုင်းကျ မလုပ်လို့ ဗျစ်တောက်ဗျစ်တောက်၊ ပွစိပွစိနဲ့ မကျေမနပ်ဖြစ်နေတယ်။ အလှူလုပ်ရင်း ဒေါသနဲ့ စိတ်ထိခိုက်နေတာဆိုတော့ သူ့ဒါနက ဥပဟာစ္စဒါန။

အဲဒီလိုအားဖြင့်ပေါ့လေ။ ထိပါးခြင်း၊ ထိခိုက်ခြင်းတွေက အများကြီး ရှိတယ်နော်။ အသေးစိတ်ပြောမယ်ဆိုရင်တော့ ကုန်တောင် မကုန်နိုင်ဘူး။

ကိုယ့်စိတ်ကို လောဘတွေရဲ့ အနှိပ်စက်ခံ၊ ဒေါသတွေရဲ့ အနှိပ်စက်ခံ၊ မာနတွေရဲ့ အနှိပ်စက်ခံ၊ ဣဿာမစ္ဆရိယတွေရဲ့ အနှိပ်စက်ခံပြီးတော့ လှူနေကြတဲ့ ဒါနတွေဟာ ဥပဟာစ္စဒါနတွေပါပဲ။

ဟိုလူနဲ့ လှမ်းပြိုင်၊ ဒီလူနဲ့ လှမ်းပြိုင်။ အထူးသဖြင့် ကိုယ်နဲ့ စီးပွားဖက်ချင်းပေါ့။ သူက ဆယ်သိန်းလှူ ငါက



သိန်းနှစ်ဆယ်လှူပစ်လိုက်မှာပေါ့။ သူက ဟင်းငါးမျိုးနဲ့ကျွေး၊ ငါက ဟင်းဆယ်မျိုးနဲ့ ကျွေးလိုက်မယ်ဟေ့။ ကိုယ်လှူတဲ့အလှူ သူသိအောင်လည်းပဲ တိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်တစ်မျိုး လိုက်ပြောလိုက်သေးတယ်။ ကဲ . . . မာနနဲ့ ကိုယ့်စိတ်တွေ ထိပါးမနေဘူးလား။ ကိုယ့်စိတ်တွေ မာနနဲ့ ထိခိုက်နေတာ။ ဥပဟာစ္စဒါနပဲ။

အလှူရှင်တွေ အများကြီး စုပေါင်းပြီးတော့ ဘုန်းကြီးကို ဆွမ်းကပ်ကြတယ်။ ကိုယ့်ဟင်းခွက်တွေကိုပဲ ဘုန်းကြီးနား အတင်းကပ်ထားတယ်။ သူများ ဟင်းခွက်တွေကို အဝေးပို့ပစ်တယ်။ သူများဟင်းခွက်တွေကို ဘုန်းကြီးစားမှာ စိုးရိမ်နေတယ်။ သူများ ဟင်းခွက်ပဲ ဘုန်းကြီးနှိုက်နေရင် ကိုယ်က မကြိုက်ဘူး။ ကိုယ့်စိတ်တွေ ဣဿာနဲ့ ထိခိုက်နေတာ။ မနာလိုမှု ဣဿာနဲ့ စိတ်ထိခိုက်နေတဲ့ အဲဒီဒါနဟာ ဥပဟာစ္စဒါနပဲ။

ကိုယ့်ဟင်းခွက်ကို ဘုဉ်းပေးသလိုမျိုး သူများဟင်းခွက်ကို မဘုဉ်းပေးစေချင်တာ၊ ကိုယ့်ဟင်းခွက်ကိုချည်းပဲ ဘုဉ်းပေးစေချင်တာ၊ ဘုန်းကြီးနဲ့ သပ္ပာယဖြစ်တဲ့ ကိုယ့်ဟင်းခွက်နည်းလေး သူများကို ပြောမပြချင်တာကျတော့ မစ္ဆရိယနဲ့ စိတ်ထိခိုက်နေတာပေါ့။ ဝန်တိုမှု မစ္ဆရိယနဲ့ စိတ်ထိခိုက်နေတဲ့ အဲဒီဒါနဟာ ဥပဟာစ္စဒါနပဲ။



www.burmeseclassic.com

www.burmeseclassic.com

လောဘနဲ့လည်း စိတ်မထိခိုက်၊ ဒေါသနဲ့လည်း စိတ်မထိခိုက်၊ မာနနဲ့လည်း စိတ်မထိခိုက်၊ ဣဿာနဲ့လည်း စိတ်မထိခိုက်၊ မစ္ဆရိယနဲ့လည်း စိတ်မထိခိုက်ဘူးဆိုရင်တော့ စိတ်မထိခိုက်တဲ့ဒါနကို အနုပဟစ္စဒါနလို့ ခေါ်ပါတယ်။

■





## မနိုင်ဝန်ထမ်းရင်စိတ်ထိခိုက်မယ်

နောက်တစ်ခုက ကိုယ့်ရဲ့ ကျန်းမာရေးကို ထိပါးပြီးတော့ လှူတယ်။ ကိုယ် မနိုင်ဝန်တွေ ထမ်းပြီးတော့ လှူတယ်။ မနိုင်ဝန်ထမ်းတော့ အအိပ်တွေပျက်၊ အစားတွေ ပျက်။ သွေးလေမမှန်၊ ကျန်းမာရေးတွေ ထိခိုက်၊ ခေါင်းတွေ ကိုက်နဲ့ဆိုတော့ 'ဒီလိုမှန်းသိရင် ငါမလှူပါဘူး။ နောက်မှ လှူပါတယ်' ဆိုပြီးတော့ လှူတဲ့အလှူထဲမှာ စိတ်က ပါသေးသလား။ မပါတော့ဘူး။

အထူးသဖြင့် ဘယ်နေရာတွေမှာ တွေ့တတ်တုံး ဆိုတော့ အိမ်မှာ ဆွမ်းစားပင့်ပြီးတော့ အရက်ဆွမ်းကပ်တဲ့ အခါလေ။ ကြုံခဲ့ဖူးတယ်ထင်တယ်။ ပြုံးကုန်ကြပြီနော်။



www.burmeseclassic.com

www.burmeseclassic.com

'ဘုန်းကြီးတွေကလည်း ဘာမှန်းမသိဘူး။ နေ့ဆွမ်းမကြွ အရုဏ်ဆွမ်းကြွတယ်။ အစောကြီး ထရတာ ခေါင်းမ မကြည်၊ အာရုံက မကြည်နဲ့'...။ ဟော ... ဒေါသဖြ သွားပြီ။ ကျန်းမာရေးထိခိုက်တဲ့အတွက် စိတ်ထိခိုက်သွား တာ၊ ခန္ဓာကိုယ်ထိခိုက်တဲ့အတွက် စိတ်ထိခိုက်သွားတာ

ညကျတော့လည်း တီဗီတွေကြည့်၊ ဗီဒီယိုတွေ ကြည့်၊ ဘောလုံးပွဲတွေကြည့်။ အိပ်ရေးတွေက ပျက်။ မနက် ကျတော့ ခေါင်းမကြည်မလင်၊ ဦးနှောက်မကြည်မလင် စိတ်မကြည်မလင်၊ အလှူထဲမှာ စိတ်မပါ။ အလကားဖြ ရင်း ဟိုစိတ်တို၊ ဒီစိတ်တို။ ဆွမ်းစားပင့်ထားတဲ့ ဘုန်းကြီး တောင်မှ စိတ်တို။

ကဲ ... ကိုယ့်ကျန်းမာရေး ထိပါးပြီးတော့ လှူဒါန်း တော့ရော ကိုယ့်စိတ်မှာ လောဘ၊ ဒေါသ၊ မာန စသည့် ကိလေသာတစ်ခုခုနဲ့ ထိပါးမသွားဘူးလား။ ထိပါးသွား ပဲ။ ခန္ဓာကိုယ် ထိခိုက်တဲ့အတွက် စိတ်ထိခိုက်သွားတော့ ဥပဟာစ္စဒါန၊ ထိခိုက်တဲ့အလှူ ဖြစ်သွားတယ်။

ကိုယ့်စိတ်လည်း အထိခိုက်မခံဘဲ လှူရမယ်။ကျန်း မာရေးလည်း အထိခိုက်မခံဘဲ လှူရမယ်။ နောက် ... ကိုယ့်ပစ္စည်းဥစ္စာလည်း အထိခိုက်မခံဘဲ လှူရမယ်။ ကိုယ့် ပစ္စည်း အထိခိုက်မခံဘဲဆိုတာက ကိုယ့်ပစ္စည်း တစ်ပြား



ကုန်ဘဲနဲ့ ဒါနပြောက်ဖို့ပြောတာ မဟုတ်ဘူးနော်။

လှူတယ်ဆိုမှတော့ ကိုယ့်ပစ္စည်း အတိုင်းအတာ တစ်ခုအထိ ကုန်မှာပဲ။ ဒါပေမဲ့ ကိုယ်အကုန်ခံနိုင်တဲ့ အ တိုင်းအတာအတွင်းမှာပဲ အကုန်ခံပြီး လှူသင့်တယ်။ ကိုယ် တတ်စွမ်းနိုင်သလောက် ဘောင်အတွင်းကပဲ လှူသင့်တယ်။ ကိုယ်မတတ်နိုင်တဲ့ ပမာဏအထိ ချေးငှားပေါင်နှံပြီး လှူ တာမျိုး မလုပ်သင့်ဘူး။

ကြွားချင်ဝါချင်စိတ်၊ ဒါမှမဟုတ် အရေးအတွက်ကို အဓိကထားတဲ့ စိတ်နဲ့ မနိုင်ဝန်ထမ်းပြီး ကိုယ်မတတ်နိုင်တဲ့ အတိုင်းအတာ ပမာဏမျိုး လှူတဲ့အလှူဟာ ပစ္စည်းဥစ္စာကို ထိပါးပြီး၊ ထိခိုက်ပြီး လှူတဲ့အလှူပါပဲ။ ဥပဟာစ္စဒါန - ပစ္စည်း ထိခိုက်တဲ့အလှူ။

တချို့ရှိတယ်လေ။ လှူတော့ လှူတယ်။ ရှင်ပြု တယ်။ တောရွာတွေမှာ ဆိုပါတော့။ ကိုယ်မနိုင်ဝန် ထမ်းပြီး တော့ လယ်တွေပေါင်၊ ကျွဲနွားတွေပေါင်ပြီးတော့ လှူတယ်။ ရှင်ပြုပွဲလည်းပြီးရော ကုန်ငွေနဲ့ ကုငွေ မကာမိတဲ့အခါကျ တော့ လယ်လည်း ပြန်မရွေးနိုင်၊ ကျွဲနွားလည်း ပြန်မရွေး နိုင်၊ မရှိဘူးလား။

'ဪ ... ဒီလိုမှန်းသိ မလှူပါဘူး' ဆိုပြီးတော့ အလှူဒါနလုပ်ခဲ့တဲ့အပေါ်မှာ စိတ်ကြည်ကြည်လင်လင်မရှိ



www.burmeseclassic.com

www.burmeseclassic.com

တော့ဘူး။ လယ်မရွေးနိုင်တာတွေးပြီးတော့ စိတ်ဆင်းရဲ ကျွဲနွားပြန်မရွေးနိုင်တာ တွေးပြီးတော့ စိတ်ဆင်းရဲ၊ ပေါင် ထားတဲ့ စိန်တွေ ရွှေတွေ ပြန်မရွေးနိုင်တာ တွေးပြီးတော့ စိတ်ဆင်းရဲ၊ ချေးငှားထားတာတွေ ပြန်မဆပ်နိုင်လို့ စိတ် ဆင်းရဲ။

ပစ္စည်းထိခိုက်တာကို အကြောင်းပြုပြီး စိတ် ထိခိုက်သွားတာ။ ဒီဥပဟစ္စဒါနကလည်း အများအားဖြ မာနကို အခြေခံပြီးတော့ ဖြစ်တတ်တာပဲ။ သူများနဲ့ ဂုဏ် တုဂုဏ်ပြိုင် လုပ်ချင်တဲ့စိတ်၊ ကြွားချင်ဝါချင် ဂုဏ်ယူချင် စိတ်တွေကြောင့် ထိခိုက်တဲ့ဒါနတွေ ဖြစ်သွားတာပဲ။

ထင်ပေါ်ကျော်ကြားချင်တဲ့ လောဘ၊ သူများ မွမ်းတာခံချင်တဲ့ လောဘကြောင့် . . ကိုယ်မနိုင်တဲ့ဝန်တွေ ထမ်းပြီး လှူတယ်။ လှူနေတုန်းမှာ အဲဒီနာမည်လိုချင် လောဘနဲ့လည်း စိတ်ထိခိုက်နေသလို 'ဒီငွေတွေ ဘယ် နည်းနဲ့ ပြန်ရအောင် လုပ်ရပါ့မလဲ၊ ဟိုကိစ္စအတွက် စရာငွေ မကျန်တော့ဘူး' စသည် တွေးပြီးတော့ ဒေါ ဒေါမနဿနဲ့လည်း စိတ်ထိခိုက်နေပါတယ်။ လှူဖွယ်ပစ္စ ထိခိုက်အောင် လှူလို့ စိတ်ထိခိုက်သွားတာပါပဲ။

ကိုယ့်ကိုယ်ကို ထိခိုက်တာ သဘောပေါက်ပြီလား လွယ်လွယ်လေး မှတ်လိုက်တော့။ လောဘ၊ ဒေါသ



ကိလေသာတွေနဲ့ အနှိပ်စက်ခံပြီးတော့လည်း ကိုယ့်ရဲ့ စိတ် ချမ်းသာမှုကို ထိခိုက်တယ်။ မနိုင်ဝန်တွေ ထမ်းပြီးတော့ လည်း ကျန်းမာရေးကို ထိခိုက်တယ်။ ကြွားချင်ဝါချင်၊ ပြိုင် ချင်ဆိုင်ချင်စိတ်၊ ထင်ပေါ်ကျော်ကြားချင်၊ ချီးမွမ်းခံချင်စိတ် နဲ့ မျက်နှာလုပ်၊ ဟန်လုပ်ပြီးတော့လည်း ကိုယ့်ရဲ့ပစ္စည်းဥစ္စာ ကို ထိခိုက်တယ်။

လိုရင်းကတော့ စိတ်ထိခိုက်ခြင်းပါပဲ။ အဲဒီစိတ်ထိ ခိုက်ခြင်းကမှ လောဘ၊ ဒေါသ၊ မာန စတဲ့ ကိလေသာ ကြောင့် စိတ်ထိခိုက်ခြင်း၊ ကျန်းမာရေး ချွတ်ယွင်းမှုကြောင့် စိတ်ထိခိုက်ခြင်း၊ ပစ္စည်းဥစ္စာ ပျက်စီးမှုကြောင့် စိတ်ထိခိုက် ခြင်း ဆိုပြီး သုံးမျိုးကွဲသွားတာပါ။ ဘာအကြောင်းကြောင့်မှ စိတ်မထိခိုက်ဖို့ အရေးကြီးပါတယ်။

အကြောင်းတစ်ခုခုကြောင့် စိတ်ထိခိုက်သွားရင် အဲဒီထိခိုက်တဲ့စိတ်နဲ့ လှူတဲ့အလှူဟာ 'ထိခိုက်တဲ့အလှူ' (ဥပဟစ္စဒါန)ဖြစ်သွားမှာပါပဲ။ ဘာပဲလှူလှူ ဘယ်သူ့ပဲလှူ လှူ ဘယ်အချိန်ပဲလှူလှူ ထိခိုက်တဲ့အလှူ မဖြစ်ဖို့အတွက် ကိုယ့်စိတ်ကို၊ ကိုယ့်အခြေအနေကို သတိဉာဏ်နဲ့ အမြဲ စောင့်ကြည့်စစ်ဆေး ပြုပြင်နေဖို့ လိုအပ်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## သူ့ကို 'ထိ' ရင် ကိုယ်ပဲ 'ခိုက်' မယ်

သူတစ်ပါးကို ထိခိုက်တာကျတော့ ဘယ်လိုတွေ ဖြစ်မတုံး။ သူတစ်ပါးရဲ့ စိတ်ချမ်းသာမှုကိုလည်း ထိခိုက် အောင် လုပ်ပြီးတော့ လှူတယ်။ သူတစ်ပါးရဲ့ ကုသိုလ်ရ ပိုင်ခွင့်တွေကိုလည်း ထိခိုက်အောင် လုပ်ပြီးတော့ လှူတယ်။ သူတစ်ပါးရဲ့ ကောင်းကျိုးချမ်းသာ အခွင့်အလမ်းတွေကို လည်း ထိခိုက်အောင် လုပ်ပြီးတော့ လှူတယ်။ သုံးမျိုးပေါ့

(၁) စိတ်ချမ်းသာမှု ထိခိုက်တဲ့အလှူ

(၂) ကုသိုလ်ရပိုင်ခွင့် ထိခိုက်တဲ့အလှူ

(၃) ကောင်းကျိုးအခွင့်အလမ်းထိခိုက်တဲ့အလှူ

သူတစ်ပါးကို ထိခိုက်တဲ့အလှူက အဲဒီလို(၃)မျိုး



ကွဲပြားပါတယ်။

တချို့ အလှူပွဲကြီး လုပ်တယ်။ အသံချဲ့စက်ကြီးတွေ အုန်းပင်၊ ထန်းပင်ထိပ်ဖျား တင်ပြီးတော့ အလှူမတိုင်ခင် ငါးရက်လောက်၊ သုံးရက်လောက်ကတည်းက ဖွင့်တော့ ပတ်ဝန်းကျင်က စိတ်ချမ်းသာသေးရဲ့လား။ နားတွေ ပူပြီးတော့၊ အိပ်ရေးတွေ ပျက်ပြီးတော့ စိတ်မချမ်းသာတော့ဘူး။

ဆူညံသံကြောင့် အာရုံစူးစိုက်ပြီး လုပ်ရတဲ့အလုပ်တွေ ကောင်းကောင်းလုပ်လို့ မရတော့ဘူး။ အလုပ်တွေ ပျက်တယ်။ ကျောင်းသားဆိုရင်လည်း စာကြည့်စာကျက်လို့ မရတော့ဘူး။ စာကြည့်စာကျက်ပျက်တယ်။ အလုပ်ပျက်၊ စာကြည့်စာကျက်ပျက်တော့ စိတ်ညစ်ရတယ်၊ စိတ်ဆင်းရဲရတယ်။ ဆဲဆိုကြိမ်းမောင်းပြီးတော့ ဒီအလှူ မြန်မြန်ပြီးပါစေ ဆုတောင်းတယ်။

ကိုယ့်အလှူကို အကြောင်းပြုပြီးတော့ ပတ်ဝန်းကျင်ကို ထိခိုက်အောင် လုပ်တော့ ပတ်ဝန်းကျင်ကလူတွေ စိတ်ညစ်ရတယ်၊ စိတ်ဆင်းရဲရတယ်။ ပတ်ဝန်းကျင်က လူတွေရဲ့ စိတ်ချမ်းသာမှုကို ထိခိုက်ပြီး လုပ်တဲ့အလှူဟာ ဥပ-ဃာတဒါန - ထိခိုက်တဲ့ အလှူပါပဲ။

ဒါ နမူနာတစ်ခု ပြောတာနော်။ ဉာဏ်နဲ့ ချဲ့တွေးရင် အများကြီးရှိပါတယ်။ ကိုယ့်အလှူ အကြောင်းပြုပြီး



www.burmeseclassic.com

www.burmeseclassic.com

တော့ သူတစ်ပါးရဲ့ စိတ်ချမ်းသာမှုကို ထိခိုက်အောင် လုပ်လိုက်တယ်။ အသံချဲ့စက် တစ်နေ့လုံး ဖွင့်ပြီးရွတ်တဲ့ အသံမစဲ ပဋ္ဌာန်းပွဲတွေဟာလည်း ပတ်ဝန်းကျင်ကို ထိခိုက်အောင် လုပ်ရာရောက်လို့ ထိခိုက်တဲ့ကုသိုလ်တွေထဲ အကျုံးဝင်တာပါပဲ။

ကျောင်းသားတွေ အတန်းတင်စာမေးပွဲ ဖြေခါနီး အထူးသဖြင့် ဆယ်တန်းစာမေးပွဲကြီး ဖြေခါနီးမှာ တရားပွဲတွေ လုပ်တာဟာလည်း ပတ်ဝန်းကျင်ကို ထိခိုက်တဲ့အတွက် ဥပဟစ္စဒါန - ထိခိုက်တဲ့အလှူပါပဲ။ အဆိုးဆုံးကတော့ စာမေးပွဲရက်မှာ တရားပွဲလုပ်တာပါပဲ။ ဖြေခါနီးရက်တွေမှာ လုပ်ရင်တောင် ထိခိုက်မှတော့ ဖြေနေတဲ့ရက်တွေမှာ လုပ်ရင် ပိုထိခိုက်တာပေါ့။

စာကျက်တဲ့အလုပ်ဆိုတာ သေချာအာရုံစူးစိုက်ပြီး လုပ်ရတာ။ အသံချဲ့စက်က ထွက်လာတဲ့ တရားသံ ကျယ်ကျယ်လောင်လောင်ကြောင့် စာမှာ အာရုံစူးစိုက်လို့ မနေတော့ဘူး . . ၊ စိတ်က တရားသံမှာ၊ တရားစကားတွေမှာ ရောက်နေတယ်ဆိုရင် စာဘယ်လိုလုပ်ရပါတော့မလဲ။

တရားအလှူဟာ အမြတ်ဆုံးအလှူပါ။ ဒါပေမဲ့ ကိုယ့်တရားအလှူကြောင့် သူတစ်ပါး စိတ်ဆင်းရဲရတယ် စိတ်တည်ငြိမ်မှု ပျက်ပြားရတယ်ဆိုရင် အဲဒီတရားအလှူ



ဟာ ဥပဟစ္စဒါန - ထိခိုက်တဲ့ တရားအလှူပါပဲ။

အတန်းတင်စာမေးပွဲရက်ကြီးတွေ၊ အထူးသဖြင့် ဆယ်တန်းစာမေးပွဲရက်ကြီးတွေမှာ တရားပွဲလုပ်တာဟာ ကျောင်းသားကျောင်းသူတွေကို သားသမီးချင်း ကိုယ်ချင်းမစာရာလည်း ရောက်ပါတယ်။ ကိုယ့်သားသမီးသာ ဒီနှစ် ဆယ်တန်းဖြေမယ်ဆိုရင် ဒီနှစ် ဆယ်တန်းစာမေးပွဲရက်ကြီးမှာ ကိုယ်တရားပွဲ ကျင်းပပါ့မလား။ ဘယ်လိုနည်းနဲ့မှ ကျင်းပမှာ မဟုတ်ပါဘူး။

ကိုယ့်သားသမီး ဆယ်တန်းစာမေးပွဲကြီး ဖြေမယ့်ရက်မှာ ကိုယ်တရားပွဲ မလုပ်ဘူးဆိုရင် သူများသားသမီးတွေ ဆယ်တန်းစာမေးပွဲကြီး ဖြေနေတဲ့ ရက်မှာလည်း ကိုယ်က တရားပွဲ မလုပ်နဲ့ပေါ့။

သားသမီးချင်း ကိုယ်ချင်းစာတဲ့စိတ်သာ ရှိမယ်ဆိုရင် ဆယ်တန်းစာမေးပွဲကြီးရက်မှာ လူတွေကလည်း တရားပွဲ မကျင်းပသင့်သလို ဆရာတော်တွေကလည်း တရားပွဲလုံးဝ မဟောသင့်ပါဘူး။ ဆရာတော်တွေမှာ သားသမီးမရှိပေမယ့်လည်း သားသမီးလို ကိုယ်ချင်းစာတဲ့စိတ်ကတော့ ရှိကို ရှိရပါမယ်။ ဆယ်တန်းစာမေးပွဲကြီး ဖြေနေတဲ့ကျောင်းသားကျောင်းသူတွေအားလုံးကို ကိုယ့်သားသမီးလို သဘောထားနိုင်ရပါမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဘုန်းကြီးတစ်ပါးကို . . လူတွေ စုပေါင်းပြီးတော့ ဆွမ်းကပ်ကြတယ်။ ဟိုအိမ်ကလည်း ဟင်းခွက်ယူလာ၊ ဒီအိမ်ကလည်း ဟင်းခွက်ယူလာနဲ့ဆိုတော့ ဟင်းခွက်တွေက အများကြီးဖြစ်နေတာပေါ့။ အဲဒါ တချို့က ကိုယ့်ဟင်းခွက်ကို ဘုန်းကြီးနှိုက်လား၊ မနှိုက်လား သေချာစိုက်ကြည့်နေတယ်။ တချို့ဆို စိုက်ကြည့်ရုံတွင် မကဘူး၊ မနှိုက်သေးတာ တွေ့ရင် 'အရှင်ဘုရား၊ ဟိုဟင်းလေးက တပည့်တော်မတို့ အိမ်ကပါဘုရား၊ ဘုဉ်းပေးပါဦးဘုရား' နဲ့ လှမ်းပြောတယ်။

အဲဒီလို ကိုယ့်ဟင်းခွက် ဘုန်းကြီး နှိုက်မနှိုက် သေချာစိုက်ကြည့်နေတာ၊ မနှိုက်သေးတာ တွေ့ရင်၊ သို့မဟုတ် နှိုက်တာ မတွေ့လိုက်ရင် နှိုက်ဖို့ လှမ်းပြောတာဟာ ဘုန်းကြီးကို စိတ်အနှောင့်အယှက်ဖြစ်အောင် လုပ်တာပါပဲ။ ဘုန်းကြီးကို စိတ်ထိခိုက်အောင် လုပ်တာပါပဲ။

ဘုန်းကြီးမှာ . . . ဟင်းတွေက များနေလို့ အကုန်လိုက်မနှိုက်ချင်၊ မနှိုက်ပြန်တော့လည်း အလှူရှင် စိတ်မကောင်း ဖြစ်သွားမှာကို အားနာ၊ နှိုက်ပြန်တော့လည်း ဗိုက်က ပြည့်နေလို့ စိတ်ညစ်ရ၊ လှူတဲ့သူ စိတ်ချမ်းသာအောင် ကြိတ်မှိတ်ဘုဉ်းပေးရပြန်တော့လည်း ဗိုက်အရမ်းတင်း၊ နေလို့ထိုင်လို့ မကောင်း၊ လိုအပ်တာထက် ပိုစားမိတဲ့အတွက် အဆီတွေတက်၊ ပေါင်ချိန်တွေတိုး၊ အဝလွန်၊ ကျန်း



မာရေးထိခိုက်၊ အစားစုံသွားလို့ မတည့်တာတွေ ရောနှောမိသွားရင် အစာအဆိပ်သင့်ပြီး သေဦးမယ်၊ မသေတောင် ဒုက္ခခံရဦးမယ်။

ကိုယ့်ဟင်းခွက်ကို မဘုဉ်းမနေရ ဘုဉ်းပေးစေချင်တဲ့ အလှူရှင်တွေဟာ ဘုန်းကြီးကို စိတ်ထိခိုက်အောင်လည်း လုပ်ရာရောက်တယ်။ ကျန်းမာရေးထိခိုက်အောင်လည်း လုပ်ရာရောက်တယ်။ ကိုယ့်ဟင်းခွက် နှိုက်မနှိုက် စိုက်ကြည့်နေတဲ့သူတွေ၊ ကိုယ့်ဟင်းခွက်ကို နှိုက်ဖို့ အတင်းလိုက်ပြောတဲ့သူတွေရဲ့ ဟင်းခွက်အလှူဟာ ဥပဟစ္စဒါန - ထိခိုက်တဲ့ အလှူပါပဲ။

ဝိသာခါလောင်းလျာက သံဃာတွေကို ပိုပိုသာသာ လှူခဲ့ဖူးတာနဲ့ သွားမရောပါနဲ့။ အဓိပ္ပာယ်ချင်း လုံးဝ မတူပါဘူး။ ဟိုက အလှူရှင်တစ်ဦးတည်း လှူတဲ့အလှူ၊ ဒီက အလှူရှင်ပေါင်းစုံ လှူတဲ့အလှူ။ ကိုယ့်တစ်ဦးတည်းရဲ့ အလှူဆိုရင်တော့ ဟိုဟာ ဘုဉ်းပါဦး၊ ဒီဟာ ဘုဉ်းပါဦး ပြောချင်ပြောပေါ့။

လှူပြီးသားနဲ့ ပတ်သက်လို့၊ ဘုန်းကြီးစားပွဲပေါ်တင်လှူပြီးသား ဟင်းခွက်နဲ့ ပတ်သက်လို့ စိတ်ထားပုံ စိတ်ထားနည်းကို 'နံ့သာဖြင့်ထုံမွှမ်းအပ်သော' တရားမှာ ထည့်ပြောထားခဲ့ပြီးသားပါ . . ။ စာအုပ်လည်း ထွက်ပြီးနေပါပြီ။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီမှာပဲ ပြန်လေ့လာကြည့်လိုက်ပါ။

နောက်တစ်ခုက သူတစ်ပါးရဲ့ ကုသိုလ်ရပိုင်ခွင့်ကို ထိခိုက်အောင် လုပ်ပြီးတော့ လှူလိုက်တယ်။ အဲဒါမျိုးတွေလည်း မရှိဘူးလား။ ဥပမာပြောရင် ဘယ်လိုတုံး။ ဆွမ်းတွေဘာတွေ ကပ်ကြတယ်ဆိုကြပါစို့။ အိမ်တွေမှာ ဆွမ်းစားပင့်ပြီး ကပ်တာမျိုး မဟုတ်ဘူး။ ဘုန်းကြီးရဲ့ ကျောင်းမှာသွားပြီး ကပ်တာလေ။

ဘယ်သူ့ကိုမှ ရည်ရွယ်ပြီးတော့ ပြောတာ မဟုတ်ပါဘူး။ ကိုယ်နဲ့ နီးစပ်တဲ့ အဖြစ်အပျက်တွေကို သာဓကပြုပြီးတော့ ပြောရတာပါ။ ခိုက်သထက် ခိုင်စေချင်တဲ့ စေတနာနဲ့ ပေါ်လွင်အောင် ပြောတာပါ။

ဆွမ်းတွေဘာတွေ ကပ်ကြပြီ။ ဦးဇင်းတို့ကလည်း အိမ်တွေ ဆွမ်းစားမကြွတော့ ကိုယ်နေတဲ့ကျောင်းမှာပဲ လာကပ်ကြတာပေါ့။ ရန်ကုန်မှာဆိုရင်လည်း ခေတ္တသီတင်းသုံးတဲ့ ရွှေပါရမီ ယာယီစံကျောင်း(တစ်ပါးတည်း သီတင်းသုံးတဲ့ကျောင်း)မှာပဲ လာကပ်ကြတယ်။ကျောင်းဒကာ၊ ကျောင်းအမ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦးနဲ့ ခမည်းတော်၊ မယ်တော်တို့ကတော့ နေ့စဉ် အရုဏ်ဆွမ်းရော၊ နေ့ဆွမ်းရော လာကပ်ကြတယ်။ တခြားအလှူရှင်တွေ ဘယ်လောက်ပဲ လာလာ၊ မလာလာ ဒီနှစ်ဦးကတော့ မှူသေပါပဲ။



တချို့အလှူရှင်တွေကျတော့ အမြဲတမ်းကြီး လာကပ်ကြတာ မဟုတ်ဘူး။ သူတို့ စိတ်ကူးပေါက်တဲ့အချိန် လာကပ်ကြတာ။ မွေးနေ့အထိမ်းအမှတ်ပဲဖြစ်ဖြစ်၊ ရုံးပိတ်ရက်ပဲဖြစ်ဖြစ်ပေါ့၊ ဒါမှမဟုတ် ဆန္ဒရှိသလိုပေါ့လေ။

သူတို့ လာကပ်မယ့်ရက်ကျတော့ တချို့က ဘယ်လိုလုပ်တတ်ကြသလဲဆိုတော့ အမြဲတမ်းကပ်နေတဲ့ ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦးတို့၊ ခမည်းတော်၊ မယ်တော်တို့ကို သွားပြီးတော့ ပိတ်ပင်လိုက်တယ်။

'အစ်ကိုတို့၊ အစ်မတို့ . . . . . ၊ မနက်ဖြန် ဘာမှ ချက်ခဲ့နဲ့တော့နော်။ ချက်ခဲ့ရင် စိတ်ဆိုးမှာ'

'ခမည်းတော်ကြီး၊ မယ်တော်ကြီး . . . မနက်ဖြန် ဘာမှ မချက်ခဲ့နဲ့နော်။ ချက်ခဲ့ရင် စိတ်ဆိုးမှာ။ သိလား'

'ကျွန်တော်ချက်တဲ့ ဆွမ်းလေး၊ ကျွန်မချက်တဲ့ဆွမ်းလေးကိုပဲ ဘုန်းဘုန်း ဘုဉ်းပေးစေချင်တယ်'

'အလှူရှင် သုံးလေးငါးဦးဖြစ်နေရင် ဟိုနည်းနည်း၊ ဒီနည်းနည်းဆိုတော့ ကပ်ရတာ အားမရဘူး'

'မနက်ဖြန် ဦးရှိန်ဝင်းတို့လည်း မချက်ခဲ့နဲ့တော့၊ ခမည်းတော်ကြီးတို့လည်း မချက်ခဲ့နဲ့တော့။ တခြားအလှူရှင်တွေကိုလည်း လုံးဝ မချက်ခိုင်းနဲ့တော့။ ဖုန်းဆက်ပြီး ပိတ်ပေးပါ။ ကျွန်မတစ်ဦးတည်းပဲ ချက်မယ်။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

တစ်ဦးတည်းပဲ ချက်မယ်။ ကျွန်တော်တစ်ဦးတည်း၊ ကျွန် တစ်ဦးတည်း ချက်တာကိုပဲ ဘုန်းဘုန်း ဘုဉ်းပေးစေရမယ်

သူတစ်ပါးရဲ့ ကုသိုလ်ရပိုင်ခွင့်ကို ဖျက်ဆီးမပစ် လိုက်ဘူးလား။ ဖျက်ဆီးပစ်လိုက်တာ။ ဥပဟစ္စဒါန။ ထိခိုက် တဲ့ဒါန၊ ထိပါး ပုတ်ခတ်တဲ့ဒါနလို့ ခေါ်တယ်။

သူလည်းပဲ နေ့စဉ် ပုံမှန်ဝတ်ထားပြီးတော့ ကပ် နေတာ ကပ်ပါစေပေါ့။ ကိုယ်က အမြဲတမ်းကပ်နေတာ မဟုတ်ဘူး။ တစ်ခါတစ်ရံမှ ထကပ်တာ။

ကိုယ်လာကပ်မှာမို့ သူက သူ့သဘောနဲ့သူ မကပ် တော့ဘူး၊ ကိုယ့်အတွက် သူက သူ့အသိနဲ့သူ နောက်ဆုတ် ပေးလိုက်တာမျိုးကတော့ ကိုယ့်အပြစ် ဘာမှ မရှိပါဘူး အဲလိုမှ မဟုတ်ဘဲ ကိုယ်က လိုက်ပိတ်ပင်တာဆိုရင်တော့ ကိုယ့်မှာ အပြစ်ရှိသွားပါပြီ။

ကိုယ်ကပ်တဲ့နေ့ သူမကပ်ဘူးလို့ ကြိုတင်ကတိပြု ထားကြရင်တော့ တစ်မျိုးပေါ့လေ။ ဘယ်နေ့ ကိုယ်ကပ်မယ် အကြောင်း သူ့ကို လှမ်းပြောပိုင်ခွင့်ရှိပါတယ်။ အမြဲတမ်း ကပ်တဲ့သူနဲ့ တစ်ခါတစ်ရံမှ ကပ်တဲ့သူ တကယ်တမ်း ဦးစား ပေးရင် အမြဲတမ်းကပ်တဲ့သူကို ဦးစားပေးရမှာလား၊ တစ်ခါ တစ်ရံမှ ကပ်တဲ့သူကို ဦးစားပေးရမှာလား။

'အမြဲတမ်းကပ်တဲ့သူကို ဦးစားပေးရမှာပါဘုရား'

ဒါဆိုရင် တစ်ခါတစ်ရံ လာကပ်တဲ့သူရဲ့ ဆွမ်း ဘုဉ်းတော့ဘူးနော်။

ဒါကတော့ သက်ဆိုင်ရာ ဆရာတော်က ဆင်ခြင် ဦးစား ဆုံးဖြတ်ပါလိမ့်မယ်။

'ဘယ်သူကပ်တဲ့ ဟင်းလေးတော့ဖြင့် ဒီနေ့ ဦးစား ပေးသင့်ပါတယ်။ တစ်ခါတစ်ရံလာကပ်တဲ့သူဆိုတော့'

သူ့ခမျာ တစ်ခါတစ်ရံမှ လာကပ်ရတာ။ ဟိုက အမြဲတမ်းကပ်နေတာဆိုတော့ နေ့တိုင်းကပ်တဲ့ဟာလေး နည်းနည်းလောက်ပဲ ဘုဉ်းပြီးတော့ တစ်ခါတစ်ရံ လာကပ် တဲ့အလှူရှင်ရဲ့ ဆွမ်းဟင်းကို များများ ဘုဉ်းပေးမှာပေါ့။

အသိတရား ရှိပါတယ်။ နားလည်တတ်ပါတယ်။ ချီးမြှောက်တတ်ပါတယ်။ ကိုယ်နဲ့လည်း တည့်တဲ့အစား အစာဆိုရင်ပေါ့လေ။

ကိုယ်နဲ့ မတည့်တဲ့ အစားအစာတို့၊ အစပ်တွေ ...နန်တွေတို့ ဆိုရင်တော့ မဘုဉ်းပေးဘူးပေါ့။

အမြဲတမ်းကပ်နေတဲ့သူတွေကို ပိတ်ပင်ထားလိုက် ...ယ်ဆိုတော့ ထိပါးတဲ့ဒါနလား၊ မထိပါးတဲ့ဒါနလား။ ထိပါး တဲ့ဒါန။ သူတစ်ပါးရဲ့ ကုသိုလ်ရပိုင်ခွင့်ကို ထိပါးပြီးတော့ လှူလိုက်တာ။

လှူကတည်းက သူတစ်ပါးကို ထိပါးပြီးတော့လှူ



www.burmeseclassic.com

www.burmeseclassic.com

ထားတာဆိုတော့ အဲဒီအလှူ အကျိုးပေးတဲ့ဘဝ၊ အဲဒီအ ကပေးတဲ့ ကောင်းကျိုးချမ်းသာတွေဟာလည်း ထိပါးခံရ ပေါ့။ မင်းက ထိပါးလိုက်၊ သူခိုးက ထိပါးလိုက်၊ မီးက ထိ လိုက်၊ ရေက ထိပါးလိုက်၊ သားဆိုးသမီးဆိုးတွေက ထိ လိုက်။

လှူကတည်းကိုက သူတစ်ပါးကို ထိပါးပြီး လှူလာတာဆိုတော့ အကျိုးပေးတော့လည်း အထိအပါး ရမှာပါပဲ။ ထိပါးခံရတော့မှ 'ငါကုသိုလ်ကောင်းမှုတွေ လျက်သားနဲ့ ထိပါးခံရတယ်' ဆိုပြီး ကံ၊ ကံရဲ့အကျိုးအ မှာ မယုံမကြည်ဖြစ်သွားမယ်ဆိုရင် သဘာဝကျပါ့မလား မကျဘူး။ အတိတ်ကံတွေက အများကြီးရှိခဲ့တာနော်။

ဒါကြောင့် သူတစ်ပါးရဲ့ ကုသိုလ်ရပိုင်ခွင့်ကို ထိ ပြီး မလှူလိုက်ပါနဲ့။ သူတစ်ပါးရဲ့ ကုသိုလ်ကို ပိတ်ပင်ထား မြစ်ပြီးမှရတဲ့ ကုသိုလ်မျိုး မယူချင်ပါနဲ့။

အလှူခံမယ့်သူက မလိုအပ်လို့ ကိုယ့်ကို မ ပိတ်ပင်တားမြစ်တာကတော့ တစ်ပိုင်းတစ်ကဏ္ဍနော်၊ ပဟာစ္စဒါနနဲ့ မဆိုင်ပါဘူး။ သူတစ်ပါးကို ထိခိုက်ပြီး ကိုယ် လှူတာမှ မဟုတ်တာ။

ရန်ကုန်မှာ အလုပ်ကိစ္စရှိလို့ ကြွလာရင် အ ဆွမ်းကပ်တဲ့သူတွေ များလွန်းလို့ စိတ်လည်း ဆင်းရဲရ



ရေးလည်း ထိခိုက်ရတဲ့အတွက် အခုတော့ ကျောင်းဒကာ ကျောင်းအမ (ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦး) ကလွဲရင် ဘယ်သူ အရုဏ်ဆွမ်း လာမကပ်ဖို့ မေတ္တာရပ်ခံထားပါတယ်။ ပ်တင်းတင်း ပြောရရင် စည်းကမ်းထုတ်ထားတယ်၊ အမိန့် တ်ထားတယ်ပေါ့။ နောက်ဆို နေ့ဆွမ်းလည်း အဲဒီလိုပဲ အမိန့်ထုတ်ရပါလိမ့်မယ်။ ဒါက ဥပဟစ္စဒါန မဟုတ်ပါဘူး။

နောက်တစ်ခုက သူတစ်ပါးရဲ့ ကောင်းကျိုးချမ်း သာကို ထိပါးတယ်။ ဆိုင်ကဝယ်ပြီး လှူတဲ့ အလှူတစ်ခုပြု တယ်။ ကိုယ်မုန်းတဲ့သူကလည်း ရှိနေတယ်။ ဒီလူက ဒီဆိုင် အမြဲတမ်း လာဝယ်စားနေကျ။ မနက်ဖြန် သူဝယ်မစား င်အောင်လို့ တစ်ဆိုင်လုံး သိမ်းချလိုက်မယ်ဆိုတော့ သူ တစ်ပါးရဲ့ ကောင်းကျိုးချမ်းသာလေး ထိပါးမသွားဘူးလား။ ပါးသွားတယ်။

ဩော် . . . စားနေကျလူတွေလည်း စားဖို့ ချန် ားလိုက်ပါဦးမယ်။ တခြားဆိုင်တွေနဲ့ မျှပြီးတော့ ဝယ် ိုက်မယ်ဆိုရင် သဘာဝမကျဘူးလား။ ထိခိုက်ချင်တဲ့စိတ် မဟုတ်ဘဲ အလှူခံပုဂ္ဂိုလ်ကိုက များနေလို့ မလွှဲမရှောင် တစ်ဆိုင်လုံး သိမ်းလိုက်ရတာကတော့ တစ်မျိုးပေါ့။

မရှိတဲ့သူကို မလှူမနေရ အတင်းထည့်ခိုင်းပြီး လှူ အလှူမျိုး၊ 'သူကြီးဘုရား ရွာသားကောင်းမှု' ဆိုတာလို



www.burmeseclassic.com

www.burmeseclassic.com

. . . ကိုယ့်လို မပြည့်စုံတဲ့ ကိုယ့်လက်အောက်ငယ်သား
ကိုယ့်တပည့်တွေဆီက အတင်းအဓမ္မ ငွေညှစ်၊ ပစ္စည်းညှစ်
ပြီး လှူတဲ့အလှူမျိုး၊ သူတစ်ပါးရဲ့ ရပိုင်ခွင့်ထဲက ဖြတ်ညှပ်
လုယူပြီး မတရားရှာထားတဲ့ စီးပွားနဲ့ လှူတဲ့အလှူမျိုးတွေ
ဟာ သူတစ်ပါးရဲ့ ကောင်းကျိုးအခွင့်အလမ်းကို ထိခိုက်ပြီ
လှူတဲ့အလှူ - ဥပဟစ္စဒါနတွေချည်းပါပဲ။

ခုနပြောတဲ့ ဆယ်တန်းစာမေးပွဲရက်ကြီးမှာတရား
ပွဲလုပ်တာဟာလည်း သူတစ်ပါးရဲ့ ကောင်းကျိုးချမ်းသာ
ကောင်းကျိုးအခွင့်အလမ်းကို ထိခိုက်စေပါတယ်။

ကိုယ့်တရားပွဲက ဆူညံသံကြောင့် စာကျက်မ
တော့ဘူးဆိုရင် သူတို့ရမယ့် အောင်မှတ်တွေ ဆုံးရှုံးသွား
ပေ့ါ။ အောင်မယ့်သူက ကျသွားနိုင်သလို ဂုဏ်ထူးများမှ
မှန်းထားတဲ့သူကလည်း ဂုဏ်ထူးနည်းသွားနိုင်ပါတယ်။

ကိုယ့်တရားပွဲက အသံကြောင့် အနှောင့်အယှက်
ဖြစ်နေတဲ့ ကျောင်းသားကျောင်းသူတွေထဲမှာ တစ်နိုင်ငံလုံး
ပထမ၊ ဒုတိယ . . . စသည်ရဖို့ ရည်မှန်းချက် ကြီးကြီးထ
မားထားတဲ့သူတွေလည်း ပါမှာပါပဲ။ တစ်နှစ်လုံး ကြိုးစား
ထားသမျှ . . အနီးကပ်အချိန်၊ အရေးကြီးဆုံးအချိန်ကျမှ
တရားပွဲအသံ အနှောင့်အယှက်ကြောင့် စာလုပ်လို့ မ
တော့ဘူးဆိုရင် သူ့ရဲ့ ကြီးမားတဲ့ ရည်မှန်းချက်ကြီး ပျက်စီး
သွားပြီပေ့ါ။

အဲဒီရည်မှန်းချက် ပျက်စီးအောင် ဘယ်သူလုပ်
လိုက်တာလဲဆိုရင် တရားပွဲ စီစဉ်သူတွေ၊ တရားဟောသူ
တွေ လုပ်လိုက်တာပါပဲ။ တရားပွဲတွေကို မတရားကျင်းပ
ခြင်းကြောင့် တရားတဲ့ ရည်မှန်းချက်တွေ မတရားပျက်စီး
သွားခဲ့ရပါတယ်။ တကယ်တော့ တရားပွဲဆိုတာ တရားတဲ့
စိတ်နဲ့ပဲ ကျင်းပသင့်တာပါ။ မတရားတဲ့စိတ် (ကိုယ်ချင်း
စာတဲ့စိတ်)နဲ့ မကျင်းပသင့်ပါဘူး။

ဆယ်တန်းစာမေးပွဲကြီးဆိုတာ လူတစ်ယောက်ရဲ့
ဘဝကို အဆုံးအဖြတ်ပေးတဲ့ စာမေးပွဲပါ။ ဆယ်တန်းမှာ
ထိမ်းချော်သွားတာနဲ့ ဘဝတစ်ခုလုံး လမ်းကြောင်းပြောင်း
သွားနိုင်ပါတယ်။ ဒါ့ကြောင့် တရားပွဲကျင်းပတဲ့သူတွေ၊ အ
မြတ်ဆုံးအလှူဖြစ်တဲ့ တရားအလှူကိုမှ လှူချင်ပါတယ်ဆိုတဲ့
သူတော်ကောင်းတွေ ဆယ်တန်းစာမေးပွဲကြီး ဖြေနေတဲ့ရက်
တွေနဲ့ မဖြေခင် အနီးကပ်ရက်တွေမှာ တရားပွဲကျင်းပခြင်း
ကို ရှောင်ကြဉ်သင့်ပါတယ်။ တရားတဲ့စိတ်နဲ့ ကျင်းပတဲ့
တရားပွဲကသာ တရားတဲ့အလှူ၊ အမြတ်ဆုံးအလှူ ဖြစ်မှာ
ပါ။

အဲဒီလိုအားဖြင့်ပေ့ါလေ။ ကိုယ့်ကိုယ်ကိုယ်လည်း
ထိပါးတယ်။ စိတ်၊ ကျန်းမာရေး၊ ပစ္စည်းဥစ္စာ၊ သူတစ်ပါးကို



www.burmeseclassic.com

www.burmeseclassic.com

လည်း ထိပါးတယ်။ စိတ်ချမ်းသာမှု၊ ကုသိုလ်ရပိုင်ခွင့်၊ ကောင်းကျိုးအခွင့်အလမ်း။

မြတ်စွာဘုရားရှင်က . . . မိမိကိုရော၊ သူတစ်ပါးကိုရော ထိပါးပုတ်ခတ်ပြီးတော့ လှူတဲ့အလှူရှင်ဟာ လှူတဲ့အတွက် ချမ်းသာမယ်တဲ့။ ဒါပေမဲ့ ရလာတဲ့ ကောင်းကျိုးချမ်းသာတွေဟာ ရန်သူမျိုးငါးပါးရဲ့ နှောင့်ယှက်ဖျက်ဆီးမှု ခံရပါတယ်တဲ့။

ရလာတဲ့ကောင်းကျိုးချမ်းသာတွေဟာ ရန်သူမျိုးငါးပါးကြောင့် အမြဲတမ်း ပျက်စီးသွားရတယ်ဆိုတော့ မခိုင်တဲ့ ကောင်းကျိုးချမ်းသာတွေ၊ ယိုင်နေတဲ့ ကောင်းကျိုးချမ်းသာတွေပေါ့။

မိမိကိုရော၊ သူတစ်ပါးကိုရော မထိပါး မပုတ်ခတ်ဘဲနဲ့ လှူတဲ့ အလှူရှင်ကတော့ အဲဒီအလှူ အကျိုးပေးတဲ့ဘဝ အလှူကြောင့် ချမ်းသာမယ်၊ မထိပါးမှုကြောင့် အဲဒီကောင်းကျိုးချမ်းသာတွေကို ဘယ်ရန်သူမျိုးငါးပါးကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရဘူး။ သူပိုင်ဆိုင်သမျှ ကောင်းကျိုးချမ်းသာတွေဟာ ယိုင်တဲ့ကောင်းကျိုးချမ်းသာတွေ မဟုတ်ဘူး၊ ခိုင်တဲ့ ကောင်းကျိုးချမ်းသာတွေ။

ဒါဆိုရင် ခိုင်သထက်ခိုင်ဖို့အတွက် ဒုတိယမြောက်အချက်က ဘာတဲ့လဲ။ သူတစ်ပါးကို မထိပါး မပုတ်ခတ်ဘဲ လှူရမယ်။ ကိုယ့်ကိုယ်ကိုလည်း မထိပါး မပုတ်ခတ်ဘဲနဲ့ လှူရမယ်။

'ထိ' ရင်တော့ 'ခိုက်' မှာပါပဲ။ ကိုယ့်ကိုယ်ကို 'ထိ' ရင်လည်း ကိုယ် 'ခိုက်' မယ်။ သူတစ်ပါးကို 'ထိ' ရင်လည်း ကိုယ် 'ခိုက်' မယ်။ 'ထိ' တဲ့ အလုပ်တွေ လုပ်ရင် 'ခိုက်' တဲ့ အကျိုးပေးမှာပါပဲ။

ကိုယ့်ကိုယ်ကိုလည်း ထိခိုက်အောင် မလုပ်ပါနဲ့။ သူတစ်ပါးကိုလည်း ထိခိုက်အောင် မလုပ်ပါနဲ့။ ကိုယ့်အကျိုး မထိခိုက်တဲ့ သူတစ်ပါးအကျိုး၊ သူတစ်ပါးအကျိုး မထိခိုက်တဲ့ ကိုယ့်အကျိုးကို ဆောင်ရွက်တာဟာ သူတော်ကောင်း သူမြတ်လောင်းတွေရဲ့ မြင့်မြတ်တဲ့ ပါရမီကျင့်စဉ် ဆိုတာကို အမြဲသတိရနေဖို့ပါပဲ။

■



www.burmeseclassic.com

www.burmeseclassic.com



## ခိုင်တာပေးရင် ခိုင်တာရမယ်

'နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ပြားကုသိုလ်. . .'
တတိယအချက်က ဘာတဲ့လဲ။ 'ခိုင်ပြားကုသိုလ်
. . .။ ခိုင်တဲ့ကုသိုလ်ပေါ့။ ခိုင်တဲ့ကုသိုလ်ဆိုတာက ဦး
တို့ ရွှေပါရမီကျောင်းဆောင် ရေစက်ချတုန်းက 'ခိုင်မှခိုင်'
တဲ့ ခေါင်းစဉ်နဲ့ ဟောခဲ့ပြီးပါပြီ။ ဒီမှာ အကျယ်ထပ်မပြော
တော့ပါဘူး။

အာရာမရောပါ ဝနရောပါ၊
ယေ ဇနာ သေတုကာရကာ။
ပပဉ္စ ဉဒပါနဉ္စ၊
ယေ ဒဒန္တိ ဥပဿယံ။

ကုသိုလ်ကောင်းမှု ခြောက်မျိုး။ သစ်သီးခြံ၊ ပန်းခြံ၊ သစ်သီးဉယျာဉ်၊ ပန်းဉယျာဉ်လှူတဲ့ အာရာမဒါန။တစ်နည်းအားဖြင့် အုတ်တံတိုင်းတို့ ခြံစည်းရိုးတို့လှူတဲ့ အာရာမဒါန။ မြေကွက်လှူတဲ့ အာရာမဒါန။ မြေနေရာတွေ လှူတာရယ်၊ တံတိုင်း, စည်းရိုးတွေ လှူတာရယ်၊ ဉယျာဉ်ပန်းခြံတွေ လှူတာရယ်ကို အာရာမဒါနလို့ ခေါ်ပါတယ်။

ဝနဒါန ဆိုတာက . . . တောအုပ်ထဲမှာ ကျောင်းဆောက်ဖို့ နေရာအပိုင်းအခြားလေး လှူတာ။ ဒါမှမဟုတ် တောအုပ်ကလေး ဖြစ်လာအောင် အရိပ်ရတဲ့ သစ်ပင်ကြီး ဝါးပင်ကြီးတွေ စိုက်ပျိုးပြီးတော့ လှူတာ။ တောအုပ်ထဲမှာဆိုလည်း ဘုန်းကြီးကျောင်းမှရယ်လို့ မဟုတ်ဘူးပေါ့လေ။ သာသနာအတွက်ပဲဖြစ်ဖြစ်၊ အများအတွက်ပဲဖြစ်ဖြစ်၊ လူတစ်ဦးတစ်ယောက်အတွက် ခြံလုပ်ကိုင်စားသောက်ဖို့ပဲဖြစ်ဖြစ် စသည်အားဖြင့် တောအုပ်ထဲက မြေနေရာလေးကို ပိုင်းခြားပြီးတော့ လှူလိုက်တာ။

သေတုဒါနဆိုတာက လမ်း၊ တံတားလှူတာ။ ပပါဒါနဆိုတာက ရေအိုးစင်၊ ရေချမ်းစင်တည်ပြီးတော့ လှူတာ။ ဉဒပါနဒါနဆိုတာက ရေတွင်း၊ ရေကန်လှူတာ။ ဥပဿယဒါနဆိုတာက အဆောက်အအုံလှူတာ။ အိမ်၊ ကျောင်း၊ ဇရပ်၊ တန်ဆောင်း စသည်အားဖြင့်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နှမျိုးတုံး။ ခြောက်မျိုး။ အဲဒီခြောက်မျိုးလုံးကို ထာဝရဒါနလို့ ခေါ်ပါတယ်။ ခိုင်မြဲတဲ့အလှူပေါ့။ ခိုင်တဲ့အလှူ။ ခိုင်တဲ့ကုသိုလ်။ ခိုင်ကုသိုလ်။

မြေကြီးထဲမှာ အခိုင်အမာစိုက်ထူပြီး လှူတဲ့အလှူဖြစ်နေလို့ တခြားတခြား အစားအစာစတဲ့ လှူဖွယ်ဝတ္ထုလိုမျိုး မခိုင်တဲ့ လှူဖွယ်ဝတ္ထု လှူတာ မဟုတ်ဘူး။ ခိုင်တဲ့ လှူဖွယ်ဝတ္ထု လှူတာ။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ လှူဖွယ်ဝတ္ထု လှူတာ။ အဲဒါကို 'ခိုင်အလှူ'၊ 'ခိုင်ကုသိုလ်' လို့ ခေါ်ပါတယ်။

'ခိုင်မှခိုင်' တရားမှာပဲ နာပေါ့။ ဒီမှာ မပြောတော့ဘူး။ အဲဒီလို 'ထာဝရဒါန - ခိုင်မြဲတဲ့အလှူ' ခြောက်မျိုး လှူရင်လည်း ကိုယ့်ရဲ့ ကောင်းကျိုးချမ်းသာ ခိုင်သထက်ခိုင်ပါတယ်။ ဒါက ပါဠိတော်မှာပါတဲ့ ခိုင်ကုသိုလ်ပေါ့။

အင်္ဂုတ္တိုရ် အဋ္ဌကထာမှာပါတဲ့ နိဗဒ္ဓကုသိုလ်ခုနစ်မျိုးကလည်း 'ခိုင်ကုသိုလ်'ပါပဲ။ နိဗဒ္ဓ ဆိုတာ မြဲတာ။ နိဗဒ္ဓကုသိုလ်ဆိုတော့ မြဲတဲ့ကုသိုလ်ပေါ့။ 'ခိုင်မြဲ' လို့ တွဲသုံးနေတဲ့အတိုင်း မြဲတဲ့ကုသိုလ်ဆိုတာလည်း ခိုင်တဲ့ကုသိုလ်ပါပဲ။ 'နိဗဒ္ဓကုသိုလ် - ခိုင်မြဲတဲ့ကုသိုလ်' ခုနစ်မျိုး ရှိနေရင်လည်း ကိုယ့်ရဲ့ ကောင်းကျိုးချမ်းသာတွေ ခိုင်သထက်ခိုင်ပါတယ်။

နိဗဒ္ဓကုသိုလ်(၇)မျိုးကတော့ . . . သရဏဂုံမြဲတဲ့



ကုသိုလ်၊ ငါးပါးသီလမြဲတဲ့ ကုသိုလ်၊ စာရေးတံဆွမ်းမြဲတဲ့ ကုသိုလ်၊ လပြည့်၊ လကွယ်၊ ဥပုသ်နေ့ စသည် အပတ်စဉ်ဆွမ်း၊ နေ့စဉ်ဆွမ်းမြဲတဲ့ကုသိုလ်၊ ဝါဆိုသင်္ကန်းမြဲတဲ့ကုသိုလ်၊ ရေတွင်းရေကန်လှူတဲ့ကုသိုလ်၊ ကျောင်းလှူတဲ့ကုသိုလ်။

နောက်ဆုံးနှစ်ခု . . . ရေတွင်းရေကန်အလှူနဲ့ ကျောင်းအလှူကတော့ ထာဝရဒါန(၆)မျိုးမှာ ပါပြီးသား။ လှူဖွယ်ဝတ္ထု မြဲနေတဲ့အတွက် သတိရတိုင်း အခုလောလောဆယ်မှာလည်း အသစ်အသစ် ထပ်လှူနေရသလို ဖြစ်လို့ ကုသိုလ်စိတ်မြဲနေတာ၊ ကုသိုလ်စိတ် ခိုင်နေတာ။

ရှေ့ငါးခုကတော့ . . ကုသိုလ်အသစ်အသစ်တွေ အမြဲမပြတ် ပြုလုပ်နေရတာမျိုးဖြစ်လို့ ရှေ့ကုသိုလ်နဲ့ နောက်ကုသိုလ် နီးနီးကပ်ကပ် ဆက်စပ်နေတဲ့အတွက် . . . ပြုပြီးအဟောင်းလည်း သတိရ၊ ပြုဆဲအသစ်လည်း သတိရ၊ ပြုရန်အသစ်လည်း သတိရပြီး ကုသိုလ်စိတ် မြဲနေတာ၊ ကုသိုလ်စိတ် ခိုင်နေတာ။

ရှေးငါးခုက အကြိမ်ကြိမ်ပြုရင်း ကုသိုလ်ခိုင်တာ၊ နောက်နှစ်ခုက တစ်ကြိမ်ပြုပြီး အကြိမ်ကြိမ် သတိရရင်း ကုသိုလ်ခိုင်တာ။

လိုရင်းကတော့ . . . ခိုင်မြဲတဲ့ ပစ္စည်းဝတ္ထုပဲလှူ လှူ၊ မခိုင်မြဲတဲ့ ပစ္စည်းဝတ္ထုပဲလှူလှူ ကိုယ့်အလှူကို အမြဲ



www.burmeseclassic.com

www.burmeseclassic.com

သတိရပြီး ကုသိုလ်စိတ် အမြဲဖြစ်နေရင် ကုသိုလ်ခိုင်တာပါပဲ။ တစ်ကြိမ်တစ်ခါပဲ လုပ်လုပ်၊ အကြိမ်ကြိမ်အခါခါပဲလုပ်လုပ်၊ အဲဒီအလုပ်ကို အမြဲမပြတ် သတိရရင်း ကိုယ့်သန္တာန်မှာ ကုသိုလ်စိတ်တွေ ဆက်ကာဆက်ကာဖြစ်နေရင် အဲဒီအလုပ်ဟာ ကိုယ့်အတွက်တော့ 'ခိုင်ကုသိုလ်' ပါပဲ။

ပါဠိတော်မှာ တိုက်ရိုက်ပြထားတဲ့ ထာဝရဒါန(၆)မျိုး၊ အဋ္ဌကထာမှာ နမူနာပြထားတဲ့ နိဗဒ္ဓကုသိုလ်(၇)မျိုး ရှိမှ ကိုယ့်မှာ 'ခိုင်ကုသိုလ်' ရှိတာ မဟုတ်ပါဘူး။ ကိုယ်အားသန်ရာ၊ ကိုယ်တတ်နိုင်ရာ၊ ကိုယ်ပတ်သက်ရာ ကုသိုလ်တစ်ခုခု စွဲစွဲမြဲမြဲပြုနေရင် ကိုယ့်မှာ 'ခိုင်ကုသိုလ်' ရှိနေတာပါပဲ။

အောက်ထစ်ဆုံးပေါ့လေ. . . ကိုယ်က မနက်တိုင်း စာကလေးတွေကို စပါးနှံလေးတွေ ချိတ်ကျွေးတယ်၊ စပါးစေ့လေးတွေ၊ ဆန်စေ့လေးတွေ ပက်ကျွေးတယ်ဆိုရင်ကိုပဲ ကိုယ့်မှာ 'ခိုင်ကုသိုလ်' ရှိနေပါပြီ။ နေ့စဉ်နေ့တိုင်း သို့မဟုတ် နေ့စဉ်နီးပါး စာကလေးတွေကို အစာကျွေးတဲ့ ကုသိုလ်ဟာလည်း 'ခိုင်ကုသိုလ်' ပါပဲ။ နေ့စဉ် ခိုစာကျွေးတာတို့၊ နေ့စဉ် ခွေးစာ၊ ကြောင်စာကျွေးတာတို့လည်း နည်းတူပဲပေါ့။ ခိုင်ကုသိုလ်တွေပါပဲ။

အောက်ထစ်ဆုံးအနေနဲ့ အခု နမူနာပေးလိုက်တဲ့



စာ၊ ခို၊ ခွေး၊ ကြောင် ကျွေးတဲ့ ခိုင်ကုသိုလ်ကိုလည်း ပေါ့ပေါ့လေးလို့ အထင်မသေးလိုက်ပါနဲ့။ စွဲစွဲမြဲမြဲသာ စေတနာပါပါ၊ မေတ္တာပြည့်ပြည့်နဲ့ လုပ်နေရင် ပစ္စုပ္ပန်မှာကို ကောင်းကျိုးချမ်းသာတွေ သိသိသာသာ ထူးထူးခြားခြား တိုးတက်လာပါလိမ့်မယ်။ စိတ်လည်း အမြဲတမ်း အေးချမ်းနေပါလိမ့်မယ်။

အိမ်က ဘုရားကျောင်းဆောင်မှာ ကိုးကွယ်ထားတဲ့ ဗုဒ္ဓရုပ်ပွားတော်ကို သက်တော်ထင်ရှား ဘုရားအဖြစ်နဲ့ ပန်း၊ ရေချမ်း၊ ဆွမ်း၊ ဆီမီး . . . စသည် နေ့စဉ်နေ့တိုင်း ဝတ်မပျက် လှူဒါန်းပူဇော်နေမယ်ဆိုရင်လည်း ကိုယ့်မှာ 'ခိုင်ကုသိုလ်' ရှိနေတာပါပဲ။

ကိုယ်ကြည်ညိုတဲ့ ဆရာတော် သံဃာတော်တစ်ပါးပါးဆီ နေ့စဉ်နေ့တိုင်း အရုဏ်ဆွမ်း ပုံမှန်သွားကပ်တာ၊ နေ့ဆွမ်း ပုံမှန်သွားကပ်တာ၊ ဝေယျာဝစ္စ ပုံမှန်သွားလုပ်တာ . . . ဒါတွေဟာလည်း 'ခိုင်ကုသိုလ်' တွေချည်းပါပဲ။

ခိုင်ကုသိုလ်တစ်ခုခု နေ့တိုင်း ရှိနေတဲ့သူဆီကို စိတ်အေးချမ်းမှုနဲ့ ကောင်းကျိုးချမ်းသာတွေ တစ်နေ့တခြား အလုံးအရင်းနဲ့ ဝင်ရောက်လာပြီး ဝင်ရောက်လာတဲ့ အဲဒီ စိတ်အေးချမ်းမှုနဲ့ ကောင်းကျိုးချမ်းသာတွေဟာလည်း ခိုင်ချင်တိုင်းခိုင်၊ ခိုင်သထက်ခိုင် ခိုင်မြဲနေပါလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဇင်းတို့ သထုံမှာဆိုရင် ဦးစံသိန်း၊ ဒေါ်စိန်ခ မိသားစု၊ ဦးကြီးကို၊ ဒေါ်ရွှေမှုန် မိသားစု၊ ကိုကျော်ခိုင် မမြင့်ခိုင် မိသားစု၊ ဒီမိသားစု သုံးစုက နေ့စဉ်နေ့တိုင်း အရုဏ်ဆွမ်း ကပ်ကြပါတယ်။ တောင်ပေါ်ကို ဆွမ်းချိုင့်ပို့တဲ့ ကပ္ပိယကျောင်းသားလေးကတစ်ဆင့် ချိုင့်နဲ့ ပို့တာပေါ့လေ၊ ဦးဇင်းတောင်ပေါ်မှာ ရှိနေသရွေ့ တစ်ရက်မှကို မပျက်ပါဘူး။ အခုနောက်ပိုင်း ဥယျာဉ်မှူး ဦးဖိုးထောင်လည်း နေ့တိုင်းနီးပါး အရုဏ်ဆွမ်း လှူဖြစ်နေပါတယ်။ ဒါလည်း ခိုင်ကုသိုလ်ပါပဲ။

တနင်္ဂနွေနေ့ မနက်တိုင်း အရုဏ်ဆွမ်း ကိုယ်တိုင်တက်ပို့တဲ့သူကတော့ ကိုတင်ဦးပါ။ ဇနီးသည် မသက် ချက်ပေးလိုက်တဲ့ အရုဏ်ဆွမ်း (အများအားဖြင့် ငါးစင်းကော)ကို ကိုယ်တိုင် ပြင်ဆင်ပြီး ကပ်ပါတယ်။ ဒါလည်း တစ်ပတ်တစ်ခါ မြဲလို့ ခိုင်ကုသိုလ်ပါပဲ။ ဒကာ ကိုတင်ဦးက မနေ့ဆွမ်းမှာလည်း နေ့တိုင်း နွားနို့ပို့ပေးတော့ ဒီနွားနို့အလှူကလည်း နေ့တိုင်းမြဲတဲ့ ခိုင်ကုသိုလ်ဖြစ်နေပြန်တာပါပဲ။

နေ့ဆွမ်းကို နေ့စဉ်နေ့တိုင်း မပျက်မကွက် ပို့တဲ့သူတွေကတော့ သမားတော်ကြီး ဦးစံလှ၊ ဒေါ်ခင်ခင်ဦး မိသားစုနဲ့ ထောက်ပို့တပ်က ဆရာကြီး ဦးထွန်းကြိုင်၊ ဒေါ်အိ မိသားစု၊ မိသားစု နှစ်စုပေါ့။ ထောက်ပို့တပ်ဆွယ်မှူး အဆက်ဆက်လည်း နေ့ဆွမ်း နေ့တိုင်းပို့ကြပါတယ်။ အခုတော့ အားလုံးပြောင်းရွှေ့သွားကြလို့ နေ့ဆွမ်းနေ့တိုင်းပို့တဲ့ အလှူရှင်တွေ တစ်ယောက်မျှ မရှိတော့ပါဘူး။

နေ့စဉ်နေ့တိုင်း မဟုတ်ပေမယ့် နေ့ဆွမ်းကို တစ်ပတ်တစ်ရက် အလှည့်ကျ ပို့တဲ့သူတွေလည်း ရှိပါသေးတယ်။ နှစ်ကလည်း ကြာပြီဆိုတော့ ပြောင်းတဲ့သူကပြောင်း၊ ရွှေ့တဲ့သူက ရွှေ့နဲ့ ဒီနေ့ထိ အမြဲမှုသေတော့ မရှိဘူးပေါ့။ ဘယ်နေ့ဘယ်သူ ပို့မှန်းတောင် ဦးဇင်းလည်း သိပ်မမှတ်မိတော့ပါဘူး။ နေ့တိုင်းလည်း မရှိတော့ဘူး ထင်ပါရဲ့။

အခုလောလောဆယ် . . . အင်္ဂါနေ့တိုင်းကတော့ ဦးစိုးမြင့်၊ ဒေါ်ဌေးဌေးမြင့်၊ သား နေခြည်ဦး၊ ရောင်ခြည်ဦး၊ သမီး ဟေမာန်ဦး မိသားစု၊ ဗုဒ္ဓဟူးနေ့တိုင်းကတော့ မျက်ဝန်းညိုစာပေမိသားစု၊ သောကြာနေ့တိုင်းကတော့ ဆရာမ မခိုင် မိသားစု(သူတို့က သောကြာနေ့တိုင်း အုန်းဆွမ်းကပ်တဲ့ အလှူရှင်တွေ)၊ တနင်္ဂနွေနေ့တိုင်းကတော့ ကိုမိုးအောင်စံ၊ မရည်မွန်အေး မိသားစုနဲ့ မြို့မဈေးအဖွဲ့မိသားစု . . . ဒါ နေ့ဆွမ်းအလှည့်ကျ ကပ်ကြတဲ့သူတွေပါ။ သူတို့ရဲ့ ကုသိုလ်ကလည်း တစ်ပတ်တစ်ခါ ပုံမှန်မြဲတဲ့အတွက် ခိုင်ကုသိုလ်ပါပဲ။ တစ်ခါတစ်ရံ ဒကာကြီး ဦးစိမ်းကလည်း ကိုယ်တိုင်ချက်ပြီး ကိုယ်တိုင်ပို့ပါသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com

အရုဏ်ဆွမ်းရော၊ နေ့ဆွမ်းရော တစ်ရက်မပျက် နေ့တိုင်း ကပ်နေတဲ့သူတွေကတော့ ကျောင်းဒကာ ဒကာကြီး ဦးရှိန်ဝင်းနဲ့ ကျောင်းအမ ဒကာမကြီး ဒေါ်ခင်ချိုဦးတို့ပါပဲ။ သူတို့ကတော့ သူများကပ်ကပ်၊ မကပ်ကပ်၊ အရုဏ်ဆွမ်းရော၊ နေ့ဆွမ်းရော နေ့တိုင်း ကပ်နေကြတာပါ။ ကိုယ်တိုင်တော့ မချက်ရဘူးပေါ့နော်။ ဆွမ်းချက်တာဝန်ယူထားတဲ့ ကပ္ပိယဒကာလေးက သူတို့ရဲ့ အလှူငွေနဲ့ နေ့စဉ် အဆင်ပြေသလို ချက်ပြုတ်ပေးနေတာပေါ့။ သူတို့ကသာ အရုဏ်ဆွမ်းချိန်၊ နေ့ဆွမ်းချိန် ရောက်တိုင်း သတိတရနဲ့ အာရုံပြုနေမယ်ဆိုရင် အဲဒီကုသိုလ်ဟာလည်း ခိုင်ကုသိုလ်ပါပဲ။

ဦးရှိန်ဝင်း၊ ဒေါ်ခင်ချိုဦးတို့ရဲ့ နေ့စဉ်ဆွမ်းအလှူအတွက် ဆွမ်းနဲ့ ဆွမ်းဟင်းချက်ပေးတဲ့ ကိုတေဇလည်း ဝေယျာဝစ္စကုသိုလ်နဲ့ နေ့စဉ်နေ့တိုင်း ခိုင်ကုသိုလ်ရှိနေတာပေါ့။

နေ့စဉ် ဆွမ်းချက်ရာမှာ အသုံးပြုဖို့ သဘာဝမြေဩဇာစစ်စစ်နဲ့ (ဓာတ်မြေဩဇာ လုံးဝ အသုံးမပြုဘဲ) စိုက်တဲ့ဆန် အမြဲလှူတဲ့ (ရုံခါ ကြက်သွန်၊ ပဲ စသည်လည်း လှူတဲ့) ကိုအေးထွန်း၊ မချောစု မိသားစု၊ ဆီနဲ့ပဲ အမြဲလှူတဲ့ ချောက်က ဦးမြင့်မောင်၊ ဒေါ်မြင့်မြင့်ကြည်၊ သား ကိုနိုင် မိသားစုတို့ရဲ့ ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်အလှူတွေဟာလည်း



နေ့တိုင်းရနေတဲ့ ခိုင်ကုသိုလ်တွေပါပဲ။

အခုနောက်ပိုင်း မနက်တိုင်း တောင်ပေါ်ကို အရုဏ်ဆွမ်း ကိုယ်တိုင် တက်ပို့တဲ့သူကတော့ . . ဒကာကြီး ဦးဝင်းအောင်ပါ။ ဇနီးဖြစ်သူ ဒကာမကြီး ဒေါ်ငယ်နဲ့ မရီးဖြစ်သူ ဒကာမကြီး ဒေါ်ချိုတို့ ချက်ပြုတ်ပေးလိုက်တဲ့ . . အရုဏ်ဆွမ်းကို ကိုယ်တိုင် ပြင်ဆင်ပြီး ကပ်ပါတယ်။ အိမ်ကပါလာတာတွင် မဟုတ်ပါဘူး၊ ကပ်စရာရှိတာ မှန်သမျှကို ဝေယျာဝစ္စလုပ် ပြင်ဆင်ပြီး ကပ်တာပါ။

လူကိုယ်တိုင် မနက်တိုင်း တက်ပြီး ဝေယျာဝစ္စလုပ်တာကို ခွင့်ပြုပေမယ့် မနက်တိုင်း အရုဏ်ဆွမ်း ယူလာတာကိုတော့ ဦးဇင်းက လုံးဝ လက်မခံပါဘူး။ တစ်ရက်ခြားပဲ ယူလာခွင့်ပြုပါတယ်။ ဆွမ်းဝိုင်းဘေးမှာ အလှူရှင်ကိုယ်တိုင် ရှိနေတာဆိုတော့ သူ့အိမ်ကဆွမ်း မစားဘဲနေလို့ မဖြစ်တော့ဘူး၊ စားကို စားရတော့မှာလေ။ ဦးရှိန်ဝင်းတို့ကပ်တဲ့ ကျောင်းက ပုံမှန်ဆွမ်းလည်း စား၊ သူ့ဆွမ်းလည်း စားဆိုရင်တော့ သေရောပေါ့။ ဗိုက်လည်းတင်း၊ လူလည်းဝ၊ ကျန်းမာရေး ထိခိုက်မှာ သေချာတယ်။

အလှူရှင်ကိုယ်တိုင်မပါတဲ့ ဆွမ်းတွေ၊ ဆွမ်းဟင်းတွေကျတော့ ကိုယ်အဆင်ပြေရင် စားမယ်၊ အဆင်မပြေရင် မစားဘူး၊ ကိုယ့်သဘောပဲ။ မစားဘဲနေမယ်ဆို နေလို့ရ



www.burmeseclassic.com

www.burmeseclassic.com

တယ်။ စားလည်း နည်းနည်းစီ လိုက်တို့ရုံနဲ့ ပြီးတယ်လေ။ အလှူရှင်ကိုယ်တိုင် ဘေးမှာ ထိုင်နေရင်ကျတော့ တို့ရုံနဲ့ မပြီးဘူး၊ သူစိတ်ကျေနပ်သွားအောင် ခပ်များများလေး စား ပေးရပါယ်။ ဒါ့ကြောင့် တစ်ရက်ခြားပဲ ဆွမ်းကပ်ခွင့်ပြုတာ ပါ။

နေ့တိုင်း တောင်ပေါ်တက်ပြီး အရုဏ်ဆွမ်းကပ် တာ၊ အရုဏ်ဆွမ်း ပြင်ဆင်ပေးတာ၊ ကျောင်းသန့်ရှင်းရေး ဝေယျာဝစ္စလုပ်တာ၊ စာအုပ်ကိစ္စ၊ တရားပွဲကိစ္စ၊ ကျောင်း ဆောက်တဲ့ကိစ္စ၊ အလှူအတန်းကိစ္စ၊ ဦးဇင်းရဲ့ သာသနာ ရေးကိစ္စ၊ ပရဟိတကိစ္စ၊ လုပ်စရာရှိတာတွေ ဆွေးနွေးတာ . . .၊ ဒါတွေဟာ ဒကာကြီး ဦးဝင်းအောင်ရဲ့ မနက်တိုင်း နေတဲ့ ခိုင်ကုသိုလ်ပါပဲ။

သူကတော့ မနက်တိုင်းတွင် မကပါဘူးလေ။ တစ် နေ့လုံးပါပဲ။ ဦးဇင်းလုပ်ချင်တဲ့ အလုပ်မှန်သမျှ ဦးဇင်းလုပ် နေတဲ့ အလုပ်မှန်သမျှကို အနီးကပ်တာဝန်ယူ လုပ်ပေးနေ ရတဲ့သူ၊ ကိုယ်ရေးအရာရှိဆိုတော့ ဦးဇင်းနဲ့ ပတ်သက်တဲ့ အလုပ်တွေနဲ့ သူ့မှာ တစ်နေ့လုံး မအားရပါဘူး။ ဦးဇင်း ကိုယ်တိုင် လှူလို့မရတာ မှန်သမျှ သူပဲ လိုက်လှူပေး၊ ဦးဇင်း ကိုယ်တိုင် လုပ်လို့မရတာ မှန်သမျှ သူပဲ လိုက်လုပ်ပေးနေ ရတာလေ။ နောက်ဆုံး . . .ရန်ကုန် ရွှေပါရမီရုံးချုပ်မှာ



ကွန်ပျူတာစာစီထားတဲ့ စာမူကြမ်းကိုတောင် ရန်ကုန်ထိ သူပဲ သွားယူပေးနေတာ။ ဒီတော့ ဦးဇင်းတစ်ပါးတည်းနဲ့ ကိုပဲ ဒကာကြီး ဦးဝင်းအောင်မှာ ခိုင်ကုသိုလ်တွေ နေ့တိုင်း တိုးနေပါတယ်။

တောင်ပေါ်ကို အရုဏ်ဆွမ်း နေ့တိုင်း တက်ပို့တဲ့ ဒကာနေခြည်၊ ဒကာဖိုးတာ၊ နေ့ဆွမ်း နေ့တိုင်း တက်ပို့တဲ့ ဒကာနေခြည်၊ ဒကာ Rဇာနည်(တင့်ထူးအောင်)တို့ရဲ့ ကု- သိုလ်ဟာလည်း ခိုင်ကုသိုလ်ပါပဲ။ အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းကို အဆင်ပြေရင် ပြေသလို မကြာမကြာ တက်ပို့ဖြစ်တဲ့ ဒကာ ဘလေး၊ ဒကာ ထွဋ်ခေါင်၊ နေ့ဆွမ်းကို အားရင်အားသလို တက်ပို့တဲ့ ဒကာမောင်ထူး၊ ဒကာ တုံတုံ၊ ဒကာ သားငယ်၊ ဒကာ ပြည့်စုံတို့ကျတော့ ခိုင်ကုသိုလ် ပြောမလား၊ မခိုင့် တခိုင်ကုသိုလ် ပြောမလား၊ ခိုင်ကုသိုလ်ပဲ ထားလိုက်ပေါ့ နော်။

ဦးဇင်းနဲ့ ပတ်သက်လို့ အဆင်ပြေသလို ခိုင်ကု- သိုလ် ပြုနေကြတဲ့သူတွေ လျှောက်ပြောရင် ကုန်မှာမဟုတ် တော့ဘူးနော်။ အခုလောလောဆယ်ပြောတဲ့အထဲ ကိုယ့် နာမည်ပါမလာလို့ဆိုပြီး စိတ်တော့ မဆိုးလိုက်ကြပါနဲ့။ အ ရင်ရှားဆုံးတွေကို နမူနာ ပြောလိုက်တာပါ။

အခုပြောခဲ့တာတွေ နားထောင်ပြီးတော့ ကို့လည်း



www.burmeseclassic.com

www.burmeseclassic.com

ခိုင်ကုသိုလ်ရအောင် တောင်ပေါ်ကို နေ့တိုင်းတက်မယ်ဆို
တော့ မလုပ်လိုက်ကြပါနဲ့။ တက်ခွင့်မပြုပါဘူးနော်။ အလှ
ကိစ္စ မတက်မဖြစ်တဲ့သူတွေကိုသာ နေ့တိုင်း တက်ခွင့်ပြု
တာပါ။ လူတိုင်းကိုတော့ တောင်ပေါ်ကို နေ့တိုင်းတက်ခွင့်
မပြုပါဘူး။ စကားပြောရတာ အချိန်ကုန်ပါတယ်။ အလှ
ပျက်ပါတယ်။

ဆွမ်းလည်း ဘယ်သူမှ နေ့တိုင်း လာမပို့ကြပါနဲ့
အရှက်ဆိုလည်း တစ်မျိုးထက် ပိုမစားချင်ပါဘူး။ နေ့ဆွမ်း
ဆိုလည်း ကျောင်းဟင်း(ဦးရှိန်ဝင်းအလှူ)ကို သုံးမျိုးထက်
ပိုမချက်ဖို့ အမိန့်ထုတ်ထားပါတယ်။ ရိုးရိုးရှင်းရှင်းလေးကို
နည်းနည်းလေးစားရင် လုံလောက်ပါပြီ။

ဒကာ ဒကာမတွေရဲ့ သဒ္ဓါတရားကို ကျေးဇူး
လည်း အရမ်းတင်ပါတယ်။ ကြောက်လည်း အရမ်းကြောက်
ပါတယ်။ ဦးဇင်း အကြောက်ဆုံးလူဟာ သဒ္ဓါတရား အ
ကောင်းဆုံးလူပါပဲ။ သဒ္ဓါတရားကောင်းတဲ့လူတွေကြော
ပဲ ပင်ပန်းဆင်းရဲနေရတာပါ။ သဒ္ဓါတရားကောင်းလေ
ချီးမြှောက်ရလေ ဖြစ်နေတာကိုး။ တခြားပုဂ္ဂိုလ်တွေအပေါ်
မှာ သဒ္ဓါတရား အရမ်းကောင်းရင်ကောင်းပါ။ ဦးဇင်းအ
ပေါ်မှာတော့ နည်းနည်းလေးလောက်ပဲ ကောင်းရင် တော်
ပါပြီ။ ကိုယ့်ဘာသာကိုယ် အေးအေးဆေးဆေး နေပါရစေ





## ...တိတ်ကံ များမောက်လို့ ...မာန် သိကြားဆောက်ပေးရတယ်

'နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ဖြားကုသိုလ်၊
...ခိုင်ဆုဆို၍ . . .'

'ခိုင်ဆုဆို၍' ဆိုတာက 'ဘုရားတပည့်တော် ပိုင်
...ိုင်တဲ့ပစ္စည်းဥစ္စာတွေကို ဘုရားတပည့်တော် မပေးဘဲနဲ့
...ယ်မင်းစိုးရာဇာ၊ ဘယ်သူခိုးဓားပြ၊ ဘယ်မီး၊ ဘယ်ရေ၊
...ယ်အမွေခံ သားဆိုးသမီးဆိုးမှ နှောင့်ယှက်ဖျက်ဆီးလို့
...ပါစေသတည်း' လို့ တောင်းဆုဆိုပြီးတော့ ကုသိုလ်ပြု
...ာကို ပြောတာပါ။

အဲဒီလို ခိုင်ပါစေကြောင်း ခိုင်ဆုတောင်းပြီး ကု
...ိုလ်ပြုထားရင်လည်း အဲဒီကုသိုလ်ရဲ့ အကျိုးပေးတွေကို



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူကမှ၊ ဘယ်အရာကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရ
တော့ပါဘူး။ အကျိုးပေးတွေ ခိုင်သွားပါတယ်။

အမှန်က ဒီအချက်ကို ဒီနေ့အဓိကပြောဖို့ပဲ။ ရှေ့
က နိဒါန်းချီလိုက်တာနဲ့ကို လေးဆယ့်ငါးမိနစ်လောက်
သွားပြီ။ ကျောင်းအလှူနဲ့ ပတ်သက်ပြီး ဒီအချက်ကို ပြော
ဖြစ်လာရာကနေ ဆက်စပ်ရာ တခြားအချက်တွေ ပါလာ
တာပါ။

ဇောတိကသူဌေးကြီးရဲ့ ပိုင်ဆိုင်မှုတွေ ခိုင်မာ
အကြောင်း ပြောဖို့ စဉ်းစားရာကနေ တခြား ပိုင်ဆိုင်
ခိုင်မာစေနိုင်တဲ့ အကြောင်းတရားတွေ စီကာစဉ်ကာ ပေ
လာတာပါ။

ဇောတိကသူဌေးကြီးဟာ ခိုင်သထက်ခိုင်တဲ့နေရာ
မှာ နမူနာစံပြပဲ။ ဒါ အားလုံးသိပြီးသားပါ။ ဇောတိက
သူဌေးအကြောင်းကိုတော့ အသေးစိတ်မပြောတော့ဘူး
အားလုံးသိထားပြီးသားပဲ။

သူ့ကို မွေးတဲ့နေ့မှာ တစ်တိုင်းတစ်ပြည်လုံးမှာရှိ
လက်နက်တွေက အရောင်တွေ တလက်လက်နဲ့ တောက်
တယ်၊ လူတွေ ဝတ်ဆင်ထားကြတဲ့ လက်ဝတ်ရတနာတွေ
လည်း အရောင်တွေတလက်လက်နဲ့ တောက်ပတယ်။ လက်
နက်တွေရော၊ လက်ဝတ်ရတနာတွေရော လက်နှစ်လ



ပါလေ။ လက်နှစ်လက်က အရောင်တွေ လက်သွားတဲ့
အတွက်ကြောင့်မို့၊ တောက်ပသွားတဲ့အတွက်ကြောင့်မို့လို့
သူ့ကို ဇောတိကလို့ခေါ်တာ။

ဇောတိကဆိုတာ ထွန်းလင်းတောက်ပတယ်လို့
အဓိပ္ပာယ်ရပါတယ်။ အမှန်ကတော့ ဇောတိကသူဌေးအ
ကြောင်း အေးအေးဆေးဆေးကို ပြောချင်တာပေါ့လေ။ အ
မှန်က မရဘူးနော်။ ဇောတိကသူဌေးမွေးတော့ လက်နက်
တွေ၊ လက်ဝတ်ရတနာတွေ လက်ကုန်ကြတော့ ရှင်ဘုရင်
ကြီးက ကြောက်တာပေါ့။

ဇောတိကရဲ့ ဖခင်ကြီးက ရှင်ဘုရင်ဆီ နေ့တိုင်း
ခစားဝင်တာဆိုတော့ . . .

'သူဌေးကြီး၊ ဒီနေ့ လက်နက်တွေ၊ လက်ဝတ်တွေ
တလက်လက်တောက်ပနေပါလား၊ ဘယ်လို ဖြစ်တာတုံး'

'မှန်လှပါ အရှင်မင်းကြီး။ ကျွန်တော်မျိုးတို့အိမ်မှာ
အရှင်မင်းကြီးအတွက် ကျွန်အသစ်တစ်ယောက် မွေးဖွား
ပါ။ (ဆိုလိုတာကတော့ တပည့်တော် ဒီနေ့ သားတစ်
ယောက် မွေးဖွားပါတယ်။) အဲဒီသားရဲ့ ကုသိုလ်ဘုန်းကံ
ကြောင့် လက်နက်တွေ၊ လက်ဝတ်တွေ လက်ပြီးတော့
တောက်ပနေရတာပါ'

'ဪ . . . ဒါဖြင့် သင့်သားလေးက သူခိုးတားပြ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်မယ်ထင်တယ်'

'မဖြစ်နိုင်ပါဘူးဘုရား။ တပည့်တော် သားဟာ ကုသိုလ်ဘုန်းကံ အလွန်ကြီးမားတဲ့ သားပါ။ သူ့ကြောင့် တိုင်းပြည်ရော၊ အများရော ကောင်းကျိုးချမ်းသာဖြစ်ဖို့ပဲ ရှိပါတယ်'

'ကဲ ကဲ . . . ဒါဖြင့်လည်းပဲ ဒီလောက်ဘုန်းကံကြီးတဲ့ ကလေးလေးကို သေသေချာချာ ချမ်းချမ်းသာသာ မွေးမြူထားမှ ဖြစ်မှာ၊ ရော့ . . .'

ကလေးရဲ့ နို့ဖိုးအတွက် အသပြာ တစ်ထောင်ပေးလိုက်တယ်။ နို့ပြတ်တဲ့အထိ အမြဲတစ်ထောင် မဟုတ်ဘူးနော်။ တစ်နေ့တစ်နေ့ တစ်ထောင်။ ဇောတိက ကလေးလေးအတွက် နို့မပြတ်မချင်း တစ်နေ့တစ်နေ့ကို အသပြာ တစ်ထောင်။

မွေးကတည်းကိုက ကိုယ်ပိုင်ဝင်ငွေနဲ့ လာတာနော်။ မိဘလုပ်စာနဲ့ နို့သောက်တာလား။ ကိုယ့်ဝင်ငွေနဲ့ ကိုယ် နို့သောက်တာလား။ ကိုယ့်ဝင်ငွေနဲ့ကိုယ်နော်။ မွေးကတည်းက ကိုယ်ပိုင်ဝင်ငွေ တစ်နေ့ အသပြာ တစ်ထောင်နဲ့ လာတာ ဘယ်မှာရှိတုံး။ ကုသိုလ်ဘုန်းကံများနော်။

အဲဒါနဲ့ ဆယ့်ခြောက်နှစ်အရွယ်ရောက်တော့ အိမ်ထောင်ပြုတယ်။ အဲဒီခေတ်ကတော့ ဆယ့်ခြောက်နှစ်ဆိုရင် အိမ်ထောင်ပြုကြတာကိုး။ ဆယ့်ခြောက်နှစ် အိမ်ထောင်ပြုပြီးရင် သူတို့ တစ်အိုးတစ်အိမ်နေကြဖို့ ဆိုပြီးတော့ ဖခင်သူဌေးကြီးက သတို့သား ဇောတိကအတွက် အိမ်ဆောက်ဖို့ လုပ်တယ်။

မြေတွေဘာတွေ ညှိကြ၊ တိုင်းကြတာကြလည်းလုပ်ရော၊ သိကြားမင်းရဲ့ ကျောက်ဖျာက ပူလာတယ်။ 'ငါ့ကျောက်ဖျာ ဘာလို့ပူတာပါလိမ့်'၊ ငုံ့လည်းကြည့်လိုက်ရော . . .

'ဇောတိကသူဌေးသားလေးအတွက် အိမ်ဆောက်ဖို့ နေရာပြင်နေကြတာပါလား။ ဇောတိကသူဌေးသားဟာ လူတွေဆောက်တဲ့အိမ်မှာ နေရမယ့်ကံရှိတဲ့သူ မဟုတ်ဘူး။ ဒါ့ကြောင့် သူ့အတွက် ငါ အိမ်သွားဆောက်ပေးမယ်' ဆိုပြီးတော့ လူ့ပြည်ကို ဆင်းချလာတယ်။ လက်သမား ယောင်ဆောင်ပြီးတော့ လာတာပေါ့။

'အမောင်တို့၊ အမိတို့ ဘာလုပ်နေကြတာတုံး'

'ဇောတိကသူဌေးသားအတွက် အိမ်ဆောက်ဖို့ပြင်နေကြတာပါ'

'ဖယ်ဖယ်။ ဇောတိက သူဌေးသားဟာ မင်းတို့ဆောက်တဲ့ အိမ်မှာ နေရမယ့်လူမျိုး မဟုတ်ဘူး။ မင်းတို့ဆောက်တဲ့အိမ်မှာ နေရမယ့် အတန်းအစားမျိုး မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဖယ်ကြ ဖယ်ကြ။ ငါကိုယ်တိုင် ဆောက်မယ်' ဆိုပြီးတော့ ဇောတိကသူဌေးသားအတွက် အိမ်ဆောက်မယ့် မြေနေရာလေးကို စူးစိုက်ကြည့်ပြီးတော့ အဓိဋ္ဌာန်လိုက်တယ်။

'မညီမညာဖြစ်နေတဲ့ ဒီမြေပြင် ကသိုဏ်းဝန်းကဲ့သို့ ညီညာကြပါစေ'

စူးစိုက်ကြည့်ပြီးတော့ အဓိဋ္ဌာန်လိုက်တယ်ဆိုရင်ပဲ မြေတွေက ကသိုဏ်းဝန်းကဲ့သို့ ညီညာသွားပါတယ်။ တစ်စင်တီမီတာတောင်မှ ခုံးတယ်တို့၊ ချိုင့်တယ်တို့ မရှိတော့ဘူး။

'ဒီမြေပြင်ကနေ ရတနာခုနစ်ပါးပြီးတဲ့ ဘုံခုနစ်ဆင့်ပြာသာဒ်ကြီး ပေါ်ပေါက်လာပါစေ' ဆိုပြီးတော့ ဆက်အဓိဋ္ဌာန်လိုက်တယ်။ ဒီမြေကြီးထဲကနေ ရတနာခုနစ်ပါးအတိပြီးတဲ့ ဘုံခုနစ်ဆင့်ပြာသာဒ်ကြီး ပေါ်ပေါက်လာတယ်။

ပြီးတော့ 'ဒီပြာသာဒ်ကြီးကို ဝန်းရံနေတဲ့ ရတနာတံတိုင်းကြီး ခုနစ်ထပ်ပေါ်ပေါက်ပါစေ'။ မျက်လုံးနဲ့ စူးစိုက်ကြည့်ပြီးတော့ စိတ်ထဲကနေ အဓိဋ္ဌာန်နေတာနော်။ အဲဒီမှာတွင် ရတနာတံတိုင်းကြီး ခုနစ်ထပ်ပေါ်ပေါက်လာတယ်။

'ရတနာတံတိုင်းကြီး တစ်ထပ်တစ်ထပ်ကြားထဲမှာလည်း လိုရာရနိုင်တဲ့ ပဒေသပင်ကြီးတွေ ပေါ်ပေါက်လာပါစေ'။ ပဒေသပင်ကြီးတွေ ပေါ်ပေါက်လာတယ်။

'ဘုံခုနစ်ဆင့်ရှိတဲ့ ပြာသာဒ်ကြီးရဲ့ လေးဖက်လေးတန် ထောင့်လေးထောင့်မှာလည်း ရွှေအိုးကြီးလေးလုံး ပေါ်ပေါက်လာပါစေ'။ ရွှေအိုးကြီးလေးလုံးလည်းပဲ ပေါ်လာတယ်။

ဇောတိကသူဌေးကြီးအတွက် ခုနစ်ဆောင် ပြာသာဒ်ကြီးရဲ့ ထောင့်လေးထောင့်မှာလည်း ရွှေကြံပင်ကြီးတွေ ပေါ်ပေါက်လာတယ်။ ဒါ အတိတ်ဘဝတုန်းက ကြံချောင်းလှူခဲ့တဲ့ ကုသိုလ်တွေ အထင်အရှားပြတာပေါ့။

သူ့ဘာကုသိုလ်နဲ့ ဒီစည်းစိမ်တွေ ရလာတာလဲဆိုတာ ပြသတဲ့အနေနဲ့ ရွှေကြံပင်ကြီးတွေ ပေါ်လာတယ်။ ပင်စည်က ရွှေသားပကတိ။ အရွက်တွေက မြသားပကတိ။

'ဒီရတနာပြာသာဒ်ကြီးကို စောင့်ရှောက်ဖို့အတွက် နတ်ဘီလူးစစ်သည်တွေနဲ့တကွ နတ်ဘီလူးစစ်သေနာပတိတွေလည်း ပေါ်ပေါက်လာပါစေ'

တံတိုင်းကြီးခုနစ်ထပ်မှာ ပထမတံတိုင်းမှာ နတ်စစ်သည်၊ နတ်ဘီလူးစစ်သည် တစ်ထောင်နဲ့တကွ နတ်စစ်သေနာပတိတစ်ယောက်။ ဒုတိယတံတိုင်းကျတော့ နတ်စစ်သည်နှစ်ထောင်နဲ့တကွနတ်စစ်သေနာပတိကြီးတစ်ယောက်။ တတိယကျတော့ သုံးထောင်၊ စတုတ္ထကျတော့ လေးထောင်၊ ပဉ္စမကျတော့ ငါးထောင်၊ ဆဋ္ဌမကျတော့ ခြောက်ထောင်၊ သတ္တမကျတော့ ခုနစ်ထောင် အဲဒီလိုအားဖြင့် တံတိုင်းခုနစ်



www.burmeseclassic.com

www.burmeseclassic.com

ထပ်မှာ နတ်စစ်သည်တစ်ထောင်မှ ခုနစ်ထောင်အထိနဲ့ တကွ နတ်စစ်သေနာပတိကြီးတွေ ဦးဆောင်ပြီးတော့ အစောင့်အကြပ် ချထားလိုက်တယ်။

အဲဒီလို မြေကြီးထဲကနေ ရတနာဘုံခုနစ်ဆင့်ပြာသာဒ်ကြီး ပေါ်ပေါက်လာတယ်လည်း ကြားလိုက်ရော ဗိမ္ဗိသာရမင်းကြီးက သူဌေးအဆောင်အယောင်တွေ၊ သူဌေးထီးဖြူတွေ ပို့ပြီးတော့ ဇောတိကသူဌေးသားကို သူဌေးဘွဲ့အပ်နှင်းလိုက်ပါတယ်။

ဒီတော့မှ လူတွေကလည်း အုတ်အုတ်ကျက်ကျက်နဲ့ သွားကြည့်ကြတာပေါ့။ မြေကြီးထဲကနေ ပြာသာဒ်ကြီးထွက်လာသတဲ့။ ရတနာတံတိုင်းကြီး ခုနစ်ထပ်တဲ့။ ပဒေသာပင်တွေက ရွှေတွေ၊ ငွေတွေ၊ အဝတ်အစားအသုံးအဆောင်တွေ လိုရာဆွတ်ခူးလို့ ရသတဲ့။ လူတွေ အုတ်အုတ်ကျက်ကျက်နဲ့ သွားကြည့်ကြတယ်။

■





## ဘုရင်ငေးရတဲ့ ရှေးကကုသိုလ်

သတို့သမီး ရှာလိုက်ပြန်တော့လည်း ဇောတိကသူဌေးသားနဲ့ ထိုက်တန်တဲ့ သတို့သမီးက ဒီဇမ္ဗူဒိပါလက်ယာတောင်ကျွန်းမှာ မရှိဘူး။ မြောက်ကျွန်းမှာပဲ ရှိတယ်။ သူနဲ့ ကုသိုလ်ကောင်းမှု အတူတူပြုဖက်၊ တစ်နည်းပြောရင် ရေစက်ချဖက်ပေါ့။

ရေစက်ရှိတယ်၊ ရေစက်ပါတယ်ဆိုတာ အလှူဒါန တစ်ခုမှာ အတူတူရေစက်ချဖူးတာကို ပြောတာပါ။ ကုသိုလ်အတူပြုဖက်၊ ရေစက်အတူချဖက်ပေါ့။ သူနဲ့ ရေစက်ပါတဲ့ပုဂ္ဂိုလ်၊ ကုသိုလ်အတူတူပြုခဲ့ဖူးတဲ့ပုဂ္ဂိုလ်က ဒီဘက်မှာ မရှိဘူး။ ဟိုးမြောက်ကျွန်းမှာပဲရှိတယ်ဆိုတော့ နတ်တွေက မြောက်ကျွန်းကို သွားပြီးတော့ သတို့သမီးခေါ်လာခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com

သတုလကာယီလို့ ခေါ်ပါတယ်။

သူကလည်း လာကတည်းက မီးကျောက်သုံးလုံး ရယ်၊ ဆန်တစ်စလယ်ရယ်ပဲပါတယ်။ အဲဒီဆန်တစ်စလယ် ကလည်း ဘယ်လောက်ပဲ ချက်စား ချက်စား ကုန်တယ်လို့ ကို မရှိတော့ဘူးတဲ့။ လာသမျှဧည့်သည်ကို ထမင်းချက်ကျွေး လို့ ရတယ်။

ထမင်းချက်တော့မယ်ဆိုရင် အိုးထဲ ဆန်ထည့် မီးကျောက်သုံးလုံးပေါ် တင်။ မီးက အလိုလိုတောက်။ ထမင်းကျက်ပြီဆိုရင် မီးက အလိုလိုငြိမ်း။ ကွန်ပျူတာမီးဖိုပေါ့ နော်။ မိုက်ခရိုဝေ့ဖ်မီးဖိုပေါ့။ ခုခေတ် ကွန်ပျူတာမီးဖို၊ မိုက် ခရိုဝေ့ဖ်မီးဖိုတွေကိုတော့ ပျင်းတောင်ပျင်းသေးတယ်။

မီးလေးငြိမ်းသွားပြီဆိုတာနဲ့ ထမင်းကျက်ပြီဆိုတာ သိတယ်။ ခူးခပ်စား။ ဘယ်လောက်ခူးခူး ဘယ်လောက် ခပ်ခပ်၊ ကုန်တယ်ကို မရှိတော့ဘူး။ လာသမျှ ဧည့်သည် တွေကို မြောက်ကျွန်းဆန်လေးနဲ့၊ မီးကျောက်သုံးလုံးနဲ့ပဲ ချက်ပြီးတော့ ကျွေးပါတယ်။

ဗိမ္ဗိသာရမင်းကြီးကလည်း ဇောတိကသူဌေးရဲ့ စည်းစိမ်ချမ်းသာတွေ သွားကြည့်မယ်ဆိုပြီးတော့ တစ်နေ့ သွားကြည့်တာပေါ့။ သွားကြည့်တဲ့အခါကျတော့ ဝင်းတံခါး ဝက တံမြက်စည်းလှည်း၊ အမှိုက်ကျုံးရတဲ့ အလုပ်သမလေး

ကလည်း . . .

'မင်္ဂလာပါ . . . အရှင်မင်းကြီး။ အရှင်မင်းကြီးရဲ့ လာခြင်းဟာ ကောင်းသောလာခြင်းဖြစ်တယ်' လို့ နှုတ်ခွန်း ဆက်သပြီးတော့ လက်ကလေးကမ်းလိုက်တယ်။ လက်ဆွဲ နှုတ်ဆက်မလို့ပေါ့။

ဗိမ္ဗိသာရမင်းကြီးက အဲဒီအမှိုက်ကျုံးတဲ့ မိန်းက လေးကို သူဌေးကတော်ကြီး မှတ်လို့၊ အိမ်မှာ တံမြက်စည်း လှည်းတဲ့ မိန်းကလေးတောင်မှ သူဌေးကတော်ပုံ ပေါက်နေ တာတဲ့နော်။ ကုသိုလ်ဘုန်းကံဘယ်လောက်များ ကြီးသလဲ ဆိုတာ။ အသေးစိတ်ချဲ့ပြောရင်တော့ အများကြီးပေါ့လေ။

အမှိုက်ကျုံးတဲ့ မိန်းကလေးက လက်ကမ်းတာကို သူက လက်ဆွဲနှုတ်မဆက်ရဲဘူး။ သူဌေးကတော်ကြီးမှတ်လို့ ကြောက်နေတာနော်။ ရှက်ကလည်း ရှက်နေတာလေ။ ဟို က အရမ်းချောနေတာကိုး။ ရှင်ဘုရင်တောင် ကြောက်ရ တယ်ဆိုတော့ တော်တော့်ကို ချောလို့ ဖြစ်မယ်နော်။

ဟိုနေရာသွားလည်းပဲ 'မင်းကြီး၊ မင်္ဂလာပါ' ဆိုပြီး တော့ လက်ဆွဲနှုတ်ဆက်ဖို့ လက်ကမ်းလို့၊ လက်မဆွဲရဲဘူး။ အဲဒါနဲ့ သူဌေးကတော်တွေကလည်း များလှချည်လားပေါ့။ ဇောတိက တော်တော်ရှုပ်တဲ့ကောင်ပဲ။ အဲဒါနဲ့ သွားတာပေါ့ လေ။



www.burmeseclassic.com

www.burmeseclassic.com

'အရှင်မင်းကြီး . . . ရှေ့ကကြွပါ။ ကျွန်တော်မျိုး နောက်ကနေ လိုက်ပါ့မယ်'ဆိုပြီးတော့ မင်းကြီးကို အရှေ့က သွားခိုင်းတယ်။ မြေကြီးပေါ်မှာ ခင်းထားတာကလည်း မြ သားပကတိတွေ၊ မြရတနာတွေ။ မြတွေက အရောင်တဖိတ် ဖိတ် တောက်နေတော့ တွင်းကြီးလိုဖြစ်နေတာပေါ့။

မင်းကြီးက 'ဇောတိကသူဌေးတော့ ငါ့ကို လုပ်ကြံ ခေါ်တာဖြစ်မှာပဲ' ဆိုပြီးတော့ မသွားရဲဘူး။ 'အရှင်မင်းကြီး တွင်းမဟုတ်ပါဘူး။ မြတွေခင်းထားတာပါ။ ကျွန်တော်မျိုး ရှေ့က သွားပါ့မယ်' ဆိုပြီးတော့ ဇောတိကသူဌေးက ရှေ့က သွားမှ ရှင်ဘုရင်က နောက်က လိုက်ရဲတယ်။ ရှင်ဘုရင်ဆို တာ အဲဒီလိုနော်။

ရှင်ဘုရင်တွေဟာ သူတစ်ပါးကို သတ်ဖို့ဖြတ်ဖို့ ဝန်မလေးပေမယ့် ကိုယ့်ကိုသတ်မှာ၊ ဖြတ်မှာကျတော့ အ ရမ်းကြောက်ပါတယ်။ သူတစ်ပါးကို သတ်ခိုင်း၊ ဖြတ်ခိုင်း လွယ်ကူပေမယ့် ကိုယ့်ကို သတ်ခိုင်းဖြတ်ခိုင်းမှာကျတော့ အရမ်းထိတ်လန့်ပါတယ်။ ကိုယ်ချင်းစာတရားမရှိတဲ့ ရှင် ဘုရင်တွေဆိုရင်ပေါ့လေ။

အဲဒါနဲ့ ခုနစ်ထပ်အထိ ဆက်ဆက်ပြီးတော့ ကြည့် ကြတာပေါ့လေ။ ကြည့်ရင်းနဲ့ ထမင်းစားချိန်ရောက်သွား ရော။ ထမင်းစားချိန်ရောက်တော့၊ 'ဒီမှာပဲ ထမင်းစားမယ် ဆိုတော့ 'ရှင်ဘုရင်ကြီးအတွက် အသင့်ပြင်ဆင်ထားပါ တယ်' ဆိုပြီး မြောက်ကျွန်းဆန် တစ်စလယ်လေးနဲ့ မီး ကျောက်သုံးလုံးနဲ့ ချက်ထားတဲ့ ထမင်းဘောဇဉ်နဲ့ ဧည့်ခံ တာပေါ့။

ဧည့်ခံတော့ ပထမ အငွေ့တထောင်းထောင်းထ နေတဲ့ နို့ယနာတွေ လာချ။ မင်းကြီးက 'ငါစားရမယ့် ဘော ဇဉ်ပဲ' ဆိုပြီးတော့ နှိုက်မယ်လည်း ကြံရော၊ 'အရှင်မင်းကြီး ဒါစားဖို့ မဟုတ်သေးပါဘူး'။ ရှင်ဘုရင်က ရှက်သွားတာပေါ့။

ဟိုက အငွေ့တထောင်းထောင်းနဲ့ စားချင်စရာ လေး။ လက်ကလေးနဲ့ ကော်လို့ရတဲ့ ခပ်ပျစ်ပျစ်ကလေးပေါ့။ ဒါက စားဖို့ မဟုတ်သေးပါဘူး။ စားမယ့်ဘောဇဉ်ကို အေး သွားအောင်လို့ အငွေ့ပေးတဲ့ စားဖွယ်လေးပါ'။

နောက်တစ်ယောက်က လာချတယ်။ တစ်သိန်း တန် ရွှေခွက်ထဲမှာ မြောက်ကျွန်းဆန်နဲ့ ချက်ထားတဲ့ ထ မင်းဘောဇဉ်တွေ လာချတယ်။ ဘယ်ပေါ်တင်လိုက်လဲဆို တော့ ခုန အငွေ့တထောင်းထောင်းထနေတဲ့ နို့ယနာခွက်၊ ရွှေခွက်ပေါ်မှာ တင်လိုက်တယ်။

ခုခေတ် ဟော့ပေါ့လိုပေါ့နော်။ ဟော့ပေါ့ဆိုတာက အောက်က မီးသွေးခဲနဲ့ အပေါ်က ဟင်းအိုးတင်ပြီးတော့ ပူအောင်လုပ်ရတာ။ ဇောတိက သူဌေးအိမ်မှာကျတော့ မီး



www.burmeseclassic.com

www.burmeseclassic.com

သွေးခဲ လိုရဲ့လား။ မလိုဘူး။ အောက်က အငွေ့တထော
ထောင်းထနေတဲ့ နို့ဃနာလေး။

နို့ဃနာကထွက်တဲ့အငွေ့လေးနဲ့ပဲ အပေါ်က
မင်းက တငွေ့ငွေ့နဲ့ နွေးနေတာပေါ့။ အစအဆုံး၊ စား
မပြီးမချင်းကို နွေးနေတော့တာ။ အဲဒီကျမှ 'မွှေးလိုက်တာ
အရသာလည်း ရှိလိုက်တာ၊ တစ်ခါမှ မစားဖူးဘူး' ဆို
တော့ ရှင်ဘုရင်ရဲ့ ရာဇက္ကန္ဒြေတောင်မှ မဆည်နိုင်တော
ဘဲ ပလုတ်ပလောင်းနဲ့ကို တွယ်တော့တာနော်။

ဗိုက်တအားတင်းနေတာတောင် လက်က မ
သေးဘူး။ ဇောတိကသူဌေးက . . .

'ရှင်ဘုရင်ကြီး၊ ဒီလောက်ဆို တော်သင့်ပါပြီ
ဒီ့ထက် ဆက်စားရင်တော့ အစာမကြေ ဖြစ်ပါလိမ့်မေ

'အောင်မာ . . . မင်းရဲ့ ထမင်း ကောင်းကြော
ကြွားတာပေါ့လေ။ မင်းထမင်း မင်းဂုဏ်တင်တာပေါ့

'မဟုတ်ပါဘူး အရှင်မင်းကြီး၊ အရှင်မင်းကြီး
လည်း ဒီမြောက်ကျွန်းဆန်နဲ့ ကျွေးတာပါပဲ။ အရှင်မင်း
ရဲ့ တပည့်တွေကိုလည်း ဒီမြောက်ကျွန်းဆန်နဲ့ ကျွေးတာ
ပဲ'

'တကယ်လို့ အရှင်မင်းကြီးက အများကြီး
လိုက်လို့ ကိုယ်လက်မအီမသာဖြစ်သွားလို့ရှိရင် 'ဇောတိ

သူဌေးအိမ်မှာ ဒီနေ့မနက် စားခဲ့တယ်။ ဇောတိကသူဌေး
ကြီးက ရှင်ဘုရင်ကြီးကို အောက်လမ်းနည်းနဲ့ ဆေးခတ်လိုက်
လို့ ဖြစ်မှာပေါ့' နဲ့ သူတစ်ပါးက ကဲ့ရဲ့စရာ ဖြစ်နေပါလိမ့်
မယ်'

'ဒါဖြင့်ရင်လည်း တော်ပါပြီ' ဆိုပြီးတော့ လက်
ဆေး။ ရေတော်ကပ်ခိုင်းပြီးတော့ သောက်ပေါ့။ 'ဟဲ့ - မင်း
ရဲ့ သူဌေးကတော်ကြီးရော မရှိဘူးလား' ဆိုတော့ 'ရှိပါ
တယ်။ ရှင်ဘုရင်ကြီး ရောက်လာမှန်း မသိသေးလို့ပါ' ဆိုပြီး
တော့ မြောက်ကျွန်းသူကို သွားခေါ်။

'သင့်ကို မင်းကြီးက တွေ့ချင်နေပါတယ်။ ထွက်
တွေ့နိုင်မလား' 'နေပါဦး၊ မင်းဆိုတာ ဘာလဲ' 'မင်းဆိုတာ
ငါတို့ကို အစိုးရတဲ့ပုဂ္ဂိုလ်။ ငါတို့ကို အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်ပေါ့'
မြောက်ကျွန်းသူက မင်းဆိုတာ ကြားကို မကြားဖူးဘူး။ သူတို့
မြောက်ကျွန်းမှာ မင်းဆိုတာ မရှိဘူး။ အားလုံးက ကိုယ်စီ
ကိုယ်စီ လွတ်လွတ်လပ်လပ်ပဲ။

'ဪ . . . ငါတို့ အတိတ်ဘဝတုန်းက ကုသိုလ်
တို့ ကောင်းကောင်း မပြုခဲ့လို့ ကိုယ့်ကို လွှမ်းမိုးအုပ်ချုပ်မယ့်
ခင်းနဲ့ ကြုံရတာ။ သူတစ်ပါး စိုးမိုးပိုင်သတဲ့နေရာမှာ လူလာ
ဖြစ်ရတယ်ဆိုတာ ကုသိုလ်ဘုန်းကံ အင်မတန်နည်းလို့ပဲ'

'ကံ-ကံရဲ့ အကျိုးကို မယုံကြည်ဘဲနဲ့ သ ရား



www.burmeseclassic.com

မွဲမွဲနဲ့ ကုသိုလ်ကောင်းမှုတွေ ပြုခဲ့လို့ သူတစ်ပါးလွှမ်းမိုးအုပ်ချုပ်တဲ့နေရာမှာ လူလာဖြစ်ရတာ။ သေပြီဆရာ။ သေပြီသူဌေးမင်းကြီး'။ သတုလကာယီ နဖူးရိုက်ပြီးတော့ 'သေပြီဆရာ' အော်တော့တာ။

'ကဲလေ မတတ်နိုင်ဘူး။ တွေ့ရမှာပဲ' ဆိုပြီးတော့ ရှင်ဘုရင်ကို ထွက်တွေ့။ ထန်းရွက်ယပ်ဝန်းလေးနဲ့ ရှင်ဘုရင်ကြီးကို ခတ်ပေးတာပေါ့။ အဲဒီလိုခတ်နေရင်းနဲ့ မင်းကြီးရဲ့ ခေါင်းပေါင်းတော်က ထွက်တဲ့အနံ့ကြောင့် သတုလကာယီ မျက်ရည်တဖြိုင်ဖြိုင်ကျတယ်။ ရှင်ဘုရင်ရဲ့ ကောင်းပေ့ ညွှန့်ပေ့၊ မွှေးပေ့ ကြိုင်ပေ့ ဆိုတဲ့ခေါင်းပေါင်းရဲ့ အနံ့ကိုတောင် မခံနိုင်ဘူး။

မျက်ရည်ကျတော့ မင်းကြီးက အထင်လွဲတယ်။ 'အောင်မယ်လေး၊ မိန်းမတွေများ တော်တော်ကို ပညာနည်းတာပဲ။ သူ့ယောကျ်ားစည်းစိမ်တွေကို ငါက လုယူမယ်လို့များ ထင်နေသလား မသိဘူး။ မျက်ရည်တွေ ကျနေလိုက်တာ' ဟဲ့ သူဌေးကတော် သင့်စည်းစိမ် လုမယူပါဘူး။ မျက်ရည် မကျပါနဲ့' ဆိုတော့ ဇောတိကသူဌေးက အဲဒီကျမှ ဝင်ပြောတယ်။

'အရှင်မင်းကြီး . . . ၊ စည်းစိမ်တွေ လုယူမှာစိုးလို့ မျက်ရည်ကျတာ မဟုတ်ပါဘူး။ အရှင်မင်းကြီးရဲ့ ခေါင်း



ပေါင်းကထွက်တဲ့ အနံ့ကြောင့် မျက်ရည်ကျတာပါ'

ရှင်ဘုရင်ကြီး ရှက်ဖို့တောင် ကောင်းတာနော်။ ရှင်ဘုရင်ကြီးက အနံ့ကောင်းရဲ့လား။ မကောင်းဘူး။ ရှင်ဘုရင်ကြီး အနံ့မကောင်းလို့ သူဌေးကတော်ကြီး မျက်ရည်ကျရတာ။

'အရှင်မင်းကြီး၊ ကျွန်တော်မျိုးရဲ့ဇနီး ဒီအမျိုးသမီးဟာ မီးရောင်တွေနဲ့ တစ်သက်လုံး မနေဖူးပါဘူး'

ဇောတိကသူဌေးအိမ်မှာက မီးဖွင့်ရတယ်၊ မီးထွန်းရတယ်ဆိုတာ လုံးဝ မရှိပါဘူး။ သခ္ခါးသီးလောက်ရှိတဲ့ မြကျောက်ဆိုတဲ့ ရတနာတစ်မျိုး အိမ်ထဲမှာ ထည့်ထား။ မြကျောက်ကထွက်လာတဲ့ အရောင်နဲ့ပဲ တစ်နေ့လုံး နေကြတာ။

'ရှင်ဘုရင်ကြီးက မီးတွေ အသုံးပြုနေတာဆိုတော့ ခေါင်းပေါင်းက နံတာပေါ့။ နောက် မီးသုံးစရာမလိုအောင် ဆက်ဆောင်ပေးလိုက်ပါ့မယ်'

ဆိုပြီးတော့ သခ္ခါးသီးလောက်ရှိတဲ့ ပတ္တမြားရတနာကြီး ပေးလှူလိုက်တယ်။ မြကျောက်ရောင်နဲ့ပဲ နန်းတော်တစ်ခုလုံး လင်းတော့တာပေါ့။ အဲဒါနဲ့ ဗိမ္ဗိသာရမင်းကြီးလည်း နန်းတော်ပြန်ပေါ့လေ။

မင်းကြီးနဲ့အတူ ဘယ်သူက ပါသွားလဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com

သားတော် အဇာတသတ်ကလည်း ပါသွားတယ်။ ပါသွားတော့ ဇောတိကသူဌေးရဲ့ စည်းစိမ်တွေ ကြည့်ပြီး အဇာတသတ်မင်းသားက . . .

'ငါ့အဖေ ညံ့လိုက်တာကွာ။ တိုင်းပြည်ကို အုပ်ချုပ်တဲ့ မင်းကြီးဖြစ်နေပါလျက်နဲ့ သစ်သားနန်းတော်လေးနဲ့ပဲ နေရတယ်။ တိုင်းပြည်က ပြည်သူလူထုတစ်ယောက်ဖြစ်တဲ့ ဒီသူဌေးက ကြည့်စမ်းပါဦး၊ ရတနာခုနစ်ပါးပြီးတဲ့ ဘုံခုနစ်ဆင့်ပြာသာဒ်ကြီးနဲ့ ခမ်းနားလိုက်တာ'

'အဖေက ဒီသူဌေးရဲ့ နန်းတော်ကြီး သိမ်းလိုက်တာ မဟုတ်ဘူး။ ငါသာ ရှင်ဘုရင်ဖြစ်လို့ကတော့ ဇောတိကသူဌေးရဲ့ နန်းတော်ကြီး မင်းအာဏာနဲ့ အပိုင်သိမ်းပစ်လိုက်မယ်'

ခုနစ်နှစ်သား၊ ရှစ်နှစ်သားလောက်ကတည်းက ကြံစည်နေတာနော်။ နောက်တော့ သိတဲ့အတိုင်းပဲ မင်းကြီးကို သတ်။ သတ်ပြီးတော့မှ ရှင်ဘုရင်ဖြစ်လာ။ ရှင်ဘုရင်လည်း ဖြစ်လာရော စစ်သည်ဗိုလ်ပါတွေနဲ့ ဇောတိကသူဌေးရဲ့ ဗိမာန်ကြီး သွားသိမ်းမယ်ဆိုပြီးတော့ ထွက်လာတယ်။

ထွက်လာတော့ ရတနာ့တံတိုင်းကြီးက ရတနာရောင်တောက်နေတော့ ကိုယ့်စစ်တပ်ကို ဇောတိကသူဌေး



စစ်တပ် မှတ်ပြီးတော့ ရှေ့မသွားရဲဘူး။ နောက်ဆုတ်နောက်ဆုတ်ဖြစ်တဲ့အချိန်မှာပဲ ပထမတံတိုင်းမှာ စောင့်နေတဲ့ နတ်စစ်သေနာပတိနဲ့ စစ်သည်တွေက ဝိုင်းပြီးတော့ 'သင်အခုမှ ဘယ်ပြေးဦးမလဲ' ဆိုပြီးတော့ လိုက်ကြတယ်။

အဲဒီမှာ ကစဉ့်ကလျားနဲ့ တပ်ပျက်ပြီးတော့ ထွက်ပြေးကြ။ ဘယ်ရောက်သွားလဲဆိုတော့ မြတ်စွာဘုရားရဲ့ ဝေဠုဝန်ကျောင်းတော်ကြီးကို ရောက်သွားတယ်။ အဲဒီအချိန်မှာ ဇောတိကသူဌေးက ဥပုသ်စောင့်၊ တရားနာပြီးတော့ အေးအေးဆေးဆေးပဲ။

ကျောင်းလည်းရောက်၊ ဇောတိကသူဌေးကိုတွေ့။

'အောင်မာ . . . မင်းက အခုမှ သူတော်ကောင်းယောင်ဆောင်နေတယ်။ ငါ့ရဲ့ ပရိသတ်တွေကိုတော့ စစ်သည်ဗိုလ်ပါတွေနဲ့တိုက်ဖို့ အိမ်မှာ မှာထားပြီးတော့၊ မင်းက သူတော်ကောင်း ယောင်ဆောင်ပြီးတော့ ကျောင်းမှာ အေးအေးဆေးဆေး လာနေတယ်'

အဲဒီမှာ ဇောတိကသူဌေးက သဘောပေါက်လိုက်တယ်။ 'အရှင်မင်းကြီး . . .၊ ကျွန်တော်မျိုးရဲ့ ဘုံဗိမာန်ကို သိမ်းဖို့သွားတယ် ထင်ပါတယ်'

'ဟုတ်တယ်။ မင်းမိန်းမကို သိမ်းဖို့ သွားတာပဲ'

သူက ရှင်ဘုရင်ဆိုတော့ မာနသံလေးနဲ့ ပြော



www.burmeseclassic.com

www.burmeseclassic.com

လိုက်တယ်။ အဲဒီမှာ ဇောတိကသူဌေးက . . .

'အရှင်မင်းကြီး၊ ကျွန်ုပ်ပိုင်ဆိုင်တဲ့ ဘုံဗိမာန်ကြီး အသင်မင်းကြီးတစ်ယောက်တည်းမကဘူး။ အသင်မင်းကြီး လို ရှင်ဘုရင်မျိုး ထောင်နဲ့ချီပြီး စစ်သည်ဗိုလ်ပါတွေနဲ့ လာ ပြီးတော့ သိမ်းတောင်မှ သိမ်းပိုက်လို့ မရပါဘူး'

'အောင်မာ မင်းက မင်းကြီးလား၊ ငါက မင်းကြီး လား'

'မင်းကြီး . . .၊ မင်းကြီးက မင်းကြီးပါ မင်းကြီး ရယ်' ဟုတ်လား။ 'ဆရာ . . ဆရာက ဆရာပါ ဆရာရယ် ဆိုတာလိုပေါ့နော်။

'မင်းကြီးကို မင်းမှန်း အားလုံးသိပါတယ်။ မင်းကြီး ဘာသာ မင်းကြီးပဲဖြစ်ဖြစ်၊ မင်းကလေးပဲဖြစ်ဖြစ် ကျွန် တော်မျိုးပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို ကျွန်တော်မျိုး မပေးဘဲနဲ့ ဘယ်သူမှ ယူလို့ မရပါဘူး'

'ဘုံဗိမာန်ကြီးဆိုတာ အသာထား။ ကျွန်တော်မျိုး ပိုင်တဲ့ အပ်ချည်မျှင်လေး တစ်မျှင်တောင်မှ ကျွန်တော်မျိုး မပေးဘဲနဲ့ ဘယ်သူမှယူလို့ မရပါဘူး'

'ငါက မင်းပဲ။ မင်းအာဏာနဲ့သိမ်းရင် ရရမှာပေါ့ မင်းသဘောတူသည်ဖြစ်စေ၊ မင်းသဘောမတူသည်ဖြစ်စေ ငါသိမ်းရင် ရရမှာပေါ့'



'အသင်မင်းကြီး တခြားအရာတွေတော့ ရချင်ရ ပါလိမ့်မယ်။ ကျွန်တော်မျိုးနဲ့ ပတ်သက်တဲ့အရာတွေတော့ လုံးဝ မရပါဘူး။ မယုံရင် အရှင်မင်းကြီး စမ်းသပ်တော်မူပါ' ဇာတ်ရှိန်က ဒီနေရာမှာ အမိကနော်။

'အသင်မင်းကြီး၊ ကျွန်ုပ်ရဲ့လက်ချောင်း ဆယ် ချောင်းမှာ လက်စွပ်အကွင်းနှစ်ဆယ် စွပ်ထားတယ်။ လက် ချောင်းတစ်ချောင်းကို လက်စွပ်နှစ်ကွင်းစီ စွပ်ထားတော့ လက်စွပ်အကွင်းနှစ်ဆယ်။ ဒီလက်စွပ်အကွင်းနှစ်ဆယ်ကို အသင်မင်းကြီးကို လုံးဝ မပေးပါဘူး။ အရှင်မင်းကြီး ယူလို့ ရရင် ယူပါ'

ယူပါဆိုတော့ အဇာတသတ်မင်းကြီးက မင်းထိုက် နဲ့မင်းပဲ ဆိုပြီးတော့ ထွက်သွားသလား။ ချွတ်ယူသလား။ မင်းကြီးက ဘယ်ရောညာရော အတင်းချွတ်ယူတာပေါ့။ ချွတ်ပေမယ့် လက်စွပ်တွေက ဘယ်လိုမှ ချွတ်လို့ မရဘူး။

အဇာတသတ်မင်းကြီးကလည်း အင်မတန်အားရှိ တဲ့ပုဂ္ဂိုလ်။ ဆောင့်ကြောင့်ထိုင်နေရာကနေ အပေါ်ခုန်လိုက် ရင် ဆယ့်ရှစ်တောင်တောင် ခုန်နိုင်တယ်။ မတ်တတ်ရပ် လျက်ခုန်ရင် အတောင်ရှစ်ဆယ်တောင် ခုန်နိုင်တယ်တဲ့။ ဒီလောက်အားရှိတဲ့ အဇာတသတ်မင်းကြီး ဇောတိက သူဌေးရဲ့ လက်က လက်စွပ်တွေ ချွတ်လို့ ရခဲ့သလား။ မရ



www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ချွေးဒီးဒီးကျတယ်။

တစ်ခါတည်း ခြေထောက်နှစ်ဖက်နဲ့ ကြမ်းပြင်ကို ကန်ပြီးတော့ကို ချွတ်တာ။ ချွေးဒီးဒီး ကျပြီးတော့ မောသာ လာတယ်။ လက်စွပ်တွေက လုံးဝ ကျွတ်မလာဘူး။

ဇောတိကရဲ့ ပစ္စည်းတွေ မခိုင်ဘူးလား။ ခိုင်တယ်နော်။ ဇောတိကသူဌေးရဲ့ ဒီနေရာကို အဓိကအာရုံပြုပြီးတော့ ဟောပေးနေတာ။ ဒါပေမဲ့ ဒါတွေတောင့်တဖို့တော့ အဓိက မဟုတ်ပါဘူး။

'အရှင်မင်းကြီး မြင်ပြီ မဟုတ်လား။ ကျွန်တော်မျိုး ပိုင်ဆိုင်တဲ့ပစ္စည်း ကျွန်တော်မျိုး မပေးရင် ယူလို့ လုံးဝမရပါဘူး။ ကဲကဲ . . . အရှင်မင်းကြီး ဒီလောက်တောင် လိုချင်နေရင်လည်း အရှင်မင်းကြီးရဲ့ ဝတ်လဲတော်လေး ဖြန့်လိုက်ပါ။ ကျွန်တော်မျိုးရဲ့ လက်စွပ်အကွင်းနှစ်ဆယ်လုံး ကြည်ကြည်ဖြူဖြူနဲ့ပဲ ပေးပါတယ်'

ဒါနဲ့ လက်ဆယ်ချောင်းကို အောက်စိုက်ပြီးတော့ ချလိုက်တာ၊ တစ်ခါတည်း လက်စွပ်တွေ လျှောခနဲ ပြုတ်ကျသွားတယ်။ အဇာတသတ်မင်းကြီးရဲ့ ဝတ်လဲတော်ပေါ်မှာ လက်စွပ်အကွင်းနှစ်ဆယ်လုံး အလိုအလျောက် ကျသွားပါတယ်။ ဇောတိကသူဌေးရဲ့ ကောင်းကျိုးချမ်းသာတွေ ခိုင်သထက် ခိုင်နေတော့တာကိုး။





## သူလောဘကြီးလေ၊ ကိုယ်လောဘကင်းလေ

ဒါပေမဲ့ ဇောတိကသူဌေးက သံဝေဂတွေ ရသွားတယ်။ 'ဟာ၊ ငါ့ကောင်းကျိုးချမ်းသာတွေ ခိုင်တယ်' ဆိုပြီးတော့ မာနလေးနဲ့ လက်မထောင်ဖို့ စိတ်မကူးပါဘူး။ သူတော်ကောင်းဓာတ်ခံ အားကောင်းနေတဲ့ ပုဂ္ဂိုလ်ဆိုတော့ အဇာတသတ်မင်းကြီး လောဘကြီးတာကို ကြည့်ပြီးတော့ သံဝေဂရသွားတယ်။

'သြော် . . . တစ်တိုင်းပြည်လုံးကို ပိုင်စိုးတဲ့ ရှင်ဘုရင်ကြီး ဖြစ်နေတာတောင်မှ လောဘတွေက အတော မသတ်နိုင်ပါလား။ ဒီလောက် ပစ္စည်းဥစ္စာတွေ ပိုင်ဆိုင်နေပါလျက်နဲ့ ကိုယ့်တိုင်းသူပြည်သားရဲ့ပစ္စည်းဥစ္စာကိုမတရား



www.burmeseclassic.com

www.burmeseclassic.com

လိုချင်သေးတယ်။ သြော် . . . လောဘများ တယ်ကြောက်စရာကောင်းပါလား'

အဇာတသတ်မင်းကြီးအပေါ်မှာ ဒေါသနဲ့ စိတ်မဆိုးပါဘူး။ အဇာတသတ်မင်းကြီးရဲ့ အတွင်းစိတ်သန္တာန်မှာရှိနေတဲ့ လောဘကိုပဲ အပြစ်မြင်တယ်။

'သြော် . . . ဒီလောဘကိုမှ မပယ်သတ်နိုင်ရင်တော့ ဒီသံသရာတစ်လျှောက်လုံး ဒုက္ခတွေ အကြီးအကျယ် ရောက်တော့မှာပဲ' စသည်အားဖြင့် လောဘရဲ့ အပြစ်တွေ သူညာဏ်မီသလောက် စဉ်းစားပြီးတော့မှ 'တော်ပြီ။ ဒီလောဘတွေရဲ့ နယ်ပယ်ကနေ လွတ်အောင် ငါရုန်းတော့မယ်' ဆိုပြီးတော့ 'အရှင်မင်းကြီး ကျွန်ုပ်ကို ရဟန်းပြုခွင့်ပေးပါတော့'။

ဘာကို သံဝေဂရသွားတာလဲ။ လောဘကို သံဝေဂရသွားတာ။ ဘယ်သူ့လောဘလဲ။ အဇာတသတ်မင်းကြီးရဲ့ မတရားလောဘကို အာရုံပြုပြီးတော့ သံဝေဂရသွားတာ။

ကိုယ့်ပတ်ဝန်းကျင်မှာ လောဘကြီးနေတဲ့သူတွေ ဒေါသကြီးနေတဲ့သူတွေ၊ မာနကြီးနေတဲ့သူတွေ၊ ဣဿာ-မစ္ဆရိယကြီးနေတဲ့သူတွေ အများကြီးရှိပါတယ်။ နေ့စဉ်ဆိုသလိုပဲ တွေ့လည်း တွေ့ပါတယ်။

'အောင်မာ၊ လောဘကြီးလိုက်တာ၊ ဒေါသကြီးလိုက်တာ၊ မာနကလည်း ကြီးလိုက်တာ၊ ဣဿာ မစ္ဆရိယကလည်း ကြီးလိုက်တာ' နဲ့ မကျေမနပ် ဒေါသဖြစ်တာလား။ သံဝေဂ ယူတာလား။ အခုတရားနာပရိသတ်ကလေး။

'ဒီလောက်ရှိနေတာတောင်မှ စားလို့ မဝသေးဘူး။ ကြည့်စမ်းပါဦး။ စားကောင်းတုန်းပဲ' နဲ့ ဆိုပြီးတော့ ဒေါသတွေ ဖြစ်မနေကြဘူးလား။

'ကြည့်စမ်းပါဦး။ ဒေါသကလည်း ကြီးလိုက်တာ။ ထစ်ခနဲရှိ စိတ်တို။ ဒါလေးများ စိတ်တိုစရာလည်း မဟုတ်ဘဲနဲ့'

'အောင်မယ်လေး။ မာနကလည်း ကြီးလိုက်တာ။ တစ်လောကလုံး သူလုပ်စာ ထိုင်စားနေတဲ့အတိုင်းပဲ'

'ဘာမှလည်း မစားရ မသောက်ရဘဲနဲ့ အလကားနေရင်း ဣဿာ မစ္ဆရိယ ဖြစ်နေလိုက်တာ။ ဘယ်လိုဟာတွေမှန်းလဲ မသိဘူး။ စိတ်ဓာတ်ကိုက အောက်တန်းကျလိုက်တာ'

အဲဒီလိုဆိုတော့ သူများရဲ့ အကုသိုလ်ကို ကြည့်ပြီးတော့ ကိုယ့်မှာ အကုသိုလ်တွေ ထပ်ပွားလိုက်တာမဟုတ်ဘူးလား။ အကုသိုလ် ထပ်ပွားလိုက်တာပဲ။

ဇောတိကသူဌေးကို ကြည့်လိုက်စမ်းပါဦး။ ရှင်ဘုရင်ကြီးရဲ့ လောဘတွေကို ကြည့်ပြီးတော့ ဘာယူလိုက်



www.burmeseclassic.com

www.burmeseclassic.com

တာတုံး။ သံဝေဂ ယူလိုက်တာ။ သူတစ်ပါး လောဘကြီးနေတာဟာ ဝမ်းသာစရာလား။ ဝမ်းနည်းစရာလား။

တရားဓမ္မရှုထောင့်က ကြည့်လိုက်တဲ့အခါမှာ သံဝေဂအာရုံဖြစ်သွားတော့ ဝမ်းသာတယ်လည်း မဟုတ်ဘူး ဝမ်းနည်းတယ်လည်း မဟုတ်ဘူး။ ဥပေက္ခာပဲပေါ့။

သူ့ဘာသာသူ လောဘကြီးတာ၊ လောဘရဲ့အကျိုး သူ့ဘာသာသူပဲ ခံပါစေတော့။ ကိုယ်ကတော့ အကုသိုလ် အဖြစ်မခံနိုင်ဘူး။

အဇာတသတ်မင်းကြီးက 'ကဲလေ၊ မင်းရဟန်းပြုချင်လည်း ပြုပေါ့' ဆိုပြီးတော့ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်တယ်။ အကောင်းခွင့်ပြုတာလား။ မကောင်းတဲ့စိတ်နဲ့ ခွင့်ပြုတာလား။ မကောင်းတဲ့စိတ်နဲ့ ခွင့်ပြုတာ။

မကောင်းတဲ့စိတ်က ဘယ်လိုတုံး။ 'ဒီကောင် မြန်မြန် ဘုန်းကြီးဝတ်သွားမှ သူ့ဗိမာန် ငါသိမ်းနိုင်မှာ။ သူ့မိန်းမ ငါယူနိုင်မှာ' . . . ။

အဇာတသတ်မင်းကြီးက ဇောတိကသူဌေးကို ရှင်ရဟန်းပြုဖို့ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုလိုက်တယ်။ စေတနာကောင်းနဲ့တော့ မဟုတ်ပါဘူး။ သူ ရှင်ရဟန်းပြုသွားမှ သူ့ဗိမာန်ကြီး ငါ အပိုင်သိမ်းလိုက်မယ်။ သူ့မိန်းမ မြောက်ကျွန်းသူ ချောချောလေးကိုလည်း ငါ အပိုင်သိမ်းပြီးတော့



မိဖုရားမြှောက်လိုက်မယ်။ အကြံဆိုးနဲ့နော်။

ဇောတိကသူဌေးကတော့ သာသနာ့ဘောင်ဝင်။ ဝိပဿနာအလုပ်တွေ အားထုတ်လိုက်တော့ သိပ်မကြာခင်မှာပဲ ရဟန္တာဖြစ်သွားပါတယ်။ ဇောတိကမထေရ် ဆိုပြီးတော့ အင်မတန် ထင်ရှားခဲ့ပါတယ်။

ဇောတိကမထေရ်လည်း ရဟန္တာဖြစ်ရော . . . သူ အရဟတ္တမဂ် ဆိုက်ဆိုက်ချင်း သူ့ရဲ့ ဘုံခုနစ်ဆင့်မြင့်တဲ့၊ သိကြားမင်း ဆောက်လုပ်ပေးထားတဲ့ ဘုံဗိမာန်ကြီးလည်း အလိုအလျောက် ကွယ်ပျောက်သွားပါတယ်။

မြောက်ကျွန်းသူ သတုလကာယီကိုလည်း နတ်တွေက မြောက်ကျွန်းကို ပြန်ပို့လိုက်ကြပါတယ်။ အဇာတသတ်မင်းကြီး သိမ်းစရာ ကျန်သေးရဲ့လား။ မကျန်တော့ဘူးနော်။ 'ကဲ - ဘယ့်နှယ်ရှိစ' လို့ပဲ ပြောရတော့မှာပဲ။

ဇောတိကသူဌေးရဲ့ စည်းစိမ်ချမ်းသာတွေ ဘယ်လောက်ခိုင်ထားလဲ။ သူ သုံးခွင့်ရှိနေတဲ့ အချိန်မှာလည်း ဘယ်သူမှ ဖျက်ဆီးလို့ မရဘူး။ သူ သုံးခွင့်မရှိတော့တဲ့ အချိန်မှာလည်း ဘယ်သူ့လက်ထဲမှ မရောက်ဘူး။ အကျိုးတရားတွေက ခိုင်ချင်တိုင်းကို ခိုင်နေတော့တာပဲ။

အခု တရားနာပရိသတ်များမှာတော့ ဇောတိကသူဌေးလို ဘုန်းကံပါရဲ့လား။ မပါဘူး။ မပါတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com

ပစ္စည်းတွေက မခိုင်ဘူးပေါ့။ တော်ကြာ သူခိုးကြောင့် မရှိတော့ပြန်ဘူး။ တော်ကြာ မီးကြောင့် ဆုံးရှုံးပြန်ပြီ။ တော်ကြာ ရေကြောင့် ပျက်စီးပြန်ပြီ။ တော်ကြာ သားဆိုးသမီးဆိုးကြောင့် မကျန်တော့ပြန်ဘူး။ အကြောင်းအမျိုးမျိုးကြောင့် ပစ္စည်းတွေ ပျက်စီးနေတော့တာပါပဲ။

ဇောတိကသူဌေးရဲ့ ကုသိုလ်အကျိုးဆက် ကောင်းကျိုးချမ်းသာတွေ အခုလို ရန်သူမျိုးငါးပါး ဘယ်သူမှ နှောင့်ယှက်ဖျက်ဆီးလို့ မရအောင် ခိုင်နေတာ ခိုင်ပါစေကြောင်း ခိုင်ဆုတွေ တောင်းပြီးတော့ ခိုင်ကုသိုလ်တွေ ပြုခဲ့လို့ပါ။

ကျောင်းဆောက်ကတည်းကိုက ခိုင်ကုသိုလ် ဖြစ်ပြီးသား။ အဲဒါကိုမှ ခိုင်သထက်ခိုင်အောင် ခိုင်ဆုလေး တောင်းခဲ့လို့ အခုလို အကျိုးပေးတွေ ခိုင်နေရခြင်း ဖြစ်ပါတယ်။

ဇောတိကသူဌေးကျောင်းဆောက်တဲ့အကြောင်း ဒီနေ့ အဓိက ပြောမလို့ . . .၊ အခုမှ ကျောင်းဆောက်တဲ့အကြောင်း ရောက်လာတယ်နော်။

■





## အမြတ်မှာ အမွှေးဆင့် အသွေးတင့်တဲ့ ကျောင်းအလှူ။

ဝိပဿီမြတ်စွာဘုရားရှင်လက်ထက်မှာ အစ်ကိုကြီးက သေန၊ ညီလေးက အပရာဇိတ ဆိုပြီး ဖြစ်လာတယ်။ ရှေ့မှာ ပြောခဲ့ပြီးတဲ့အတိုင်းပဲ အစ်ကိုကြီးက လှူမရှည်ဘဲ လှူတိုတိုနဲ့ ဆုတောင်းလိုက်တော့ သေနမထေရ်ဆိုပြီးတော့ ရဟန္တာဖြစ်သွားတယ်။

ဇောတိကသူဌေးအလောင်းကတော့ 'လှူစည်းစိမ် ခံတော်စည်းစိမ် အကြိမ်ကြိမ် ခံစားပြီးတော့' လို့ လှူရှည်လိုက်မိတဲ့အတွက် . . . မြတ်စွာဘုရားနဲ့ တွေ့၊ တရားတွေ နာရပေမယ့် ရဟန်းပြုချင်တဲ့စိတ် မပေါ်ဘူး။ ဝိပဿနာ အားထုတ်ချင်တဲ့စိတ်လည်း မပေါ်ဘူး။ ကုသိုလ်နဲ့ပဲပျော်



www.burmeseclassic.com

www.burmeseclassic.com

နေတော့တာ။

နောင်တော်ကြီး သေနမထေရ်ကို လျှောက်တယ်

'အရှင်ဘုရား . . .၊ အရှင်ဘုရားကတော့ သံသရာဝဋ်ဆင်းရဲကနေ လွတ်မြောက်သွားပြီ။ တပည့်တော်ကတော့ ကာမဂုဏ်ငါးပါးရဲ့ အနှောင်အဖွဲ့ခံနေလို့ လွတ်ရာလွတ်ကြောင်း မလုပ်နိုင်သေးပါဘူးဘုရား'

'ဒါပေမဲ့ သာသနာနဲ့တွေ့တုန်းတွေ့ခိုက် ကြီးကျယ်တဲ့ ကုသိုလ်ကြီးတော့ ပြုချင်ပါတယ်။ သာသနာတွင်း ကုသိုလ်တွေထဲမှာ အကောင်းဆုံးကုသိုလ်လေးရှိရင် ညွှန်ကြားပေးတော်မူပါ'

'ညီတော်ဒကာ . . .၊ ပစ္စည်းအလှူ အားလုံးထဲမှာ ကျောင်းအလှူဟာ အမြတ်ဆုံးပါပဲ။ ကျောင်းအလှူထက်သာတဲ့ ပစ္စည်းဥစ္စာအလှူဆိုတာ မရှိပါဘူး။ ဒါ့ကြောင့် ကျောင်းဆောက်လှူပါ။ မြတ်စွာဘုရား သီတင်းသုံးဖို့ ဂန္ဓကုဋိကျောင်း ဆောက်လှူပါ'

အဲဒါနဲ့ ဂန္ဓကုဋိကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းပါတယ်။ သစ်သားတိုင်တွေကို ရတနာခုနစ်ပါး စီခြယ်၊ တိုင်တွေက အခုလို သံကူကွန်ကရစ်တိုင်တွေ မဟုတ်ဘူးပေါ့။ သစ်သားတိုင်တွေပဲ။ ဒါပေမဲ့ အဲဒီတိုင်တွေဟာ ရတနာခုနစ်ပါးစီခြယ်ထားတဲ့ တိုင်တွေ။ အတွင်းမှာလည်း ရတနာတွေ စီခြယ်လို့။ အမိုးကလည်း ရတနာခုနစ်ပါး အမိုးတွေပဲ မိုးထားတယ်။

အထွတ်ကို ကြည့်လိုက်မယ်ဆိုရင်လည်း အထွတ်က သန္တာနဲ့။ အတောင်လေးဖက်ကလည်း ရွှေနီတွေနဲ့။ အထွတ်ရဲ့ အမိုးကလည်း မြတွေနဲ့ ဆိုတော့ ကျောင်းကြီးရဲ့ အထွတ်က ဥဒေါင်းငှက်ကြီး က, နေသလိုကို ဖြစ်နေတာ။ ကျောင်းမှာလည်း လေသာပြတင်းအကြီးစား သုံးခုရှိတယ်။ အရပ်မျက်နှာ သုံးဖက်၊ တစ်ဖက်ကို တစ်ပေါက်စီပေါ့။

လေသာပြတင်းနဲ့အတည့်မှာလည်း ရေကန်ကြီး သုံးခု တူးတယ်။ တစ်ဖက် တစ်ကန်စီပေါ့လေ။ အောက်ကလည်း အင်္ဂတေ မြေညက်တွေနဲ့ အခိုင်အမာလုပ်ထားတယ်။ ရွှံ့ညွှန်တွေထည့်။ ပြီးတော့မှ ကြာမျိုးငါးပါး စိုက်ထားတယ်။ ဘာရည်ရွယ်ချက်လဲဆိုတော့ . . .

'လေတိုက်တိုင်း တိုက်တိုင်း ကြာဝတ်ဆံလေးတွေဟာ ဂန္ဓကုဋိတိုက်ထဲဝင်ပြီး မြတ်စွာဘုရားရှင်ရဲ့ ကိုယ်တော်မှာ ကြဲဖြန့်ပူဇော်ပါစေ။ ကြာမျိုးငါးပါးရဲ့ ရနံ့လေးတွေက လေယူရာ လိုက်ပါသွားပြီးတော့ မြတ်စွာဘုရားရှင်ကို မွှေးပျံ့သင်းကြိုင်တဲ့ ရနံ့တွေနဲ့ ပူဇော်ပါစေ'

လိုရင်းပြောမယ်ဆိုရင်တော့ ကြာပန်းရနံ့လေးနဲ့ မြတ်စွာဘုရားကို ပူဇော်ချင်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"အခု ဒကာကြီး ဦးမျိုးမြင့်တို့၊ ဒကာမကြီး ဒေါ်မြ
မြင့်သိန်းတို့လည်း ထေရာဝါဒ စိန်မျှားကျောင်းဆော
နံဘေးမှာ ကြာကန်လုပ်ပြီးတော့ ကြာပန်းတွေ လှူဒါ
ထားပါတယ်။ ဦးဇင်းတို့ ရွှေပါရမီကျောင်းမှာလည်းပဲ ကြ
ကန် သုံးကန်ရှိပါတယ်။ စံကျောင်းဘေးမှာချည်းပဲ သုံးကာ
ပေါ့။ ညွှန့်နားဆောင်နားက ကြာကန်နဲ့ဆို လေးကန်။ မြ
စွာဘုရားကို ကြာပန်းအလှ၊ ကြာပန်းရနံ့တွေနဲ့ ပူဇော်ထာ
တာပါပဲ။

နောက်ပြီး ဘာအထူးရှိသေးလဲဆိုရင် ပြတာ
ပေါက်ဖွင့်တဲ့ဘက်မှာ စံပယ်ရုံလေးတွေလည်း တန်းစီ
တော့ စိုက်ထားပါတယ်။ အခုအချိန်ဆိုရင် ဖွေးဖွေးလှုပ်
အောင်ကို ပွင့်နေတာပေါ့။

မွှေးပျံ့သင်းကြိုင်တဲ့ စံပယ်ပန်းရနံ့လေးက လေ
တိုက်တိုင်း လှိုင်နေတော့တာပဲ၊ လေတိုက်တိုင်း စံပယ်
ရနံ့လေးက ကျောင်းထဲဝင်ပြီး မြတ်စွာဘုရားရှင်ကို ပူဇော
တာပေါ့။

ကိုယ်စံပယ်ပန်းရနံ့လေး မွှေးချင်လို့လား၊ ဘုရာ
ကို ပူဇော်ချင်လို့လား။ ဘုရားကို ပူဇော်ချင်လို့နော်။ ဘုရာ
ကို ပူဇော်ဖို့က အဓိကပါပဲ။

ဒါပေမဲ့ ကိုယ်ရှူရှိုက်ရတဲ့အတွက်ကြောင့်လည်

— — — —



အကျိုးရှိပါတယ်။ စံပယ်ပန်းရနံ့ဆိုတာ ကျန်းမာရေးကို
ည်း အထူးကောင်းမွန်စေပါတယ်။ စိတ်ကိုလည်း ကြည်
င်စေတယ်။ ရုပ်အဆင်းကိုလည်း ကြည်လင်စေတယ်။
သွေးသားကိုလည်း သန့်စင်စေတယ်။

စံပယ်ပန်းလေးတွေ ရေစိမ်ပြီးတော့ မျက်စဉ်းခတ်
ယ်ဆိုရင်လည်း မျက်စိကြည်လင်စေတယ်။ မျက်စိအား
ကောင်းစေပါတယ်။

ဒကာကြီး ဦးမျိုးမြင့်တို့၊ ဒကာကြီး ဒေါ်မြင့်မြင့်
သိန်းတို့လည်းပဲ စိန်မျှားကျောင်းဆောင်ပတ်လည်မှာ စံပယ်
န်းရုံတွေ စိုက်လှူပေါ့နော်။

ဇောတိကသူဌေးလောင်း အပရာဇိတသူကြွယ်က
ကြာမျိုးငါးပါးဖူးပွင့်ဝေဆာနေတဲ့ ကြာကန်ကြီးသုံးကန် လေ
ဘာပြတင်းပေါက်သုံးပေါက်နဲ့ တည့်တည့်မှာ လှူဒါန်းထား
ပါတယ်။

အထူးလှူဒါန်းတာကတော့ . . . ဂန္ဓကုဋိကျောင်း
ဆောင်ကြီးရဲ့ ပရဝဏ်မှာ ဝတ်ဆင်စရာ တန်ဆာအဖြစ်
တ်သင့်တဲ့ ရတနာတွေကို ခတ်၊ အတုံးလိုက် အတစ်လိုက်
အတိုင်းထားသင့်တဲ့ ရတနာတွေကိုလည်း ဒီအတိုင်း အ
ုံးလိုက်အတစ်လိုက်ထားပြီး ဒူးခေါင်းမြုပ်လုမျှ၊ ဒူးဆစ်မြုပ်
လောက်တဲ့အထိအောင် ရတနာခုနစ်ပါးအပြည့် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ပတ်လည်မှာ ခင်းထားပါတယ်။

မြတ်စွာဘုရားရှင်ကို ကျောင်းထဲဝင်ဖို့ လျှောက် တော့ မြတ်စွာဘုရားရှင်က ကျောင်းထဲကို မဝင်ဘူး။ သုံး ကြိမ်တိုင်တိုင် လျှောက်တော့မှ . . .

'မြတ်စွာဘုရား . . .၊ ဒီရတနာတွေကို စောင့် လျှောက်ဖို့က တပည့်တော်တာဝန်ထားပါ။ မြတ်စွာဘုရား ကတော့ ချမ်းချမ်းသာသာနဲ့ ကြောင့်ကြမဲ့ သီတင်းသုံးတော် မူပါ'

အပြည့်အစုံတော့ မပြောတော့ဘူးနော်။ မြတ်စွာ ဘုရားက အဲဒီကျတော့မှ ကျောင်းထဲဝင်တာ။ နို့မို့ရင် ဒီ ရတနာတွေကို ထိန်းသိမ်းစောင့်ရှောက်နေရမယ်။ သူများ တွေ ကောက်ယူသွားတော့လည်းပဲ ဘုရားရှိလျက်သား ရတနာတွေကောက်တာ ဘုရားက ဘာလို့ မပြောတာ ဆိုရင် ရတနာတွေခင်းလှူတဲ့အလှူရှင်မှာ အကုသိုလ် ဖြစ်ဦးမယ်။ အပါယ်လေးပါးကျမယ်။

ကျောင်းရေစက်ချပွဲက ကိုးလတိုင်တိုင် ကျင်းပ တယ်။ ရေစက်ချပွဲ မတိုင်ခင် တစ်မြို့လုံး လှည့်ပြီးတော့ ပြောထားတယ်။

'ဂန္ဓကုဋိကျောင်းပရဝဏ်မှာ ရတနာခုနစ်ပါး မြုပ်တဲ့အထိအောင် ခင်းထားပါတယ်။ ဆင်းရဲတဲ့သူ



လက်ဆုပ်နှစ်ဆုပ်နဲ့ ရတနာတွေ နိုင်သလောက် သယ်သွား ပါ။ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေက လက်ဆုပ်တစ်ဆုပ်ပဲ သယ် သွားပါ'

တောင်းတွေ၊ ခြင်းတွေ၊ အိတ်တွေ၊ ခွက်တွေနဲ့ တော့ မသယ်ကြပါနဲ့ပေါ့။ အဲဒါ အစောင့်အရှောက်တွေ လည်း ထားတယ်။ တောင်းတွေ၊ ခြင်းတွေ၊ အိတ်တွေ၊ ခွက် တွေနဲ့ သယ်တဲ့ပုဂ္ဂိုလ်တွေကို တားမြစ်တာပေါ့။ လက်ဆုပ်နဲ့ သယ်သွားရင်တော့ မတားမြစ်ပါဘူး။

ပထမ ခင်းထားတဲ့ ရတနာတွေ ကုန်သွား . . .။ နောက်ထပ် ထပ်ဖြည့်။ သုံးကြိမ်တိုင်တိုင် ရတနာတွေ ဖြည့် ရပါတယ်။

အထူးအားဖြင့် မြတ်စွာဘုရားတရား ဟောမယ့် ပလ္လင်ရဲ့အောက်မှာ မြကျောက် ကျောက်မျက်ရတနာကြီး လည်း ချထားလိုက်တယ်။

'မြတ်စွာဘုရားကိုယ်တော်ကထွက်တဲ့ အရောင်နဲ့ မြကျောက်အရောင်နဲ့ ရောနှောယှက်သန်းပြီးတော့ ဖူးမြော် ရသူတွေ ဖူးမြော်လို့မဝအောင် ဖြစ်ပါစေ' ဆိုတဲ့ ရည်ရွယ် ချက်နဲ့ပါ။

ဘာကျောက်မျက်ရတနာရယ်လို့တော့စာမှာ မပြော ထားဘူး။ ဒါပေမဲ့ ဇောတိကသူဌေးဘဝမှာ အိမ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

မီးအဖြစ် အမြဲလင်းနေတာက မြကျောက်ရတနာဆိုတော့ အကြောင်းအကျိုး ဆက်စပ်လိုက်ရင် မြကျောက်ရတနာ ဖြစ်ဖို့ များပါတယ်။

အဲဒါနဲ့ မြကျောက်ရတနာကြီး တရားဟောပလ္လင် အောက်မှာ ပူဇော်ထားလိုက်တယ်။ ဘုရားကိုလည်း ပူဇော်ရာရောက်၊ တရားကိုလည်း ပူဇော်ရာရောက်တာပေါ့။

တစ်နေ့ကျတော့ ရတနာသုံးပါး ဆည်းကပ်သူ မဟုတ်တဲ့၊ ခုခေတ်လို ပြောရင်တော့ ဗုဒ္ဓဘာသာမဟုတ်တဲ့ မိစ္ဆာဒိဋ္ဌိတစ်ယောက်က မြတ်စွာဘုရားပလ္လင်အောက်က မြကျောက်ရတနာကြီး ခိုးဖို့ကြံစည်တယ်။

တစ်နေ့ . . . မြတ်စွာဘုရားဆီလာ။ မြတ်စွာဘုရားကိုဦးတိုက်ရှိခိုး။ ရှိခိုးပြီးတော့ လက်နှစ်ဖက်က ဘယ်သွားလဲဆိုတော့ ပလ္လင်အောက်က မြကျောက်ရတနာကြီးဆီကို သွားတယ်။ တစ်ခါတည်း ဖြည်းဖြည်းချင်း သဲ့ယူပြီးတော့ ပုဆိုးခါးပိုက်ထဲထည့်။ ပြီးမှ ပုဆိုးပြန်ဝတ်ပြီးတော့ မြတ်စွာဘုရားကို ဦးတိုက်ပြီးတော့ ပြန်သွားတယ်။

ဇောတိကသူဌေးကလည်း ဒီပုဏ္ဏား ဝင်လာကတည်းက မဟာန်မှန်း သိတယ်။ 'ငါ့ မြကျောက်ရတနာကြီး ခိုးမလို့ဖြစ်မှာ။ မခိုးပါစေနဲ့၊ မခိုးပါစေနဲ့'။ ရင်တမမပေါ့။ မခိုးပါစေနဲ့လို့ တောင်းဆုပြုပေမယ့် တကယ်လည်းခိုးသွားရော စိတ်မချမ်းသာတော့ဘူး။

'ဟဲ့ ပုဏ္ဏားကြီး၊ ဘာဖြစ်လို့ ရတနာကြီးခိုးသွားတာလဲ' လို့ ချက်ချင်း ပုဆိုးခါးပုံစ ဖြည်ပြီး ပြန်တောင်းမယ်ဆိုရင်လည်း ရတာပဲ။ သူတော်ကောင်းဆိုတော့ ပရိသတ်ထဲ သူတစ်ပါးအရှက်ကွဲမယ့် အလုပ်မျိုးလည်း မလုပ်ချင်ဘူး။ ကိုယ့်ဘာသာကိုယ်ပဲ ကြိတ်ပြီးတော့ စိတ်မချမ်းမသာ ဖြစ်နေတယ်။

ပုဏ္ဏားလည်း ထွက်သွားရော မြတ်စွာဘုရားကို လျှောက်တယ်။

'မြတ်စွာဘုရား . . . ဂန္ဓကုဋိကျောင်းပရဝုဏ်မှာ ရတနာ(၇)ပါး ဒူးမြုပ်လောက်အောင် သုံးကြိမ်တိုင်တိုင် လှူရတာ တပည့်တော် လုံးဝ စိတ်မတွန့်ဆုတ်ပါဘူးဘုရား။ သဒ္ဓါတရားတွေ တိုးသထက် တိုးပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လှပါတယ်။ ပီတိတွေ တဖွားဖွား ဖြစ်ရပါတယ်'

'အခု မြတ်စွာဘုရားရှင်ရဲ့ ပလ္လင်အောက်က မြကျောက်ရတနာကြီး ပုဏ္ဏားခိုးသွားတာကျတော့ ဘယ်လိုမှ စိတ်ထားလို့ကို မရတော့ဘူးဘုရား။ စိတ်အရမ်းဆင်းရဲပါတယ်။ စိတ်ကို ကြည်ကြည်လင်လင်ဖြစ်အောင်လုပ်လို့ကို မရပါဘူးဘုရား။ တပည့်တော် စိတ်မထားတတ်တော့ပါဘူး ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုလျှောက်တော့ . . . မြတ်စွာဘုရားရှင်က 'ကျောင်းဒကာကြီးရယ်၊ စိတ်ထားတတ်မှပေါ့။ ပစ္စည်းသခင်ရဲ့ လှူသခင်ရဲ့ ကိုယ့်ကိုယ်ကိုယ်တောင်မှ မပိုင်တာ၊ ကိုယ်လှူထားတဲ့ပစ္စည်း ဘယ်ပိုင်ပါ့မလဲ' စသည်အားဖြင့် ဟောရဲ့လား။ မဟောပါဘူး။ တရားဆိုတာ သူ့နေရာနဲ့သူ ဟောရတာ။ နေရာတကာ စိတ်ထားတတ်မှပေါ့၊ စိတ်ထားတတ်မှပေါ့လို့ မဟောပါဘူး။

နေရာတကာမှာ စိတ်ထားကတော့ တတ်ရမှာပေါ့လေ။ ဒါပေမဲ့ စိတ် ထားပုံထားနည်းက တစ်နေရာနဲ့ တစ်နေရာ မတူဘူး။ တစ်နေရာတည်းမှာလည်းပဲ တစ်ယောက်နဲ့တစ်ယောက် ပုံစံချင်း မတူဘူး။

စိတ်ထားတတ်ဖို့ဆိုတဲ့နေရာမှာ စိတ်ထားပုံထားနည်းက တစ်မျိုးတည်း ရှိတာ မဟုတ်ပါဘူး။ အမျိုးမျိုးရှိတာပါ။ အဖြစ်အပျက်တစ်ခုတည်းမှာကို စိတ် ထားပုံထားနည်း အမျိုးမျိုး ရှိပါတယ်။ ကိုယ့်စိတ်၊ ကိုယ့်စရိုက်နဲ့ ကိုက်ညီတဲ့ စိတ်ထားနည်းနဲ့ စိတ်ထားတတ်ရမှာပါပဲ။

စိတ်ထားနည်းက 'သူ့နေရာနဲ့သူ' ဆိုတော့ . . .

'ဒကာတော်သူဌေးကြီး . . .၊ ကိုယ်ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာကို ဘယ်သူမှ၊ ဘယ်ရန်သူမျိုးကမှ ဖျက်ဆီးလို့ မရအောင် လုပ်တဲ့နည်း ရှိပါတယ်။ အဲဒီနည်းလေးနဲ့ လှူ



လိုက်ပေါ့။ ဒါဆိုရင် အသင် သူဌေးကြီး ပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာမှန်သမျှ . . ဘယ်မင်းစိုးရာဇာ၊ ဘယ်သူခိုးဓားပြ၊ ဘယ်မီး၊ ဘယ်ရေ၊ ဘယ်သားဆိုးသမီးဆိုးမှ နှောင့်ယှက်ဖျက်ဆီးလို့ မရတော့ပါဘူး'

အဲဒါနဲ့ မြတ်စွာဘုရားက နည်းပေးတဲ့အတွက် မြတ်စွာဘုရားပေးတဲ့နည်းအတိုင်းပဲ လှူပါတယ်။

ဂန္ဓကုဋ္ဌိကျောင်းကြီးရဲ့ ပရဝဏ်ပတ်ပတ်လည် ဒူးနစ်လောက်အောင် သုံးကြိမ်တိုင်တိုင် ရတနာ(၇)ပါး ဖြန့်ခင်းတဲ့ကုသိုလ်တွေ၊ မြတ်စွာဘုရားရှင်ရဲ့ ပလ္လင်အောက်မှာ သခွားသီးအရွယ်ရှိတဲ့ မြကျောက်ရတနာလှူရတဲ့ ကုသိုလ်တွေ . . .

ရတနာခုနစ်ပါးစီခြယ်ထားတဲ့ ဂန္ဓကုဋ္ဌိကျောင်းဆောင်ကြီး ဆောက်လုပ်လှူဒါန်းရတဲ့ ကုသိုလ်တွေ၊ ကိုးလတိုင်တိုင်ကျင်းပတဲ့ ကျောင်းရေစက်ချပွဲမှာ သံဃာတော်ခြောက်ဆယ့်ရှစ်သိန်းကို ကိုးလတိုင်တိုင် ဆွမ်းဘောဇဉ်လှူဒါန်းရတဲ့ကုသိုလ်တွေ၊ ရေစက်ချပွဲ နောက်ဆုံးနေ့မှာလည်းပဲ အသက်အငယ်ဆုံး၊ ဝါတော်အငယ်ဆုံး ရဟန်းတော်အတွက် အဖိုးတစ်သိန်းထိုက်တန်တဲ့ သင်္ကန်းလျာအဝတ်အပါအဝင် သင်္ကန်းလျာအဝတ်များ လှူဒါန်းရတဲ့ ကုသိုလ်တွေ . . .။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုအားဖြင့် ကိုးလတိုင်တိုင် ကျောင်းရေစက်ချပွဲကြီး ကျင်းပပြီးတော့ ကျောင်းအလှူ လှူရတဲ့ ကုသိုလ်တွေ၊ ဆွမ်းသင်္ကန်းဆေး လှူရတဲ့ ကုသိုလ်တွေ၊ ရွှေငွေ၊ ပတ္တမြား၊ မြ စတဲ့ ရတနာမျိုးစုံ လှူရတဲ့ ကုသိုလ်တွေကို အာရုံပြုပြီးတော့ . . .

'ဒီလိုလှူဒါန်းရတဲ့ ကုသိုလ်ကောင်းမှုကြောင့် . . . ဒီကုသိုလ်ကောင်းမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ကောင်းကျိုးချမ်းသာတွေကို ဘယ်မင်းဆိုးမင်းညစ်မှ သိမ်းပိုက်လို့ မရနိုင်ပါစေသတည်း။ ဘယ်သူခိုးဓားပြမှ လုယက်လို့ မရပါစေသတည်း။ ဘယ်မီးမှလည်း မလောင်နိုင်ပါစေသတည်း။ ဘယ်ရေမှလည်း မမျှောနိုင်ပါစေသတည်း။ ဘယ်အမွေခံဆိုး သားဆိုးသမီးဆိုးမှလည်း သုံးဖြုန်းဖျက်ဆီးပစ်လို့ မရပါစေသတည်း'

'ဘယ်စီးပွားဖက် မိတ်ဆွေဆိုး၊ မိတ်ဆွေယုတ်မှလည်း နှောင့်ယှက်ဖျက်ဆီးလို့ မရပါစေသတည်း။ ဘယ်မြေငလျင်ကြောင့်မှလည်း မပျက်စီးပါစေသတည်း။ ဘယ်လေပြင်းမုန်တိုင်းကြောင့်မှလည်း မဆုံးရှုံးပါစေသတည်း'

'ပစ္စည်းကို ပျက်စီးသွားစေတဲ့ ဘယ်အဖျက်အဆီးမျိုးကြောင့်မှ ဘုရားတပည့်တော် ပိုင်ဆိုင်တဲ့ပစ္စည်းတွေ မပျက်စီးပါစေသတည်း'



နဂိုက ကျောင်းအလှူဆိုကတည်းကိုက ကုသိုလ်က ခိုင်ပြီးသား။ အဲဒီခိုင်တဲ့ကုသိုလ်ကို ခိုင်သထက်ခိုင်အောင် ခိုင်ပါစေကြောင်း ခိုင်ဆုလေးတောင်းပြီး ပြုလိုက်တဲ့အတွက် ဇောတိကသူဌေးဘဝ ရလာသမျှ ပိုင်ဆိုင်မှု အစုစုကို သူတစ်ပါးနှောင့်ယှက်ဖျက်ဆီးလို့ လုံးဝ မရတော့ပါဘူး။

ဇောတိကသူဌေးဘဝမှ မဟုတ်ပါဘူးနော်။ ဒါက နောက်ဆုံးဘဝကို ပြထားလို့။ ဒီတောင်းဆုနဲ့ တွဲနေတဲ့ ကုသိုလ်အကျိုးပေးတဲ့ ဘဝတိုင်း ဘဝတိုင်းမှာ အဲဒီကုသိုလ်ရဲ့ အကျိုးဆက်ဖြစ်တဲ့ ကောင်းကျိုးချမ်းသာတွေကို ဘယ်ရန်သူမျိုးကမှ နှောင့်ယှက်ဖျက်ဆီးလို့ မရတော့ဘဲနဲ့ ခိုင်မြဲချင်တိုင်းခိုင်မြဲ၊ ခိုင်မြဲသထက် ခိုင်မြဲနေပါတော့တယ်။ ခိုင်သထက် ခိုင်နေတော့တယ်ပေါ့။

ဒါ့ကြောင့် ခိုင်ပါစေကြောင်း ခိုင်ဆုတောင်းပြီးတော့ လှူလို့ရှိရင်လည်းပဲ ခိုင်သထက် ခိုင်နိုင်ပါတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## ကန်ခိုင်မှ ရေတည်၊ ရေတည်မှ ကြာပွင့်

'နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ပြားကုသိုလ်၊ ခိုင်ဆုဆို၍၊ ခိုင်လိုတရား . . .'

'ခိုင်လိုတရား' ဆိုတာကတော့ နောက်က ခိုင်စိတ်ထားက 'ထား' နဲ့ ကာရန်ကိုက်အောင် ခိုင်လိုတရားလို့ လုပ်ထားတာ။ တကယ်ပြောလိုရင်းကတော့ 'ခိုင်လိုသာသနာ'။

သာသနာကိုပဲ တရားလို့ ပြောထားတာပါ။ သာသနာဆိုတာလည်း တရားပါပဲ။

သာသနာဆိုတာ ပါဠိစကားလုံး၊ 'အဆုံးအမ' လို့ အဓိပ္ပာယ်ရပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတွေကို



သာသနာလို့ ခေါ်ပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတွေဆိုတာကလည်း တရားတွေချည်းပဲမို့ အဆုံးအမဆိုတာ တရားပါပဲ။ ခိုင်လိုတရား = ခိုင်လိုသာသနာ။

မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ သာသနာတော်ကြီး တည်တံ့ခိုင်မြဲစေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုတဲ့ ကုသိုလ်ကောင်းမှုတွေ၊ သာသနာတော်ကြီး ရေရှည်ခိုင်မြဲဖို့အတွက် လှူတဲ့အလှူတွေဟာ ခိုင်သထက်ခိုင်စေနိုင်တဲ့ ကုသိုလ်ကောင်းမှုတွေပါပဲ။

လိုရင်းကတော့ . . ပရိယတ္တိသာသနာလို့ခေါ်တဲ့ သင်ယူလေ့လာစရာ ဘုရားအဆုံးအမ တရားတော်တွေ မပျောက်ပျက်အောင်၊ မကွယ်ပအောင်၊ ရေရှည်တည်တံ့ခိုင်မြဲအောင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းအားဖြင့်ဖြစ်စေ ထိန်းသိမ်းစောင့်ရှောက် ကူညီပံ့ပိုးရတဲ့ ကုသိုလ်ကောင်းမှုဟာ ခိုင်သထက်ခိုင်စေနိုင်တဲ့ ကုသိုလ်ကောင်းမှုပါပဲ။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ လို့ သာသနာသုံးရပ်ရှိတဲ့အထဲမှာ သာသနာတော်ကြီး တည်တံ့ခိုင်မြဲဖို့အတွက် အဓိကက ဘာသာသနာတုံး။ ပရိယတ္တိသာသနာ။

ပရိယတ္တိဆိုတာ ကန်ပေါင်နဲ့ တူတယ်။ ပဋိပတ္တိ



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာ ကန်ထဲက ရေနဲ့ တူတယ်။ ပဋိဝေဓဆိုတာ ကန်ထဲက ရေထဲမှာ ပွင့်နေတဲ့ ကြာပန်းလေးတွေနဲ့ တူတယ်။

ကြာဆိုတာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ပေါ့။ ရေဆိုတာက သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ်တွေပေါ့။ ကံ ပေါင်ဆိုတာက သုတ်၊ ဝိနည်း၊ အဘိဓမ္မာ ဆိုတဲ့ မြတ်စွာဘုရားဟောကြားထားတဲ့ ပရိယတ္တိတရားတော်တွေပေါ့။

ပရိယတ္တိကန်ပေါင်မရှိဘဲနဲ့ ပဋိပတ္တိရေ မတည်နိုင်ပါဘူး။ ပဋိပတ္တိရေ မရှိဘဲနဲ့ ပဋိဝေဓဆိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ ကြာပန်းတွေ မပွင့်နိုင်ပါဘူး။ သာသနာ ခိုင်မြဲဖို့အတွက် အဓိကသည် ပရိယတ္တိပဲ။

ပရိယတ္တိသာသနာပြုလုပ်ငန်း လုပ်နေကြတဲ့ ပုဂ္ဂိုလ်တွေကို ကူညီထောက်ပံ့တဲ့ ကုသိုလ်ကောင်းမှုပြုတယ်ဆိုရင် အဲဒီကုသိုလ်ဟာ သာသနာခိုင်ရာခိုင်ကြောင်းပြုတဲ့ ကုသိုလ်ဖြစ်နေတဲ့အတွက် အဲဒီကုသိုလ်ရှင်ရဲ့ ကောင်းကျိုးချမ်းသာတွေဟာလည်း ခိုင်သထက် ခိုင်နိုင်ပါတယ်။

ခိုင်လိုတရားဆိုတာ သဘောပေါက်ပြီလား။ သာသနာ ခိုင်သထက်ခိုင်အောင် ပြုတဲ့ကုသိုလ်။ သာသနာပြုကုသိုလ်ပေါ့။

လောကမှာ ကောင်းတာနဲ့ပတ်သက်ပြီး ပြုကြတာက သာသနာပြုတာရယ်၊ ကုသိုလ်ပြုတာရယ်လို့ နှစ်မျိုး



ပါတယ်။

တချို့က ဘုရားတည်တာကို သာသနာပြုတယ်လို့ ထင်နေကြတယ်။ အရပ်တကာလှည့်၊ ဘုရားတကာလှည့်ပြီးတော့ အဓိဋ္ဌာန်ပုတီးတွေ စိပ်နေတာကို သာသနာပြုတယ်လို့ ထင်နေကြတယ်။

အင်္ဂလိပ်ဆေးဆရာ၊ မြန်မာဆေးဆရာတွေ ကုလို့ မရတော့တဲ့ရောဂါတွေ၊ ပယောဂတွေကို ရေမန်းတွေ ဘာတွေနဲ့ ကုသပေးနေတာကို သာသနာပြုတယ်လို့ ထင်နေကြတယ်။ အဲဒါတွေဟာ သာသနာပြုတာ လုံးဝ မဟုတ်ပါဘူး။

ဘုရားတည်တယ်ဆိုတာ ဘုရားနဲ့ ပတ်သက်တဲ့ အထွတ်အထိပ်ကုသိုလ်ပါပဲ။ သို့သော် ဘုရားတည်တဲ့ ကုသိုလ်သည်ပင်လျှင် သာသနာပြုတာ မဟုတ်ပါဘူး။ ကုသိုလ်ပြုတာပါ။ ပြုတော့ ပြုပဲနော်။ သာသနာပြုတာ မဟုတ်ပါဘူး။ ကုသိုလ်ပြုတာပါ။

ဘုရားတည်တယ်ဆိုတာ ဘုရားရဲ့ ဆံတော်၊ ဓာတ်တော်၊ အသုံးအဆောင် စသည် ကိန်းဝပ်ဖို့၊ သိတင်းသုံးဖို့ ကျောင်းဆောက်တာပါပဲ။ မိမိတတ်စွမ်းသမျှ ပစ္စည်းဥစ္စာနဲ့ ဘုရားကို ပူဇော်တာဆိုတော့ ဗုဒ္ဓပူဇာဒါနကုသိုလ်ပေါ့။

သာသနာပြုတယ်ဆိုတာ ... 'သာသနာ' ဆိုတာက ဘုရားအဆုံးအမ။ 'ပြုတယ်' ဆိုတာက ဖြန့်ပွား



www.burmeseclassic.com

www.burmeseclassic.com

အောင် လုပ်တာ။ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမတရားတွေ ပြန့်ပွားအောင်လုပ်မှ သာသနာပြုတယ် လို့ခေါ်ပါတယ်။

ပရိယတ္တိစာသင်တိုက်တွေက စာချစာသင် အရှင်မြတ်တွေဟာ သာသနာပြုပုဂ္ဂိုလ်တွေပါပဲ။ အထူးသဖြင့်တော့ ပရိယတ္တိစာပေတွေကို ပို့ချနေကြတဲ့ စာချဘုန်းကြီးတွေ၊ စာချဆရာတော်တွေဟာ ပထမတန်းစား သာသနာပြုပုဂ္ဂိုလ်တွေ၊ အဓိက ပဓာနအကျဆုံး သာသနာပြုပုဂ္ဂိုလ်တွေပါပဲ။

ဦးဇင်းတို့ ပရိယတ္တိစာပေတွေ ပို့ချမှုမရှိဘဲနဲ့ အခုလို တရားတွေပဲ အထိုက်အလျောက်ဟောတယ်။ ဒါက ပထမတန်းစား သာသနာပြုပုဂ္ဂိုလ် မဟုတ်သေးဘူး။

တရားဟော ဓမ္မကထိက ဆိုတာလည်း ဘုရားအဆုံးအမ ပြန့်ပွားအောင် လုပ်တာမို့ သာသနာပြုပုဂ္ဂိုလ်ပါပဲ။ တရားစာပေ ရေးသားတဲ့ ဓမ္မစာရေးဆရာဆိုတာလည်း ဘုရားအဆုံးအမပြန့်ပွားအောင် လုပ်တာမို့ သာသနာပြုပုဂ္ဂိုလ်ပါပဲ။ ဒါပေမဲ့ ပထမတန်းစား အဆင့်မြင့် သာသနာပြုပုဂ္ဂိုလ်တော့ မဟုတ်သေးပါဘူး။

စာသင်တိုက်က . . ပရိယတ္တိစာပေတွေ၊ မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမ မူရင်းတွေကို မပျောက်ပျက်အောင်



ပို့ချနေကြတဲ့ ပရိယတ္တိ စာချဆရာတော်တွေ၊ စာချဘုန်းကြီးတွေကမှ ပထမတန်းစား နံပါတ်တစ် ထိတ်ထိတ်ကြဲ အဆင့်မြင့်သာသနာပြုပုဂ္ဂိုလ်တွေပါ။

ဦးဇင်းတို့ အခု သာမဏေကျော်စာသင်တိုက်က ဆရာတော်ဘုရားမိန့်တော်မူတာ တစ်ဆင့်ကြားရတာပေါ့လေ။ ဆရာတော်ဘုရားရဲ့ တပည့် စာချဘုန်းကြီးတွေ၊ ဦးဇင်းနဲ့ ရင်းနှီးတဲ့ မိတ်ဆွေရဟန်းတွေက ပြောလို့ သိရတာပါ။

တချို့ ဒကာ ဒကာမတွေက သာမဏေကျော်ဆရာတော်ဆီ သွားသွားပြီး လျှောက်ကြတယ်တဲ့။

'အရှင်ဘုရား၊ တရားပွဲ ပင့်ချင်လို့ပါ'

'ဘုန်းကြီးက တရားမဟောပါဘူး'ဆိုတော့ 'အရှင်ဘုရားကို ပင့်ချင်တာ မဟုတ်ပါဘူး။ အရှင်ဆန္ဒာဓိကကို ပင့်ချင်တာပါ' တဲ့။

'အောင်မာ . . .၊ အရှင်ဆန္ဒာဓိက ပင့်ချင်တာများ ငါ့လာလျှောက်ရသေးတယ်လို့'

'မဟုတ်ဘူးလေ။ အရှင်ဆန္ဒာဓိကက အရှင်ဘုရားရဲ့ တပည့်ဆိုတော့ အရှင်ဘုရား ပြောပေးရင် ရမှာပေါ့'

'တပည့်တော့ တပည့်ပဲဟေ့။ ဒါပေမဲ့ အဲဒီတပည့်က ထိပ်ရောက်နေတော့ ပြောပေးလို့ မရတော့ဘူး'



www.burmeseclassic.com

www.burmeseclassic.com

ဒါ သာမဏေကျော်ဆရာတော်ဘုရားက မိန့်တော်မူတာ။ ဦးဇင်းကို ထိပ်ရောက်နေတာတဲ့။ အမှန်ကတော့ ဦးဇင်းက ထိပ်ရောက်နေတာ မဟုတ်ပါဘူး။ အောက်ရောက်နေတာ။ တစ်နည်းအားဖြင့် ဘိတ်ရောက်နေတာပါ။

ပရိယတ္တိစာပေပို့ချနေတဲ့ သာမဏေကျော်စာသင်တိုက်က ပဓာနနာယကဆရာတော်ရော၊ ကျောင်းမှာရှိတဲ့ စာချဆရာတော်တွေရော၊ ပရိယတ္တိစာသင်တိုက် အသီးသီးမှာရှိကြတဲ့ စာချဆရာတော်တွေရော၊ စာချဆရာတော်တွေ စာချဘုန်းကြီးတွေကမှ ထိပ်ရောက်နေတဲ့ သာသနာပြုပုဂ္ဂိုလ်တွေပါ။

ဦးဇင်းတို့က ပရိယတ္တိစာချ၊ ပရိယတ္တိကထိကပုဂ္ဂိုလ်တွေရဲ့ ခြေဖဝါးက မြူမှုန်လေးတွေလောက်တောင် အဆင့်မရှိပါဘူး။ သာသနာလက်ဆင့်ကမ်း သယ်နိုင်တဲ့ ရဟန်းသာမဏေတွေကို စာမှ ချမပေးဘဲကိုး။

ဦးဇင်းက ထိပ်ရောက်နေတဲ့သူ မဟုတ်ပါဘူး။ စာချဘုန်းကြီးကမှ ထိပ်ရောက်နေတဲ့သူပါ။ တရားဟောဓမ္မကထိကတွေဟာ ထိပ်ရောက်နေတဲ့ သာသနာပြုပုဂ္ဂိုလ်တွေ မဟုတ်ပါဘူး။ စာသင်တိုက်တွေက စာချဘုန်းကြီးတွေကမှ ထိပ်ရောက်နေတဲ့ သာသနာပြုပုဂ္ဂိုလ်တွေပါ။

ဒီတော့ ပရိယတ္တိသာသနာသည်သာလျှင် သာသနာတော် တည်တံ့ခိုင်မြဲဖို့အတွက် အဓိက လိုရင်း၊ သာသနာခိုင်ဖို့အတွက် အဓိက ပဓာန။ ဒါကြောင့် ဘုရားတည်တာဟာ ကုသိုလ်ပြုတာပါ။ သာသနာပြုတာ မဟုတ်ပါဘူး။

ဘုရားအဆုံးအမကို ကိုယ်ကိုယ်တိုင် ဟောပြောပြသ၊ တရားခွေတွေငှား၊ တရားစာအုပ်တွေငှား ၊ တရားခွေတွေလှူ၊ တရားစာအုပ်တွေလှူ၊ တရားပွဲကြီးတွေ ကျင်းပ . . . စသည်အားဖြင့် သာသနာပြုနည်းတွေက အများကြီးပါပဲ။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် ဘုရားအဆုံးအမတွေ ပြန့်ပွားအောင်လုပ်ရင် သာသနာပြုတယ်လို့ ခေါ်ပါတယ်။ သာသနာပြုတဲ့ကုသိုလ်ဟာ ခိုင်သထက်ခိုင်စေနိုင်တဲ့ ကုသိုလ်ပါ။

ဒုတိယအဆင့်အနေနဲ့ ဘုရားအဆုံးအမ ပြန့်ပွားအောင်လုပ်နေတဲ့ပုဂ္ဂိုလ်တွေကို လှူဒါန်းထောက်ပံ့ရင်လည်း သာသနာပြုတယ်လို့ ခေါ်ပါတယ်။ ဒါ တိုက်ရိုက်မဟုတ်ပေမယ့် တိုက်ရိုက်နီးပါး ဖြစ်ပါတယ်။ သွယ်ဝိုက်လို့ဆိုပေမယ့် အနီးကပ်သွယ်ဝိုက်ဖြစ်ပါတယ်။ တိုက်ရိုက်လို့ပဲ ဆိုလိုက်ကြပါစို့။

ရိုးရိုးကျောင်းဆောက်တာကတော့ သာသနာပြုကုသိုလ် မဟုတ်ဘူး။ ပရိယတ္တိသာသနာပြုအလုပ်ကို အားထုတ်နေကြတဲ့ပုဂ္ဂိုလ်တွေ သီတင်းသုံးဖို့အတွက် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com

ဆောက်တာဆိုရင်တော့ ကုသိုလ်ပြုတယ်လို့လည်း ပြောလို့ရ
သလို သာသနာပြုတယ်လို့လည်း ပြောလို့ရပါတယ်။

မြတ်စွာဘုရား အဆုံးအမတရားတော်တွေ ပြန့်
ပွားစေချင်တဲ့၊ သာသနာတော်ကြီး တည်တံ့ခိုင်မြဲစေချင်တဲ့
စေတနာဆန္ဒနဲ့ဆိုရင်. . ပရိယတ္တိစာသင်တိုက်မှာ ကျောင်း
ဆောက်မှရယ်လို့ မဟုတ်ပါဘူး။ ဆွမ်းပဲကပ်ကပ်၊ သင်္ကန်းပဲ
လှူလှူပေါ့။

သာသနာခိုင်ရာခိုင်ကြောင်း လုပ်နေတဲ့ စာချော
သင် အရှင်မြတ်တွေကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး
ပစ္စည်းလေးပါး လိုအပ်ရာရာ လှူဒါန်းတဲ့ ကုသိုလ်ဟာလည်း
ခိုင်တဲ့ကုသိုလ်မို့ ခိုင်သထက် ခိုင်တဲ့ကောင်းကျိုးတွေ ရပါ
လိမ့်မယ်။

■





## မြန်မြန်လုပ်လေ၊ များများရလေ

'နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ငြားကုသိုလ်၊
ခိုင်ဆုဆို၍၊ ခိုင်လိုတရား၊ ခိုင်စိတ်ထားသည် . . .'

နောက်ဆုံး 'ခိုင်စိတ်ထား' ဆိုတာက ခိုင်မာတဲ့စိတ်
ထားကို ပြောတာပါ။ ကုသိုလ်ကောင်းမှုပြုတဲ့နေရာမှာ ခိုင်
ခိုင်မြဲမြဲစိတ်ထားနဲ့ ပြုရင်လည်း ကောင်းကျိုးတွေဟာ ခိုင်သ
ထက် ခိုင်ပါတယ်။

နောက်ဆုတ်နောက်ဆုတ်၊ တွန့်ဆုတ်တွန့်ဆုတ်နဲ့၊
အချိန်တွေ ရွှေ့၊ ရက်တွေ ရွှေ့၊ လတွေ ရွှေ့၊ ဟိုရွှေ့ ဒီရွှေ့နဲ့
ကုသိုလ်ကောင်းမှုတွေကို ဖြည်းဖြည်းလေးလေး၊ နှေးနှေး
ကွေးကွေး၊ အေးအေးဆေးဆေး လုပ်နေရင် ကောင်းကျိုး



www.burmeseclassic.com

www.burmeseclassic.com

ချမ်းသာတွေ မခိုင်ပါဘူး။

မတည်မြဲတာကိုလည်း မခိုင်ဘူးလို့ ပြောလို့ရသလို မများပြားတာကိုလည်း မခိုင်ဘူးလို့ ပြောလို့ ရပါတယ်။ အရပ်ထဲမှာ ဝင်ငွေကောင်းတယ်ဆိုရင် ခိုင်တယ်လို့ ပြောကြတယ်၊ ဝင်ငွေ မကောင်းဘူးဆိုရင် မခိုင်ဘူးလို့ ပြောကြတယ် မဟုတ်လား။ ခေတ်သုံးစကားပေါ့။

ကုသိုလ်ကောင်းမှုကို မခိုင်မာတဲ့ စိတ်ထားနဲ့ လျော့ရိလျော့ရဲ အချိန်ဆွဲပြီး ဖြည်းဖြည်းနှေးနှေး လုပ်နေရင် အကျိုးပေးသင့်သလောက် မပေးတော့ဘဲ အကျိုးပေးနည်းပါးသွားတတ်ပါတယ်။ အကျိုးပေးနည်းသွားတာဟာ မခိုင်တာပဲပေါ့။

တခြားမကြည့်နဲ့။ ကေသာဇ္ဇကပုဏ္ဏားကြီးကို အားလုံးသိတယ်နော်။ ပုဏ္ဏားကြီးနဲ့ ပုဏ္ဏေးမကြီး နှစ်ယောက်ပေါင်းမှ ခြုံလွှာတစ်ထည်ပဲ ရှိတာ။ ဆာရီဝတ်စုံတစ်ထည်ပဲ ရှိတာ။ ပုဏ္ဏားကြီး ဘုရားရဲ့တရား သွားနာ။ ညဉ့်ဦးယံရောက်တော့ သဒ္ဓါတရားရှိလို့ 'ဒီဝတ်စုံကြီး ငါလှူချင်တယ်' ဆိုပြီးတော့ သဒ္ဓါတရားဖြစ်တယ်။

'မဖြစ်သေးပါဘူးလေ။ ပုဏ္ဏေးမကြီးနဲ့ နှစ်ယောက်ပေါင်းမှ တစ်ထည်ပဲ ရှိတာ။ မလှူတော့ပါဘူး' ဆိုပြီးတော့ တွန့်ဆုတ်သွားပြန်တယ်။ လှူမယ်လို့ ကြံစည်၊ မလှူတော့ဘူးလို့ တွန့်ဆုတ်သွားတယ်။

သန်းခေါင်ယံကျတော့ 'အို . . . ဘယ်လိုပဲဖြစ်ဖြစ်၊ လှူလိုက်မယ်' ဆိုပြီးတော့ သဒ္ဓါတရားက ဖြစ်ပြန်။ မစ္ဆရိယက တားပြန်တယ်။ 'မဖြစ်သေးပါဘူးလေ။ မင်းကတော့ ဖြစ်တယ်။ ပုဏ္ဏေးမကြီးက အမျိုးသမီးဆိုတော့ အပေါ်ရုံ မရှိဘဲနဲ့ ဘယ်သင့်တော်မလဲ။ မလှူတော့ပါဘူးလေ' ဆိုပြီးတော့ တွန့်ဆုတ်သွားပြန်တယ်။

နောက်ဆုံး မိုးသောက်ယံရောက်မှ 'ဘယ်လိုပဲဖြစ်ဖြစ်၊ ငါလှူထည့်လိုက်တော့မယ်' ဆိုပြီးတော့ လှူလိုက်တော့မှ အဲဒီမှာ ကောင်းကျိုးချမ်းသာတွေ အဆင့်ဆင့်ရတာ သိတယ် မဟုတ်လား။

ကောင်းကျိုးချမ်းသာတွေရတာ ရှင်ဘုရင်ကြီးက သူ့အတွက် ဝတ်စုံတွေဘာတွေလှူ။ တခြား ရွာစားဆုတွေဘာတွေလည်း လှူတယ်လေ။ သဗ္ဗစတုက္ကဆုလို့ ခေါ်တယ်။ အားလုံး လေးခု လေးခုစီ ရတဲ့ဆု။

ခုခေတ်လိုပြောမယ်ဆိုရင် . . ကားရတယ်ဆိုရင်လည်း လင်ခရူဆာကား လေးစီးပေါ့။ အပိုင်စားရတဲ့မြို့ကလည်း လေးမြို့ပေါ့။ ပေးလိုက်တဲ့ဒေါ်လာကျတော့ 'လေး' ဆိုပြီးတော့ လေးဒေါ်လာပဲပေးတာ မဟုတ်ဘူး။ ဒေါ်လာ လေးသန်း ဖြစ်ချင်ဖြစ်မယ်ပေါ့။ ဒေါ်လာ သန်းလေးဆယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင် ဖြစ်မယ်ပေါ့။ လေးဂဏန်းပါတဲ့ အရာလေးပေါ့။ အဲဒီလို အကျိုးပေးသွားတယ်။

မြတ်စွာဘုရားက ပြန်ပြီးတော့ မိန့်တယ်။

'ဒီပုဏ္ဏားကြီး ညဥ့်ဦးယံ ဒီဝတ်စုံကြီး လှူမယ်လို့ စိတ်ဖြစ်ကတည်းကသာ လှူလိုက်လို့ရှိရင် သဗ္ဗသောဠသက - အားလုံးတစ်ဆယ့်ခြောက် တစ်ဆယ့်ခြောက်စီ အကျိုးပေးမှာ'

မြို့တစ်ဆယ့်ခြောက်မြို့ ရွာတစ်ဆယ့် ခြောက်ရွာ၊ လင်ခရူဆာကား တစ်ဆယ့်ခြောက်စီး။ ဒေါ်လာက သန်းပေါင်း တစ်ရာ့ခြောက်ဆယ် စသည်အားဖြင့်ပေါ့။ ဆယ့်ခြောက်ဆယ့်ခြောက်တွေ အကျိုးပေးမှာ။

'တကယ်လို့ ညဥ့်ဦးယံမှာ မလှူဖြစ်ဘူး။ သန်းခေါင်ယံမှာ လှူဖြစ်တယ်ဆိုရင်လည်း သဗ္ဗအဋ္ဌက - အားလုံး ရှစ်ခု ရှစ်ခုစီ အကျိုးပေးမယ်'

ခေါက်ချိုးတော့ လျော့သွားပြီ။ မြို့ရှစ်မြို့ ရမယ်၊ ရွာရှစ်ရွာရမယ်။ ကားရှစ်စီးရမယ်။ ဒေါ်လာသန်းရှစ်ဆယ် ရမယ်။

'အခု မိုးသောက်ယံကျမှ လှူဖြစ်တဲ့အတွက် သဗ္ဗစတုက္က - အားလုံး လေးခုလေးခုစီပဲ အကျိုးပေးပါတယ်'

မလှူဖြစ်ပြန်ဘဲနဲ့ တွန့်ဆုတ်သွားတဲ့အခါကျတော့ အခု မနက်လင်းမှ လှူလိုက်တဲ့အတွက် ဒေါ်လာကလည်း သန်းလေးဆယ်။ ကားကလည်း လေးစီး။ မြို့ကလည်း လေးမြို့။ ရွာကလည်း လေးရွာ စသည် လေးခုလေးခု အကျိုးတွေပဲ ရတယ်။ လျော့မသွားဘူးလား။

ခုခေတ်မှာ လူတွေက ပြောကြတယ်လေ။ ဘယ်သူကတော့ဖြင့် ခိုင်သွားပြီ။ ဘယ်သူကတော့ စီးပွားရေးလုပ်ငန်းကောင်းလို့၊ နေရာကောင်းလေး ရထားလို့ ခိုင်သွားပြီ။ ဝင်ငွေများများရတဲ့နေရာကို ရရင် ခိုင်တယ်လို့ ပြောကြတယ်။

လေးရတာရယ်၊ ရှစ်ရတာရယ်၊ ဆယ့်ခြောက်ရတာရယ်၊ ဘယ်ဟာက ပိုခိုင်တုံး။ ဆယ့်ခြောက်ရတာက ပိုခိုင်တာပေါ့။ ကားလေးစီးရယ်၊ ရှစ်စီးရယ်၊ တစ်ဆယ့်ခြောက်စီးရယ်ရမယ်ဆိုရင် ဘယ်နှစီး ယူမှာတုံး။ ဆယ့်ခြောက်စီး . . . ။ တော်တော် လောဘကြီးတာပဲနော်။ လောဘကြီးတာ မဟုတ်ပါဘူး။ ယူရမှာပေါ့။

အဲဒီတော့ ခိုင်တယ်ဆိုတာ သဘောပေါက်တယ် မဟုတ်လား။ လေးစီးရယ်၊ ရှစ်စီးရယ်၊ ဆယ့်ခြောက်စီးရယ် ရတယ်ဆိုရင် တစ်ဆယ့်ခြောက်စီးက ပိုခိုင်သွားတာပေါ့။ ဘာလို့ ခိုင်တာလဲဆိုရင် စိတ်ထားခိုင်လို့။ စိတ်ဓာတ်ခိုင်လို့။

တွန့်ဆုတ် တွန့်ဆုတ် လုပ်နေတဲ့ပုဂ္ဂိုလ်။ လှူရ



www.burmeseclassic.com

www.burmeseclassic.com

ကောင်းမလား။ မလျှုရကောင်းမလား လုပ်နေတဲ့ပုဂ္ဂိုလ်။ 'လှူလို့လည်း မဖြစ်သေးပါဘူးလေ။ အခြေအနေဆိုတာက ဘယ်လိုမှန်းမသိ' နဲ့ တွန့်ဆုတ် တွန့်ဆုတ် ဖြစ်နေတယ်ဆိုရင် စိတ်ခိုင်တာလား၊ စိတ်ယိုင်တာလား။ စိတ်ယိုင်နေတာ။

ဘာကုသိုလ်မဆို ချက်ချင်းကြီး ထလုပ်ရမယ်လို့ မဆိုလိုပါဘူး။ ဉာဏ်လေးနဲ့ ချင့်ချိန်ပြီးတော့ ချက်ချင်းလုပ်သင့်တဲ့ဟာဆို ချက်ချင်းလုပ်၊ ရက်ရွှေ့မနေနဲ့။ ဗေဒင်ဆရာမေးပြီးတော့ ရက်ရာဇာမှ၊ နဂါးခေါင်းလွတ်မှရယ်လို့ လုပ်နေရင် အဲဒါ ခိုင်တဲ့ကုသိုလ် မဖြစ်တော့ဘူး။ ရက်ရွှေ့နေတာနော်။

လှူချင်စိတ် ရှိလျက်သားနဲ့ ရက်မကောင်းလို့၊အခါမကောင်းလို့ဆိုပြီးတော့ ရက်ရွှေ့နေရင် ရက်ရွှေ့ပြီးလုပ်တဲ့ အဲဒီကုသိုလ်အကျိုးပေးတဲ့ဘဝ အကျိုးပေး မခိုင်ဘူး။ မခိုင်ဘူးဆိုတာက ဆယ့်ခြောက်အကျိုးပေးရမယ့်ဟာ ရှစ်အကျိုးပေးတာမျိုး။ ရှစ်အကျိုးပေးရမယ့်ဟာ လေးအကျိုးပေးတာမျိုး။ လေးပေးရမယ့်ဟာ နှစ်ပေးတာမျိုး။ နှစ်ပေးရမယ့်ဟာ တစ်ပေးတာမျိုးပေါ့။ ဂဏန်းတွေ စုံအောင် ပြောနေတာ။ ဂဏန်းတွေ ကောက်နေမှာစိုးလို့။

တွန့်ဆုတ်တွန့်ဆုတ် နောက်ဆုတ်နောက်ဆုတ်နဲ့ ဟိုရွှေ့ဒီရွှေ့ မလုပ်ဘဲ ခိုင်မြဲတဲ့စိတ်ထားနဲ့ ကုသိုလ်ကောင်းမှုတွေကို တက်တက်ကြွကြွ မြန်မြန်ဆန်ဆန် ထက်ထက်သန်သန် လုပ်တယ်ဆိုရင် ဒီထာဝရဒါန - ခိုင်တဲ့အလှူခြောက်မျိုးမှ မဟုတ်ပါဘူး။ ဘာကုသိုလ်ပဲလုပ်လုပ် ခိုင်သထက်ခိုင်တဲ့ ကောင်းကျိုးရနိုင်ပါတယ်။

ကုသိုလ်ကောင်းမှုကို မြန်မြန်လုပ်နိုင်လေ . . . .၊ ကောင်းကျိုးချမ်းသာ များများပိုရလေပါပဲ။ မြန်မြန်လုပ်လေ များများရလေပေါ့။

■



www.burmeseclassic.com

www.burmeseclassic.com



## အရာရာမှာ...ခိုင်

ဒါနမှန်သမျှ ဘာဒါနပဲပြုပြု၊ ခိုင်မြဲတဲ့စိတ်ထားနဲ့ပြု။ သီလမှန်သမျှ ဘာသီလပဲ စောင့်စောင့်၊ ခိုင်မြဲတဲ့စိတ်ထားနဲ့ စောင့်။ ဘာဝနာမှန်သမျှ ဘာဘာဝနာပဲ ပွားပွား၊ ခိုင်မြဲတဲ့စိတ်ထားနဲ့ ပွား။ ဝေယျာဝစ္စမှန်သမျှ ဘာဝေယျာဝစ္စပဲလုပ်လုပ်၊ ခိုင်မြဲတဲ့စိတ်ထားနဲ့ လုပ်။ တရားနာတဲ့ ဓမ္မသဝန၊ တရားဟောတဲ့ ဓမ္မဒေသနာ ...

စသည်အားဖြင့် ဘာကုသိုလ်ကောင်းမှုပဲပြုပြု၊ ခိုင်မြဲတဲ့ စိတ်ထားနဲ့သာ အမြန်ဆုံးဖြစ်အောင် ပြုမယ်၊ အကောင်းဆုံးဖြစ်အောင် ပြုမယ်ဆိုရင် ကိုယ်ပြုလိုက်သမျှ ကုသိုလ်ကောင်းမှုတိုင်းဟာ အကျိုးပေးခိုင်မြဲစေနိုင်တဲ့ ကုသိုလ်ကောင်းမှုတွေ၊ ခိုင်သထက် ခိုင်စေနိုင်တဲ့ ကုသိုလ်ကောင်းမှုတွေချည်း ဖြစ်သွားတာပါပဲ။

ပစ္စည်းဥစ္စာ အကျိုးပေးခိုင်ဖို့အတွက်ရော၊ ရုပ်ကိုယ်ခန္ဓာ အကျိုးပေးခိုင်ဖို့အတွက်ပါ မရှိမဖြစ် အရေးကြီးတဲ့ ကုသိုလ်တစ်ခုက သီလကုသိုလ်ပါပဲ။ ကိုယ်ကျင့်တရားပေါ့နော်။ တွဲပြောရင် ကိုယ်ကျင့်သီလပေါ့။

ကိုယ်ကျင့်သီလ စောင့်ထိန်းတဲ့နေရာမှာ ခိုင်မြဲတဲ့စိတ်ထားရှိမှ၊ တစ်နည်းအားဖြင့် ... ကိုယ်ကျင့်သီလကို ခိုင်မြဲတဲ့စိတ်ထားနဲ့ စောင့်ထိန်းခဲ့မှ ပစ္စည်းဥစ္စာရော၊ ရုပ်ကိုယ်ခန္ဓာပါ အကျိုးပေးခိုင်မြဲပါတယ်။

ပစ္စည်းဥစ္စာခိုင်မြဲဖို့အတွက် အဓိကအကျဆုံးသီလက အဒိန္နာဒါနရှောင်ကြဉ်တဲ့သီလ၊ မခိုးမဝှက်တဲ့သီလ၊ မမှန်မကန် အကြံအဖန်နည်းတွေနဲ့ စီးပွားမရှာတဲ့သီလပါပဲ။ ပစ္စည်းဥစ္စာချမ်းသာဖို့ဆိုတာက လှူနေရုံနဲ့ မပြီးသေးပါဘူး၊ မခိုးဖို့လည်း လိုပါသေးတယ်။

မချမ်းသာရင် နေပါစေ၊ ငါ့ဘယ်တော့မှ မခိုးဘူး၊ မလှူနိုင်ရင် နေပါစေ၊ ငါဘယ်တော့မှ မဟုတ်တာ မလုပ်ဘူးဆိုတဲ့ စိတ်ထား ခိုင်ခိုင်မာမာနဲ့ အဒိန္နာဒါနစက်ကွင်း မလွတ်တဲ့ အလုပ်မှန်သမျှကို ရှောင်ကြဉ်နိုင်ရင် ရှိသမျှ ပစ္စည်းဥစ္စာလည်း ခိုင်မြဲသလို မရှိသေးတဲ့ ပစ္စည်းဥစ္စာတွေ



www.burmeseclassic.com

www.burmeseclassic.com

လည်း အများကြီး ရှိလာနိုင်ပါတယ်။ လျှုမှ ချမ်းသာတာ မဟုတ်ပါဘူး။ မခိုးရင်လည်း ချမ်းသာပါတယ်။

လျှုတဲ့နေရာမှာသာ 'ခိုင်စိတ်ထား' ရှိရမှာ မဟုတ်ပါဘူး။ မခိုးတဲ့နေရာမှာလည်း 'ခိုင်စိတ်ထား' ရှိရမှာပါ။ မခိုးမဝှက်၊ မလိမ်မညာ၊ မကြံမဖန်၊ မကောက်မကျစ်တဲ့နေရာမှာပါ 'ခိုင်စိတ်ထား' ရှိမှ ခိုင်သထက်ခိုင်တဲ့ ကောင်းကျိုး ချမ်းသာတွေ ရရှိပါလိမ့်မယ်။

'မစားရလို့ ငတ်သေရင် သေပါစေ၊ မဟုတ်မမှန်တာ လုံးဝ မလုပ်ဘူး'၊ 'မစားရလို့ လျှာပေါ် မြက်ပေါက်ရင် ပေါက်ပါစေ၊ မတရားတဲ့နည်းနဲ့တော့ စီးပွား လုံးဝမရှာဘူး'၊ 'အများမိုးခါးရေ သောက်ချင်သောက်ပါစေ၊ ငါ့ဘယ်တော့မှ မသောက်ဘူး' ဆိုတဲ့ စိတ်ထားတွေဟာ ရလာသမျှ ပစ္စည်းဥစ္စာ ခိုင်သထက်ခိုင်စေနိုင်တဲ့ 'ခိုင်စိတ်ထား' တွေပါပဲ။

ပစ္စည်းဥစ္စာခိုင်ရုံနဲ့ မပြီးသေးပါဘူး။ ရုပ်ကိုယ်ခန္ဓာ ခိုင်ဖို့၊ ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ ခိုင်ဖို့လည်း လိုအပ်ပါသေးတယ်။ တစ်နည်းပြောရင် ကျန်းမာရေးခိုင်ဖို့ပေါ့။ ပစ္စည်းဥစ္စာ ဘယ်လောက်ခိုင်ခိုင်၊ ကျန်းမာရေး မခိုင်ရင် ခိုင်သမျှ ပစ္စည်းဥစ္စာ ဘာမှ သုံးဆောင်ခံစားခွင့်မရတဲ့အတွက် အလကားပါပဲ။

ကျန်းမာရေး မခိုင်ဘူးဆိုတာ ခန္ဓာကိုယ်ဖွဲ့စည်း တည်ဆောက်ပုံ ညံ့ဖျင်းတာပါ။ ထစ်ခနဲရှိ အားကုန်, ထစ်ခနဲရှိ နုံးချည့်၊ ထစ်ခနဲရှိ နာကျင်, ထစ်ခနဲရှိ ကိုက်ခဲ၊ ထစ်ခနဲရှိ ရုပ်အဆင်းဖောက်ပြန်, ထစ်ခနဲရှိ ရုပ်အလှပျက်စီး . . . ဆိုတာတွေဟာ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံ ညံ့ဖျင်းလို့ ဖြစ်ရတဲ့ ကျန်းမာရေး မခိုင်မှုတွေပါပဲ။

ကျန်းမာရေး ခိုင်ဖို့ . . .၊ ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံ ခိုင်ဖို့အတွက် အဓိကအကျဆုံး သီလကတော့ ပါဏာတိပါတရှောင်ကြဉ်တဲ့သီလ၊ မသတ်မဖြတ်တဲ့သီလ၊ မညှဉ်းဆဲ မနှိပ်စက်တဲ့သီလ၊ သူတစ်ပါးကို နိုင်ထက်ကလူ မပြုတဲ့သီလပါပဲ။

သူတစ်ပါးကို သေအောင် သတ်တဲ့သူ၊ မသေတောင်မှ ဒဏ်ရာအနာတရဖြစ်အောင်၊ နာကျင်ပင်ပန်းအောင် ညှဉ်းပန်းနှိပ်စက်တဲ့သူဟာ အကျိုးပေးရာဘဝတိုင်း ရုပ်ခန္ဓာ မခိုင်ဘဲ ယိုင်လဲပြိုနဲ့တတ်ပါတယ်။ အနာရောဂါများ၊ ရုပ်ဖောက်ပြန်မှုများပြီး စိတ်သွားတိုင်း ကိုယ်မပါလိုရာမပြီး ဖြစ်တတ်ပါတယ်။ သေရာပါမယ့်ရောဂါ၊ စမ်းသပ်မရတဲ့ရောဂါတွေနဲ့ လူ့ဘဝရဲ့ အရသာကို အပြည့်အဝ ခံစားခွင့်မရဘဲ လူဖြစ်ရှုံးတတ်ပါတယ်။

ဒါ့ကြောင့် ကျန်းမာရေး ခိုင်ချင်တယ်၊ ရုပ်ကိုယ် ခန္ဓာ ခိုင်ချင်တယ်ဆိုရင် ခြင်ကလေး၊ ကြမ်းပိုးကလေးက



www.burmeseclassic.com

www.burmeseclassic.com

အစ မသတ်ဘဲ သတ်ဖြတ်ခြင်းမှန်သမျှ၊ ညှဉ်းပန်းနှိပ်စက်ခြင်းမှန်သမျှ၊ အနိုင်ကျင့်ဗိုလ်ကျခြင်းမှန်သမျှ၊ ဖိနှိပ်ချုပ်ချယ်ခြင်းမှန်သမျှကို ခိုင်မာတဲ့စိတ်ထားနဲ့ ရှောင်ရှားဖယ်ကြဉ်နိုင်ရပါမယ်။ မသတ်မဖြတ်၊ မညှဉ်းမပန်း၊ မဖိမနှိပ် မချုပ်မချယ်တဲ့နေရာမှာ 'ခိုင်စိတ်ထား' ရှိရင် ကျန်းမာရေး ခိုင်ပါပြီ၊ ရုပ်ကိုယ်ခန္ဓာ ခိုင်ပါပြီ။

ပစ္စည်းဥစ္စာ ခိုင်ရုံ၊ ရုပ်ကိုယ်ခန္ဓာ ခိုင်ရုံနဲ့လည်း . . မပြီးသေးပါဘူး။ အချစ်ရေး ခိုင်ဖို့၊ အိမ်ထောင်ရေး ခိုင်ဖို့လည်း လိုအပ်ပါသေးတယ်။ တစ်နည်းပြောရင် ချစ်ခြင်းမေတ္တာ ခိုင်ဖို့ပေါ့။ ချစ်သူခင်သူ မြတ်နိုးသူတွေနဲ့ ခွဲခွာကွေကွင်းရတဲ့ အဖြစ်မျိုး၊ အိမ်ထောင်ရေး ပြိုကွဲရတဲ့ အဖြစ်မျိုးတွေနဲ့ မကြုံတွေ့ရဘူးဆိုတာ ချစ်ခြင်းမေတ္တာ ခိုင်တာပါပဲ။

ချစ်ခြင်းမေတ္တာ ခိုင်ဖို့အတွက် အဓိကအကျဆုံး သီလကတော့ ကာမေသုမိစ္ဆာစာရ ရှောင်ကြဉ်တဲ့ သီလ၊ ကာမဂုဏ် မမှားယွင်းတဲ့ သီလ၊ အချစ်ရေး မဖောက်ပြန်တဲ့ သီလ၊ အိမ်ထောင်ရေး သစ္စာမမဲ့တဲ့ သီလပါပဲ။

အချစ်ရေး၊ အိမ်ထောင်ရေး၊ ကာမဂုဏ်ခံစားရေးတွေနဲ့ ပတ်သက်ပြီး မမှားမယွင်း၊ မဖောက်မပြန်၊ မလွှမ်းမကဲ၊ မတိမ်းမစောင်းတဲ့နေရာမှာ 'ခိုင်စိတ်ထား' ရှိရင် အချစ်ရေး၊ အိမ်ထောင်ရေး ခိုင်ပါတယ်။ ကာမဂုဏ်ကိစ္စမှန်သမျှမှာ စိတ်အလိုမလိုက်၊ စိတ်အကြိုက်မဆောင်တဲ့ 'ခိုင်စိတ်ထား' ရှိရင် ချစ်ခြင်းမေတ္တာ ခိုင်ပါတယ်။

ပစ္စည်းဥစ္စာခိုင်ရုံ၊ ရုပ်ကိုယ်ခန္ဓာခိုင်ရုံ၊ ချစ်ခြင်းမေတ္တာခိုင်ရုံနဲ့လည်း မပြီးသေးပါဘူး။ နှုတ်ထွက်စကားခိုင်ဖို့ နှုတ်ထွက်သြဇာ ခိုင်ဖို့လည်း လိုအပ်ပါသေးတယ်။ ကိုယ်ပြောတဲ့စကားကို သူတစ်ဖက်သားက လေးစားတာ၊ အလေးအနက်ထားတာ၊ အသိအမှတ်ပြုတာ၊ ကိုယ့်စကားအတိုင်း လိုက်နာပြုကျင့်တာ၊ ကိုယ်ပြောတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်တာတွေဟာ နှုတ်ထွက်စကားခိုင်တာ၊ နှုတ်ထွက်သြဇာ ခိုင်တာပါပဲ။ အလွယ်ပြောရင်တော့ သြဇာညောင်းတာပေါ့။

နှုတ်ထွက်သြဇာ ခိုင်ဖို့အတွက် အဓိကအကျဆုံး သီလကတော့ မုသာဝါဒ ရှောင်ကြဉ်တဲ့သီလ၊ လိမ်ညာမပြောတဲ့သီလ၊ မဟုတ်မမှန် လုပ်ကြံစွပ်စွဲခြင်းကင်းတဲ့ သီလပါပဲ။

မလိမ်မညာခြင်း၊ မပုတ်မခတ်ခြင်း၊ သွေးကွဲအောင် သွေးမခွဲခြင်း၊ ချစ်ခင်မှု၊ စည်းလုံးမှု ပျက်ပြားအောင် ကုန်းမတိုက်ခြင်း၊ ကြမ်းကြမ်းတမ်းတမ်း ညစ်ညစ်ညမ်းညမ်း မပြောဆိုခြင်း၊ အနှစ်မဲ့စကား၊ အကျိုးမဲ့စကားတွေနဲ့ အချိန်မဖြုန်းခြင်း စတဲ့ နှုတ်ရေးနှုတ်ရာ စောင့်စည်းမှုမှာ 'ခိုင်စိတ်



www.burmeseclassic.com

www.burmeseclassic.com

ထား' ရှိရင် နှုတ်ထွက်စကား၊ နှုတ်ထွက်သြဇာ ခိုင်ပါတယ်။ ထင်တိုင်းမဆို၊ သိတိုင်းမပြောတဲ့ 'ခိုင်စိတ်ထား' ရှိရင် အာစက်လျှာစက်၊ သြဇာအာဏာစက် ခိုင်ပါတယ်။

ပစ္စည်းဥစ္စာ ခိုင်ရုံ၊ ရုပ်ကိုယ်ခန္ဓာ ခိုင်ရုံ၊ ချစ်ခြင်းမေတ္တာ ခိုင်ရုံ၊ စကားသြဇာ ခိုင်ရုံနဲ့လည်း မပြီးသေးပါဘူး။ အသိဉာဏ်ခိုင်ဖို့လည်း လိုအပ်ပါသေးတယ်။ အရာရာကို သိလွယ်၊ မြင်လွယ်၊ နားလည်သဘောပေါက်လွယ်တာ၊ မှတ်ဉာဏ်ကောင်းတာ၊ အတွေးအခေါ် ထက်မြက်တာ၊ ဘယ်သဘောတရားကိုမဆို ဘက်စုံထောင့်စုံကနေ နက်နက်နဲနဲ ထိုးထွင်းသိမြင်နိုင်တာဟာ အသိဉာဏ်ခိုင်တာပါပဲ။

အသိဉာဏ်ခိုင်ဖို့အတွက် အဓိကအကျဆုံး သီလကတော့ သုရာမေရယ ရှောင်ကြဉ်တဲ့သီလ၊ သေရည်အရက်မသောက်တဲ့သီလ၊ မူးယစ်ထုံထိုင်းစေတဲ့ ဆေးဝါးတွေ မသုံးစွဲတဲ့ သီလပါပဲ။

အရက်၊ ဘီယာ၊ ဆေးလိပ်၊ ဘိန်းဖြူ စိတ်ကြွဆေးစတဲ့ မူးယစ်ထုံထိုင်းစေတတ်တဲ့ သောက်ဖွယ်မှန်သမျှ၊ ဇေလျော့တွေဝေစေတတ်တဲ့ ရှူဖွယ်မှန်သမျှကို မသောက်မရှူတဲ့နေရာမှာ 'ခိုင်စိတ်ထား' ရှိရင် စိတ်မမှန်ခြင်း၊ ဉာဏ်ထိုင်းခြင်းတွေ ကင်းပြီး အသိဉာဏ် ခိုင်ပါတယ်။ အသောက်အစားကင်း၊ အရှူအမှိန်းရှင်းတဲ့ 'ခိုင်စိတ်ထား' ရှိရင် အသိ



ဉာဏ် ခိုင်ပါတယ်။

'ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမယ်' ဆိုတဲ့ စကားဟာ ရှေးကတည်းက အစဉ်အဆက် ပြောခဲ့ကြတဲ့ စကားပါ။ 'ငါးပါးသီလ ခိုင်ရမယ်' လို့ ဆိုလိုတာပေါ့။

ပုဆိုးမခိုင်ရင် ကျွတ်ကျပြီး အရှက်ကွဲနိုင်သလို ငါးပါးသီလ မခိုင်ရင်လည်း အပါယ်လေးပါးကျပြီး ဘဝကွဲနိုင်ပါတယ်။ အပါယ်လေးပါးက လွတ်လာလို့ လူပြန်ဖြစ်ရင်လည်း လူရည်လူသွေး မပြည့်မဝဖြစ်ပြီး ဘဝကွဲနိုင်ပါတယ်။

ကျန်းမာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး (အချစ်ရေး)၊ လူမှုရေး၊ ပညာရေးဆိုတဲ့ အရေး(၅)ပါးဟာ စိတ်ချမ်းသာတဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့ လူရည်လူသွေးတွေပါပဲ။ အဲဒီ အခြေခံ လူ့အရည်အသွေးတွေ စံနှုန်းမီ ပြည့်ဝဖို့ ဆိုတာက ငါးပါးသီလ လုံခြုံခဲ့မှ ဖြစ်နိုင်တာပါ။

ပါဏာတိပါတ လုံခြုံခဲ့မှ ကျန်းမာရေးကောင်းမယ်။ အဒိန္နာဒါန လုံခြုံခဲ့မှ စီးပွားရေးကောင်းမယ်။ ကာမေသုမိစ္ဆာစာရ လုံခြုံခဲ့မှ အချစ်ရေး၊ အိမ်ထောင်ရေးကောင်းမယ်။ မုသာဝါဒ လုံခြုံခဲ့မှ လူမှုရေးကောင်းမယ်။ သုရာမေရယ လုံခြုံခဲ့မှ ပညာရေးကောင်းမယ်။



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းအကျိုးဆက်စပ်ပြီးတော့သာ ဘာလုံခြုံမှ ဘာအရေးကောင်းမယ် လို့ ပြောရပေမယ့် သိက္ခာပုဒ်ငါးခုလုံး လုံခြုံမှ အရေးတစ်ခုစီ ပြည့်ပြည့်စုံစုံ ကောင်းနိုင်တာပါ။ သိက္ခာပုဒ်တစ်ခု မလုံခြုံလိုက်တာနဲ့ တစ်ပြိုင်နက် အရေးငါးခုလုံး အားနည်းချွတ်ယွင်းသွားနိုင်တာပါပဲ။

အနှစ်ချုပ်ကတော့ ရုပ်ပိုင်းဆိုင်ရာ ခန္ဓာကိုယ် သွေးသား ဖွဲ့စည်းတည်ဆောက်မှု အတွင်းရော၊ အပြင်ပါ အပြစ်အနာအဆာ ကင်းဖို့၊ အရည်အသွေး ပြည့်ဖို့အတွက် ငါးပါးသီလ ခိုင်မြဲဖို့၊ သီလခိုင်ဖို့ အထူး လိုအပ်ပါတယ်။ သီလခိုင်မှ ရုပ်ခန္ဓာဖွဲ့စည်းပုံ၊ သွေးသားတည်ဆောက်ပုံ၊ အာရုံကြောစနစ်တို့ပြန်ပုံ ခိုင်တာပါ။

လိုရင်းကတော့ . . . သီလခိုင်မှ ကျန်းမာရေး ခိုင်ပါတယ်။ လောကီချမ်းသာတွေ ဆိုတာကလည်း ကျန်းမာရေးအပေါ်မှာ မှီတည်နေတာမို့ လူတစ်ယောက်ရဲ့ အခြေခံ လူ့ချမ်းသာနဲ့ အဆင့်မြင့် လူ့ချမ်းသာတွေကို ပြည့်ပြည့်စုံစုံ ခံစားချင်တယ်ဆိုရင် ကျန်းမာရေးကို အာမခံနိုင်တဲ့ ကိုယ်ကျင့်သီလ ခိုင်မြဲဖို့ သိပ်အရေးကြီးပါတယ်။

သီလချို့ယွင်းမှုက ပုံစံအမျိုးမျိုးရှိတော့ ကျန်းမာရေးချို့ယွင်းမှုကလည်း ပုံစံအမျိုးမျိုး ရှိပါတယ်။ ဘယ်အပိုင်းကမှ ကျန်းမာရေး မချို့ယွင်းချင်ရင် ဘယ်အပိုင်းကမှ သီလမချို့ယွင်းအောင် ကြိုးစားကြရမှာပါပဲ။ ဘက်ပေါင်းစုံက သီလလုံမှ ဘက်ပေါင်းစုံက ကျန်းမာရေးကောင်းမှာပါ။

'ခိုင်စိတ်ထား' ဆိုတဲ့ အင်္ဂါရပ်ထဲမှာပဲ ကိုယ်ကျင့်သီလ ခိုင်မြဲချင်တဲ့စိတ်ထားကို ရောထည့်ထားလိုက်ရပေမယ့် အမှန်ကတော့ 'ခိုင်သီလ' လို့တောင် အင်္ဂါရပ်တစ်ခု သီးခြား ထုတ်လိုက်ချင်တာပါ။ အချက်အလက်တွေ သိပ်များသွားရင် မှတ်ရခက်နေမှာစိုးလို့ 'ခိုင်သီလ' ကို 'ခိုင်စိတ်ထား' ထဲမှာပဲ ပေါင်းထည့်ထားလိုက်ပါတယ်။ တကယ်တော့လည်း စိတ်ထားခိုင်မှပဲ ကိုယ်ကျင့်သီလ ခိုင်တာပဲ မဟုတ်လား။

အဲဒီလိုအားဖြင့်ပေါ့လေ. . . .၊ ဘယ်ကုသိုလ်ကောင်းမှုကိုမဆို 'ခိုင်စိတ်ထား' နဲ့ မြန်မြန်သွက်သွက်ပြုဖို့၊ 'ခိုင်စိတ်ထား' နဲ့ ပြည့်ပြည့်စုံစုံပြုဖို့၊ 'ခိုင်စိတ်ထား' နဲ့ အကွက်စေ့ ထောင့်စေ့အောင် ပြုဖို့ သိပ်အရေးကြီးပါတယ်။ ဒါမှလည်း အကျိုးပေးတွေ မြန်သွက်၊ အကျိုးပေးတွေ ပြည့်စုံ၊ အကျိုးပေးတွေ အကွက်စေ့ ထောင့်စေ့ပြီး ခိုင်သွားမှာပါ။

ဝေယျာဝစ္စကုသိုလ်မှာ ခိုင်စိတ်ထားရှိမှ ကူညီစောင့်ရှောက်မယ့်သူတွေ ခိုင်နိုင်ပါတယ်။ တရားနာ၊ တရားဟောကုသိုလ်မှာ ခိုင်စိတ်ထားရှိမှ အကြားအမြင် ဗဟုသုတ



www.burmeseclassic.com

www.burmeseclassic.com

တွေ ခိုင်နိုင်ပါတယ်။ သမထကုသိုလ်မှာ ခိုင်စိတ်ထားရှိမှ စိတ်ဓာတ်ရင့်ကျက်အေးချမ်းမှုတွေ ခိုင်နိုင်ပါတယ်။ ဝိပ-သနာကုသိုလ်မှာ ခိုင်စိတ်ထားရှိမှ အသိဉာဏ်ပညာတွေ ခိုင်နိုင်ပါတယ်။

သီးခြားသတ်မှတ်ချိန်မှာပဲ အားထုတ်တဲ့ 'နေ့စဉ်နည်း' ကိုသာ အားမကိုးဘဲ အချိန်မရွေး အားထုတ်တဲ့ 'နေစဉ်နည်း' ကိုပါ အားကိုးတာဟာ သမထ၊ ဝိပဿနာ ဘာဝနာအလုပ် အားထုတ်တဲ့နေရာမှာ 'ခိုင်စိတ်ထား' ရှိတာပါပဲ။

BURMESE CLASSIC .com

ဂုဏ်တော်ပွား၊ မေတ္တာပို့၊ အာနာပါနရှု၊ ကိုယ်အမူအရာ, စိတ်အမူအရာ ဖြစ်တိုင်းသိ . . . ဆိုတဲ့ သမထ၊ ဝိပဿနာ ဘာဝနာအလုပ်တွေကို 'ခိုင်စိတ်ထားနဲ့' အလုပ်မရွေး၊ နေရာမရွေး၊ ဣရိယာပုတ်မရွေး၊ အချိန်မရွေး၊ အာရုံမရွေး အဆင်ပြေသလို ချင့်ချိန်ပြီး လုပ်သွားမယ်ဆိုရင် စိတ်ဓာတ်တွေလည်း ခိုင်သထက်ခိုင်၊ အသိဉာဏ်တွေလည်း ခိုင်သထက် ခိုင်ပြီး ချမ်းသာသုခ ခိုင်သထက်ခိုင်တဲ့ နိဗ္ဗာန်ချမ်းသာကို အမြန်ဆုံး မျက်မှောက်ပြုပြီး ကိုယ့်ဘဝ ခိုင်သထက် ခိုင်သွားပါလိမ့်မယ်။

ဆောင်ပုဒ်လေးတစ်ခေါက်ဆိုပြီး တရားသိမ်းကြပါစို့။

'နိဗ္ဗာန်ညွှတ်တွား၊ မထိပါးနှင့်၊ ခိုင်ခြားကုသိုလ်၊ ခိုင်ဆုဆို၍၊ ခိုင်လိုတရား၊ ခိုင်စိတ်ထားသည်၊ ခြောက်ပါး ခိုင်ထက် ခိုင်ရန်တည်း။'

ခိုင်သထက် ခိုင်စေနိုင်တဲ့ . . . အကြောင်းတရား ခြောက်ပါးတရားကို နာကြားကြရတဲ့ တရားနာပရိသတ်များအားလုံး မိမိတို့ရဲ့ ကောင်းမှုကုသိုလ်တွေကို ခိုင်သထက် ခိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေ။ အထူးသဖြင့်တော့ အိုခြင်း၊ နာခြင်း၊ သေခြင်း အစရှိတဲ့ ဆင်းရဲဒုက္ခတွေနဲ့ လုံးဝ မပတ်သက် မဆက်ဆံတဲ့၊ အစဉ်ထာဝရခိုင်မြဲတဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ဦးတည်ပြီးတော့ ဘာကုသိုလ်ကောင်းမှုကိုမဆို ခိုင်မြဲတဲ့စိတ်ထားနဲ့ တက်တက်ကြွကြွ ထက်ထက်သန်သန် ကြိုးစားအားထုတ်နိုင်ကြပါစေ။

ကြိုးစားအားထုတ်နိုင်ကြတဲ့အတိုင်းလည်းပဲ ဝိပ-ဿနာဉာဏ်တွေ အဆင့်ဆင့်တက်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်တွေ အဆင့်ဆင့်တက်ပြီးတော့ အခိုင်ဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို အမြန်ဆုံးမျက်မှောက်ပြုနိုင်ကြပါစေ လို့ ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးဇင်းတို့ရဲ့ 'ခိုင်သထက်ခိုင်' တရားကို ဒီနေရာမှာပဲ နိဂုံးချုပ်ပါတော့မယ်။

တရားနာပရိသတ်များအားလုံး လက်အုပ်ချီထားကြပါ။



www.burmeseclassic.com

www.burmeseclassic.com

အရေးအကြီးဆုံး စကားတစ်ခွန်းနဲ့ တရားနိဂုံးချုပ်ပါတော့မယ်။

အပ္ပမာဒေန သမ္ပာဒေထ။

အပ္ပမာဒေန - မမေ့မလျော့ မပေါ့မဆ ပြင်းပြထက်သန် မှန်ကန်သော သတိတရားဖြင့်၊

သမ္ပာဒေထ - သီလ၊ သမာဓိ၊ ပညာဟုဆိုအပ်သော သိက္ခာသုံးပါးတို့ကို . . ကိုယ်စီကိုယ်င ပြည့်စုံအောင် ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု . . . သာဓု . . . သာဓုပါဘုရား။

[၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်၊ ပဲခူးမြို့ ဥဿာမြို့သစ်၊
သာမဏေကျော်ပရိယတ္တိစာသင်တိုက်အတွင်း
ပဲခူးမြို့ ဦးမျိုးမြင့်၊ ဒေါ်မြင့်မြင့်သိန်း။ စိန်မျှားဆေးပေါ့လိပ်မိသားစု၏
ထေရာဝါသစိန်မျှားကျောင်းဆောင်ရေစက်ချပွဲ၌
ဟောကြားအပ်သောတရားတော်ကို ပြုပြင်ဖြည့်စွက်
ရေးသားထားပါသည်။]

**အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)**

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌


ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ

ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေ။




www.burmeseclassic.com